

မိုးကျော်သူ
သဲကန္တာရ စွန်ရဲ
တက္ကသိုလ်
နေဝင်းအောင်
နန်းတွင်းသိုင်းသမားနှင့်ကျောက်သလင်းဟင်္သာရု

တက္ကသိုလ်

# နေလင်းအောင်

နန်းတွင်း သိုင်းသမား

နှင့်

ကျောက်သလင်း ဟင်္သာရုပ်

F.13

# ရှောင်လွှဲမရသောစိန်ခေါ်ပွဲ

မိုးစက် မိုးပွင့်ကလေးများကတဖွဲဖွဲကျဆင်းနေသည်။စဉ်ဆက်မပြတ် ကျဆင်းနေသော မိုးစက်လေးများကြောင့် အရာဝတ္ထုအားလုံးမှာ မှုန်ဝါးနေလေသည်။

မြင်းရေချိုးကန်ရှေ့ရှိ ကံ့ကော်ပင်များသည် တဖွဲဖွဲကျဆင်းနေသော မိုးရေစက်များအောက်၌ ပျင်းရိလေးတွဲစွာ ငိုက်မျဉ်းနေကြသည်။

ထိုကံ့ကော်ပင် အောက်တွင်မူ လူရွယ်တယောက်က မလှုပ်မယှက် ငူငူကြီး ရပ်လျက် ရှိသည်။ သူ့ အသွင်မှာ တစုံတယောက်အား အရေးတကြီး စောင့်စားနေပုံမျိုး ဖြစ်သည်။ သူ၏ စူးရှတောက်ပသော မျက်လုံးအစုံက မှုန်ရီဝေဝါးနေသော ရွှေတူရှုသို့ စိုက်ကြည့်လျက် ရှိနေသည်။ သူသည် တဖွဲဖွဲရွာသွန်းနေသော မိုးဖွဲကလေးများကို ဂရုမပြုမိဟန် မတူ။ သူ့ အာရုံသည် ရွှေတူရှုမှ ဘွားကနဲ ပေါ်ပေါက်လာမည့် လူတယောက်

ကိုသာစူးစိုက်လျက် ရှိ၏။မိုးကလေးများကြောင့် သူ့တကိုယ်လုံး ရွှဲနစ်နေသည်ပင် သိရှိဟန် မတူပေ။

ထိုသို့ စောင့်ဆိုင်းနေသူကား မည်သူနည်း။

ထိုလူရွယ်၏ အမည်မှာ 'ချန်စွန်းယို့လင်း' ဖြစ်သည်။ သူ့ရုပ်ရည်မှာ ခန့်ညားတည်ကြည်၍ ယောကျ်ားပီသည်။အသက်မှာ (၂၈)နှစ်မျှသာ ရှိသေးသော်လည်း ဓားသိုင်းပညာတွင် သူမတူအောင် ထက်မြက်ထူးချွန်သူ ဖြစ်၍ လျှမ်းလျှမ်းတောက် ကျော်ကြားနေခဲ့လေသည်။

သူ၏ လက်ချက်ကြောင့်ပင် နဂါးနက်သိုင်းအဖွဲ့၊ ရွှေကျားသိုင်းအဖွဲ့နှင့် သိမ်းငှက်သိုင်းအဖွဲ့စသည့် ထိပ်သီး သိုင်းအဖွဲ့ကြီးများမှာ အသီးသီး ပြိုကွဲပျက်စီးသွားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် 'ဓားသမား ချန်စွန်းယို့လင်း' ဆိုလျှင် သိုင်းလောကဌ် မသိသူမရှိသလောက် အောင်မြင်ထင်ရှားခဲ့ခြင်း ဖြစ်သည်။

ယခု သူသည် ကျားကျူးသိုင်းအဖွဲ့ကြီး၏ အရှင်သခင် ဖြစ်သူ 'ကျူးပု'နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် မြင်းရေချိုးကန်ရှေ့ရှိ ကံ့ကော်ပင်များအောက်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

မိုးဖွဲကလေးများ တဖျောက်ဖျောက် ကျဆင်းနေသံမှ လွဲ၍ ပတ်ဝန်းကျင်တခုလုံးသည် ပကတိ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ တကယ်တမ်းအားဖြင့် ထိုသို့သော တိတ်ဆိတ်ခြင်းမျိုးမှာ လွန်စွာ ကြောက်စရာ ကောင်းသည်။ မုန်တိုင်းမကျမီ ငြိမ်သက်တိတ်ဆိတ်နေခြင်းမျိုးသာတည်း။

ထိုစဉ်မှာပင် မိုးစက် မိုင်းပွင့်ကလေးများကြားမှ မှုန်ဝါး



ဝါး လူရိပ်သဏ္ဌာန်တခုက မြင်းရေချိုးကန်ရှေ့ရှိ ကံ့ကော်ပင်များရှိရာသို့ ဦးတည်လျှောက်လှမ်းလာနေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

ချန်စွန်းယို့လင်း၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။ သူ့ထံသို့ တရွေ့ရွေ့ ချဉ်းကပ်လာနေသူကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုထားသူ ဟုတ် မဟုတ် သဲကွဲသေချာရန် စိုက်ကြည့်နေခြင်းသာ ဖြစ်သည်။

လူရိပ် သဏ္ဌာန်သည် တရွေ့ရွေ့ လျှောက်လှမ်း လာခဲ့ရာ မကြာမီ ချန်စွန်းယို့လင်းရှေ့ ဝါးတရိုက်ခန့်အကွာသို့ ရောက်ရှိလာခဲ့လေတော့၏။

ထိုသူအား သဲသဲကွဲကွဲ မြင်တွေ့လိုက်ရသောအခါ ချန်စွန်းယို့လင်း၏ နှုတ်ခမ်းထောင့်၌ မခိုးမခန့် အပြုံးရိပ်ကလေး တချက်ဖြတ်ကနဲ ထင်ဟပ်သွားသည်။ အကြောင်းမှာ သူ့ရှေ့ ဝါးတရိုက်ခန့် အကွာ၌ ရောက်ရှိနေသူမှာ သူချိန်းဆိုထားသော ကျားကျူးသိုင်းအဖွဲ့ကြီး၏ အရှင်သခင်ဖြစ်သူ ကျူးပုဖြစ်နေ သောကြောင့်တည်း။ ထို့ကြောင့် ချန်စွန်းယို့လင်း၏ မျက်နှာ၌ ကျေနပ်ပြုံးကလေး ယှက်သန်းသွားရခြင်း ဖြစ်လေသည်။

စင်စစ် ကျားကျူး သိုင်းအဖွဲ့ကြီး၏ အရှင်သခင် ဖြစ်သူ ကျူးပုမှာ နယ်နယ်ရရ သိုင်းသမားတဦး မဟုတ်ပါချေ။ သိုင်းလောကဌ် အရက်စက်ဆုံးနှင့် ကြောက်မက်ဖွယ် အကောင်းဆုံး သိုင်းသမားတဦးအဖြစ် ထင်ရှားခဲ့သူ ဖြစ်၏။ သိုင်းလောကမှ

ထိပ်သီးသိုင်းသမားများပင် သူနှင့် ထိပ်တိုက် ရင်ဆိုင်ရမည်ကို ရှုံကြောက်ကြသည်။

ဤကဲ့သို့သော ထိပ်သီး သိုင်းရာဇာတဦးအား မနေ့တနေ့ကမှ အောင်မြင် ထင်ရှားလာသည့် ခေးသမား ချန်စွန်းယို့လင်းက ယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်ခြင်းမှာ အလွန်တရာမှပင် အံ့ဩစရာ ကောင်းနေပေတော့သည်။

ကျူးလောက်တိုက်ရယ်။

ကျူးလောက်တိုက်ရယ် ဆိုသည်မှာ အမည်တခု ဖြစ်၏။ သွေးစွန်းနေသော အမည်နာမတခု ဖြစ်သည်။ ရက်စက်မှုအရာ၌ သရဖူ ဆောင်းသော အမည်တခု ဖြစ်၏။ သိုင်းလောကသားများသည် ကျူးလောက်တိုက်ရယ်ကို ဖိန့်ဖိန့်တုန်မျှ ကြောက်ရွံ့ကြ၏။

ထိုအမည်ကား ကျူးပု၏ အခြားအမည်ခွဲ တခုဖြစ်၏။

ချန်စွန်းယို့လင်းသည် ထိုအချက်ကို မသိရှိခဲ့လေသလော။

မည်သို့ဆိုစေ သူတို့နှစ်ယောက်သည် ဝါးတရိုက်ခန့် အကွာအဝေး၌ မျက်နှာချင်းဆိုင်လျက်ရှိနေကြပြီဖြစ်သည်။

ချန်စွန်းယို့လင်းသည် လည်းကောင်း၊ ကျူးပုသည် လည်းကောင်း၊ ခေးများကို ဆွဲထုတ်ခြင်းမပြုကြသေးပေ၊ တဖွဲဖွဲကျဆင်းနေသော မိုးရေစက်အောက်၌ ကျောက်ရုပ်များ ပမာ မလှုပ်မယှက်ပင်ရပ်လျက်ရှိသည်။

သူတို့သည် တဦးနှင့်တဦး စတင် တိုက်ခိုက်ခြင်း မရှိကြသေးသော်လည်း၊ အေးစိမ့်ပြီး ထိတ်လန့်ဖွယ် အငွေ့ အသက်များက လေထုထဲ၌ ပျံ့လွင့်နေပြီ ဖြစ်လေသည်။



ကျူးပုသည် ချန်စွန်းယို့လင်းကို စိုက်ကြည့်နေသည်။ ချန်စွန်းယို့လင်းသည် သူ့အား ယှဉ်ပြိုင် တိုက်ခိုက်ရန် အဘယ်ကြောင့် အတင်း အဓမ္မ စိန်ခေါ်ခဲ့သည်ကို စဉ်းစားမရနိုင်အောင်ဖြစ်နေသည်။

ကျူးပု၏ အသက်မှာ ၇၀ ခန့်ရှိပြီ ဖြစ်သည်။

သူသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်မှ စ၍ ယှဉ်ပြိုင် တိုက်ခိုက်ခြင်း မပြုတော့ပဲ၊ ခပ်အေးအေးပင် နေလာခဲ့သည်။

သိုင်းလောက၌ သူ့ကို ငါသတ်၊ ငါ့ကို သူသတ်၊ အပြန်ပြန်အလှန်လှန် သတ်ပုတ်နေရခြင်းကို သူ စက်ဆုတ်လာသည်။ နိုင်ခြင်းသည် ရှုံးနိမ့်ခြင်း၏ အစဖြစ်ကြောင်း သူ နားလည်လာ၏။ **ခဲတလုံးကို လေထဲသို့ မြောက်တင်လိုက်သောအခါ ထိုခဲလုံးသည် အရှိန်မကုန်သေးသရွေ့ အပေါ်သို့တက်၏။ ထိုခဲလုံး၏အရှိန်သည် အကန့်အသတ်မရှိ အပေါ်သို့တက်နေသည် မဟုတ်ပေ။ အရှိန်ကုန်သောအခါ ခဲလုံးသည် မြေပြင်သို့ ပြန်ကျလာရ၏။ အောင်မြင်သောသူ၏ဘဝသည်လည်း ထိုခဲလုံး၏ သဘာဝအတိုင်းသာတည်း**ဟု ကျူးပု သဘောပေါက်လာသည်။ ထို့ကြောင့် သတ်ခြင်းဖြတ်ခြင်း အလုပ်များမှ သူ အနားယူခဲ့ခြင်းဖြစ်၏။

သို့သော် ယခုအခါ၌ ကျူးပုသည် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းအမှုကို မည်သို့မျှ ရှောင်လွဲမရအောင် ဖြစ်လာခဲ့ရတော့သည်။

အကြောင်းမှာ ခေးသမား ချန်စွန်းယို့လင်းက သူ့အား စိန်ခေါ်လိုက်ခြင်းကြောင့် ဖြစ်သည်။ သာမန် စိန်ခေါ်ခြင်းကိုငြင်းဆိုရန် မတောင်းသာသော်လည်း၊ ချန်စွန်းယို့လင်း၏ စိန်

ခေါ်ပုံမှာ မည်သို့မျှ ငြင်းဆန် မရအောင် ချည်ပြီး၊ တုတ်ပြီး ဖြစ်နေရာ ကျူးပုအဖို့ များစွာ အခက်ကြုံနေရတော့၏။

အကယ်၍ ကျူးပုသာ စိန်ခေါ်မှုကို လက်မခံလျှင် ကျူးပု၏ မိသားစု အားလုံးကို လုပ်ကြံသုတ်သင်မည်ဟု ချန်စွန်းယို့လင်းက အမျိုးမျိုး ခြိမ်းခြောက်ခဲ့သောကြောင့် ကျူးပုမှာ မရှောင်သာ မတိမ်းသာ ဖြစ်သွားရလေသည်။

မတတ်နိုင်တော့၊ လာမည့်ဘေး ပြေးတွေ့ရုံသာရှိတော့သည်။ သူ့ မိသားစုံအန္တရာယ်ကို သူကိုယ်တိုင်မှ လွဲ၍ မည်သူကများ ကာကွယ်ပေးနိုင်စွမ်းနိုင်ပါမည်နည်း။

ထို့ကြောင့် ကျူးပုသည် ချန်စွန်းယို့လင်း၏ စိန်ခေါ်မှုကို စိတ်မသက်မသာနှင့် လက်ခံလိုက်ရသည်။

သို့သော် သူ ဘာများ တတ်နိုင်ပါမည်နည်း ။စိန်ခေါ်သူက စိန်ခေါ်နေပြီမဟုတ်ပါလား။ အစမကောင်းခဲ့ခြင်းကအနှောင်း မသေချာခြင်းပင် ဖြစ်သည်။ သွေးစွန်းသော လက်ကို ဆေးကြောရန် မေတ္တာရေစင်ရှာ၍ မတွေ့နိုင်တော့ပေ။ သွေးစွန်းသော လက်ကို သွေးနှင့်ပင် ဆေးရတော့မည်။ ဤယှဉ်ပြိုင်ပွဲကြီး၌ တယောက် ယောက်၏ အသက်ကို မုချ စွန့်ရပေတော့မည်။

သူ့—

သို့မဟုတ်

ခားသမား ချန်စွန်းယို့လင်း



တယောက်ယောက်၏ အသက်ဇီဝိန်ကို ဤယှဉ်ပြိုင်ပွဲကြီးက မုချ ချွေယူသွားပေတော့မည်။

\+ \+ \+

မိုးသည် တဖွဲဖွဲရွာနေတုန်းပင် ဖြစ်သည်။

ကျူးပုက ချန်စွန်းယို့လင်းအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

'ငါ့ကို အတင်းအကျပ် စိန်ခေါ်ရလောက်အောင် မင်းနဲ့ ငါ ရန်ငြိုးရှိလို့လား'

ကျူးပုက တိတ်ဆိတ်ခြင်းကို စတင်ဖြိုးခွင်းလိုက်သည်။

ချန်စွန်းယို့လင်းက သူ့ အမေးကို မဖြေ။ အဝေးသို့ ငေးနေရာမှ ကျူးပုကို စိုက်ကြည့်လိုက်သည်။ သူ၏ မျက်လုံးများမှာ စူးရှလွန်းသည်။ သူဖြေတော့ တမျိုး....။

'ကျုပ် ခင်ဗျားကို သတ်မလို့'

ချန်စွန်းယို့လင်းက တိုတုတ် ပြတ်သားစွာ ပြောချလိုက်သည်။ သူ့ စကားကြောင့် ကျူးပုမှာ ဆတ်ကနဲဖြစ်သွားသည်။

'မင်းရိုင်းလှချည်လား'

'ရန်သူကို ကျုပ်က ယဉ်ယဉ် ကျေးကျေး ဆက်ဆံနေရမှာလား'

ကျူးပု ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ အံ့သြမှုသည် သူ့မျက်နှာ၌ ဖုံးကွယ်မရအောင် ထင်ရှားလာသည်။

'ဘာ.... ရန်သူ... ဟုတ်လား၊ ရန်သူ ဖြစ်ဖို့ နေနေသာသာ တယောက်နဲ့တယောက်က ခုမှ တွေ့တဲ့ဥစ္စာ၊ မင်းကို ငါ တခါမှ မမြင်ဖူးခဲ့ဘူး၊ ချိတ်နှစ်ခုမှသာ ချိတ်နိုင်တယ်၊ ချိတ်တခုထဲနဲ့ ချိတ်လို့ မရဘူးကွ'

ကျူးပုက တအံ့တသြ ပြောလိုက်သော်လည်း ချန်စွန်းယို့ လင်းက အရေးစိုက်။ သူပြောချင်ရာသာ တွဲတိုး ပြောချလိုက်သည်။

'ကျုပ် ဘာဖြစ်လို့ ခင်ဗျားကို သတ်ချင်ရတာလဲ ဆိုတာကို ကော ခင်ဗျား သိချင်သလား'

ကျူးပုက ခေါင်းညိတ်ပြလိုက်သည်။

'သိချင်တာပေါ့'

ချန်စွန်းယို့ လင်းသည် ခါး၌ ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်သည်။ ယင်းသို့ ဓားကို ထုတ်လိုက်သောအခါ ချန်စွန်းယို့ လင်း၏ မျက်နှာမှာ ပိုမိုတင်းမာ ခက်ထန်သွားသယောင် ထင်မှတ်ရသည်။ ချန်စွန်းယို့ လင်း၏ လက်ထဲမှ ဓားကို ထောင်ပြလိုက်၏။

'ဒီဓားကို ခင်ဗျား မှတ်မိသလား'

ကျူးပုက ဓားကို လှမ်းကြည့်လိုက်သည်။ သူ့ မျက်လုံးများ ပြူးကျယ်သွားသည်။ ပါးစပ်မှ လွှတ်ကနဲ အော်လိုက်မိသည်။



'ဟာ ရွှေကြက်တူရွေးရဲ့ ဓားပါလား'

ချန်စွန်းယို့ လင်းက ကျေနပ်စွာပြုံးလိုက်သည်။ သူ၏ အပြုံးသည် ထူးခြားဆန်းကြယ်၍ လျှို့ဝှက်မှုများ ယှက်နွယ်နေကြောင်း ကျူးပု အကဲခတ်လိုက်မိသည်။ ချန်စွန်းယို့ လင်းက ခေါင်း တဆတ်ဆတ် ညိတ်ယင်း။

'အင်း ခင်ဗျားက ရွှေကြက်တူရွေးကို သတိရနေသေးတာကိုး၊ သူ့ရဲ့ဓားကိုလဲ ခုထိ မှတ်မိနေသေးသားပဲ၊ အဲ့ဒီအတွက် ကျုပ်ဝမ်းသာတယ်၊ များများထပ်မရှင်းရတော့ဘူးပေါ့'

ချန်စွန်းယို့ လင်း၏ စကားကြောင့် ကျူးပု၏ မျက်နှာမှာ လပေပ်ဖမ်းသလို မည်းမှောင်သွားလေ၏။

'မင်းဟာ မြို့စားနန်းတော်က ကိုယ်ရံတော်လား'

ကျူးပုက ယင်းသို့ လှမ်းမေးလိုက်ယင်း၊ ခါး၌ချိတ်ဆွဲထားသော ဓားရိုးကို ဆုပ်ကိုင်လိုက်သည်။ သူ၏ မျက်နှာမှာလည်း ရက်စက်ကြမ်းကြုတ်တော့မည့် အရိပ်အရောင်များ ယှက်သန်းလာလေသည်။

'မင်းသိထားဖို့က ရွှေကြက်တူရွေးကို သတ်တာ ငါမဟုတ်ဘူး'

ချန်စွန်းယို့ လင်းက ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်း

'ခင်ဗျားကိုယ်တိုင် သတ်တာ မဟုတ်မှန်း ကျုပ် သိပါတယ်၊ ဒါပေမယ် ....'

ချန်စွန်းယို့ လင်းသည် စကားကို တပိုင်းတစနှင့် တန်းလန်း ဖြတ်ထားလိုက်ယင်း၊ ကျူးပုကို စူးစိုက်ကြည့်လိုက်သည်။ ကျူးပု၏ ရင်ထဲ၌ လေးလံနောက်ကျိလာသည်။ သူ၏ မျက်လုံးအစုံက

လည်း ခေါသမား ချန်စွန်းယို့လင်းအား ပြုံးကျယ်စွာ စိုက်ကြည့်နေမိသည်။ စိန်ခေါ်မှုကို မည်သို့မျှ ရှောင်လွှဲ၍ မရနိုင်တော့ပါတကား။

ချန်စွန်းယို့လင်းသည် သက်ပြင်းရှည်ကြီး တချက် ချလိုက်သည်။

'အဲ့ဒီတုန်းက နဂါးသိုင်းအဖွဲ့၊ ရွှေကျားသိုင်းအဖွဲ့၊ သိမ်းငှက်သိုင်းအဖွဲ့ဆိုတာတွေ ရှိနေသေးပဲ၊ ခင်ဗျားကိုယ်တိုင် ဝင်သတ်ဖို့ ဘယ်လိုတော့မှာလဲဗျ'

ချန်စွန်းယို့လင်း၏ စကားကြောင့် ကျူးပုမှာ ပြန်ပြောစရာ စကား ရှာမရပဲ နှုတ်ဆိတ်သွားသည်။

ချန်စွန်းယို့လင်းသည် မျက်နှာပျက်နေသော ကျူးပုကို စေ့ကြည့်လိုက်ယင်း-

'အဲ့ဒီတုန်းက ရွှေကြက်တူရွေးဟာ ခင်ဗျားရဲ့ အဆိပ်ကြောင့် သတိမေ့နေပြီပဲ၊ ဒါကြောင့် ဘယ်သူဖြစ်ဖြစ် သူ့ကို အလွယ်တကူ ဝင်သတ်နိုင်ခဲ့တာပေါ့'

ကျူးပုက သက်ပြင်းရှည်ကြီး တချက် ချလိုက်သည်။

'အင်း မင်းက ဒီထိအောင် သိထားတာကိုး'

သူက ညည်းညူသလိုပြောယင်း ရုတ်တရက်ဆိုသလိုပင် ခေါးကို ဆတ်ကနဲ ဆွဲထုတ်လိုက်သည်။



တဆက်တည်းမှာပင် သားကောင်ကိုခုန်အုပ်သောခြင်္သေ့ပမာ ချန်စွန်းယို့လင်းထံ တဟုန်ထိုး ခုပ်အုပ် တိုက်ခိုက်လိုက်လေတော့သတည်း။

× × ×

တဒင်္ဂမျှသော အချိန်ကလေးအတွင်းမှာပင် ကျူးပုသည် ခေါးကွက်ပေါင်း(၁၂)ကွက်တိတိကို ဖော်ထုတ် တိုက်ခိုက်လိုက်ပြီး ဖြစ်နေလေသည်။

သူသည် အသက်နှင့် စက်ထားရသည့် အချိန်ဖြစ်၍ သာမည သိုင်းကွက်များကို မထုတ်ပဲ ဤ (၁၂) ကွက်ကို ထုတ်လိုက်ခြင်း ဖြစ်၏။

ကျူးပု၏ ခေါး(၁၂)ကွက်သည် ကျန်းနန်းနယ်သာ မကသိုင်းလောက တခုလုံး၌ ပြောစမှတ် ပြုရလောက်အောင် ကျော်ကြားခဲ့သော ခေါးကွက်များ ဖြစ်သည်။ ယင်း ခေါးကွက်များသည် လုံးဝ ဟာကွက် မရှိပဲ အပြည့်စုံဆုံး ခေါးကွက်များ ဖြစ်သည်ဟု အချို့သော သိုင်းပညာရှင်များက ထုတ်ဖော် ချီးကျူးကြသည်။

ကျူးပုသည် ဓားကွက်များကို နှစ်ပေါင်း (၂၀)ခန့် အပင်ပန်းခံ ကြိုးစားလေ့ကျင့်လာခဲ့ရခြင်း ဖြစ်သည်။ အတွင်းအားနှင့် ပေါင်းစပ်ထားသော ဓားကွက်များကြောင့်လည်း ထက်မြက်ပြီး ကြောက်မက်ဖွယ်ကောင်းသည်။

သို့ရာတွင်-ဤလောကတခွင်၌ အပြစ်အနာအဆာကင်းသော အရာ ဟူ၍ မရှိပါ၊ မည်သည့်အရာမျှ စင်းလုံးချော သဲလဲစင် မရှိနိုင်ပါ၊ တခုမဟုတ် တခု၊ တကြောင်းမဟုတ် တကြောင်း ချို့ယွင်းချက်များ အနည်းငယ်တော့ ရှိတတ်ကြသည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သိုင်းလောက၌ ပြောစမှတ် ပြုရလောက်အောင် ကျော်ကြားခဲ့သော ကျူးပု ၏ ဓားကွက်တွင်လည်း ဟာကွက်များ ရှိနေသည်မှာ အံ့သြဖွယ်ဟု မဆိုသာပါပေ၊ သို့ရာတွင် ထိုဟာကွက်မှာ တွေ့မြင်ရန် အလွန်ခက်ခဲလှသော ဟာကွက်မျိုးသာ ဖြစ်လေသည်။

ချန်စွန်းယို့လင်းကမူ ထိုဟာကွက်ကို ကောင်းစွာ မြင်တွေ့လိုက်ရသည်။ ကျူးပုက (၁၂) ကွက်မြောက် ဓားကွက်ကို ဖော်ထုတ် တိုက်ခိုက်လိုက်သည့်အခါတွင်မှ ထိုဟာကွက်က လှစ်ကနဲ ပေါ်ထွက်လာခြင်းဖြစ်သည်။

ချန်စွန်းယို့လင်းမှာ ရလာသည့်အခွင့်အရေးတရပ်ကိုအပြည့်အဝ အသုံးချတတ်သူဖြစ်သည်နှင့်အညီ ကျူးပု၏ ဟာကွက်ကို တွေ့မြင်လိုက်ရသည်နှင့်တပြိုင်နက် သူ့တကိုယ်လုံးကို စက်ဝိုင်းသဏ္ဍာန်ဓားဖြင့် ရေ့ယမ်း ကာကွယ်နေရာမှ ဟာကွက်ရှိရာသို့



ဓားဦးကို ဆန့်ထုတ်လိုက်သည်။ ကျူးပု၏ ဟာကွက် တည့်တည့်သို့ ဓားဦးက တန်းဝင်သွားသည်။

ရှေ့သို့သာ တရစပ် တိုးဝင်တိုက်ခိုက်နေသော ကျူးပုမှာ မမျှော်လင့်ပဲ ဝင်ရောက်လာသည့်ဓားဦးကို မည်သို့မျှ ရှောင်တိမ်း နိုင်စွမ်း မရှိတော့ပေ၊ ထို့ကြောင့် ချန်စွန်းယို့လင်း၏ ဓားက ဟာကွက်မှတဆင့် ရန်သူ၏ ရင်ဝကို ထိုးဖောက် ဝင်ရောက်သွားတော့သည်။

'အား'

ကျူးပုသည် တချက်မျှသာ အော်နိုင်ပြီး ပုံလဲ ကျသွားလေသည်။

စင်စစ်-

ကျူးပုသည် ချန်စွန်းယို့လင်းကို သတ်ဖြတ်ရန်သာ စိတ်စောနေခဲ့သည်။ မိမိကိုယ်ကို ခုခံကာကွယ်ရန်ကိုသာ အနည်းငယ် သတိထားခဲ့လျှင် ဤသို့ ဖြစ်လိမ့်မည် မဟုတ်ချေ။ ဟာကွက်မှတဆင့် မမျှော်လင့်ပဲဝင်ရောက်လာသည့်ဓားချက်ကြောင့် ကျူးပု မှာ မရှုမလှ သေပွဲဝင်သွားခဲ့ရလေပြီ။

မိုးသည် တဖွဲဖွဲ ရွာနေဆဲဖြစ်သည်။ ယခုထိတိုင် ရပ်တန့်သွားခြင်း မရှိသေးပေ၊ သို့ရာတွင် ကျူးပု ၏ အဟုန်ပြင်းသော လှုပ်ရှားမှုအားလုံးမှာမူ လုံးဝ ရပ်တန့်သွားပြီဖြစ်လေသည်။

ချန်စွန်းယို့လင်းသည် လက်ထဲမှဓားကို တချက် လှမ်းကြည့်လိုက်သည်။ သွေးများ စွန်းထင်နေသည်။ ကျန်းနန်း နယ်၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော (၁၂)ကွက် ဓားသခင် ကျူးပု၏ သွေးများပင် ဖြစ်သည်။ ချန်စွန်းယို့လင်းသည် ဓား

နွေခင့်ကို လက်ညှိုးဖြင့် တောက်လိုက်သည်။ ခေါးဖျားမှ သွေးများ ဖွာကနဲလွင့်စင်သွားသည်။ ထို့နောက် မိုးစက်များအကြား လွင့်ပြယ် ပျောက်ကွယ် သွားလေသည်။

ချန်စွန်းယို့ လင်းသည် ခေါးကို ခေါးအိမ်ထဲ ပြန်လည်တိုးသွင်းလိုက်သည်။ သူ့မျက်နှာမှာ ခံစားချက် တစုံတရာမရှိ၊ ပကတိ ကျောက်ဆစ်မျက်နှာပါပင်။

**လှည်းဘီးသည် နွားခြေရာနောက်မှ ထက်ကြပ်မကွာ လိုက်သကဲ့သို့ မကောင်းမှုပြုခဲ့သူ၏ နောက်သို့ အပြစ်ဒဏ် သည်လည်း ထက်ကြပ်မကွာ လိုက်သည်။**

အပြစ်ကျူးလွန်ခဲ့သော ကျူးပုသည် ဘယ်သူမပြု မိမိမှု ဟုသာ အပြစ်တင်ရန် ရှိတော့၏။

× × ×

မြစိမ်းရောင် စံအိမ်-

မြစိမ်းရောင် စံအိမ်ဆိုလျှင် ကျန်းနန်းနယ်တဝိုက်၌ မသိသူမရှိသလောက် ဖြစ်သည်။ အကြောင်းမှာ မြစိမ်းရောင်စံအိမ်၏ အရှင်သခင် ဖြစ်သူ 'ဆရာမှောက်သိုက်' သည် အလွန် ကျော်ကြားသော ပုဂ္ဂိုလ်တဦး ဖြစ်သောကြောင့်တည်း။



နာမည်သတင်း ကျော်ကြားရခြင်းသည် ပညာရပ် တခုခု၊ သို့မဟုတ် ထူးခြားသော အရည်အချင်းတရပ်ရပ် ရှိနေမှသာ ထင်ပေါ် ကျော်ကြားရခြင်း ဖြစ်သည်။ အရည်အချင်း ပြည့်ဝလေလေ အမည်သတင်းမှာလည်း ကျော်ကြားလေလေပင်ဖြစ်သည်။

သို့ဖြစ်ရာ 'ဆရာ မှောက်သိုက်' သည် ထူးခြားသော အရည်အချင်းရှိသည့်ပုဂ္ဂိုလ်တဦးဖြစ်ကြောင်း အထူးတလည် ဖော်ပြရန် လိုမည်မဟုတ်တော့ပေ။

အမှန်အားဖြင့် 'ဆရာမှောက်သိုက်' ၏ အရည် အချင်း မှာ များပြားလှပေသည်။ စာပေ၊ ကဗျာ၊ ဂီတနှင့် စစ်တုရင် စသည့် ပညာရပ်များသာမက၊ သိုင်းပညာရပ်တွင်လည်း ကိုယ်ပိုင် သိုင်းကွက် တည်ထွင်နိုင်ခဲ့သူ ဖြစ်သည်။

သူ၏ ကိုယ်ပိုင် သိုင်းကွက် (၇၂) ကွက်နှင့် ကိုယ်ဖော့ပညာမှာ ထိပ်တန်းပညာရပ်များအဖြစ် ကျော်ကြားခဲ့သည်။

သို့သော် - ဤပညာရပ်များသည် သူ့အတွက် အသေးအဖွဲ များသာ ဖြစ်သည်။ သူ၏ အကြီးကျယ်ဆုံးနှင့် အထူးချွန်ဆုံး ပညာရပ်မှာ အတု ပြုလုပ်ခြင်း ပညာပင်ဖြစ်သည်။

မှန်သည်-

'ဆရာ မှောက်သိုက်' သည် အတု ပြုလုပ်သည့် ပညာရပ်၌ နှစ်ယောက် မရှိသူ ဖြစ်သည်၊ မည်သည့်အရာပင် ဖြစ်စေ သူ့အနေဖြင့် တုပပြုလုပ်နိုင်သည်ချည်း ဖြစ်သည်။ အတုနှင့် ပတ်သက်လာလျှင် ဤလောကမြေပြင်၌ သူမှလွဲ၍ အခြား မရှိ၊ ဆရာမှောက်သိုက်သည် ဤမျှ ထင်ပေါ်ကျော်ကြားသူဖြစ်သည်။

တခါက သူသည် နှစ်ပေါင်း များစွာက ထင်ရှားခဲ့ သည့်

သမိုင်းဝင် ခေါးတလက်ကို အတု ပြုလုပ်ခဲ့ဘူးသည်၊ ၎င်းခေါးကို သိုင်းလောကမှ ရှေးဟောင်း သိုင်းသမားကြီးများအား ပြသခဲ့ရာ သူတို့သည်ပင် အစစ်နှင့်အတု ခွဲခြားမရအောင်ဖြစ်ခဲ့ဘူးသည် ဟုဆိုသည်။

သို့ရာတွင် ကျောက်သလင်း ဟင်္သာရုပ်ကို တုပထုလုပ်ရသည့် အခါ၌မူ ဆရာမှောက်သိုက် ဇောချွေး ပြန်ခဲ့ရသည်။

သူသည် ကျောက်သလင်း ဟင်္သာရုပ်ကလေးကို ကိုးရက်နှင့် ကိုးညတိတိ မနား မနေ ထုလုပ်ခဲ့ရသည်။ အရုပ်ပေါင်း မြောက်များစွာ ထုလုပ်ခဲ့ရသည်။ နောက်ဆုံး(၁၀)ကြိမ်မြောက်ထုလုပ်ပြီးသည့်အခါတွင်မှ ဆရာမှောက်သိုက် ဟင်းချနိုင်ခဲ့သည်။

သူ့ဘဝ တသက်တာ၌ တကြိမ်တခါမျှ မကြုံခဲ့ဘူးချေ။ ကျောက်သလင်းဟင်္သာရုပ်ကို ထုလုပ်သည့် အခါမှသာ ဤသို့ အခက်အခဲပေါင်း မြောက်မြားစွာနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။မည်သို့ဆိုစေ နောက်ဆုံး၌ ကျောက်သလင်း ဟင်္သာရုပ်ကို အောင်မြင်စွာ ထုလုပ်နိုင်ခဲ့လေ၏။

စင်စစ် ဆရာမှောက်သိုက်အနေဖြင့် ယင်းကဲ့သို့ ပင်ပန်းတကြီး ကြိုးစားခဲ့ခြင်းမှာ ကျောက်သလင်း ဟင်္သာရုပ် အစစ်နှင့် အစားထိုး လဲလှယ်ရန်ဖြစ်သည်။ ကျောက်သလင်း ဟင်္သာရုပ်အစစ်မှာ မြေရှင်သဌေးကြီး တဦးက မြို့စားအရှင်သခင်ထံ ဆက်သလိုက်သည့် မွေးနေ့လက်ဆောင် ဖြစ်သည်။

ထိုလက်ဆောင်များကို ဆရာမှောက်သိုက်က သိုင်းလောက၌ လွန်စွာ ကျော်ကြားသော စောရတဦးနှင့် ပူးပေါင်း၍ လဲလှယ်



ခိုးယူရန် ကြံစည်ခဲ့ခြင်း ဖြစ်သည်။ ထိုစောရအမည်မှာ လက်ပေါင်းတထောင်ဟူ၍ ဖြစ်သည်။

လက်ပေါင်းတထောင် စောရသည် နာမည်နှင့် လိုက်အောင်ပင် ၎င်းဟင်္သာရုပ် အစစ်ကို အတုနှင့် လဲလှယ်ခိုးယူ နိုင်ခဲ့သည်။ သူတို့အတွက် ကံကောင်းချင်တော့ မြို့စားမင်းသည်ပင် လက်ဆောင်ပစ္စည်းကို ရရှိသည့်အခါ အတုမှန်း မသိခဲ့ချေ။

ယင်းသို့ဖြင့် ဆရာမှောက်သိုက်နှင့် လက်ပေါင်းတထောင် စောရတို့သည် ငွေနှစ်ထောင်မျှသာ အကုန်အကျခံရပြီး ထိုထက် အဆပေါင်းများစွာ တန်ဖိုးရှိသော ကျောက်သလင်း ဟင်္သာရုပ် အစစ်ကို အလွယ်တကူ ရယူနိုင်ခဲ့လေသည်။

ဆရာမှောက်သိုက် အပင်ပန်းခံရကျိုး နပ်ခဲ့ချေတကား။

\+ + +

## ကြွေးရှင် လိုက်လာပြီ

ဆည်းဆာ ရောင်ခြည်သည် ဆရာမှောက်သိုက်၏ ကိုယ်ပေါ်၌ ဖြာကျလျက် ရှိသည်။ ဆရာမှောက်သိုက်သည် ပန်းဥယျာဉ်တွင်းရှိ လှပဝေဆာစွာ ဖူးပွင့်နေသော ပန်းများကို ငေးမော ကြည့်ရှုနေသည်။ ပန်းများကို အမျိုးသမီးများသာ နှစ်သက်ကြသည် မဟုတ်ပါ၊ အချို့သော အမျိုးသားများသည်လည်း နှစ်သက်ကြပါသည်။ ဆရာမှောက်သိုက်သည် ဤကဲ့သို့သော အမျိုးသား ဖြစ်သည်။ သူသည် အသက်အရွယ်အားဖြင့် ကြီးရင့်လာသော်လည်း ပန်းများကို လွန်စွာ နှစ်သက်နေဆဲပင် ဖြစ်သည်။

ထို့ကြောင့် သူကိုယ်တိုင် ယုယစွာ ပျိုးထောင်ခဲ့သည့် ပန်းပင်များကို ကြည့်ကာ ပီတိဖြာဝေနေရခြင်း ဖြစ်သည်။ သူသည် ဥယျာဉ်မှူးတယောက် မဟုတ်သော်လည်း ဥယျာဉ်မှူးတယောက်ကဲ့သို့ ပန်းပင်စိုက်ပျိုးရာ၌ စိတ်ရှည်သူ ဖြစ်သည်။ စနစ်လည်း



ကျသည်။ ကိုယ်တိုင် စိုက်ပျိုး၍ ဖူးပွင့်လာသော ပန်းများကို ငေးမောကြည့်ရှုရသည်မှာ လွန်စွာ ထူးကဲသော အရသာပင် ဖြစ်လေသည်။

ယခုလည်း သူသည် ဥယျာဉ်တွင်းမှ သူကိုယ်တိုင် စိုက်ပျိုးထားသော ပန်းပင်များကို အရသာခံ၍ ငေးမော ကြည့်ရှုနေခြင်း ဖြစ်သည်။ တပင်မှ တပင်၊ တပွင့်မှ တပွင့်-

'ဟင်'

ဆရာမှောက်သိုက်၏ နှုတ်မှ တအံ့တသြနှင့် အာမေဍိတ်သံထွက်သွားခြင်း ဖြစ်သည်။ အကြောင်းမှာ နီရဲသော နှင်းဆီပန်းတပွင့်အလှမ်းကြည့် ... ၎င်းနှင်းဆီပင်အကြား၌ သွေးရောင်ကင်းမဲ့နေသော မျက်နှာတခုကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ထိုမျက်နှာကိုလှမ်းမြင်လိုက်ရသောအခါ ဆရာမှောက်သိုက်၏ ရင်ထဲ၌ 'ဒိန်း' ကနဲ မြည်ဟည်းသွားသလို ခံစားလိုက်ရသည်။

ထိုမျက်နှာပိုင်ရှင်ကား အခြားမဟုတ်ပေ။ ကျောက်သလင်းဟသ်ာရုပ်အစစ်ကို အတုနှင့် လဲလှယ် ခိုးယူခဲ့သည့် လက်ပေါင်းတထောင် စောရ၏ မျက်နှာ ဖြစ်နေသောကြောင့် ဖြစ်သည်။ သူ့ကို မြင်တွေ့ရသောအခါ ဆရာမှောက်သိုက်၏ ရင်ထဲ၌ လှုပ်ရှားသွားသည်။

ဆရာမှောက်သိုက်သည် ကျောက်သလင်း ဟသ်ာရုပ် အတုပြုလုပ်ပြီးသည့် အချိန်မှ စ၍ အခြား မည်သည့် ပစ္စည်းကိုမျှ အတုပြုလုပ်ခြင်း မရှိတော့ချေ။ အကြောင်းမှာ ကျောက်သလင်းဟသ်ာရုပ်မှ ရရှိခဲ့သော ငွေများသည် သူ့ဘဝ တသက်တာ၌

သုံးမကုန်လောက်အောင် အလျှံအပယ် ပိုလျှံခဲ့သောကြောင့်ဖြစ်သည်။

စင်စစ်ဆရာမှောက်သိုက်သည်တကိုယ်ရေတကာယသမားဖြစ်သည်။သူ့တွင် သားမယားမရှိ။ ဆွေမျိုးညာတိမရှိ၊ရင်းနှီးသောမိတ်ဆွေသင်္ဂဟလည်း မရှိချေ။ထို့ပြင် သူသည်ဝင့်ကြွားတတ်သူမဟုတ်။ ရိုးရိုးကုပ်ကုပ်နှင့် အရာရာ ရှောင်ရှဲ တင်းတိမ်တတ်သူဖြစ်သည်။ ထို့ကြောင့် သူရရှိထားသော ငွေများကို ဟော့ဟော့ရမ်းရမ်း သုံးစွဲခြင်း မပြုပဲ အလွန် ယုံကြည် စိတ်ချရသည့် ငွေတိုက်တခု၌ အပ်နှံထားခဲ့လေသည်။

သို့ရာတွင် အချို့သော လူများသည် လက်ထဲ၌ ငွေကြေးအနည်းငယ် ရရှိလာသည်နှင့် တပြိုင်နက် မည်ကဲ့သို့ သုံးဖြုန်းပျော်ပါးရမည်ကိုသာ စိတ်ကူးတတ်ကြလေသည်။ ထို့ကြောင့် လူမိုက်နှင့်ငွေ အတူမနေဟု အစဉ်အဆက် ပြောစမှတ် ပြုခဲ့ခြင်းဖြစ်သည်။

လက်ပေါင်းတထောင် စောရသည် ဤကဲ့သို့သော လူစားမျိုးဖြစ်သည်။

လက်ပေါင်းတထောင် စောရအကြောင်းကို အခြားသူများမသိကြသော်လည်း ဆရာမှောက်သိုက်က သိသည်၊ အကြောင်းမှာ ဆရာမှောက်သိုက်သည် လက်ပေါင်းတထောင်စောရနှင့် နှစ်ပေါင်း ၂၀ ခန့် အတူတကွ လက်တွဲလုပ်ကိုင်ခဲ့သောကြောင့်ဖြစ်သည်။စင်စစ်လက်ပေါင်းတထောင်စောရသည်မထင်မရှားအမျိုးအနွယ်မှ မဟုတ်ပါချေ။ သိုင်းလောက၌ အလွန်တရာကျော်စောထင်ရှားသော နန်းကုန်းအမျိုးအနွယ်မှ ဖြစ်သည်။သူသည်စောရ



အတတ်၌ သူမတူ အောက်တဘက်ကမ်းခတ် ကျွမ်းကျင်သောကြောင့် အမည်ရင်းပျောက်ကာ လက်ပေါင်း တထောင် စောရဟု လူသိများခဲ့ခြင်းဖြစ်သည်။

ယခုသူသည် ဆရာမှောက်သိုက်၏ ပန်းဥယျာဉ်တွင်းသို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မည်သည့် ကိစ္စဖြင့် ရောက်လာရပါသနည်း။

ဆရာမှောက်သိုက်က သူ့အား စူးစမ်းသလိုအကဲခတ် ကြည့်လိုက်သည်။ လက်ပေါင်း တထောင် စောရသည် သစ်လွင်လှပသောဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ၏ ခါးတွင် ဓားတလက်ချိတ်ဆွဲထားသည်။ ဓားသည် အဖိုးတန် ဓားကောင်းတလက်ပင်ဖြစ်သည်။ သို့ရာတွင် လက်ကိုင်ရိုးပေါ်၌ ပတ္တမြား စီခြယ်ထားသောနေရာတွင် ဟာလာဟင်းလင်းကြီးဖြစ်နေလေသည်။ဤမျှနှင့်ပင် လက်ပေါင်း တထောင် စောရ၏ အခြေအနေကို ဆရာမှောက်သိုက်အကဲခတ်နိုင်ခဲ့ပြီး ဖြစ်သည်။

ဆရာမှောက်သိုက် သက်ပြင်းချလိုက်မိသည်။ထို့နောက် လက်ပေါင်းတထောင်စောရအား စိတ်မသက်သာစွာလှမ်းကြည့်ယင်

'မင်းရထားတဲ့ ဝေစုတွေကုန်တဲ့အပြင်၊ ဓားရိုးပေါ်ကပတ္တမြားတွေပါ ရောင်းစားလိုက်ပြီပေါ့ ဟုတ်လား'

လက်ပေါင်း တထောင် စောရသည် ဆရာ မှောက်သိုက်၏စကားကို လုံးဝ ဂရုမစိုက်ပဲ-

'ခင်ဗျားမှာ အရက်မရှိဘူးလား'

လက်ပေါင်း တထောင် စောရက သူ၏ လိုအပ်ချက်ကိုသာလှမ်းမေးလိုက်သည်။

ဆရာမှောက်သိုက်ပြုံးလိုက်သည်။

'ဒီနေရာဟာ အရက်ရောင်းတဲ့နေရာ မဟုတ်ပေမယ့်၊ မင်းကို တိုက်ဖို့ အရက်လောက်တော့ရှိပါတယ်'

ဆရာမှောက်သိုက်၏ စကားကြောင့် လက်ပေါင်းတထောင်စောရမှာ ရေငတ်သူ ရေထဲကျသကဲ့သို့ ဝမ်းသာ ပျော်ရွှင်သွားလေသည်။

'ဟန်ကျလိုက်တာဗျာ၊ ကဲ-ကျုပ်တို့ မတွေ့ကြတာလဲကြာပြီ ကနေ့ညတော့ ထမင်းလက်ဆုံစားကြရအောင်ဗျာ'

အရက်သည် နာမည်ကျော် ဝါးရွက်စိမ်း အရက်ဖြစ်သည်။ အရက်နှင့် မြည်းရန် မြေပဲကျော်နှင့် ပဲပြား ခြောက်များလည်း အဆင်သင့် ရှိနေသည်။ လက်ပေါင်းတထောင်စောရက အရက်ကို စိမ်ပြေနပြေ သောက်နေလေသည်။

ဆရာမှောက်သိုက်က အရက်သောက်နေသော လက်ပေါင်းတထောင်စောရအား ကြည့်ကာ စဉ်းစားခန်း ဝင်နေမိသည်။ လက်ပေါင်းတထောင် စောရသည် အရက်သောက်ရန်သက်သက် သူ့ထံရောက်လာခြင်းမဖြစ်တန်ရာပေ။တစုံတခုသောအကြောင်းကိစ္စကြောင့် ရောက်လာခြင်းသာ ဖြစ်မည်။ မည် သို့ သော အကြောင်းကိစ္စများပါနည်း ငွေကြေးပြတ်လပ်သောကြောင့်လော။ ဖြစ်တော့ ဖြစ်နိုင်သည်။ သို့သော် သိပ်မသေချာ။သို့ဆိုလျှင် မည်သို့သော အကြောင်းကိစ္စများပါသနည်း။

ကျောက်သလင်း ဟင်္သာရုပ်နှင့် ပတ်သက်သည့် သတင်းစကားကို ပြောကြားလို၍လော.... မှန်သည်။ ဤကိစ္စက ပို၍နီးစပ်သည်။ ယင်းသို့ တွေးမိလိုက်သော အခါ ဆရာမှောက်သိုက်၏



ရင်မှာ ကျောက်တုံးကြီးတတုံး အဖိခံရသလို လေးလံ နောက်ကျိသွားလေတော့သည်။

လက်ပေါင်းတထောင်စောရက အရက်ခွက်ကို ချလိုက်သည်။ ထို့နောက် ဆရာမှောက်သိုက်အား အကဲခတ်သလို ကြည့်လိုက်သည်။

'ကျုပ်ခင်ဗျားဆီ ဘာကြောင့် ရောက်လာရသလဲဆိုတာ ခင်ဗျားသိလား'

ဆရာမှောက်သိုက်က ခေါင်းခါပြလိုက်သည်။ စင်စစ် လုံးလုံးလျားလျားမသိ၍ မဟုတ်။ ကောင်းသောရောက်လာခြင်းမဟုတ်ကြောင်းကိုမူသိသည်၊ မည်မျှမကောင်းကြောင်းကို မသိခြင်းသာဖြစ်သည်။ ထို့ကြောင့် ဆရာမှောက်သိုက် ခေါင်းခါလိုက်ခြင်းဖြစ်သည်။

လက်ပေါင်းတထောင်စောရကပြုံးလိုက်သည်။ သူ့အသွင်မှာ ဘာမျှ အလေးအနက်ထားပုံ မပေါ်ချေ။ လက်ပေါင်းတထောင်စောရက လည်ချောင်းတချက် ရှင်းလိုက်ပြီး လာရင်းကိစ္စကိုပြောလိုက်သည်။

'ဒီလိုဗျ ကျောက်သလင်း ဟင်္သာရုပ်နဲ့ ပတ်သက်ပြီး သိုင်းလောကမှာ အတော်လေး ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်ပြီ'

'ဘာ....ဘာပြောတယ်'

ဆရာမှောက်သိုက် အထိတ်တလန့်ဖြစ်သွားသည်။လက်ပေါင်းတထောင်စောရကမူ အေးတိ အေးစက်ဖြင့်ပင်-

'ခင်ဗျား ကြောက်သွားလား၊သိပ်လဲကြောက်မနေပါနဲ့ဗျာ တရေးခံ ဘယ်သူ ဘယ်ဝါဆိုတာ ဘယ်သူမှ မတွေးနိုင်ကြသေးပါဘူး'

'ဟေ့ကောင် တိုးတိုးပြောစမ်းပါကွ'

ဆရာမှောက်သိုက်က ဘေးဆီသို့ ခေါင်းငဲ့ကြည့်ယင်း လှမ်းရှိ ဟန့်တားလိုက်သည်။

'စိုးရိမ်မနေစမ်းပါနဲ့ဗျာ၊ မြို့စားကြီးလက်အောက်မှာ အ ဆင့်မြင့် သိုင်းသမားတွေ ရှိတာတော့ မှန်ပါတယ်ဗျာ၊ ဒါပေ မယ့် ကျုပ်တို့ကို ဒီလောက်အထိတော့ ခြေရာ မခံနိုင်သေးဘူး လို့ ထင်ပါတယ်၊ ဒီတော့ ဒီလောက်လဲ ပူမနေပါနဲ့ဗျာ'

လက်ပေါင်းတထောင် စောရသည် အရက်တခွက်ကို ငှဲ့ရှိ သောက်လိုက်၏။ ဆရာ မှောက်သိုက် စိတ်မရှည်တော့ပေ။

'ဒါဖြင့်ယင် ဘာဖြစ်လို့ ငါစိတ်သောကရောက်အောင် တောင် ပြော မြောက်ပြော ပြောနေရတာလဲကွ'

'ကျုပ်က ခင်ဗျား စိတ်သောကရောက်စေချင်လို့ ပြောနေ တာ မဟုတ်ပါဘူးဗျာ၊ အဖြစ်မှန်ကိုလဲ ခင်ဗျားသိစေချင်တယ်၊ အဖြစ်မှန် သိပြီး ခင်ဗျား စိတ်ယောက်ယက်ခတ်သွားမှာလဲ စိုး တယ်၊ ဒါကြောင့် ထိန်း ပြောနေရတာပါဗျ၊ အခုဆိုယင် မြို့ စားရဲ့ ကိုယ်ရံတော်တချို့ဟာ ဒီ ကျောက်သလင်း ဟသ်ာရုပ်အ တွက် အတော်ကလေး ခံပြင်း နေကြပြီ တဲ့ဗျ'

'ဘာပြောတယ်ကွ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ငါတို့လဲ ယူခဲ့ တဲ့ ကျောက်သလင်း ဟသ်ာရုပ်အတွက် အခုမှ သူတို့က ခံပြင်း သတဲ့လားကွာ'



'ခက်ပါ့ဗျာ၊ သူတို့လက်ထဲမှာရှိတဲ့ ကျောက်သလင်း ဟသ်ာ ရုပ်ဟာ အတု ဖြစ်တယ်ဆိုတာကို လွန်ခဲ့တဲ့ ငါးလ ခြောက်လ လောက်ကမှ သူတို့ သိသွားကြတာဗျ'

'ဒီလိုဆိုယင်လဲ ကျောက်သလင်း ဟသ်ာရုပ်အတုကို လာ ဆက်တယ် ဆိုပြီး၊ မြေရှင်သဌေးကို ဖမ်းပြီး သေဒဏ်ပေးလိုက် ပေါ့ကွာ၊ ဘယ့်နဲ့ ငါတို့ဘက် ဦးလှည့်လာရတာလဲ'

'ဒီလိုလဲ မဟုတ်သေးဘူးဗျ၊ ဒီ ကျောက်သလင်းဟသ်ာရုပ်ရဲ့ ရာဇဝင်ကို ဟို မြေရှင်သဌေးက အတော်သိသဗျ၊သူ့ ဆီမရောက် ခင်က ဒီ ဟသ်ာရုပ်ကို မတန်တဆ ကြေးပေးပြီး လိုက်ဝယ်တယ် ဆိုတဲ့ သတင်းကို မြို့စားကို ရှင်းပြသတဲ့၊ ဒီမှာတင် အတုနဲ့ အစစ် မြို့စားရဲ့ နန်းတော်ထဲမှာတင် အလဲအလှယ် လုပ်နိုင်တယ် ဆို တာ ကို မြို့စား ရိပ်မိသွားတယ်၊ ဒီသဲလွန်စကို လိုက်ဖို့ ဓားစွမ်း အ ထက်ဆုံး ကိုယ်ရံတော်တယောက်ကို ကျုပ်တို့နယ်ဘက်လွှတ်လိုက် သတဲ့'

ဆရာ မှောက်သိုက်မှာ နဖူးကို လက်နှင့်ရိုက်မိတော့သည်။

'ဖြစ်မှ ဖြစ်ရလေကွာ-ဒီပစ္စည်းက အခုမှပဲ ပြဿနာလာတက် ရတယ်၊ ငါတို့ ကံဆိုးတာပေါ့ကွာ'

လက်ပေါင်းတထောင်စောရသည် တစုံတခုကို သတိရသွား ဟန်ဖြင့်-

'အော်- ခင်ဗျားကို ကျုပ်ပြောရအုံးမယ်၊ လွန်ခဲ့တဲ့ နှစ်နှစ် လောက်က နန်းတွင်း သိုင်းသမားတွေဟာ ကျန်းနန်းနယ်ကို မကြာခဏ ရောက်လာကြတာ တွေ့ရတယ်၊ ရွှေကြက်တူရွေးဟာ

ကျုန်းနန်းနယ် တိမ်ပျံ တောင်ကုန်းမှာ လူဆိုးတွေနဲ့ တိုက်ပွဲဖြစ်ပြီး သေဆုံးခဲ့တယ်၊ အဲဒီသတင်းကို ခင်ဗျား သိမှာပေါ့’

ဆရာ မှောက်သိုက် မျက်မှောင်ကုပ်လိုက်မိသည်။ အံ့ဩသလိုလည်း ဖြစ်သွားသည်။

‘ဟုတ်လား-ဒီသတင်းကို ငါက ဘာဖြစ်လို့ မကြားရတာလဲ၊ ရွှေကြက်တူရွေးဟာ နန်းတွင်း သိုင်းသမား လေးယောက်ထဲက တယောက်ပဲ၊ အများနဲ့ တယောက်မှို ခံလိုက်ရတာ ထင်တယ်’

‘ဟုတ်တယ်ဗျ၊ လူဆိုး ၁၄-၅ ယောက်က ဝိုင်းတိုက်လိုက်ကြတာပဲ၊ အဲဒီအထဲမှာ ကျူးပုလဲ ပါတယ်’

လက်ပေါင်းတထောင် စောရ၏စကားကြောင့် ဆရာ မှောက်သိုက်၏ မျက်ခုံးနှစ်ဖက်မှာ ပိုမို မြင့်တက်သွားသည်။ အံ့ဩမှု အသွင်မှာ ဖုံးကွယ်မရအောင် ထင်ရှားသွားသည်။

‘ဟော့ ကျူးပုလဲ ပါတယ် ဟုတ်လား၊ သူ သိုင်းလောကကအနားယူသွားတာ ကြာပြီပဲ’

လက်ပေါင်းတထောင် စောရက သက်ပြင်းတချက် ချလိုက်သည်။

‘ဒါပေမယ့် ရွှေကြက်တူရွေးက ကျူးပုကို သွားပြီး ရန်စသလို ဖြစ်နေတာကိုး’

‘နေပါအုံး၊ ရွှေကြက်တူရွေးက ကျူးပုကို ဘာဖြစ်လို့သွားပြီး ရန်စရတာလဲ’

‘ဒီလိုလေဗျာ၊ ကျောက်သလင်း ဟင်္သာရုပ်ကို အတုနဲ့ အစစ်လဲယူလိုက်တုန်းက ကျုပ်ဟာ ကျူးပု ပုံစံမျိုး ရုပ်ဖျက် ထားခဲ့



တာကိုး၊ ဒါကြောင့် ရွှေကြက်တူရွေးဟာ ကျူးပုထံ သွားစုံစမ်းယင်း ခုလို ဖြစ်သွားခဲ့တာပဲ’

‘အော်-ဒါကြောင့်ကိုး’

‘တကယ်တော့ဗျာ ရွှေကြက်တူရွေးဟာ သိပ်ပြီး စိတ်တိုလွန်းလို့ ခုလို ဖြစ်သွားတာပါ၊ သူက စဉ်းစဉ်းစားစား ချင့်ချင့် ချိန်ချိန်မှ မရှိပဲ၊ ကျူးပုကို သွားစွပ်စွဲတော့ အများနဲ့ တယောက် အတိုက်ခံရပြီး သေခဲ့ရတာပဲပေါ့’

ဆရာ မှောက်သိုက်က စုတ်သပ်လိုက်သည်။

‘ကျွတ်-ကျွတ်-ကျွတ်-ရွှေကြက်တူရွေးဟာ အတော် ကံဆိုးရှာတာပဲ’

လက်ပေါင်းတထောင် စောရက ခေါင်းခါလိုက်သည်။ ထို့နောက် ဆရာ မှောက်သိုက်ကို တချက် လှမ်းကြည့်လိုက်ပြီး-

‘ဒါပေမယ့် ကျူးပုက သူ့ထက် ကံဆိုးပါတယ်’

ဆရာ မှောက်သိုက်၏ မျက်လုံးက အနည်းငယ် ပြူးကျယ်သွားသည်။ ပြီးတော့ နားမလည်နိုင်သော အကြည့်ဖြင့် လက်ပေါင်း တထောင် စောရကို လှမ်းကြည့်လိုက်သည်။

‘ဘာ-ကျူးပုက သူ့ထက်ပိုပြီး ကံဆိုးတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ’

လက်ပေါင်းတထောင် စောရက ဘာမျှ ပြန်မပြောချေ၊ သူ့ရှေ့ရှိ အရက်ခွက်ကိုသာ ခပ်ငေးငေး စိုက်ကြည့်နေမိသည်၊ ဆရာ မှောက်သိုက်မှာ မရိုးမရွ ဖြစ်လာသည်။ ထို့ကြောင့် အားမလို အားမရ လေသံဖြင့်-

'ဟေ့ကောင်၊ ဆက်ပြောလေကွာ၊ ကျူးပု ဘာဖြစ်လို့ ကုံဆိုးသွားရတာလဲ'

လက်ပေါင်းတထောင် စောရက သက်ပြင်းရှည်ကြီး ချလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ ကျူးပုနောက်ကို မြို့စားရဲ့ နန်းတွင်းသိုင်းသမားတယောက် လိုက်သွားလို့ပဲ၊ အဲဒီ သိုင်းသမားဟာ ရွှေကြက်တူရွေးလို ဂမူးရှူးထိုး မဟုတ်ဖူး၊ အင်မတန် စေ့စပ်သေချာတယ်၊ ပြီးတော့ ပါးရည် နပ်ရည်လဲရှိတယ်၊ သူနဲ့ယှဉ်ယင် ကျူးပု မလွယ်ဘူး'

'ဟုတ်လား၊ ဘယ်သူလဲကွ'

'ဓားသမား ချန်စွန်းယို့လင်းလေ'

'ဟေ'

ဆရာ မှောက်သိုက် ပါးစပ်အဟောင်းသား ဖြစ် သွား သည်။ ချန်စွန်းယို့လင်းကို သူ မမြင်ဖူးပါ၊ သို့သော် ချန်စွန်းယို့လင်း အကြောင်းကိုမူ နားမဆံ့အောင် ကြားခဲ့ပြီးဖြစ်သည်။ ချန်စွန်းယို့လင်း၏ ကြောက်စရာကောင်းသောဓားကွက်များအကြောင်းသည် သိုင်းလောက၌ တောမီးပမာ ပျံ့နှံ့နေပြီဖြစ်သည်။ သိုင်းသမားကြီးများပင် ချန်စွန်းယို့လင်းနှင့် ထိပ်တိုက် ရင်ဆိုင်ရမည်ကို အတတ်နိုင်ဆုံး ရှောင်နေခဲ့ကြရသည်။ သို့ဖြစ်ရာ ကျူးပု အဖို့ ကောင်းသော အနာဂါတ်ကို မျှော်လင့်နိုင် မည် မဟုတ်တော့ချေ။

မည်သို့ဆိုစေ မြို့စား၏ နန်းတွင်းမှလူများ၊ ကျူးပုအပေါ် အာရုံရောက်သွားသည့်အတွက် မိမိတို့အဖို့ များစွာ အသက်ရှူ

အမှတ် ၁၃၀၊ ၆-ထမ်း



ချောင်သွားရသည်ဟု ဆရာမှောက်သိုက် တွေးလိုက်မိသည်။ ထို့ကြောင့် ရင်ထဲ၌ ပေါ့ပါးသွားကာ မျက်နှာ၌ ကျေနပ်သော အပြုံးများ ယှက်သန်းလာလေသည်။

'အေး ခုလို ဖြစ်သွားတာလဲ ခပ်ကောင်းကောင်း ပဲ ကွ၊ ကျောက်သလင်း ဟသ်ာရုပ်နဲ့ ပတ်သက်ပြီး တို့ကို သိပ်ဂရုမစိုက်နိုင်တော့ဘူးပေါ့'

ဆရာမှောက်သိုက်၏ စကားကြောင့် လက်ပေါင်းတထောင် စောရက သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား ဟား ဟား၊ ခင်ဗျား ဒီလိုထင်ယင် မှားသွားမှာပေါ့၊ ချန်စွန်းယို့လင်း ကျူးပုဆီ လိုက်သွားတာက ရွှေကြက်တူရွေးနဲ့ ပတ်သက်ပြီး လက်စားချေဖို့ပါ၊ ကျောက်သလင်း ဟသ်ာရုပ် ကိစ္စနဲ့ ဘာမှ မဆိုင်ဘူး'

ဆရာမှောက်သိုက်၏မျက်ခုံးနှစ်ခုကစု၍ စိုက်ဆင်းသွားသည်။ လက်ပေါင်းတထောင်စောရ ဘာကြောင့် ရောက်လာရသည်ကို သူ ယခုထိ မသိသေး။

ဆရာမှောက်သိုက်က-

'ဟေ့ မင်း စကားပြောတာ ရှင်းရှင်း ပြောစမ်းပါကွ၊ စောစောကတော့ ငါတို့ ဒုက္ခပဲ ရောက်တော့မလိုလို မင်း လာပြောတယ်၊ ခုတော့လဲ ငါတို့ စိတ်အေးအေးနေနိုင်သလိုလို ပြောပြန်ပြီ၊ ဘာလဲ ငါတို့က ခုပဲ မြေတွင်းထဲ ဝင်အောင်းရတော့မှာလား၊ ဒါမှ မဟုတ် အိမ်ခေါင်မိုးပေါ်မှာ ပြောင်ပြောင်တင်းတင်း ထိုင်ပြီး အရက်သောက်နေရတော့မှာလား'

လက်ပေါင်းတထောင်က ရယ်မောယင်း ပြောလေ၏။

'နန်းတွင်းက လူတွေက ကျောက်သလင်း ဟင်္သာရုပ်ကိစ္စမှာ ကျုပ်မပါမှန်း သိသွားကြပြီလေ၊ ဒါကြောင့် လက်သည်တရားခံ အစစ်ကို ဖမ်းဖို့ အပူတပြင်း လိုက်ရှာနေကြပြီ'

ဆရာမှောက်သိုက်၏ ရင်ထဲ၌ မြေလျှော် လူပ်ခါသလို ခံစားလိုက်ရသည်။ အပြစ်ရှိသူတို့၏ ဓမ္မတာအတိုင်း ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်သွားသည်။ ဆရာမှောက်သိုက် စိတ်မရှည်နိုင် တော့ချေ။

'ကဲ ပွင့်ပွင့်လင်းလင်း ပြောစမ်းကွာ၊ မင်း ဘာကိစ္စနဲ့ ငါ့ဆီ ရောက်လာတာလဲ'

ဆရာမှောက်သိုက်က လိုရင်းကိစ္စကို စိတ်မရှည်နိုင်သလို လှမ်းမေးလိုက်သည်။ ထိုအခါကြမှ လက်ပေါင်းတထောင် စောရ၏ မျက်နှာက တည်ကြည်လေးနက်သွားသည်။ နောက် သက်ပြင်း ရှည်ကြီးချလိုက်ကာ-

'ခင်ဗျားကို အသိပေးဖို့ လာခဲ့တာပဲ၊ ခုချိန်ကစပြီး ခင်ဗျား ဒီနေရာက ထွက်သွားဖို့ ပြင်ပေတော့ ပြီးတော့ ဆရာမှောက် သိုက်ဆိုတဲ့ နာမည်ကိုပါ တခါတည်း ဖျောက်ဖျက်လိုက်ပေ တော့'

ထိုစကားကို ကြားလိုက်ရသောအခါ ဆရာမှောက်သိုက်၏ မျက်နှာမှာ ကွက်ကနဲ ပျက်သွားသည်။ သွေးရောင်လွှမ်းသော မျက်နှာမှာလည်း တစထက်တစ ဖြူရော် သွားလေသည်။ တကိုယ်လုံးလဲ အေးစက်သွားလေသည်။



'ဘာ ငါ ဒီနေရာကနေ ထွက်သွားရမယ် ဟုတ်လား၊ သူတို့က ငါတို့လက်ချက်မှန်း သေသေချာချာ သိသွားကြပြီလား'

'ကဲဗျာ၊ ခုချိန်ကစပြီး ခင်ဗျားနဲ့ ကျုပ်ဟာ ဝရမ်းပြေးဘဝ ရောက်သွားရတော့မှာပဲ၊ ဒီတော့ ကိုယ့်မှာရှိတဲ့ စည်းစိမ်တွေကို ဘာမှ တွယ်တာ မနေနဲ့တော့၊ ကိုယ့် အသက်ထက် ဘယ်ဟာမှ တန်ဖိုးမရှိနိုင်ပါဘူးဗျာ'

လက်ပေါင်းတထောင် စောရက ဖျောင်းဖျသလို ပြောလိုက်သည်။ ဆရာမှောက်သိုက်သည် တွေဝေသွားသည်။ ယခုအချိန်သည် သူ့အတွက် ကျဉ်းထဲကျပ်ထဲ ရောက်နေသော အချိန်ဖြစ်သည်။ သူမြတ်နိုးသော ပန်းဥယျာဉ်နှင့် မြစိမ်းရောင် စံအိမ်ကို တွယ်တာနေ၍ မဖြစ်တော့ပေ။ စုဆောင်းသိမ်းဆည်းထားသော ငွေကြေးများကို ယူဆောင်ကာ အလွန် ဝေးလံသီခေါင်သော အရပ်၌ မထင်မရှား ကိုယ်ရောင် ဖျောက်နေရုံသာ ရှိတော့သည်။ ဆရာမှောက်သိုက်သည် ယင်းသို့ တွေးကာ သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

'ဒါနဲ့ မင်းရထားတဲ့ ဝေစုတွေကကော၊ ဖြုန်းလို့ ကုန်ပြီ မဟုတ်လား'

လက်ပေါင်းတထောင် စောရက လက်ဖြန့်ပြယင်း ပြောလိုက်သည်။

'အေးဗျာ၊ ကျုပ်က ဘာဖြစ်လို့ ငွေကို ဒီလောက်တောင် သုံးမိတယ် ဆိုတာ မစဉ်းစားတတ်အောင်ပဲ၊ ဗိုပြီး ဆိုးတာက ဘယ်အချိန် ဘယ်အခါမဆို ကျုပ်က ဖဲကံကို မကောင်းဘူး'

ဆရာမှော်ကျောက်သိုက်က ခေါင်းကို လေးလေးပင်ပင် ခါလိုက်မိသည်။ ထို့နောက် သက်ပြင်းချယင်း-

'ကဲပါကွာ၊ မင်းမှာ ငွေမရှိပေမယ့် လဲ ငါ့မှာ ရှိပါတယ်၊ မင်းသာ ဖဲမရိုက်ပဲ လမ်းမှန် ကမ်းမှန် သုံးစွဲမယ်ဆိုယင် မင်းအတွက် တသက်လုံး ငါတာဝန်ယူပါတယ်'

ဆရာမှော်ကျောက်သိုက်က လက်ပေါင်းတထောင် စောရအား စိုက်ကြည့်ကာ လေးလေးနက်နက် ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်မှာပင် ပန်းယျာဉ်၏ အပြင်ဘက်မှ လူတယောက်၏ အသံက ရုတ်တရက် ထွက်ပေါ်လာလေသည်။

သူငယ်ချင်းပေါ် ထားတဲ့ ဆရာမှော်ကျောက်သိုက်ရဲ့ စေတနာက ဘယ်ဆိုးလို့တုန်းဗျ၊ ကျုပ်တောင် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ချင်စိတ်ပေါက်လာပြီ'

ထိုအသံသည် ဥယျာဉ်အပြင်မှ ထွက်ပေါ်လာခြင်း ဖြစ်သော်လည်း သူတို့နား၌ ကပ်ပြောနေသလို ထင်ရသည်။ ထို့အပြင် သူတို့နှစ်ယောက် စကားပြောနေကြသည်ကို ဥယျာဉ်အပြင်ဘက်မှ တော်တန်ရုံ ကြားနိုင်မည် မဟုတ်ပေ။ ယခု ထိုအသံရှင်က အားလုံးကြားနေကြသည်။ ကြားရသောကြောင့်လည်း အထက်ပါစကားကို ပြန်လည် ပြောကြားနိုင်ခြင်း ဖြစ်သည်။ သာမန်ပုဂ္ဂိုလ်မျိုးဆိုလျှင် ဤသို့ မကြားနိုင်၊ ဤသို့လည်း အဝေးမှနေ၍ အနီးအနား၌ ကပ်၍ပြောနေသလို စွမ်းဆောင်နိုင်မည် မဟုတ်ပေ၊ ဤသို့ ဆိုလျှင်....။

ဆရာမှော်ကျောက်သိုက်နှင့် လက်ပေါင်းတထောင် စောရသည်



တယောက်မျက်နှာ တယောက် ကြည့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြတော့သတည်း။

ဆရာမှော်ကျောက်သိုက်၏ ရင်ခုန်သံသည် အလွန် ကျယ်လောင်လွန်းသည်ဟု ထင်မိသည်။ ဥယျာဉ်အပြင်ဘက်မှ အသံရှင်သည် ခြံဝင်းအတွင်းသို့ တလှမ်းချင်း ဝင်ရောက်လာနေပြီ ဖြစ်ပါသည်။ ထိုသူအား တွေ့မြင်လိုက်ရသည်နှင့် ဆရာမှော်ကျောက်သိုက် ချက်ချင်း သိရှိလိုက်သည်။ ထိုသူအား ယခင်က မမြင်မတွေ့ဖူးခဲ့သော်လည်း ထိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ခန့်မှန်းတွေးဆမိလိုက်သည်။

ထိုစဉ်မှာပင် လက်ပေါင်းတထောင် စောရ၏နှုတ်မှ အသံတသံ လွတ်ကနဲ ထွက်လာလေသည်။

'ချန် စွန်း ယို့ လင်း'

ထိုနာမည်ကို ဆရာမှော်ကျောက်သိုက် ခန့်မှန်း တွေးတောပြီး ဖြစ်ပါ၏။ သို့သော် တကယ်တမ်း နားနှင့် ဆတ်ဆတ်ကြားလိုက်ရပြန်သည့်အခါတွင်လည်း ဆရာမှော်ကျောက်သိုက်သည် နေရာ၌ပင် မူးမေ့လဲကျသွားမလို ဖြစ်သွားရပါလေ၏။

× × ×

## မရဏရက်ချိန်း

ချန်စွန်းယို့လင်းကဖြေးညင်းစွာ လျှောက်လှမ်းပြီး ဘူတိုထံ ချဉ်းကပ်လာလေသည်။ လက်ပေါင်း တထောင် စောရသည့် ကိုယ်အနေအထားကို အနည်းငယ် ပြင်ရပ်လိုက်ယင်း-

'ခင်ဗျား ချန်စွန်းယို့လင်း မဟုတ်လား'

ချန်စွန်းယို့လင်းက သိမ့်မွေ့စွာ ပြုံးလိုက်သည်။ သည်အပြုံးမျိုးသည် သွေးစွန်းသော လက်ပိုင်ရှင်များ၌ မရှိသင့်သော အပြုံးဖြစ်သည်။ တချက်တော့ ခွင့်လွှတ်ဖွယ်ရာရှိပါသည်။ ချန်စွန်းယို့လင်းသည် မတရားသဖြင့် လူမသတ်ပေ။

'ကျုပ်သာ ချန်စွန်းယို့လင်းမဟုတ်ယင် ခင်ဗျားတို့ဆီ ဘာဖြစ်လို့ လာနေရမှာလဲ'

ဆရာမှောက်သိုက်က ဣန္ဒြေဆည်ယင်း လည်ချောင်းတချက် ရှင်းလိုက်သည်။ ပြီးမှ တုန်လှုပ်နေသော စိတ်ကိုထိန်းသိမ်းကာ ချန်စွန်းယို့လင်းအား လှမ်းပြောလိုက်သည်။



'ဒါပေမယ့် ငါကတော့ မင်းကိုမသိဘူး၊ ချန်စွန်းယို့လင်း ဆိုတာ ဘာကောင်လဲ'

ချန်စွန်းယို့လင်းက ခပ်အေးအေးပင် ပြောသည်။

'ဟုတ်ပါတယ်ဗျာ ... လူတိုင်း လူတိုင်းဟာအစပထမ တော့ မသိကြဘူးပေါ့။ ဒါပေမယ့် မျက်နှာချင်း ဆိုင်မိကြတဲ့ အခါ သိသွားကြတာပါပဲ၊ နောက်တဆင့် တက်သွားတဲ့ အခါမှာ တော့ မိတ်ဆွေဖြစ်ယင်ဖြစ် မဖြစ်ယင် ရန်သူ ဖြစ်သွားကြတာ ချည်းပဲဗျ'

ဆရာမှောက်သိုက် နှာခေါင်းတချက် ရှုံ့လိုက်သည်။

'ငါ မင်းလို လူမျိုးနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး'

ဆရာ မှောက်သိုက်၏ စကားကြောင့် ချန်စွန်းယို့လင်းက ပြုံးလိုက်သည်။

'ဟုတ်တာပေါ့ဗျာ ဘယ်မိတ်ဆွေ ဖြစ်ချင်ပါ့မလဲ၊ ကျုပ်က ရုပ်လဲမဖျက်တတ်ဘူး၊ ကျောက်သလင်း ဟင်္သာရုပ် အတုကိုလဲ အစစ်နဲ့ လဲမပေးနိုင်ဘူး၊ ဒီတော့ ခင်ဗျားအနေနဲ့ ကျုပ်ကို ဘယ်လိုအပ်ပါ့မလဲ'

ဆရာမှောက်သိုက်၏မျက်နှာတခုလုံးသည်သွေးမရှိတော့သကဲ့သို့ ချက်ချင်းပင်ဖြူရော်သွားလေသည်။ တကိုယ်လုံးတုန်တုန်ရီရီ ဖြစ်လာ၏။ လက်ပေါင်းတထောင် စောရသည့် ဆရာမှောက်သိုက် အား တချက်လှမ်းကြည့်ပြီး အားပေးစကား ပြောလိုက်သည်။

'သိပ်လဲကြောက်မနေစမ်းပါနဲ့ဗျာ၊ သူက တယောက်တည်း၊ ကျုပ်တို့က နှစ်ယောက်၊ ဘာမှ ကြောက်စရာ မလိုဘူး။ ကျုပ်ကော ခင်ဗျားကော သိုင်းပညာ မခေပါဘူးဗျ'

'ဟုတ်တယ် ကျုပ်က တယောက်တည်းပဲ။ ခင်ဗျားတို့ ကျုပ်ကို သတ်နိုင်ယင် သတ်ပေါ့'

ချန်စွန်းယို့လင်းက သူတို့နှစ်ဦးအား ဝေ့ကြည့်ယင်း လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ဆရာမှောက်သိုက်နှင့် လက်ပေါင်းတထောင် စောရသည့် တယောက်မျက်နှာ တယောက်ကြည့်လိုက်မိကြသည်။ 'ဘယ့်နှယ့်လဲ'ဟု တိုင်ပင်သည့် သဘောဖြစ်သည်။

လက်ရှိအနေအထားအရ သူတို့က နှစ်ယောက်။ ချန်စွန်းယို့လင်းမှာ တယောက်တည်း။ ထို့ပြင် သူတို့နှစ်ယောက် စလုံး၏ သိုင်းပညာမှာလည်း ထိပ်တန်းအဆင့် ရှိသူများ ဖြစ်ကြသည်။ ချန်စွန်းယို့လင်းအနေဖြင့် မည်မျှပင်အစွမ်းရှိရှိသူတို့နှစ်ယောက်၏ ပူးပေါင်း တိုက်ခိုက်မှုကို ခံနိုင်ရည် ရှိမည် မဟုတ်ဟု သူတို့တွေးမိလိုက်ကြသည်။ ထို့ကြောင့် သူတို့သည် ချန်စွန်းယို့လင်းအား တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'နေကြဦး'

ချန်စွန်းယို့လင်း၏ ဟန့်တားသံကြောင့် ဆရာမှောက်သိုက်ရော လက်ပေါင်းတထောင်ပါ ရုတ်တရက်ရပ်တန့်သွားကြသည်။

လက်ပေါင်းတထောင်က မျက်မှောင်ကုပ်၍ မေးလေ၏။

'ဘာလဲ ခင်ဗျား ကျုပ်တို့ကို ကြောက်သွားပြီ မဟုတ်



လား၊ မပြိုင်ရဲလဲ ကိစ္စမရှိပါဘူး၊ ခင်ဗျားကို အေးအေးသက်သာ ထွက်ခွာသွားခွင့်ပေးမယ်'

ချန်စွန်းယို့လင်းက ပြုံးလိုက်သည်။

'နေပါဦးလေ၊ ကျုပ်က ခင်ဗျားတို့ကို မပြိုင်ရဲဘူးလို့ မပြောသေးပါဘူး၊ ကျုပ်တခုပြမယ်'

သူသည် ပြောပြောဆိုဆိုဖြင့် အနီးရှိ ပန်းပင်တပင်မှ စွင့်ကားနေသော ပန်းပွင့်ကြီးတပွင့်ကို လှမ်းချိုးလိုက်သည်။ အလွန်တရာလှပသော နှင်းဆီနီပွင့်ကြီးဖြစ်နေ၏။ သူသည် နှင်းဆီနီပွင့်ကြီးကို လေထဲသို့ မြှောက်တင်လိုက်၏။

လေထဲသို့ ပန်းပွင့်ကို မြှောက်တင်လိုက်သည့် အချိန်နှင့် သူကျော၌သိုင်းလွယ်ထားသည့် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်သည့်အချိန်မှာတပြိုင်တည်း လိုလို ဖြစ်နေသည်။ မည်သည့်ဓားသမားသည် ဤကဲ့သို့ လျင်မြန်မှု ရှိပါသနည်း။ ဤသို့ ဓားထုတ်လျင်မြန်သော သိုင်းသမားမျိုးကို ဆရာ မှောက်သိုက်ရော လက်ပေါင်းတထောင်ပါ မတွေ့မြင်ခဲ့ဖူးပါ။

'ဝှစ်....ဝှစ်....ဝှစ်... ဝှစ်...'

လေထဲ၌ တဝှစ်ဝှစ် မြည်နေသော အလင်းရောင်တန်းကို မြင်လိုက်ကြရသည်။ နှင်းဆီပွင့်ကြီးသည် သူတို့၏ အမြင်မှ လုံးဝ ကွယ်ပျောက်သွားပြီး သဲမှုန်ကလေးများပမာ တဖွဲဖွဲ ကျလာလေသတည်း။

\+ × ×

တချိန်လုံး တည်တည်ငြိမ်ငြိမ်ဖြင့် ဣန္ဒြေမပျက် ရှိနေခဲ့သော လက်ပေါင်းတထောင်စောရသည် ယခုအခါ နဖူးပေါ်၌ ချွေးများ စို့လာလေသည်။ သူသည် ချန်စွန်းယို့လင်း အားလျှော၍ တွက်ခဲ့မိသည်။ တယောက်ချင်း မယှဉ်နိုင်သည့်တိုင် နှစ်ယောက်ပေါင်း တိုက်လျှင် ချန်စွန်းယို့လင်းကို မှုစရာမလိုဟု တွက်ဆခဲ့ခြင်းဖြစ်သည်။ ယခုမူ ချန်စွန်းယို့လင်း၏ ဓားချက်မှာ မိမိခန့်မှန်းထားသည်ထက် ပိုမို မြင့်မားနေကြောင်း သိခဲ့ရပြီ ဖြစ်သည်။ ချန်စွန်းယို့လင်း၏ဓားကွက် တကွက်တွင်ပင်ခုတ်ချက်ပေါင်းများစွာ ပါဝင်နေသည်ကို မျက်မြင်ဒိဋ္ဌတွေ့ခဲ့ပြီ မဟုတ်ပါလား။ဤသို့သောဓားသမားကို ယှဉ်ပြိုင်တိုက်ခိုက်ရန်ကြိုးစားမည်ဆိုလျှင် ကိုယ့်သေတွင်း ကိုယ်တူးသလိုသာ ဖြစ်နေပေရော့မည်။

ဆရာမှောက်သိုက်အဖို့မှာမူ အထူးဆိုဖွယ်ရာမရှိတော့ပါချေ။ ဆရာမှောက်သိုက်၏ မျက်နှာသည် လူသေ အလောင်းကောင်၏ မျက်နှာကဲ့သို့ သွေးရောင်ကင်းမဲ့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေလေတော့သည်။ ဇီးရွက်ခန့် မျက်နှာငယ်သွား သူကို ပြပါဆိုလျှင် ဆရာမှောက်သိုက်ကိုသာ ပြရပေလိမ့်မည်။

ချန်းစွန်းယို့လင်းသည် ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်နေသော ဆရာမှောက်သိုက်နှင့် လက်ပေါင်းတထောင် စောရအား တချက် ဝေ့ကြည့်လိုက်သည်။ ထို့နောက် လက်ပေါင်းတထောင် စောရကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

'ခင်ဗျားကတော့ ပစ္စည်းခိုးတဲ့နေရာမှာ အခင်မတန် ပိရိပါတယ်၊ ဒါပေမယ့် ငွေကြေးသုံးစွဲတဲ့ နေရာမှာတော့ အခင်မတန်



ရှော်တာပဲ၊ ဒီတော့ ခင်ဗျား အလုပ်ဖြစ်တယ် မဖြစ်ဘူးဆိုတာ ခင်ဗျားသုံးစွဲတဲ့ ငွေကြေးကို ကြည့်ပြီး ခန့်မှန်းလို့ရတယ်'

လက်ပေါင်းတထောင် စောရ မျက်လုံးပြူးသွားသည်။ သူ၏ အမူအကျင့်ကို ချန်စွန်းယို့လင်းက အတိအကျ သိနေပါပြီကော။ ချန်စွန်းယို့လင်းသည် တချက်ပြုံးပြပြီး သူ့စကားကို ဆက်လိုက်ပြန်သည်။

'တလောက ဖဲဝိုင်းတဝိုင်းမှာ တထိုင်တည်းနဲ့ ခင်ဗျား ငွေသုံးသောင်း ရှုံးခဲ့တယ် မဟုတ်လား၊ ဒီလောက် များတဲ့ ငွေကို ခင်ဗျား ဘယ်လိုရခဲ့သလဲ'

လက်ပေါင်းတထောင် စောရသည် ဘာပြန်ပြောရမှန်း မသိတော့ပဲ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

အတန်ကြာ ငြိမ်သက်နေပြီးမှ လက်ပေါင်းတထောင် စောရက သက်ပြင်းရှည်ကြီး ချလိုက်သည်။

'ဒီထိအောင် ခရေစေ့တွင်းကျ သိထားနေမှာတော့ ကျုပ်ဘာမှ မပြောချင်တော့ပါဘူး'

ဆရာမှောက်သိုက်သည် ကြက်လည်လိမ်ထားသလို ခေါင်းကြီး ငိုက်စိုက်ကျသွားသည်။ ချန်စွန်းယို့လင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

'ကျုပ်ဟာ လူသတ်သမား မဟုတ်ဘူး၊ ခင်ဗျားတို့ကို ကျုပ် မသတ်ချင်ပါဘူး၊ ဒါကြောင့် ကျောက်သလင်း ဟသ်္သာရုပ်ကို ပြန်ပေးကြပါ၊ အားလုံးကို တရားသဖြင့်ပဲ ဖြစ်စေချင်တယ်'

ချန်စွန်းယို့လင်း၏ စကားကြောင့် နှစ်ယောက်စလုံး ဆတ်

ကနဲ တွန့်သွားကြသည်။ လက်ပေါင်းတထောင် စောရက တစုံတရာပြန်ပြောရန် ဟန်ပြင်လိုက်သည်။ ချန်စွန်းယို့လင်းက လက်ကာပြလိုက်သည်။

'ခဏနေပါအုံး၊ ကျုပ်စကား မဆုံးသေးဘူး၊ ခင်ဗျားတို့သာ ကျောက်သလင်း ဟင်္သာရုပ်ကို ပြန်ပေးမယ်ဆိုယင် ခင်ဗျားတို့နှစ်ယောက်စလုံး မွဲတပေါက် မစွန်းစေရဘူး၊ ကျုပ်မှာ ဘယ်လိုတာဝန်မျိုး ရှိတယ်ဆိုတာ ခင်ဗျားတို့ သိကြမှာပါ၊ ကျုပ်ဟာ တာဝန်ရှိတာထက် ကျော်ပြီး သူတပါးကို ဒုက္ခမပေးတတ်ပါဘူးဗျာ၊ ဒါတော့ ခင်ဗျားတို့ ယုံကြပါ'

ဆရာမှောက်သိုက်သည် နဖူး၌ ချွေးများသီးလာ၏။

'ဒါဆို ဒုက္ခပါပဲ အဲဒီကျောက်သလင်း ဟင်္သာရုပ်က ငါတို့ဆီမှာ မရှိတော့ဘူး၊ ရောင်းပစ်လိုက်တာကြာပြီ ဒါကြောင့်'

ဆရာမှောက်သိုက်၏ စကားမဆုံးမီမှာပင် ချန်စွန်းယို့လင်းက လက်ကာပြလိုက်သည်။

'ဒါ ကျုပ်နဲ့ မဆိုင်ဘူး။ ကျုပ်ဆီကို ကျောက်သလင်းဟင်္သာရုပ် ပြန်ရောက်လာဖို့ကအဓိကပဲ၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ကို ရက်ပေါင်း သုံးဆယ်တိတိ အချိန်ပေးထားမယ်၊ အဲဒီရက်အတွင်း ကျောက်သလင်းဟင်္သာရုပ် ကျုပ်ဆီရောက်အောင် ပြန်ပို့ပေးပေတော့'

သူတို့နှစ်ယောက်စလုံး စိတ်ညစ်သွားသည်။ မည်သို့မျှ ဆင်ခြေပေး၍ ရမည်မဟုတ်ကြောင်း နားလည်လိုက်ကြသည်။ ထို့ကြောင့် လက်ပေါင်းတထောင်စောရက ခေါင်းညိတ် လက်ခံလိုက်သည်။



'ကောင်းပါပြီဗျာ။ ကျုပ်တို့ မရ ရအောင် ပြန်ရှာပေးပါ့မယ်'

'အင်း .... ဒီလိုတော့လဲ လက်ပေါင်း တထောင် စောရက သဘောပေါက်လွယ်သားပဲ'

ယင်းသို့ပြောယင်း ချန်စွန်းယို့လင်းသည် ဆရာမှောက်သိုက်အား လှမ်းကြည့်လိုက်သည်။ ချန်စွန်းယို့လင်း၏ စူးရှသော မျက်လုံးဒဏ်ကို ဆရာမှောက်သိုက် မခံနိုင်။ ထို့ကြောင့် မျက်နှာကို လွှဲဖယ်လိုက်သည်။

'ကဲ....ဆရာမှောက်သိုက်ကရော ဘယ်လိုလဲ'

ဆရာမှောက်သိုက် ငိုင်သွားသည်၊ ဘာပြန်ပြောရမှန်းမသိ။ ခြေရာပျောက်နေသော ကျောက်သလင်း ဟင်္သာရုပ်ကို ပြန်လည်ရှာဖွေရန်မှာ ဘဲဥ အစရှာရသကဲ့သို့သာ ဖြစ်နေပေမည်။ သို့သော်ရှာခိုင်းသူက အတင်း အကြပ် ရှာခိုင်းနေပြီဖြစ်သည်။ ဆရာမှောက်သိုက် ဘာများ တတ်နိုင်ပါမည်နည်း။ နှင်းဆီပန်းတပွင့်လုံးကို ဝတ်မှုံကလေးများပမာ ခေးစွမ်းပြနိုင်သည့် နန်းတွင်းသိုင်းသမားအား သူ့အနေဖြင့် မည်သို့မျှ မယှဉ်နိုင်ပါ။

'ကောင်းပြီလေ အတတ်နိုင်ဆုံး ကြိုးစားပြီး ရှာပေးပါ့မယ်'

ထိုစကားထက် ပို၍ကောင်းသော အဖြေမရှိတော့ပေ။ နောင်ခါလာ... နောင်ခါချေးပေါ့။ သည်လိုတွေးပြီး ဖြေသိမ့်လိုက်ရသည်။

'စိတ်ချပါ၊ ရက်ပေါင်း သုံးဆယ်အတွင်း ကျောက်သလင်း ဟင်္သာရုပ် ပြန်ရအောင် ကျုပ်တို့ ရှာပေးပါ့မယ်'

လက်ပေါင်းတထောင်စောရက ထပ်မံ၍ ဝန်ခံကတိပြုလိုက်သည်။

ချန်စွန်းယို့လင်း ကျေနပ်စွာ ပြုံးလိုက်သည်။

'ဒါဖြင့်....ကျုပ်ကိုသွားခွင့်ပြုပါအုံး'

ခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် ဆရာမှောက်သိုက်လေ ပူတချက် မှုတ်ထုတ်လိုက်သည်။ သို့ရာတွင် ချန်စွန်းယို့လင်းမှာ သူတို့အပါးမှ ထွက်ခွာသွားခြင်း မရှိသေးပေ။ ချန်စွန်းယို့လင်းက အိတ်ထဲမှ ကြွေဗူးလေးတဗူးကို နှိုက်ထုတ်လိုက်သည်။

'ဒါပေမယ့် ကျုပ်က ထွက်မသွားခင် လုပ်စရာလေး တခု ကျန်နေသေးတယ်'

'ဘာများပါလိမ့်'

လက်ပေါင်းတထောင်စောရနှင့် ဆရာမှောက်သိုက်တို့ ပြိုင်တူ မေးလိုက်မိကြသည်။ ချန်စွန်းယို့လင်းသည် ဘာမျှ ပြန်မဖြေပဲ လက်ထဲမှ ကြွေဗူးကို အဖုံးဖွင့်လိုက်သည်။ ထို့နောက် ကြွေဗူးထဲမှ အနီရောင် ဆေးလုံးလေး နှစ်လုံးကို ထုတ်ယူလိုက်သည်။ ဆရာမှောက်သိုက်မှာ နားမလည်နိုင်သော အမူအရာဖြင့် ကြောင်၍ကြည့်နေမိသည်။ လက်ပေါင်းတထောင်စောရက သိချင်စိတ်ဖြင့် လှမ်းမေးလိုက်သည်။

'အဲဒါ ဘာတွေလဲ၊ ဘာလုပ်ဖို့လဲ'

'ဆေးလုံးတွေလေ၊ ခင်ဗျားတို့နှစ်ယောက် သောက်ဖို့'

'ဘာ....ဒီဆေးလုံးတွေကို တို့နှစ်ယောက် သောက်ရမယ်ဟုတ်လား၊ ဘာဆေးလုံးတွေလဲ၊ ဘာဖြစ်လို့သောက်ရမှာလဲ'



ဆရာမှောက်သိုက် ပြာပြာသလဲဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ချန်စွန်းယို့လင်းက ပြုံးပြလိုက်သည်။

'ဒီဆေးလုံးတွေက မြွေဆိပ်နဲ့ ဖော်စပ်ထားတဲ့ ဆေးလုံးတွေပါ'

'ဒါ....ဒါဖြင့် အဆိပ်ဆေးလုံးတွေပေါ့'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီဆေးသောက်လိုက်တဲ့အခါလောလောဆယ်တော့ ဘာမှ မဖြစ်နိုင်ပါဘူး။ ရက်ပေါင်း သုံးဆယ်ကြာတဲ့အခါ ဒီဆေးလုံးကတန်ခိုးပြကာပါ၊အဲဒီအချိန်ရောက်လာယင် ငါးရက်အတွင်း ဖြေဆေးသောက်ပြီး ကုလို့ရတယ်၊ ဒါပေမယ့် ငါးရက်က ကျော်သွားယင်တော့ ဆေးကုလို့မရတော့ဘူး'

'ဟင်'

နှစ်ယောက်စလုံး မျက်လုံး မျက်ဆန် ပြူးကျယ်ကုန်သည်။ ထို့နောက် သူတို့၏ ခြေလှမ်းများသည် နောက်သို့ တလှမ်းခန့် ဆုတ်သွားမိကြသည်။

'ဒါဆို ဒီဆေးလုံးကို ကျုပ်တို့ မသောက်နိုင်ဘူး'

လက်ပေါင်းတထောင်စောရ ထိတ်လန့်မှုကို ချုပ်တည်းယင်း လှမ်းပြောလိုက်သည်။

'ခင်ဗျားတို့မသောက်လို့ မရဘူး၊ သောက်ကို သောက်ရမယ်၊ ရက်ပေါင်း သုံးဆယ်ပြည့်လို့မှ ကျောက်သလင်း ဟသ်ာရုပ်ကို ရအောင်မရှာနိုင်ယင် ကိုယ့်ကိုယ်ကို သတ်သေလိုက်ကြပေတော့၊ ဒီအဆိပ်ဆေးလုံးက တန်ခိုးပြပြီဆိုယင် အင်မတန် အခံရခက်တာဗျ၊ မချိမဆံ့ ဝေဒနာခံစားရပြီးမှ အသက်ထွက်မှာ၊ ဒါကြောင့်

ရက်သုံးဆယ်ပြည့်တဲ့နေ့အထိ ကျောက်သလင်းဟင်္သာရုပ်ကို ရှာမတွေ့ယင် ကိုယ့်ကိုယ်ကိုသာ သတ်သေလိုက်ကြပေတော့'

ချန်စွန်းယို့လင်းသည် လျှပ်တပြက် ခုန်ဝင်လာ၏။ သူဝင်လာပုံမှာ လေကဲ့သို့ လျင်မြန်လှသဖြင့် ဆရာမှောက်သိုက်မှာ အံ့အားကြီးသင့်လျက် ကြည့်နေမိသည်။ သူငေးမောနေစဉ် ချန်စွန်းယို့လင်း၏ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းသည် ဆရာမှောက်သိုက်၏ သွေးကြောနှစ်ခုပေါ်သို့ လာထောက်လေ၏။

ယင်းသွေးကြောမှာ အာရုံနှင့် သက်ဆိုင်သော သွေးကြောဖြစ်သည်။ ရုတ်တရက် လျှပ်ပြက်သလို ဖြစ်သွားသောကြောင့် ဆရာမှောက်သိုက်မှာ မည်သို့မျှ လှုပ်ရှားတိမ်းရှောင်နိုင်စွမ်းမရှိခဲ့ပေ။ သူ့ကိုယ် သူ ဘာဖြစ် သွားသည်ကိုပင် မသိလိုက်ရချေ။ တကိုယ်လုံးရှိ ကြွက်သားများ တောင့်တင်းသွားပြီး မေးရိုးနှစ်ခုမှာ ပွင့်အာသွားလေသည်။ ခွေးအကြီးတကောင် ပါးစပ်ဟ၍ အစာတောင်းနေသကဲ့သို့ ဖြစ်သည်။

ချန်စွန်းယို့လင်းက အဆိပ်ဆေလုံး တလုံးကို ဆရာမှောက်သိုက်၏ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်လေသည်။ ထို့နောက် ဆရာမှောက်သိုက်၏ ပခုံးပြင်ရှိ အကြောတနေရာကို အသာအယာပင် ရိုက်ချလိုက်သည်။ ဆရာမှောက်သိုက်၏ ပွင့်ဟနေသော ပါးစပ်မှာ ဆတ်ကနဲ ပြန်ပိတ်သွားလေသည်။ ပါးစပ်ပိတ်သွားသည်နှင့် တချိန်တည်းမှာပင် 'ဂလု'ဟူသော အသံ ထွက်ပေါ်လာကာ အဆိပ်ဆေးလုံး ဝမ်းခေါင်းထဲ ကျသွားလေတော့သည်။

ယင်း အခိုက်မှာပင် လက်ပေါင်းတထောင် စောရသည် အခြေအနေ မဟန်တော့မှန်း သိရှိသွားကာ ထိုနေရာမှ လစ်ထွက်



ရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် ကိုယ်လှည့်မည်ဟု ကြံရုံမျှသာရှိသေးသည်။ ချန်စွန်းယို့လင်း၏ ဓားက သူ၏ ဝဲဘက်ပခုံးကို လာရောက် ထောက်ထားပြီး ဖြစ်နေလေသည်။ လက်ပေါင်းတထောင် စောရ လုံးဝ မလှုပ်ရှားရဲတော့။ ချန်စွန်းယို့လင်းက ထောက်ထားသော ဓားကို ခပ်သာသာလေး ဖိလိုက်သည်။

'အား'

နာကျင်သောကြောင့် လက်ပေါင်းတထောင် စောရ အလန့်တကြား အော်လိုက်မိသည်။ ထိုအချိန်တွင် ချန်စွန်းယို့လင်းက အဆိပ်ဆေးလုံးကို လက်ခလယ်ဖြင့် တောက်၍ ပစ်သွင်းလိုက်သည်။ လက်ပေါင်းတထောင် စောရ၏ ပါးစပ်ထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်သွားလေသည်။ ချက်ချင်း ဆိုသလိုပင် လက်ပေါင်းတထောင် စောရက ရင်ကို ဖိ၍ ထိုးအန်လိုက်သည်။ သို့သော် ဘာမျှ ထွက်မလာချေ။ အဆိပ်ဆေးလုံသည် ရင်ခေါင်းတွင်းသို့ လုံးဝ ကျရောက်သွားပြီ ဖြစ်လေသည်။ ချန်စွန်းယို့လင်းက အားရ ကျေနပ်စွာ ပြုံးလေသည်။

'ကဲ ကိစ္စဝိစ္စတွေ ပြီးသွားပြီ၊ ကျုပ်သွားမယ်'

ချန်စွန်းယို့လင်းသည် တဘက်သို့ လှည့်ထွက် သွားသည်။ လက်ပေါင်းတထောင် စောရမှာ ပျာပျာသလဲ ဖြစ်သွားသည်။

'နေပါအုံးဗျ၊ ကျုပ်တို့က ခင်ဗျားကို ဘယ်လို ပြန်တွေ့နိုင်မှာလဲ'

'ဩြော် ဟုတ်သားပဲ၊ ကဲ ဒီလိုလုပ်၊ တလပြည့်တဲ့ နေ့မှာ ကျင်းယို့မြို့'ဟုန်အန်း'တည်းခိုရိပ်သာက ကျုပ် စောင့်နေမယ်၊ ကျုပ်ရဲ့ အဆိပ်ဆေးလုံးကြောင့် ခင်ဗျားတို့ကို မသေစေချင်ပေ

ဘူး၊ ဒါကြောင့် တလပြည့်တဲ့နေ့မှာ ခင်ဗျားတို့နဲ့ အတူကျောက်သလင်း ဟသ်ာရုပ် ပါလာပါစေလို့ ကျုပ် ဆုတောင်းနေပါ့မယ်'

× × ×

ဆရာမှောက်သိုက်၏ မျက်နှာသည် ရှုံ့မဲ့နေသည်။ လက်ပေါင်းတထောင် စောရ၏ မျက်နှာသည်လည်း ရှုံ့နေလေသည်။

အဆိပ်ဆေးလုံးကြောင့်ပင် သူတို့နှစ်ယောက်စလုံးပင် အော့ချင်သလို အန်ချင်သလိုနှင့် အော်ဂလီဆန်နေကြသည်။ အတန်ကြာသည့်အခါတွင်မှ လက်ပေါင်းတထောင် စောရက စိတ်ပျက်လက်ပျက်ညည်းတွားလိုက်သည်။

'ဒီတခါတော့ ကျုပ်တို့ကိစ္စချောပြီ ထင်တယ်ဗျ၊ အသက်ရှည်ဖို့မျှော်လင့်ချက်ဆိုတာ မရှိတော့သလောက်ပဲ'

'အင်း မျှော်လင့်ချက်ကတော့ အတော်ကို နည်းတာပါပဲ၊ ဒါပေမယ့် ဒီအတိုင်းထိုင်နေရုံနဲ့ အကြောင်းထူးလာမှာ မဟုတ်ဘူး၊ အတတ်နိုင်ဆုံး ကြိုးစားကြည့်ကြရမှာပဲကွ'

ဆရာမှောက်သိုက်က သက်ပြင်းရှည်ကြီး ချယင်း ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ငြိမ်သက်စွာ လည်စင်းခံ၍ သေရခြင်း



ထက် ရုန်းကန် ကြိုးစားယင်း သေဆုံး ရခြင်းက ပိုမိုမျှော်လင့်ချက် ရှိနိုင်သည် မဟုတ်ပါလား။

လက်ပေါင်းတထောင် စောရ နှာခေါင်းတချက် ရှုံ့လိုက်သည်။

'ကျုပ်တို့မှာကျောက်သလင်း ဟသ်ာရုပ်ကိုပြန်ဝယ်ဖို့ ပိုက်ဆံအလုံအလောက် ရှိတယ် ထားအုံး၊ ပြန်ရဖို့ မလွယ်ဘူးဗျ'

'အင်း ဒါလဲ ဟုတ်တာပဲ၊ အဆိုးဆုံးက ကျောက်သလင်း ဟသ်ာရုပ် ဘယ်ရောက်နေသလဲဆိုတာ တို့ မသိတာပဲ'

နှစ်ယောက်စလုံး ပြန်လည်နှုတ်ဆိတ်သွားကြသည်။ အတွေးကိုယ်စီဖြင့် စဉ်းစားခန်း ဝင်နေမိကြသည်။ အတန်ကြာမှ လက်ပေါင်းတထောင် စောရက ရုတ်တရက် ထအော်လိုက်သည်။

'ကျုပ်တို့ကို ကျောက်သလင်း ဟသ်ာရုပ် ပိုက်ဆံပေးပြီး လဲခိုင်းတဲ့လူက ဘယ်သူလဲဗျို့'

ဆရာမှောက်သိုက် တအံ့တဩ ပြောလိုက်သည်။

'မင်း ဘာဖြစ်တာလဲ၊ ယန်းချဲ့စန်းပေါ့ကွ'

'ဒါပဲပေါ့ဗျ၊ သူ့ သွားမေးမယ်၊ ကျောက်သလင်းဟသ်ာရုပ်ကို သူ ဘယ်သူ့အတွက် ပိုက်ဆံပေး ခိုင်းတာလဲလို့'

'ဟာ မဖြစ်ပါဘူး၊ ဒီကောင်က မြေခွေးထက်တောင် ပိုပြီးစဉ်းလဲတဲ့ကောင်ပဲ၊ ကျောက်သလင်း ဟသ်ာရုပ် ဘယ်ရောက်နေတယ်ဆိုတာ ပြောမလားကွ'

ဆရာမှောက်သိုက် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောလိုက်သည်။ ယခုအချိန်တွင်မူ ဆရာမှောက်သိုက်၏ ရင်ထဲ၌ စောစောပိုင်းက ဝမ်းသာမှုများ အလျဉ်း မရှိတော့ချေ။ လက်ပေါင်း

တထောင် စောရမှာလည်း စိတ်ခေတ် ကျသွားသည်။ ယန်းချဲ့စန်းနှင့် ယှက်နွယ်ပတ်သက်ရမည့်ကို သူတို့နှစ်ယောက်စလုံး တွေဝေနေမိသည်။

'ကဲကွာ တို့ကို ယန်းချဲ့စန်း ပြောလိုက်ပါပြီတဲ့၊ ဒီလိုဆို တို့ဘာလုပ်မလဲ၊ သွားပြန်ခိုးမယ်ဆိုယင် တို့လက်ချက်မှန်း ယန်းချဲ့စန်း သိသွားမှာပေါ့'

ဆရာမှော်ကသိုက်က ချင့်ချင့် ချိန်ချိန် ပြောလိုက်သည်။ လက်ပေါင်းတထောင် စောရ ခေါင်းကုပ်လိုက်မိသည်။

'သွားခိုးမယ် ဆိုတဲ့စကား မပြောစမ်းပါနဲ့ဗျာ၊ ကျောက်သလင်းဟသ်ာရုပ်ဘယ်သူဆီမှာလဲ ဆိုတာယန်းချဲ့စန်းကို မမေးပဲ လုံးဝ မသိနိုင်ဘူးဗျ၊ ခင်ဗျား ဘယ်သူ့ဆီက သွားခိုးမှာလဲ'

သူတို့၏ စကားဝိုင်းသည် အတွေးကိုယ်စီဖြင့် ပြန်လည်တိတ်ဆိတ်သွားကြပြန်သည်။

'ဒါနဲ့ ခင်ဗျားမှာ ငွေဘယ်လောက် ရှိသေးလဲ'

တစုံတခုကို တွေးမိပြီး လက်ပေါင်းတထောင် စောရက မေးလိုက်သည်။

'တသိန်းလောက်တော့ ရှိပါသေးတယ်'

'ဒါဆို အတော်ပဲ၊ ဒီငွေကို အသုံးချရမယ်'

ဆရာမှော်ကသိုက်က နားမလည်သော အကြည့်ဖြင့် လက်ပေါင်းတထောင် စောရကို ကြည့်လိုက်သည်။

'ဘာလုပ်ဖို့လဲ၊ ဒီငွေနဲ့ ကျောက်သလင်း ဟသ်ာရုပ်ကို ပြန်ဝယ်မလို့လား'



လက်ပေါင်းတထောင် စောရက ခေါင်းခါယင်း ပြုံးပြလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့မသေခင် ဒီငွေတွေကို ပျော်ပျော်ပါးပါး စည်းစိမ်ခံပြီး သုံးဖြုန်းပစ်ဖို့ပါ၊ နို့မဟုတ်ယင် ကျုပ်တို့ သေသွားတဲ့အခါ ဒီငွေတွေ အလကား ဖြစ်သွားပေါ့'

'ဘာ....'

ဆရာမှော်ကသိုက်သည် ဒေါသတကြီး လှမ်းအော်ပြီး ခွက်ထဲမှအရက်ဖြင့် လှမ်းပက်လိုက်သည်။

'ဖျန်း'

လက်ပေါင်းတထောင် စောရ၏ မျက်နှာ၌ အရက်များဖြင့် စိုရွှဲသွားလေသည်။

'ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲဗျ'

ဆရာမှော်ကသိုက်က သူ့အား အေးတိအေးစက် လှမ်း ကြည့်လိုက်သည်။

'အရက်ဆိုတာ အင်မတန် ထူးဆန်းတာကွ၊ သူ့ကို သောက်လိုက်ယင် မူးသွားပေမယ့်၊ မျက်နှာကို ပက်လိုက်တဲ့ အခါမှာတော့ လန်းလန်းဆန်းဆန်း ဖြစ်သွားတတ်တယ်ကွ'

'ဘာလဲ ခင်ဗျားက ကျုပ် မူးနေတယ် ထင်လို့လား၊ ခင်ဗျား စဉ်းစားကြည့်လေ ကျုပ်တို့တွေဟာ တလလောက်ပဲနေကြရတော့မှာ။ ဒီတော့ သေရမယ့်အတူတူဒီငွေတွေကိုသုံးပစ်လိုက်မှာပေါ့၊ ခင်ဗျားက ဘယ်သူ့အတွက်ချန်ထားခဲ့ချင်သေးလို့လဲ'

'ဘာလဲ ငါက ဒီငွေတွေကို အခေါင်းထဲထည့်ပြီး ယူသွားမယ်လို့ ထင်နေသလား၊ မင်းဟာ သေခါနီးတာတောင် ပျော်ပါးဖို့၊ သုံးဖို့ဖြုန်းဖို့လောက်ပဲ စဉ်းစားနေတဲ့ကောင်'

'ဟာ ... ခင်ဗျားကလဲ သေရမယ့်အတူတူ ဘာဖြစ်လို့ စိတ်ညစ်နေရမှာလဲဗျာ၊ မသေခင် ပျော်ပျော်ပါးပါး နေသွားမှာပေါ့'

'မဟုတ်သေးပါဘူးကွာ၊ ဒီလို တွေးတာကိုက မှားကိုမှားတယ်'

'ဘာဖြစ်လို့ မှားရတာလဲဗျ'

'ဟကောင်ရ၊ ငွေတသိန်းဆိုတာ နည်းတာမှ မဟုတ်တာ။ မင်း စဉ်းစားကြည့်စမ်း ဒီလောက်များတဲ့ငွေကို မင်း ဘယ်လိုရှာမလဲ၊ လူ့ အသက်ပေါင်းများစွာနဲ့ စတေးတာတောင် ဒီလောက်များတဲ့ငွေ ရဖို့မလွယ်ဘူးကွ၊ မင်းကနည်းနည်းနောနော မှတ်နေလား'

'မနည်းမှန်း ကျုပ် သိပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် လုပ်မနေနဲ့ မင်း သုံးချင် ဖြုန်းချင်ယင် ငွေငါးထောင်ယူသုံး၊ ငွေငါးထောင်ဆိုတာလဲ နည်းတာမဟုတ်ဘူး။ မင်းစဉ်းစားကြည့် တထိုင်ထဲနဲ့ ဗိုက်ဝအောင် စားနိုင်ပေမယ့် တနေ့တည်းနဲ့ ငွေငါးထောင်ရအောင် ရှာဖို့ဆိုတာ မလွယ်ဘူး'

'ဒါတော့ ကျုပ်သိတာပေါ့ဗျာ၊ ကဲ ကျန်တဲ့ငွေတွေကို ခင်ဗျား ဘာလုပ်ဖို့ စိတ်ကူးထားလဲ၊ အလကားတော့ မဖြစ်စေနဲ့ဗျာ၊ ကျုပ်တို့ သေသွားတဲ့အခါ ဒီငွေတွေ သက်သက်မဲ့ ထားပစ်ခဲ့ရယင် နှမြောစရာကြီး'



'စိုးရိမ်မနေစမ်းပါနဲ့ဗျာ၊ ကျန်တဲ့ငွေနဲ့ ကြေးစားလူသတ်သမားငှားပြီး ကျောက်သလင်း ဟင်္သာရုပ်ကို ရအောင် ရှာခိုင်းမှာပေါ့'

ဆရာမှောက်သိုက်စကားကို ကြားရသောခါ လက်ပေါင်းတထောင် စောရ၏ မျက်လုံးအစုံမှာ တလက်လက် တောက်ပသွားသည်။

'တယ်ကောင်းတဲ့ အကြံပါလားဗျ၊ ကြည့်စမ်းခုလိုအချိန်မှာ ခင်ဗျား ဒီလောက်ကောင်းတဲ့ အကြံကို တွေးနိုင်သားပဲ'

လက်ပေါင်းတထောင်စောရက အံ့သြဝမ်းသာစွာ ပြောလိုက်သည်။ ဆရာမှောက်သိုက် ပြုံးလိုက်မိသည်။

'ခုလိုအချိန်မှာဒီလိုမှ မကြံတတ်ယင် နောက် ရက်ပေါင်း သုံးဆယ်ကြာတဲ့အခါ ငါတို့တွေ အသက်နဲ့ကိုယ် အိုးစား ကွဲသွားမှာပေါ့ကွ'

'ကဲ ဒါတွေ ထားလိုက်ပါတော့၊ ခင်ဗျား ဘယ်သူ့ ငှားဖို့ စိတ်ကူးထားလဲ'

ဆရာမှောက်သိုက် နှုတ်ဆိတ်သွားသည်။ တစုံတရာကို လေးလေးနက်နက် စဉ်းစားတွေးတောနေဟန်ဖြင့်အဝေးသို့ငေးကြည့်နေသည်။ အတန်ကြာသည့်အခါမှ-

'ငါစဉ်းစားထားတာက ကြေးစား လူသတ်သမား တွေရဲ့ ထိပ်ခေါင်....'

'ဟုတ်ပြီ—ကျုပ်သိပြီ'

လက်ပေါင်းတထောင်စောရ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။ သူသည် ပေါင်ကို တချက်ပုတ်လိုက်ပြီး....

'ကျုပ်တို့ သူ့ကို အမြန်ဆုံး သွားရှာကြမယ်'

ပြောပြောဆိုဆိုဖြင့်ပင် နှစ်ယောက်စလုံးထရပ်လိုက်ကြသည်။ သူတို့ ငှားရမ်းမည့် ကြေးစား လူသတ်သမားကား 'စုမားရှဲ့'။

\+ + +

## စုမားရှဲ့(သို့မဟုတ်)ကြေးစားထိပ်ခေါင်

'လဆန်း' တည်းခိုရိပ်သာ၏ လောင်းကစား ခန်းမမှာမူ မီးရောင်များဖြင့် ထိန်လင်းလျက် ရှိနေလေသည်။ လောင်းကစားသည့် စားပွဲတိုင်းတွင်လည်း ထိုးသားများနှင့် ပြည့်နှက်လေသည်။ လမ်းမကြီးများပေါ်၌ လူသူ ကင်းရှင်းလျက် ရှိနေသော်လည်း၊ လောင်းကစား ဝိုင်းတွင်မူ လူများဖြင့် ပြည့်ကြပ်စည်ကားလျက် ရှိနေလေသည်။

၎င်း ကစားဝိုင်းများအနက် ပိုက်ကျူး လောင်းကစားသည့်ဝိုင်းတွင် လောင်းကစားသူ အလှန့်အလှန့် နည်းပါး လှသည်ကိုတွေ့မြင်ရမည်ဖြစ်သည်။ သို့ရာတွင် ထိုဝိုင်း၌ လောင်းကစားသူ နည်းပါးလှသည် မှန်သော်သည်း လောင်းကြေးမှာမူ အခြားဝိုင်းများထက် အဆများစွာ ကြီးမားလှပေသည်။ ထို ပိုက်ကျူးဝိုင်းတွင်လောင်းကစားသူပေါင်း ၉ ယောက်တည်းသာရှိသည်။

ငှင်း ၉ ယောက်ထဲတွင် ကြေးစားလူသတ်သမား စုမားရှဲ့ တ ယောက်လည်း ပါဝင်သည်။

ထိုညအဖို့ စုမားရှဲ့ ကံမလိုက်ပေ၊ အလှည့်တိုင်း ရှုံးနေသည်။ တနာရီအတောအတွင်း စုစုပေါင်း ငွေ ၄ါးထောင်ခန့် ရှုံးနေပြီ ဖြစ်သည်။ သူ ဇောချွေးများ ပြန်လာသည်၊ အလှည့်တိုင်း ရှုံးနေမှန်းသိလျက် လောင်းကြေးကို ထပ်၍ ထပ်၍ တိုးလိုက်သည်။ ဤသို့ဖြင့် တနာရီခန့်အကြာတွင် မရှုမလှ ရှုံးနေလေတော့သည်။

ယခုတကြိမ်တွင်လည်း ကံမလိုက်၍ ရှုံးနေပြန်သည်။ သူ့ လက်ထဲရှိ ငွေ၄ါးထောင်မှာ တပြားမကျန်အောင် ဆုံးရှုံးသွားပြီ ဖြစ်သည်။ ငွေ သုံးထောင်တန် ချက်လက်မှတ် တစောင်သာ သူ့လက်ထဲ၌ ကျန်တော့သည်။ သို့ရာတွင် ဖဲသမားတို့၏ ထုံးစံအတိုင်း သည်တလက်တော့ ကျိန်းသေပေါက် အနိုင်ရမည်ဟု မျှော်လင့်လိုက်မိသည်။ ထို့ကြောင့် စုံမားရှဲ့သည် သုံးထောင်တန် ချက်လက်မှတ်ကို ပုံ အောလိုက်သည်။

စုမားရှဲ့သည် မျှော်လင့်တကြီးဖြင့် ပိုက်ကျူးချပ်ကို လှန်လိုက်သည်။ တပွင့်မျှမရှိ။

ဒိုင်လုပ်သူက စုံမားရှဲ့၏ သုံးထောင်တန် ချက်လက်မှတ်ကို သိမ်းယူလိုက်သည်။

စုမားရှဲ့တွင် ဘာမျှမရှိတော့၊ စင်စစ် ဤသို့ တက်တက်စင် ဆုံးရှုံးခဲ့သည်မှာ ယခုတကြိမ်သာမဟုတ်၊ အကြိမ်ပေါင်း မရေ မတွက်နိုင်အောင် ရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဖဲရှုံးသည်မှာ စုမားရှဲ့အတွက် အဆန်းမဟုတ်တော့ပါချေ။

'လဆန်း' တည်းခိုရိပ်သာနှင့် မလှမ်းမကမ်းတွင် စားသောက်



ဆိုင် တဆိုင် ရှိလေသည်၊ ထိုစားသောက်ဆိုင်သည် ကြီးကျယ် ခန်းနားလှသည် မဟုတ်ပေ၊ ထို့အတူ သေးသိမ်စုတ်ချာ သည် လည်း မဟုတ်ချေ၊ ဆိုင်၏ အရွယ်အစားမှာ မကြီးလွန်း မငယ် လွန်းပဲ အလေ့ာတော်မျှသာ ဖြစ်သည်။

သို့ရာတွင် ထိုဆိုင်ရှိ စားသောက်ဖွယ်ရာများမှာ အခြား သော ကြီးကျယ်ခန်းနားသည့်ဆိုင်များထက် ပိုမိုလက်ရာကောင်း လေသည်၊ အကောင်းဆုံး စားသောက်ဖွယ်ရာများကို ရရှိနိုင် သလို အကောင်းဆုံး အရက်မျိုးများကိုလည်း ဤဆိုင်တွင် ရရှိနိုင် လေသည်။

မည်သို့ဆိုစေ ဆိုင်၏ အပြင်အဆင် အထားအသိုနှင့် စား သောက်ဖွယ်ရာ ကောင်း,မကောင်းကို ထန်ကျို့ချင်း စိတ်မဝင် စားချေ၊ ထန်ကျို့ချင်း စိတ်ဝင်စားသည်မှာ အကောင်းဆုံး အရက်မျိုးပင် ဖြစ်လေသည်။ ထို့ကြောင့် သူသည် အကောင်း ဆုံး အရက်ကို မှီဝဲသုံးဆောင်ရန်အတွက် စုမားရှဲ့နှင့်အတူ ဤ မြို့ကလေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဤမြို့ကလေး၏အမည်မှာ စိမ်းရွှဲမြို့ဖြစ်သည်။ စိမ်းရွှဲမြို့သည် သူ့နေထိုင်ရာ ဟန်ကြူး မြို့ နှင့် မိုင် (၈၀) ခန့် ကွာဝေးလေ သည်။ စင်စစ်မူ စိမ်းရွှဲမြို့သည် ကြီးကျယ်ခန်းနားသော မြို့ကြီး တမြို့ မဟုတ်ပါချေ၊ သို့ရာတွင် ဤမြို့ကလေး၌ အကောင်းဆုံး အရက်များ ရနိုင်သည်။ ထို့ပြင် အစားကောင်း ကြိုက်သူများ အတွက် နတ်သုဒ္ဓါကဲ့သို့ အရသာ ထူးကဲသော စားသောက် ဖွယ်ရာများကိုလည်း ရနိုင်လေသည်။ လောင်းကစား ဝါသနာ

ပါသူများအတွက်လည်း 'လဆန်း' ကဲ့သို့သော ကြီးကျယ်သည့် လောင်းကစားဝိုင်းများ ရှိလေသည်။

ထို့ကြောင့်ပင် အလောင်းအစား ဝါသနာပါသော စုမားရှဲ့ နှင့် အရက်ကောင်းကြိုက်သော ထန်ကျို့ချင်းတို့သည် စိမ်းရှဲ မြို့ကလေးသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ထန်ကျို့ချင်းသည် အရက်ကို တမြူးမြူးနှင့် ဇိမ်ခံသောက် နေလေသည်။ စားပွဲပေါ်ရှိ အရက်အိုး နှစ်အိုးခန့်မှာ ပြောင်သလင်း ခါနေပြီ ဖြစ်သည်။

ထန်ကျို့ချင်းသည် သူ၏သောက်ဖော်သောက်ဖက်ဖြစ်သော စုမားရှဲ့ကို စောင့်စားနေမိလေသည်။ ခွက်ထဲသို့ အရက်အနည်းငယ် ထည့်၍ တကျိုက်မျှ မော့သောက်လိုက်ပြီး ဆိုင်ဝသို့ လှမ်းကြည့်လိုက်သည်။ စုမားရှဲ့ကား ပေါ်မလာသေး၊ ဤသို့ဖြင့် ထန်ကျို့ချင်းသည် အရက် တကျိုက်မျှသောက်လိုက်၊ ဆိုင်ဝသို့ မျှော်ကြည့်လိုက်နှင့် အချိန်အတော်များများကုန်ဆုံးသွားသည်။ စုမားရှဲ့ကား ပေါ်မလာသေး။

× × ×



သူ့ထံသို့ စုမားရှဲ့ ပြန်ရောက်လာသောအချိန်တွင် စုမားရှဲ့၏ အိတ်ထဲ၌ ပြားစေ့ တစေ့မျှပင် မကျန်တော့ချေ၊ ထို့ကြောင့် ထန်ကျို့ချင်းထံသို့အရက်သောက်ရန် ပြန်လာခြင်းဖြစ်လေသည်၊ ထန်ကျို့ချင်းမှာ အရက်သောက်ရာ၌ စံချိန်တင်လောက်သူ ဖြစ်သည်၊ သူ့လောက် အရက်သောက်နိုင်သူ ဤတလောကလုံး၌ ရှိမည် မဟုတ်ဟု လူအများ၏ သက်မှတ်ခြင်း ခံရသူဖြစ်သည်။ ထို့အတူ စုံမားရှဲ့သည်လည်း လွန်စွာ အရက်သောက်နိုင်သူ ဖြစ်သည်။

စုံမားရှဲ့သည် ထန်ကျို့ချင်းနှင့် မျက်နှာချင်းဆိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။ ထန်ကျို့ချင်းက တချက် အကဲခတ်လိုက်သည်။ နှုတ်ကမူ ဘာမျှမပြော၊ အရက်တခွက်ကိုသာ ပေးလိုက်သည်။ စုမားရှဲ့က တကျိုက်တည်း မော့သောက်လိုက်သည်။ ထို့နောက် တခွက် ငှဲ့လိုက်ပြန်လည်။ စုမားရှဲ့ သောက်လိုက်ပြန်သည်။ ဤသို့ဖြင့် အရက်အိုး ငါးလုံး ပြောင်သလင်း ခါသွားလေတော့သည်။ သည်တော့မှ ထန်ကျို့ချင်းက အရက်သောက်ရာမှ ရပ်လိုက်သည်။

'မင်း ဒီနေ့ ဘယ်လောက် ရှုံးသွားလဲ'

စုမားရှဲ့က ပခုံး တွန့်ပြလိုက်သည်။

'သိပ်မများပါဘူး'

'မများဘူးဆိုယင် ထောင်ဂဏန်း-သောင်းဂဏန်းလောက် ရှိမှာပေါ့'

'မင်းဘာသာ ခန့်မှန်းကြည့်ပါလား'

'အင်း မင်းအနေနဲ့ ရှုံးပြီဆိုယင် နည်းနည်းပါးပါး မဖြစ်နိုင်ဘူး၊ သိန်းဂဏန်းအထိရှုံးလို့လဲ၊ ဒီလောက်များတဲ့ငွေကို မင်းမှာ မရှိဘူး၊ ဒီတော့ မင်းရှုံးယင် ငါးထောင်နဲ့ တသောင်းကြားပေါ့'

'တယ်ဟုတ်ပါလား၊ မင်းမှန်းတာ အများကြီး နီးစပ်တယ်၊ ဒီနေ့ ငါ ရှစ်ထောင် ရှုံးတယ်'

'ဒါဆို ငါ ဗေဒင်ဟောစားလို့ ရပြီပေါ့'

'ရနိုင်တာပေါ့၊ ဒါပေမယ့် အရက်ချည်း သောက်နေတော့ မင်းကို ဘယ်သူက ယုံကြည်မှာလဲ၊ နောက်ပြီး ဘယ်လောက်သောက်သောက် မူးတယ်ရယ်လို့ မရှိဘူး၊ ကြာယင် အရက်ဖိုးနဲ့ မွဲမှာပဲ'

ထန်ကျို့ချင်းက ရယ်ကျဲကျဲဖြင့် ပြုံးလိုက်သည်။

'အံမယ်၊ မင်းကကော ဘာထူးလို့လဲ၊ ပိုက်ဆံရလိုက်၊ ဖဲရှုံးလိုက်၊ လူသတ်လိုက်နဲ့ပဲ သံသရာလည်နေတာ မဟုတ်လား'

ထန်ကျို့ချင်း စကားသည် နက်နဲသော အသိဉာဏ်ရှိပါလျက် မိုက်တွင်းနက်နေသူ စုံမားရှဲ့၏ အရိုက်ကို ထိုးမိသွားသည်။

စုမားရှဲ့ တွေးနေသည်။ သူသည် လူ့လောကသို့ ခေတ္တ ရောက်လာသည့် ဧည့်သည်သာ ဖြစ်သည်။ အခြားသူများသည် လည်း ခေတ္တရောက်လာသည့် ဧည့်သည်များသာ ဖြစ်သည်။ သူ့အနေဖြင့် သူတပါး၏ အခကို စားလျက် ဧည့်သည်အချင်းချင်း နှင့်မထုတ်သင့်ပေ။ **ပင်လယ်သမုဒ္ဒရာ၌ ရှိသော ရှိုင်းစွဲ ထင်းတချောင်းနှင့်ရေအလျဉ်ဖြင့် မျှောပါလာသော ထင်းတချောင်း တို့သည် ကြုံကြိုက်စွာ ပေါင်းစုံပြီး နောက်တခဏချင်း ပြန်လည်**



**ကွဲကွာသွားသကဲ့သို့ လူ့လောကသို့ ရောက်ရှိလာသည့် လူသားများသည်လည်း တခဏမျှသာ တွေ့ဆုံကြပြီး မကြာမီ ခွဲခွာကြရသည်သာ ဖြစ်၏။**

တခဏမျှသာ တွေ့ဆုံရသော လူများ၏ ကြုံကြိုက်ခြင်းကို သူ့အနေဖြင့် သည့်ထက် ပိုအချိန်တိုအောင် လုပ်သင့်ပါသလော။ ကြေးစားလူသတ်သမား စုမားရှဲ့သည် လူသတ်ခြင်း အလုပ်ကို တဒင်္ဂအတွင်း စက်ဆုပ်ရွံရှာသွားလေတော့သည်။

'အေးကွာ၊ ဒီတခါ တပြားမကျန်အောင် ရှုံးသွားပေမယ့် လူသတ်တဲ့အလုပ်ကို ဆက်မလုပ်ချင်တော့ပါဘူး'

'ဟေ-ခွေးပါးစပ်က နတ်စကား ထွက်နေပါလား'

'အေးကွာ၊ ပြောယင်လဲ ခံရမှာပဲ၊ ငါတော့ ငါ့အလုပ်ကို စိတ်ပျက်နေပြီကွ'

'ဒါနဲ့၊ မင်းကပဲ တဝိုင်းလုံး တပြားမကျန်အောင် အနိုင်ယူပြမယ်ဆို နောက်ထပ် ကစားဖို့ ငွေကို ဘယ်လိုရှာမလဲ၊ လူမသတ်ပဲနဲ့ ဘယ်က ငွေရနိုင်မှာလဲ'

'လောင်းကစားတာနဲ့ လူသတ်တာ၊ ဘာမှ မဆိုင်ပါဘူးကွာ၊ ခုတလော ငါကလဲ သိပ်ကံမလိုက်ပါဘူး၊ ဒါကြောင့် တလကိုးသီတင်းလောက် အနားယူလိုက်အုံးမယ်'

ထန်ကျို့ချင်းက လှောင်ပြုံး ပြုံးလိုက်သည်။

'မင်း ပိုက်ဆံမရှိပဲ နေနိုင်လို့လား'

'အထင်မသေးစမ်းပါနဲ့ကွာ၊ ဒီလောက်တော့ ငါခံနိုင်ရည်ရှိပါတယ်'

'ဒါဆို သိပ်ကောင်းပေါ့ကွာ'

ထန်ကျို့ချင်းသည် ယင်းသို့ ပြောကာ အရက်တခွက် မော့လိုက်လေသည်။ ထို့နောက် ရယ်ကျဲကျဲဖြင့် ပြောလိုက်ပြန်သည်။

'ဒါကြောင့် မင်းဟာ တနေ့တခြား ပိုပြီး ချစ်ဖို့ကောင်းလာတယ်လို့ ငါထင်မိတာပေါ့၊ လောင်းကစားဝိုင်းမှာ နေ့မအိပ်၊ ညမအိပ်ပဲ ဖဲထိုင်ရိုက်နေမယ့် အစား ငါနဲ့ အတူအရက်သောက်ပေါ့ကွာ၊မင်းသာ သောက်မယ်ဆိုယင် မင်းအတွက် အရက်ဖိုးကို ငါပဲ ဒိုင်ခံရှင်း ပေးပါ့မယ်၊ ဘယ့်နှယ်လဲ'

'သိပ်ကောင်းတဲ့ အစီအစဉ်ပဲကွ၊ဒါဆို ငါလဲ အားရပါးရ....'

စုမားရှဲ့သည် ပြောယင်း တန်းလန်းနှင့် ရပ်သွားသည်။ မျက်နှာလည်း အနည်းငယ် ပျက်သွားသည်။ စုမားရှဲ့၏ ရုတ်တရက် ပြောင်းလဲသွားသော အပြုအမူကို ကြည့်ကာ ထန်ကျို့ချင်း အူကြောင်ကြောင် ဖြစ်သွားသည်။

'ဟေ့ကောင်၊ ဘာဖြစ်သွားရတာလဲ'

'ခေါင်းထဲက ဆစ်ကနဲ ကိုက်သွားလို့ပါ'

'ကြုံကြုံဖန်ဖန်ကွာ၊ မင်း ဘယ်တုန်းက ခေါင်းကိုက်ဖူးလို့လဲ၊ ခုမှ ထူးထူးဆန်းဆန်း ခေါင်းကိုက်ရတယ်လို့'

စုမားရှဲ့က စိတ်မသက်မသာနှင့် သက်ပြင်းချလိုက်သည်။

'အေးကွ၊ ငါက 'ယူးလုကူး'ကို တွေ့တိုင်း ဒီလိုခေါင်းကိုက်တတ်တာပဲ'

'ယူးလုကူး'ဟူသော အမည်ကြောင့် ထန်ကျို့ချင်းမှာ ထခုန်မိမတတ် တအံ့တသြ ဖြစ်သွားသည်။

'ဟေ့- ယူးလုကူး ဟုတ်လား၊ သူ့ကို မင်း ဘယ်တုန်းက တွေ့ခဲ့တာလဲ၊ ဒီမိန်းမကြီးက နွားမကြီးနဲ့ တပုံစံတည်းပဲ'



ထန်ကျို့ချင်း၏ စကားဆုံးသွားသည်နှင့် သူ့နောက်မှ အသံတသံက မိုးချုန်းသံကဲ့သို့ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ကြည့်စမ်း- ရာရာစစ ခွေးပါးစပ်ထဲက ဆင်စွယ်မပေါက်ဘူးဆိုတာ တယ်မှန်ပါလား'

ထိုအသံကြောင့် ထန်ကျို့ချင်း၏ ခန္ဓာကိုယ်တခုလုံးမှာ ရုတ်တရက် ပျော့ခွေ သွားသယောင် ခံစားလိုက်ရသည်၊ သူသည် ကပျာကယာ နောက်သို့လှည့်ကြည့်လိုက်ပြီး....

'ကျုပ်...ကျုပ် ဘာမှ မပြောပါဘူးဗျာ'

သူက အထစ်ထစ်အငေါ့ငေါ့နှင့် ငြင်းကွယ်လိုက်သည်။ ယူးလုကူးက ခါးထောက်လိုက်ပြီး၊ သူ့အား စိုက်ကြည့်လိုက်သည်။ ယူးလုကူး၏ မျက်လုံးအစုံမှာ ပြူးကျယ်နေပြီး အပြင်သို့ ခုန်ထွက်တော့မယောင် ထင်ရသည်။

'လူဝကြီး မင်း ငါ့ကို နွားမလို့ ပြောတယ်ပေါ့ ဟုတ်လား'

'ဗျာ....မ မဟုတ်ရပါဘူးဗျာ'

ထန်ကျို့ချင်းသည် တုန်တုန်ယင်ယင်ဖြင့် အကြောက်အကန် ငြင်းလိုက်သည်။ သူ့အသွင်မှာ ကျားရှေ့ မှောက်လျက်လဲသော သားကောင်ကဲ့သို့ဖြစ်နေသည်။ စုမားရှဲ့မှာမူ သခင့်ရှေ့၌အမြီးကုပ်နေသော ခွေးတကောင်ပမာဖြစ်နေသည့် ထန်ကျို့ချင်းကို ခပ်ငေးငေး စိုက်ကြည့်နေမိလေသည်။

\+ + +

လောကဥ္စ လူတိုင်းကိုယ်စီ ကြောက်ရမည့်သူ ရှိစမြဲ....။

ထို့အတူ အကြောက်အရွံ့ကင်းမဲ့သော ထန်ကျို့ချင်း သည်လည်း ကြောက်ရမည့်သူ ရှိနေသည်။ တလောကလုံး၌ ထန်ကျို့ချင်း ကြောက်ရွံ့နေမိသူမှာ အမျိုးသမီး တဦး ဖြစ်သည်။ ထိုအမျိုးသမီး၏ အမည်မှာ 'ဖားကူးမ' ဖြစ်သည်။ ဖားကူးမသည် ထန်ကျို့ချင်း၏ အဒေါ်ဖြစ်သည်။ ငယ်စဉ် တောင်ကျေးကလေး ဘဝကတည်းကပင် ဖားကူးမ၏ လက်ထဲ၌ ကြီးပြင်းလာရသူဖြစ်သည်။ ထို့ကြောင့် ထန်ကျို့ချင်းသည် ဖားကူးမအား အထူးပင် ကြောက်ရွံ့ခဲ့ရသည်။

ယခုမူ ထန်ကျို့ချင်း ကြောက်ရမည့်သူ တဦး ထပ်မံပေါ်ပေါက်လာပြန်သည်။ ထိုသူမှာ အမျိုးသမီးတဦး ဖြစ်ပြီး၊ ယူးလုကူးဟု အမည်တွင်လေသည်။

ထန်ကျို့ချင်းသည် ဖားကူးမအားကြောက်ရွံ့ရသည့် နည်းတူ ယူးလုကူးကိုလည်း ကြောက်ရွံ့နေရလေသည်။

'ဖားကူးမက လူဆိုး၊ ယူးလုကူးကလူရိုင်း'

ဤစကားသည်စုမားရှဲ့နှင့်စကားစပ်မိသည့် အခါတိုင်း ထန်ကျို့ချင်း ပြောနေကြ စကားဖြစ်သည်။ အကြိမ်ပေါင်း မည်မျှပြောခဲ့မိသည်ကို သူကိုယ်တိုင်ပင် မသိတော့ချေ။

ထန်ကျို့ချင်းသည် ဖားကူးမနှင့် ယူးလုကူးအပေါ် ဤသို့ မကျေမနပ် ဖြစ်ခဲ့မိသော်လည်း သူတို့ရှေ့ ရောက်ရှိသည့်အခါ ကျားရှေ့မှ သားကောင်ကဲ့သို့ ကျောက်ဒူး တုန်နေမိသည်သာ ဖြစ်သည်။ အဘယ့်ကြောင့်ပါနည်း ...။

ဤသို့ဖြစ်ပါသည်။ ဖားကူးမနှင့် ယူးလုကူးသည် လွန်ခဲ့သော



နှစ်နှစ်ခန့်က စတင် သိကျွမ်းခဲ့ကြသည်။ မကြာမီမှာပင်ညီအစ်မအရင်းကဲ့သို့ ခင်မင်သွားကြသည်။ ရင်းနှီးခင်မင်သည့်အလျောက် သူတို့နှစ်ယောက်သည် တပူးတွဲတွဲ သွားလာ လှုပ်ရှားခဲ့ကြသည်။ ထိုအခါ ဖားကူးမက ထန်ကျို့ချင်းအပေါ် သေဆိုသော၊ ရှင်ဆိုရှင် ဆိုလောက်သည်အထိ ထိန်းချုပ် ကြိုးကိုင်နိုင်သည်ကိုယူးလုကူး တွေ့မြင်ခဲ့ရသည်။

ထို့ကြောင့် ယူးလုကူးသည်လည်း ဖားကူးမ နည်းတူ ထန်ကျို့ချင်း အပေါ်၌ ပြုမူ လုပ်ဆောင်လာခဲ့သည်။ အလွန့်အလွန် အံ့သြဖွယ် ကောင်းနေသည်မှာ ထန်ကျို့ချင်းသည် သူမ၏လုပ်ဆောင်မှုအားလုံးကိုမလွန်ဆန်ဝံ့ခြင်းပင်ဖြစ်လေသည်။

ဖားကူးမသည် ထန်ကျို့ချင်း အရက်အလွန်အကျွံ သောက်နေသည်ကိုလုံးဝနှစ်မြို့ခြင်း မရှိချေ။ ထို့အတူ ယူးလုကူးသည်လည်း ထန်ကျို့ချင်း အရက် သောက်သည်ကို မနှစ်သက်ချေ။ သို့ဖြစ်ရာ ထန်ကျို့ချင်းသည် ဖားကူးမရှေ့၌လည်းကောင်း၊ယူးလုကူးရှေ့၌လည်းကောင်း အရက်လုံးဝမသောက်ဝံ့ချေ။ အရက်သောက်ယင်းတန်းလန်းနှင့် ၎င်းတို့အားမြင်လျှင် တချိုးတည်းထပြေးလေ့ရှိသူဖြစ်သည်။

ယခုမူယူးလုကူး ဘယ်အချိန်က သူ့နောက်ရောက်ရှိနေသည်ကို သူမသိခဲ့။ အနားရောက်မှ သိရသောကြောင့် ထပြေး၍ မဖြစ်နိုင်တော့ပေ။ ဗျစ်တောက်ဗျစ်တောက်မြည်တွန်သံကို နားမသက်မသာနှင့် ခံယူရပေတော့မည်တည်း။

ယူးလု ကူးက ဆိုင်ထဲဝင်လာပြီး ထန်ကျို့ချင်းနှင့် စုမားရှဲ့ကြားရှိ ခုံတွင် ဝင်ထိုင်လိုက်သည်၊ ပြီးနောက် သူတို့မျက်နှာအား

တလှည့်စီ ကြည့်လိုက်လေသည်။ နှစ်ယောက်စလုံးမှာ မျက်နှာသေလေးများနှင့် ဖြစ်နေကြသည်။ သူငယ်ချင်းဖြစ်သူ ထန်ကျို့ချင်းက ယူးလုကူးပေါ် အလွန်တရာ ကြောက်လန့် နေသဖြင့် စုမာရှဲ့မှာလည်း ယူးလုကူးအား အလိုအလျောက် ကြောက်လန့်နေတော့၏။ ၎င်း ကြေးစားလူသတ်သမား၏အံ့သြဖွယ်ရာ စိတ်ခတ် ပေတကား။

'ဘာလဲ၊ မင်းတို့နှစ်ယောက်က အရက် အပြိုင်သောက်ပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံနေကြတာလား၊ ဘာတွေများ မကျေနပ်စရာ ရှိနေကြလို့လဲ'

ယူးလုကူးက ခပ်ဆတ်ဆတ်ကလေး လှမ်းမေးလိုက်သည်။ ထန်ကျို့ချင်းနှင့် စုမားရှဲ့က ပြိုင်တူခေါင်းခါယမ်းလိုက်သည်။ စုမားရှဲ့က ယူးလုကူးအား အကဲခတ်သလိုခိုးကြည့်လိုက်သည်။ ယူးလုကူးသည် ထန်ကျို့ချင်းပြောသကဲ့သို့ နွားမတကောင်နှင့် လွန်စွာတူနေလေသည်။

သို့သော် သူမ၏သိုင်းပညာရပ်မှာမူ ကြောင်တကောင်ကဲ့သို့ ပေါ့ပါးသွက်လက်လှချေသည်။

ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

စုမားရှဲ့က မျက်နှာချိုချိုထားလျက် ထိုင်ရာမှထသည်။

'ကျုပ်သွားလိုက်ဦးမယ်နော်'

ယူလုကူးက-

'ဟော့- နေပါဦး'

ယူးလုကူး ဆက်ပြောလိုက်သော စကားကြောင့် သူတို့နှစ်ယောက်စလုံးမှာ အကြီးအကျယ် မျက်လုံး ပြူးသွားကြရပြန်



လေသည်။ နားကြားများ လွဲသွားသလားဟုပင် ထင်မှတ်မိလိုက်ကြလေသည်။ ယူးလုကူးဆက်ပြောလိုက်သည့် စကားမှာကား--

'မင်းတို့ဆီက အကူအညီတောင်းဖို့ ငါလာတာပါ၊ နေကြပါဦးကွ'

ယင်းစကားစုများမှာ လွန်စွာအံ့သြဖွယ်ကောင်းသောစကားပင်ဖြစ်လေသည်။ အနောက်မှ နေထွက်သည်ဟူသော စကားကို ကြားရသကဲ့သို့ မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ကောင်းစွတကား။

'ဟော့- ငါပြောတာကို ကြားကြရဲ့လား'

ယူးလုကူး၏အသံကြောင့် နှစ်ယောက်စလုံး ဆတ်ကနဲ တွန့်သွားကြပြီး-

'ဟုတ်- ဟုတ်ကဲ့၊ ကြား- ကြားပါတယ်ခင်ဗျာ'

ပျာပျာသလဲဖြင့် နှစ်ယောက်စလုံး ပြိုင်တူ ပြန်ပြောလိုက်ကြသည်။

'ဘာလဲ- မင်းတို့က မကူညီနိုင်ဘူးဆိုပြီး ငြင်းမလို့လား'

စုမားရှဲ့က သက်ပြင်းချလိုက်ပြီး ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်လေသည်။

'မဖြစ်နိုင်တာဗျာ- ခင်ဗျားဟာ သိုင်းလောကတခုလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတဲ့သူပဲ၊ ခင်ဗျားလိုလူမျိုးတောင် မတတ်နိုင်တဲ့ကိစ္စကို ကျုပ်တို့လို ပါးမွှားတွေက ဘယ်လိုလုပ်ပြီး တတ်နိုင်မှာလဲ၊ ဒါကြောင့်မို့ပါ'

ယူးလုကူးသည် မျက်နှာအမူအယာ ပြောင်းလဲသွားပြီး တိုးညှင်းသောလေသံဖြင့် စုမားရှဲ့အား မေးလိုက်၏။

'ဒါနဲ့ မင်း ခုတလော ငွေတသောင်းလောက် ဖဲရှုံးသွားတယ်လို့ကြားတယ်၊ ဟုတ်ရဲ့လား'

စုမားရှဲ့က ခေါင်းညိတ်ပြရုံသာ ပြုသည်။မည်သည့်စကားမျှ မပြောပေ။

ယူးလုကူးက စိတ်မချမ်းမြေ့ဟန်ဖြင့် သက်ပြင်း ချလိုက်သည်။

'အင်း- လူငယ်တွေ အလောင်းအစား လုပ် နေ ကြ တာ ကောင်းကို မကောင်းဘူး၊ ငါလဲမကြိုက်ဘူး'

ယူးလုကူးက ယင်းသို့ပြောပြီး ထန်ကျို့ချင်းကို လှမ်းကြည့်လိုက်သည်။ ထန်ကျို့ချင်းမှာ မလုံမလဲဖြစ်သွားပြီး နေရာပြင်ထိုင်လိုက်သည်။ ယူးလုကူးက စကားကို ဆက်လိုက်သည်။

'ဒါပေမယ့် - တနေကုန်တနေခန်း အရက်သောက်ပြီးမူးနေတာထက်စာယင် နည်းနည်းတော့ တော်ပါသေးတယ်'

ယူးလုကူးက ထန်ကျို့ချင်းအား စောင်းမြောင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထန်ကျို့ချင်း မျက်နှာ ရှုံ့မဲ့သွားသည်။ စုမားရှဲ့မှာ စကားမြန်မြန်ပြတ်၍ ယူးလုကူးအမြန်ဆုံး ထွက်သွားစေချင်ပြီ ဖြစ်သည်။ ထို့ကြောင့် လိုရင်းကို မေးလိုက်သည်။

'ကဲ- ကဲ- ခင်ဗျားကျုပ်တို့ကို ဘာခိုင်းချင်တယ်ဆိုတာ ပြောပါအုံး'

ယူးလုကူးက စုံမားရှဲ့အား စိုက်ကြည့်လိုက်ပြီး-



'ကဲ-သေသေချာချာ နားထောင်၊ လူတယောက်က မင်းတို့အလုပ်တခု ခိုင်းမလို့- သူက မင်းကို ငွေငါးသောင်း ပေးမယ်တဲ့'

'ဗျာ-ငွေငါးသောင်း ဟုတ်လား'

'အေး-ဟုတ်တယ်၊ ဘာလဲ၊ မင်း စိတ်ဝင်စားသွားပြီမဟုတ်လား'

စုမားရှဲ့က ဖြည်းညှင်းစွာ ခေါင်းခါယမ်းလိုက်သည်။ စုမားရှဲ့၏ အမူအယာကြောင့် ယူးလုကူး အံ့ဩသွားသည်။ ငွေရလျှင် ဘာမဆို လုပ်တတ်သော စုမားရှဲ့သည် ယခုအခါ ထူးဆန်းစွာ ငြင်းဆိုနေချေသည်တကား၊ ယူးလုကူးတယောက် မယုံကြည်နိုင်အောင် အံ့ဩသွားသည်။ ယူးလုကူးက နားလည်နိုင်သော မျက်လုံးအစုံဖြင့် စုမားရှဲ့အား စူးစမ်းသလို စိုက်ကြည့် လိုက်သည်။

'ဘာလဲ-ငွေ ငါးသောင်း က မင်းအတွက် နည်းနေလို့လား'

'မနည်းပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ခေါင်းခါရတာလဲ'

'ခုအချိန်မှာ ကျုပ် ဘာမှ မလုပ်ချင်လို့ပါ၊ ကျုပ် အေးအေး ဆေးဆေးပဲ အနားယူချင်တယ်'

ယူးလုကူးက သဘောကျစွာ ပြုံးလိုက်သည်။

'အမယ်။ ဒါများ အဆန်းလုပ်ပြီး ပြောနေ ရသေး တယ်၊ အနားယူချင်ယင် ယူပေါ့၊ နားပြီးတဲ့အခါလုပ်လဲ ရတာပဲ'

ယူးလုကူး၏စကားကြောင့် စုမားရှဲ့ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ် သွား ရ သည်။ ယူးလုကူးက စကား ဆက်လိုက်သည်။

'ကဲ-ကဲ-မင်း အနားယူဖို့ (၃) နာရီ အချိန် ပေးမယ်၊ အနားယူပြီးတဲ့အခါ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့'

စုမားရှဲ့က ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။သူ့အပြုအမူကြောင့် ယူးလုကူး လွန်စွာအံ့ဩသွားသည်။ နားမလည်နိုင်သလို စုမားရှဲ့အား လှမ်းကြည့်လိုက်သည်။

စုမားရှဲ့က သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ ထို့နောက် မပြောချင်ပြောချင် လေသံဖြင့် ပြန် ပြော လိုက်လေသည်။

'(၃) နာရီ ဆိုတဲ့အချိန်ဟာ နားဖို့ မလုံလောက်ပါဘူးဗျာ နောက်ပြီး အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ဖို့လဲ မလိုဘူး ထင်တယ်၊ ခပ်ရှင်းရှင်း ပြောရယင်ဗျာ ကျုပ် ဘာအို ဘာမှ မလိုချင်ပါဘူး'

ယူးလုကူး မျက်လုံး ပြူးသွားသည်။ ပြူးကျယ်သောမျက်လုံးအစုံဖြင့် စုမားရှဲ့အား လှမ်းကြည့်လိုက်မိသည်။ ပြီးမှ စူးစမ်းသော လေသံဖြင့်-

'ဘာလဲ-အနားယူဖို့အတွက် ၃-နာရီနဲ့ မလုံလောက်ဘူးဆိုတော့ မင်းက ၃-ရက်လောက် အနားယူချင်လို့လား'

စုမားရှဲ့က ခေါင်းကို ခါယမ်းလိုက်သည်။

'၃-ရက်လဲ မလုံလောက်ပါဘူးဗျာ၊ အနည်းဆုံး ရက်ပေါင်း သုံးဆယ်လောက် အနားယူလိုက်ရမှ လုံလောက်လိမ့်မယ် ထင်ပါတယ်'

'ဘာ-ရက်ပေါင်း သုံးဆယ်လောက် ဟုတ်လား'

ယူးလုကူး၏အသံက မိုးခြိမ်းသံကဲ့သို့ ဟိန်း၍ထွက်သွားသည်၊



တာကို လုပ်ယင်း သေသွားခဲ့ယင်တောင် မျက်နှာပန်း မလှဘူးဗျ

'နေပါအုံး၊ ငါခိုင်းမယ့်အလုပ်က မတရားတဲ့အလုပ်လို့ မင်းကို ဘယ်သူ ပြောလဲ'

'ဟောဗျာ- ခင်ဗျားပဲ ပစ္စည်းတခု သွားလုရမယ်ဆို'

ယူးလုကူးက ပြုံးလိုက်သည်။

'အေး၊ ငါခိုင်းမယ့် အလုပ်က ပစ္စည်းလုခိုင်းဖို့ပဲ၊ ဒါပေမယ့် မတရားယူထားတဲ့ လူဆီက ပြန်လုရမှာ'

စုမားရှဲ့ အနည်းငယ် စိတ်ဝင်စားသွားသည်။

'ဘယ်သူဆီကလဲဗျ'

'ယန်းချဲ့စန်းဆီကလေ'

'ဗျာ....ယန်းချဲ့စန်း- ဟုတ်လား'

'အေး'

'ဘာပဲဖြစ်ဖြစ် ကျုပ် မလုပ်ဘူးဗျာ'

ယူးလုကူးသည် ဖြူ့န်းကနဲ ထကာ ဆိုင်ပြင်သို့ ထွက်သွားလေ၏။ သို့သော် သူမသည် အပြင်သို့ မရောက်ပဲ အဝ၌ ရပ်နေရလေ၏။ အပြာရောင်ဝတ်စုံဝတ်ဆင်ထားသော သူတဦးက ယူးလုကူးရှေ့မှ ကာဆီးဟန့်တားနေသတည်း။

× ×

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင်[illegible]ဥ [illegible]
ရန်ကုန် ၂၁၃၄၄

## ဝိညာဉ်အရိပ်ကျေးရွာ

မည်သူမဆို မိမိသွားမည့် လမ်းရှေ့မှ တစုံတယောက်က ကာဆီးဟန့်တား၍ နှောင့်ယှက်လာလျှင် အနည်းနှင့် အများ စိတ်ဆိုးမိကြမည်သာ ဖြစ်သည်။ အကယ်၍ စိတ်မဆိုးသည့်တိုင် ကသိကအောင့်တော့ ဖြစ်မိကြပေမည်။

ထန်ကျို့ချင်းသည် ယူးလုကူးနှင့် နီးနီးစပ်စပ် နေခဲ့ရသောကြောင့် ယူးလုကူးအကြောင်းကို ကောင်းစွာ သိထားသည်။ ယူးလုကူးသည်မည်သည့်အခါတွင်မဆို နှောင့်ယှက်ဟန့်တားခြင်းကို နှစ်မြို့သူ မဟုတ်ချေ။ နှောင့်ယှက် ဟန့်တားလာလျှင်လည်း ဒေါသတကြီးတုန့်ပြန်တတ်သူ ဖြစ်သည်။

ယင်းသို့တုံ့ပြန်ခြင်းကို ထန်ကျို့ချင်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ဖူးသည်။ တိုစဉ်က ကြေးစားလူသတ်သမား တဦးသည်ယူလုကူးရှေ့မှ ဤသို့ တားဆီးဟန့်တားခဲ့ဖူးသည်။ ယူးလုကူးက ဒေါသဖြစ်ဖြစ်နှင့် ကန်ထည့်လိုက်ရာ နံရိုး၃ချောင်း ကျိုးသွားခဲ့သည်။



ယူးလုကူး၏ ကိုယ်ခန္ဓာ ကိုယ်မှာ စည်ကြီး တလုံးကဲ့သို့ ပုအိုင့်အိုင့်နှင့် ဖောင်းကားနေအောင် ဝလွန်းသည်။ သို့သော် မျက်စိတမှိတ်မျှသော အချိန်ကလေးအတွင်း ခြေထောက်ဖြင့် ၇ ချက်တိတိ ဆင့်၍ ကန်ထည့်လိုက်သည်။ ထိုလူသတ်သမားမှာမည်သို့ဖြစ်ပျက်ခဲ့သည်ကိုပင် သိနိုင်စွမ်း မရှိတော့ပဲ ပုံလျက် လဲကျသွားခဲ့ရသည်။

ထိုအချိန်မှ စ၍ မည်သူ တဦး တယောက်မျှ ယူးလုကူးအား ဟန့်တားနှောင့်ယှက်ခြင်း မပြုဝံ့တော့ပေ။

သို့ရာတွင် ယခုအခါ ယူးလုကူးအား ဟန့်တားနှောင့်ယှက်သူ တဦးပေါ်လာပြန်ပြီဖြစ်သည်။ ထန်ကျို့ချင်းက စိတ်မသက်သာစွာနှင့် ခေါင်းခါလိုက်သည်။ သူ၏ စိတ်ထဲမှလည်း ထိုသူသည် အနည်းဆုံးနံရိုး ၅ ချောင်း ကျိုးလိမ့်မည်ဟု မှတ်ချက်ချလိုက်မိသည်။ ဘယ်အချိန် ထကန်လိုက်မည်ကို စိတ်တထင့်ထင့်နှင့်မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

သို့သော် အခြေအနေမှာ သူ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ပေ။

ယူးလုကူးသည် သူရှေ့မှ ဟန့်တားလာသူအား တွေ့လိုက်ရသောအခါ စိတ်ထဲ၌ ထောင်းကနဲ ဖြစ်သွားသည်။ သို့သော် ထိုသူအား သေသေချာချာ တွေ့မြင်လိုက်ရသည်တွင် တင်းမာသော မျက်နှာထားမှာ ပျော့ပျောင်းသွားပြီး အပြုံးရိပ်ကလေးများယှက်သန်းသွားလေသည်။

ယူးလုကူးသည်ထိုသူအားလှိုက်လှိုက်လှဲလှဲပြုံးပြလိုက်ပြီး ဆိုင်ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့လေသည်။ ထိုသူ့ ရှေ့မှ ဦးဆောင်

ခေါ်ယူလာခဲ့ခြင်းဖြစ်သည်။ ထန်ကျို့ချင်း အံ့အားသင့်သွားသည်။ စုမားရှဲ့လည်း အံ့အားသင့်သွားသည်။ နှစ်ယောက်စလုံး နားမလည်နိုင်သော အကြည့်ဖြင့် တယောက်ကိုတယောက်ကြည့်မိလိုက်ကြသည်။

မြင်ရသော မြင်ကွင်းမှာ မယုံကြည်နိုင်ဖွယ်ရာပါ တကား။

ယူးလုကူးနှင့် အပြာရောင် ဝတ်စုံ ဝတ်ဆင်ထားသူသည် သူတို့ထံသို တန်းတန်းမတ်မတ်လျှောက်လာကြသည်။ ထိုအခါမှ အပြာရောင်ဝတ်စုံနှင့် လူ၏ မျက်နှာကို သေသေချာချာမြင်တွေ့လိုက်ရသည်။

ထိုသူ့အား မြင်တွေ့လိုက်ရသောအခါ ထန်ကျို့ချင်းနှင့် စုမားရှဲ့ ပါးစပ်အဟောင်းသား ဖြစ်သွားကြရလေတော့သည်။

အပြာရောင်ဝတ်စုံနှင့် လူမှာကား၊ သိုင်းလောက၌ မသိသူမရှိသလောက် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဓားသမား လုံဆင်ပိဖြစ်နေသောကြောင့်တည်း။

× × ×

အနေကျုံ့သည် ဆိုသောစကား၏ အနှစ်သာရကိုယခုမှသူတို့ နားလည်ခံစားမိကြသည်။ ထန်ကျို့ချင်းသည် လည်းကောင်း၊ စုမားရှဲ့သည်လည်းကောင်း၊ လွတ်လွတ် လပ်လပ် ထင်သလိုနေထိုင်ခဲ့ကြသူများဖြစ်သည်။



သူတို့အား ဩဇာအာဏာပေးမည်ဆိုလျှင် ဝေးဝေးကရှောင်ကြဉ်ခဲ့ကြသည် ယခုမူ မည်သို့မျှ ရှောင်တိမ်းမရနိုင်တော့ပေ။ ယူးလုကူးနှင့် လုံဆင်ပိတို့သည် သူတို့ထံ တန်းတန်းမတ်မတ်ပင် ဝင်ရောက်လာနေကြပြီ မဟုတ်ပါလား။

ထန်ကျို့ချင်းသည် လုံဆင်ပိအား မြင်တွေ့လိုက်ရသည်နှင့် လည်ချောင်းထဲ၌ ထပ်မံ ယားယံလာပြန်လေသည်။ အရက်ဆိုင်ထဲထိုင်၍ အရက်မသောက်ရသည်မှာ အရက်ကြိုက်သူများများအတွက် များစွာအခံရခက်သော ဝေဒနာ တရပ်ပင် ဖြစ်သည်။

သို့သော် သူ့အနေဖြင့် ဘာမျှ မတတ်နိုင်၊ သူသည် အဒေါ်ဖြစ်သူ ဖားကူးမအား ကြောက်ရွံ့ရသည့်နည်းတူ ယူးလုကူးကိုလည်း မကြောက်ရွံ့နေရသည် ဖြစ်ရာ၊ အရက်ကို သောက်ချင်လျက်မသောက်ဝံ့ပဲ ဖြစ်နေရသည်။

ယူးလုကူးနှင့် လုံဆင်ပိတို့သည် သူတို့နား ရောက်လာကြပြီး စားပွဲဝိုင်း၌ ဝင်ထိုင်လိုက်ကြသည်။ ချက် ချင်း ဆို သ လို ပင် ယူးလုကူးက ကောင်တာဘက် လှည့်ပြီး လှမ်းအော်လိုက်သည်။

'ဟေ့ အကောင်းဆုံးအရက် ပို့လိုက်စမ်း'

စုမားရှဲ့နှင့် ထန်ကျို့ချင်းသည် သူတို့နားကိုပင် သူတို့ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သူတို့ အရက်သောက်သည်ကို လုံးမနှစ်မြို့သော ယူးလုကူးသည် ယခု အရက်ကို လှမ်းမှာနေပြီ မဟုတ်ပါလား။

ဆိုင်လုလင်က ခေါင်းညိတ် ပြလိုက်ပြီး အရက်အိုး ယူရန် အခန်းတွင်းသို့ ဝင်သွားသည်။ သို့သော် ယူးလုကူးက ချက်ချင်း ထအော်လိုက်သည်။

'ဟော့ - ဟော့ - ခဏနေအုံး'

ဆိုင်လုလင်မှာ အခန်းတွင်း ရောက်နေမှ ခေါင်းကို ပြူ၍ ပြန်ကြည့်လိုက်သည်။

'မင်းတို့ ဆိုင်ပိုင်ရှင်ကို သွားပြော၊ ယူးလုကူးက ဆိုင်ရှင်ကိုယ်တိုင် သောက်ဖို့ သိမ်းထားတဲ့ အရက်တွေကို ထုတ်ပေးဖို့ ပြောတယ်လို့'

ယူးလုကူး၏ စကားကြောင့် ဆိုင်လုလင်မှာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားပြီး၊ ဆိုင်ရှင်ရှိရာ အခန်းသို့ ကမန်းကတန်း ပြေးသွားလေသည်။ ထို့နောက် ဆိုင်ရှင်အား အကျိုးအကြောင်း ပြောပြလိုက်သည်။ ဆိုင်ရှင်သည် ယူးလုကူးဟူသော အမည်ကို ကြားလိုက်ရသောအခါ ပျာပျာသလဲ ဖြစ်သွားပြီး-

'ကြည့်စမ်း- ကြည့်စမ်း၊ ယူးလုကူးတို့ ရောက်နေတာတောင် ဘာဖြစ်လို့ ငါ့ကို လာမပြောတာလဲ'

ဆိုင်လုလင်မှာ အူကြောင်ကြောင် ဖြစ်သွားပြီး-

'မသိဘူးလေဗျာ၊ ယူးလုကူး ဆိုတာ ကျွန်တော် သိမှ မသိပဲ'

'ကဲ- ကဲ- သွား၊ ငါ့အခန်းထဲက အကောင်းဆုံး အရက်တွေကို သူတို့ လိုသလောက် ထုတ်ပေးလိုက်၊ သွား သွား မြန်မြန် သွား'

သို့ရာတွင် ဆိုင်လုလင်မှာ ကြောင်အမ်းအမ်း ဖြစ်နေပြီး နေရာတွင်ပင် မတ်မတ်ကြီး ရပ်လျက် ရှိနေသည်။ ဆိုင်ရှင်က သူ့အား မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်လိုက်ပြီး-



'ဟော့ကောင်၊ ဘာကြောင်နေတာလဲ၊ မြန်မြန်ဆန်ဆန် သွားတာမဟုတ်၊ ယူးလုကူးကြောင့် ငါတို့ဆိုင်ဟာ ဒီနေ့ထိအောင် ဖွင့်နေနိုင်တာကွ၊ နို့မဟုတ်ယင် ပြာပုံဖြစ်တာ ကြာပြီ'

ဆိုင်ရှင်သည် ယင်းသို့ ပြောပြီး အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်လိုက်သည်။ ထို့နောက် ယူးလုကူးအား ဧည့်ခံရန် ဧည့်ခန်းထဲမှ ခပ်သုတ်သုတ် ထွက်ခွါသွားလေတော့သည်။ ဆိုင်လုလင်မှာလည်း ဘုမသိဘမသိ အရက်ယူရန်သုတ်ခြေတင်သွားလေသည်။

× × +

စားပွဲပေါ်သို့ အရက်အိုးများ ရောက်ရှိလာပြီ ဖြစ်သည်။ ယခုအချိန်ထိ မည်သူမျှ စကားမပြောသေးပဲ နှုတ်ဆိတ် နေကြသည်။ ရွှံ့မြေများ လိမ်းကျံထားသည့် အရက်အိုး ထိပ်ကိုသာ အဓိပ္ပာယ်မရှိ ငေးကြည့်နေကြသည်။

ယူးလုကူးက အရက်ထိပ်ရှိ ရွှံ့မြေများကို ခွာထုတ်လိုက်သည်။ ရွှံ့မြေများ ကွာကျသွားသော အခါ မွှေးကြိုင်သော အရက်နံ့များသည် ထောင်းကနဲ ထလာလေသည်။ ယင်းအရက်နံ့မှာ မည်သည့်အရက်နှင့်မှ မတူပဲ အလွန်ထူးခြားစွာ သင်းပျံ့

လျက် ရှိသည်။ အရက်နံ့ကို ရှူရှိုက်လိုက်ရသောအခါ ထန်ကျိုးချင်းမှာ ရုတ်တရက် ထခုန်လိုက်မိသည်။

သူသည် ပြုတ်တူကဲ့သို့ သန်မာ မြဲမြံသော လက်အစုံဖြင့် ဆိုင်လုလင်၏ အင်္ကျီစကို ဖမ်းဆုပ်လိုက်သည်။

'ကြည့်စမ်း- တို့ အရက် သောက်တုန်းက ဒီလိုအရက်မျိုး ဘာဖြစ်လို့ မရောင်းတာလဲ၊ တို့က ပိုက်ဆံမပေးပဲ အလကား သောက်နေလို့လား'

ရုတ်တရက် ပြုမူလိုက်သောကြောင့် ဆိုင်လုလင်မှာ ဘာပြန်ပြောရမှန်း မသိပဲ တုန်တုန်ယင်ယင် ဖြစ်နေ ရှာတော့သည်။ ယူးလုကူးက ဒေါသထွက်သော မျက်လုံးအစုံဖြင့် ထန်ကျိုးချင်းအား လှမ်းကြည့်လိုက်သည်။

'ထန်ကျိုးချင်း ဒါဘာလုပ်တာလဲ'

တင်းမာခက်ထန်သော ယူးလုကူး လေသံကြောင့် ထန်ကျိုးချင်းသည် အင်္ကျီစကိုင်ထားသော လက်ကို လွှတ်လိုက်သည်။ ထို့နောက် ခပ်ကုပ်ကုပ်ကလေး ပြန်ထိုင်လိုက်သည်။ ယူးလုကူးက ဆိုင်ရှင်ဘက် လှည့်၍ ပြုံးပြလိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ သူကတော့ အရိုင်းအစိုင်းလေးမို့ သည်းခံပါရှင်'

ထန်ကျိုးချင်းမှာ ဇက်ပုသွားသည်။ ဆိုင်ရှင်က ပျာပျာသလဲ ဦးညွှတ်လိုက်ပြီး-

'ကိစ္စမရှိပါဘူးခင်ဗျ၊ ကိစ္စမရှိပါဘူး၊ လိုတာရှိယင် ထပ်ပြီး မှာပါ၊ ဘာမှ အားမနာကြပါနဲ့'



'ကျေးဇူးတင်ပါတယ်ရှင်၊ လိုတာရှိယင် လှမ်းမှာလိုက်ပါ့မယ်၊ ရှင် လုပ်စရာရှိတာသာ သွားလုပ်ပါ'

ဆိုင်ရှင်က ဦးညွှတ်ပြီး နောက်သို့ ဆုတ်သွားသည်။

ယူးလုကူးက စုမားရှဲ့ဘက်သို့လှည့်ကာ-

'ယန်းခွဲ့စန်းလို လူဆိုးကြီးကို ငါ သတ်ချင်နေတာ ကြာပြီ၊ ဒါပေမယ့် အခြေအနေ အကြောင်း ကြောင်းကြောင့် ခုထိ ငါ ဘာမှ မလုပ်နိုင်ခဲ့ဘူး၊ ခုဆိုယင် လူတယောက်က မင်းကို ငွေငါးသောင်းပေးပြီး သူ့ဆိကာပစ္စည်းကို လုခိုင်းနေပြီ၊ ဒါကို ဘာဖြစ်လို့ မင်းက မလုပ်ချင်ရတာလဲ'

စုမားရှဲ့ သက်ပြင်းရှည်ကြီး ချလိုက်သည်။

'အင်း-တကယ်တော့ ယန်းခွဲ့စန်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုးကြီးတယောက် ဆိုတာ ကျုပ် သိပါတယ်ဗျာ၊ သူ့ကြောင့် သေခဲ့ရတဲ့ လူတွေလဲ မနည်းလှတော့ပါဘူး၊ ဒါကြောင့် သူ့ကို ဆုံးမဖို့ သူ့ရဲ့ ဝိညာဉ်အရိပ်ကျေးရွာကို လိုက် သွားမလို့ ကျုပ် စိတ်ကူးတာ ကြာခဲ့ပါပြီ၊ ဒါပေမယ့် တကယ့်တကယ် တမ်းတော့ ကျုပ်လဲ ဘာမှ မလုပ်နိုင်ခဲ့သေးပါဘူး'

ထိုအချိန်၌ တလျှောက်လုံး တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေသော လုံဆင်ပိက သူတို့စကားဝိုင်းထဲသို့ ဝင်ရောက် လာလေသည်။

'တကယ်တော့ ယန်းခွဲ့စန်းဟာ ဝါဆန်းတောင်က အတော်ကို အာထားရတဲ့ တပည့်ကြီးတယောက်ပဲ၊ ဒါပေမယ့် စာရိတ္တမကောင်းလို့ သူ့ကို ဂိုဏ်းထဲက ထုတ်ပစ်လိုက်ရတယ်၊ ဒီလိုနဲ့

သူ သောင်းကျန်းလာခဲ့တာ နှစ်ပေါင်း(၃၀)အတွင်း သူ့လက်ချက်နဲ့ လူတွေ အတော်များများ သေဆုံးခဲ့ရရှာတယ်’

ယူးလုကူးကလည်း ခေါင်းညိတ်၍ ဝင်ရောက်ထောက်ခံလိုက်သည်။

‘ဟုတ်တယ်၊ အထူးသဖြင့် ဝါသနာ ဂိုဏ်းသား သုံးဆယ်လောက်ဟာ သူ့လက်ချက်နဲ့ သေဆုံးခဲ့ရတာပေါ့’

‘ဒီလိုနဲ့ သူဟာ တနေ့တခြား အရှိန်အဝါ ကြီးမားလာပြီး သိုင်းလောကမှာ မင်းမူနိုင်ခဲ့တာပဲ၊ ဒါကြောင့် သူ့ကိုယ် ဘယ်သူမှ သွားမစရဲကြဘူး’

လုံဆင်ပိက ဖြည့်စွက် ပြောလိုက်ခြင်းဖြစ်သည်။

အတန်ကြာမှ စုမားရှဲ့က တစုံတခုကို သတိရသလို လှမ်းပြောလိုက်သည်။

‘ဒါနဲ့ ပြောရအုံးမယ်၊ ခုတလော ‘ဆန်းစေးနယ်’ တလျှောက်မှာ မိုးခေါင် ရေရှား ဖြစ်ပြီး ဒီနယ်ကလူတွေ ဒုက္ခရောက်နေကြတယ်လို့ ကြားတယ်ဗျ’

လုံဆင်ပိက ခေါင်း တဆတ်ဆတ်ညိတ်ယင်း ပြုံးလိုက်သည်။

‘ဟုတ်ပြီ-ဟုတ်ပြီ၊ ခင်ဗျားဘာကိုဆိုလိုချင်တယ်ဆိုတာ ကျုပ်သိပြီ’

ယူးလုကူးက စူးစမ်းသလိုဖြင့် စုမားရှဲ့အား လှမ်းကြည့်လိုက်သည်။ သည်တော့မှ စုမားရှဲ့က သူဆိုလိုချင်သည်ကို ရှင်းပြလိုက်သည်။

‘ဒီလိုဗျာ၊ ခင်ဗျားပေးတဲ့အလုပ်ကို ကျုပ် လက်ခံလိုက်ယင် ဒါပေလောလောဆယ် ငွေ ငါးသောင်းရမှာ သေချာတယ်၊



မယ်၊ ဒီငွေတွေ ကျုပ်လက်ထဲ ရောက်လာယင် ဖဲရိုက်လို့ ကုန်သွားမှာပဲ၊ ဒါကြောင့် ကျုပ်တို့အားလုံး စုပေါင်းပြီး ဒီအလုပ်ကိုလက်ခံမယ်၊ ရလာတဲ့ငွေကို ဒုက္ခရောက်နေတဲ့ လူတွေ ကယ်ဆယ်ဖို့ အသုံးချမယ်၊ ဘယ့်နှယ်လဲ’

ထန်ကျို့ချင်းက လက်ခုပ် လက်ဝါး တီးလိုက်သည်။

‘သိပ်ကောင်းတဲ့အကြံပဲ၊ ဖဲဝိုင်းမှာ အလကားသက်သက် ကုန်သွားတာနဲ့ စာယင် အများ အကျိုးအတွက် အသုံးချလိုက်တာ အကောင်းဆုံးပေါ့၊ တဘက်မှာ ရက်စက်ကြမ်းကြုတ်တဲ့လူယုတ်မာကို နှိမ်နင်းနိုင်သလို တဘက်မှာလဲ ဒုက္ခရောက်နေတဲ့ လူတွေကို ကယ်ဆယ်နိုင်မယ်၊ ကောင်းတယ်-ကောင်းတယ်၊ ငါတော့ မင်းအကြံ ကိုသဘောကျသွားပြီ’

ထန်ကျို့ချင်းသည် စုမားရှဲ့အား ကြည့်လျက် ပြောလိုက်ခြင်း ဖြစ်သည်။ ယူးလုကူးကလည်း သဘောကျစွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည်၊ သို့ရာတွင် လုံဆင်ပိမှာမူ ဘာတခုမျှ ဝင်ပြောခြင်းမရှိပဲ ပကတိ နှုတ်ဆိတ် ငြိမ်သက်နေလေသည်။ ထန်ကျို့ချင်း အံ့အားသင့်သွားသည်။ ထို့ကြောင့် လုံဆင်ပိအား လှမ်းကြည့်လိုက်ပြီး-

‘ဘယ်လိုလဲ၊ ခင်ဗျားကော သဘောတူတယ် မဟုတ်လား’

လုံဆင်ပိက ခေါင်းခါ ပြလိုက်သည်။

‘ဗျာ - ဘယ်လို ခင်ဗျား သဘောမတူဘူး ဟုတ်လား’

ထန်ကျို့ချင်းနှင့် စုမားရှဲ့တို့က ပြိုင်တူလိုလိုပင် တအံ့တသြ ပြန်မေးလိုက်မိသည်။ ယူးလုကူးက နားမလည်နိုင်သလို လုံဆင်ပိအား လှမ်းကြည့်လိုက်သည်။ လုံဆင်ပိမှာမူ တစုံတခုကို တွေ

တောနေသယောင် အဝေးသို့ မျှော်ကြည့်နေသည်။ ယူးလုကူးက သက်ပြင်းချလိုက်ယင်း....

'နေပါအုံး၊ မင်းက ဘာဖြစ်လို့ သဘောမတူရတာလဲ'

လုံဆင်ပိက အဝေးသို့ ငေးနေရာမှ သူမအား ကြည့်လိုက်သည်။ သူမ၏ အမူအယာက အေးတိအေးစက် နိုင်လှသည်။ သူသည် ယူးလုကူးအား ပြုံးပြလိုက်ပြီး....

'ကျုပ် သဘောမတူနိုင်ဘူးဆိုတာက စုမားရှဲ့ပြောတဲ့အကြံကို သဘောမတူတာ မဟုတ်ပါဘူး၊ ရမဲ့ငွေက နည်းလို့ ဒီအလုပ်ကို လက်ခံဖို့ သဘောမတူတာပါ'

'ဟေ... နည်းတယ် ဟုတ်လား'

ယူးလုကူးသည် မျက်လုံးကြီးပြူးပြီး လုံဆင်ပိအား စိုက်ကြည့်လိုက်မိသည်။ ထိုအတူ ထန်ကျို့ချင်းနှင့် စုမားရှဲ့တို့ ကလည်း လုံဆင်ပိအား တအံ့တသြ လှမ်းကြည့်မိလိုက်ကြသည်။ ထန်ကျို့ချင်းက ခေါင်းကို တွင်တွင်ကုတ်ယင်း မကျေမနပ် ဝင်ပြောလိုက်သည်။

'ငါးသောင်းဆိုတာ နည်းတဲ့ ငွေမှမဟုတ်ပဲဗျ၊ ဘယ်နှယ်ကြောင့် နည်းရမှာလဲ၊ တချို့လူတွေ သေတဲ့အထိ ရှာဖွေတာတောင် မရနိုင်ဘူး'

လုံဆင်ပိက ခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်သည်။

'မှန်တာပေါ့ဗျာ၊ တချို့လူတွေအတွက်ဆိုယင် တသက်လုံးစားတောင် မကုန်တဲ့ငွေပါ၊ ခင်ဗျားတို့အတွက်ဆိုယင်လဲ အရက်သောက်ဖို့နဲ့ ဖဲရိုက်ဖို့အတွက် နည်းတဲ့ ငွေတွေမဟုတ်ပါဘူး၊ ဒါပေမယ့်....'



လုံဆင်ပိက တပိုင်းတစ ရပ်ထားလိုက်။ ပြီးနောက်....ယူးလုကူးအား လှမ်းကြည့်လိုက်သည်။ ထန်ကျို့ချင်းသည် စိတ်မရှည်နိုင်တော့ပဲ-

'ဆက်ပြောစမ်းပါအုံးဗျ၊ ဒါပေမယ့် ဘာဖြစ်လဲ'

လုံဆင်ပိက ထန်ကျို့ချင်းအား လှည့်ကြည့်လိုက်သည်။ ထန်ကျို့ချင်းက လုံဆင်ပိပြောမည့်စကားကိုနားစွင့်နေသည်။ ယူးလုကူး နှင့် စုမားရှဲ့တို့ကလည်း စိတ်ဝင်စားစွာ နားစွင့်နေကြသည်။ လုံဆင်ပိက ချောင်းတချက်ရှင်းလိုက်ပြီး....

'ငွေငါးသောင်းဆိုတာ နည်းနည်းနောနော မဟုတ်တာမှန်ပါတယ်၊ ဒါပေမယ့် ဒုက္ခရောက်နေသူတွေကို ကယ်ဆယ်ဖို့ အတွက်ဆိုယင် အတော်ကြီး နည်းမနေဘူးလား'

'ဟုတ်တယ် ခင်ဗျားပြောတာ မှန်တယ်'

စုမားရှဲ့က ခေါင်းညိတ် ထောက်ခံလိုက်သည်။

'ဒါပေမယ့် ဒီထက်များအောင် ဘယ်လိုလုပ် ရှာရမှာလဲ'

'ကျုပ်သိသလောက် ပြောရမယ်ဆိုယင် ခင်ဗျားကို ခိုင်းတဲ့လူဟာ ငွေတသိန်းထိ ပေးနိုင်တဲ့လူပဲ'

ကျောက်သလင်း ဟင်္သာရုပ်အတုနှင့် လဲလှယ်ခိုးယူ ပေးခဲ့သည့်အတွက် ယန်းချို့စန်းက ဆရာမှောက်သိုက်တို့အား ငွေတသိန်းမက အခကြေးငွေ ပေးခဲ့ကြောင်းကို လုံဆင်ပိက သူ့နည်း သူ့ဟန်ဖြင့် သိထားခဲ့သည်။ လုံဆင်ပိသည်စုမားရှဲ့ထက် သိုင်းလောက၏ အတွင်းရေးများကို ပိုသိထားသူဖြစ်၏။

တဒင်္ဂမျှ နှုတ်ဆိတ်သွားကြပြန်သည်။ လုံဆင်ပိက အရက်တခွက် ငှဲ့သောက်လိုက်သည်။ ထန်ကျို့ချင်းကလည်း အရက်

သောက်ရန် ခွက်ကို လှမ်းကိုင်လိုက်သည်၊ သို့သော်....ယူးလုကူး မျက်စောင်း ထိုးကြည့်လိုက်သောကြောင့် လက်ကို အသာပြန် ရုပ်လိုက်ရသည်။ ထန်ကျို့ချင်းသည် နှုတ်ခမ်းကိုလျှာဖြင့်လျက်၍ ဖြေသိမ့်လိုက်ရရှာလေသည်။

'ဒါနဲ့ နေပါအုံး-ကျုပ်ကို ပစ္စည်းခိုးဖို့ ခိုင်းတာ ဘယ်သူလဲဗျ'

စုမားရှဲ့သည် ယူးလုကူးအား လှမ်းကြည့်ယင်း မေးလိုက်သည်။ ယူးလုကူးက လက်ကာပြလိုက်သည်။

'ဒါတော့ ငါပြောလို့မဖြစ်ဘူး၊ သူတို့ နာမည်ကို လျှို့ဝှက်ထားဖို့ ငါ ကတိပေးထားခဲ့တယ်၊ ဒါကြောင့် ဘယ်သူ ဘယ်ဝါဆိုတာ မသိချင်စမ်းပါနဲ့'

'ကိစ္စမရှိပါဘူး၊ ရပါတယ် အရေးကြီးတာက ဖြစ်နိုင်ယင် သူ့ဆီက ငွေတသိန်းလောက် တောင်းပေးစမ်းပါ'

လုံဆင်ပီက ကြားဖြတ်ဝင်၍ ပြောလိုက်ခြင်း ဖြစ်သည်။ လုံဆင်ပီသည် မလိုအပ်ပဲနှင့် ဆရာမှောက်သိုက် တို့၏ နာမည်ကို မထုတ်ဖော်လိုပေ။ ထန်ကျို့ချင်းက ထောက်ခံသော အကြည့်ဖြင့် ယူးလုကူးအား လှမ်းကြည့်လိုက်သည်။ ယူးလုကူးသည် သူတို့အား ပြန်လည်ကြည့်ယင်း ပြုံးပြလိုက်သည်။

'အေးလေ ရအောင် ပြောရမှာပေါ့၊ အမှန်တော့သူတို့ခိုင်းတဲ့ အလုပ်က ငါးသောင်းမက တန်နေပါပြီ၊ ဒါပေမယ့် မင်းတို့က ဒုက္ခသည်တွေ ကယ်ဆယ်ဖို့ဆိုတော့ မဖြစ်ဖြစ်အောင် ဖန်တီးပေးရမှာပေါ့'



လုံဆင်ပီ ကျေနပ် ဝမ်းသာသွားသည်။ စုမားရှဲ့နှင့် ထန်ကျို့ချင်းတို့လည်း ဝမ်းသာကျေနပ်သွားကြသည်။

'ခိုင်းတဲ့ လူကသာ တသိန်းပေးမယ်ဆိုယင် ကျုပ် အနေနဲ့ သဘောမတူစရာအကြောင်းမရှိပါဘူးဗျာ'

လုံဆင်ပီက ပြောပြောဆိုဆိုဖြင့် ခွက်ထဲမှလက်ကျန် အရက်ကို တကျိုက်တည်း မော့သောက်လိုက်လေသတည်း။

× × ×

ယမန်နေ့က ချိန်းဆိုထားခဲ့သည့်အတိုင်း 'လဆန်း' တည်းခိုရိပ်သာနှင့် မလှမ်းမကမ်းရှိ စားသောက်ဆိုင်သို့ လုံဆင်ပီ ဦးစွာ ရောက်ရှိလာခဲ့သည်။ သူနှင့် မရှေးမနှောင်းမှာပင် စုမားရှဲ့နှင့် ထန်ကျို့ချင်းတို့ ရောက်လာကြသည်။ သို့သော် ယူးလုကူးမှာ ရောက်မလာသေးချေ။ထို့ကြောင့်သူတို့အားလုံးယူးလုကူးရောက်အလာကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေကြခြင်း ဖြစ်သည်။

မကြာမီမှာပင် သူတို့မျှော်လင့်သော ယူးလုကူး ရောက်လာသည်။ နေပူကျဲတဲ့အောက်၌ အတန်ငယ်ဝေးသော အရပ်မှ ခရီးပြင်းနှင်လာခဲ့ရဟန်တူသည်။ သူမ၏ ခန္ဓာကိုယ်တခုလုံးမှာ ချွေးများဖြင့် ရွှဲနစ်နေလေသည်။

'အဆင်ပြေခဲ့ရဲ့လား'

လုံဆင်ပိ လှမ်းမေးလိုက်သည်။ သူက ဘာမှ ပြန်မဖြေပဲ ခေါင်းလှုပ်တလုံး၌ ဝင်ထိုင်လိုက်သည်။ ထို့နောက်လေပူတချက်မှုတ်ထုတ်လိုက်ပြီး အိတ်ထဲမှ စာရွက်အထပ်ကလေးတခုကို နှိုက်ထုတ်ကာ စားပွဲပေါ်၌ ဖြန့်ခင်းလိုက်လေသည်။ လုံဆင်ပိ စုံမားရဲ့နှင့် ထန်ကျို့ချင်းတို့က စားပွဲပေါ်ရှိ စာရွက်ကလေးများကို လှမ်းကြည့်မိကြသည်။ ထိုစာရွက်ကလေးများမှာကား ငါးထောင်တန် ငွေလွှဲလက်မှတ်ကလေးများပင် ဖြစ်တော့သည်။ ရေတွက်ကြည့်လိုက်သည်။ စုစုပေါင်းဆယ်ရွက်တိတိဖြစ်သည်။ ယူးလုကူးက အားရကျေနပ်စွာဖြင့် သူတို့အား အကျိုးအကြောင်း ပြောကြလေသည်။

'အားလုံး အဆင်ပြေသွားပါပြီ။ သူတို့က သဘောတူလိုက်ပြီလေ။ ဒါကြောင့် စရံအဖြစ် သူတို့ဆီက ငွေငါးသောင်း ယူလာခဲ့တာပေါ့'

စိတ်ခံတတ်တက်ကြွဖွယ် စကားကြောင့် သူတို့ အားလုံး ဝမ်းသာပျော်ရွှင်သွားကြသည်။ သို့သော်စုံမားရဲ့မှာ စိတ်ထဲ၌ မရှင်းမလင်း ဖြစ်နေမိသေးသည်။

'ဒါနဲ့ ကျုပ် တခုမေးပါရစေအုံး၊ ကျုပ်တို့ ခိုးယူပေးရမယ့် ပစ္စည်းက ဘာများလဲဗျ၊ အလုပ် သက်သက် လက်ခံလာခဲ့တာ၊ ခုထိ ဘာပစ္စည်း ခိုးပေးရမှန်းမသိသေးဘူး'

သည်တော့မှ ယူးလုကူးက သတိရသွားဟန်ဖြင့်-

'ဟုတ်ပေသားပဲ၊ မင်းကို ငါ ခုထိ မပြောသေးဘူး၊ တို့ ခိုးပေးရမယ့် ပစ္စည်းက ကျောက်သလင်းဟသ်ာရုပ်ပဲကွ'



'ဗျာ....ကျောက်သလင်းဟသ်ာရုပ် ဟုတ်လား'

'အေးလေ ... အဲဒါ ဘာဖြစ်လို့လဲ'

'ဟာ ...ကျောက်သလင်းဟသ်ာရုပ်က တကယ့်ဂိုဟ်ဆိုးကြီးဗျ၊ သူ့ကြောင့် သိုင်းလောကမှာ လူတွေ အတော်များများ သေခဲ့ရတယ် မဟုတ်လား'

'အိုဗျာ....ဘာပဲဖြစ်ဖြစ်ပေါ့၊ အလုပ်လုပ်ဖို့ စရံတဝက်တောင် ယူခဲ့ပြီးပြီပဲ၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ကျုပ်တို့အနေနဲ့ရအောင် ယူပေးရတော့မှာပေါ့'

လုံဆင်ပိက ကြားဖြတ်ဝင်ပြောလိုက်သည်။ စုံမားရဲ့ ဘာမျှ ထပ်မပြောတော့။ ယခုကိစ္စ၌ ယူးလုကူးနှင့် လုံဆင်ပိတို့လည်း ပါဝင်နေသည်ဖြစ်ရာ သူ့အနေဖြင့် အထူးတလည် စိုးရိမ်စရာ အကြောင်းမရှိဟုတွေးတောလိုက်သည်။ ထိုအချိန်၌ ထန်ကျို့ချင်းက ရှုတ်နောက်နောက်စကားတခွန်းဝင်ပြောလိုက်လေသည်။

'အင်း ... ခုလောက်ဆို ယန်းချို့စန်းတယောက် မျက်ခုံး လှုပ်နေလောက်ပြီဗျို့'

သူ့စကားကြောင့်အားလုံး ပွဲကျသွားပြီး တဟားဟားနှင့် အားရပါးရ ရယ်မောမိလိုက်ကြလေတော့သတည်း။

\+ \+ \+

# ကြယ်တံခွန် ဓားသမား

တောအုပ်ကလေးတခု။ ဤတော အုပ်သည် ဝိညာဉ် အရိပ် ကျေးရွာနှင့် နှစ်မိုင်မျှသာ ကွာဝေးသည်။

ထိုတောအုပ်ထဲ၌ မိန်းမပျိုကလေးတဦး ခုန်ပျံ ဆော့ကစား လျက်ရှိသည်။ မိန်းမပျို၏ အမည်မှာ ယန်းရှောက်ရှမ်း ဖြစ် သည်။ ယန်းရှောက်ရှမ်းသည်၊ ဝိညာဉ် အရိပ်ကျေးရွာ ပိုင်ရှင် ယန်းချွဲ့စန်း၏ တဦးတည်းသော သမီးပင် ဖြစ်လေသည်။ သူမ သည် ဤတောအုပ်ကလေး အတွင်းသို့ မကြာခဏ လာရောက် လေ့ရှိသည်။ တောလည်ထွက်ခြင်း တော့မဟုတ်ပါချေ။ သိုင်း ပညာရပ်များကို စနစ်တကျ လေ့ကျင့်ရန် မကြာခဏ ရောက် ရှိခဲ့ခြင်းသာ ဖြစ်သည်။

ဤသို့ ရောက်ခဲ့သည် အခါတိုင်းလည်း သူမတဦးတည်းလာ ရောက်ခဲ့ရခြင်းမဟုတ်ပါချေ။ သူမနှင့်အတူ အဖော် တယောက်က အမြဲ ပါလေ့ရှိသည်။ သူမနှင့်အတူ ပါလာသော အဖော်မှာ



အရပ်အမောင်း ခုနစ်ပေခန့်ရှိသောခါးကုန်းကြီး တဦးပင် ဖြစ် သည်။ခါးကုန်းကြီး၏အမည်မှာ မိုးကြိုးလက်ဝါး‘ပုတိုး’ ဟူ၍ဖြစ် သည်။ ပုတိုးသည် သူမဘယ်သွားသွား၊ နောက်မှ တကောက် ကောက်လိုက်ပါ စောင့်ရှောက်ရသူ ဖြစ်သည်။

အမှုမဲ့ အမှတ်မဲ့ကြည့်လျှင် ခါးကုန်းကြီးပုတိုးသည် အရပ် ရှည်သလောက် လမ်းလျှောက်ရာ၌ လွန်စွာနှေးကွေးလှကြောင်း တွေ့မြင်ရမည် ဖြစ်သည်။ သို့ရာတွင် မိုးကြိုးလက်ဝါးဟု အမည် တွင်သော ခါးကုန်းကြီး ပုတိုးမှာ ကိုယ်ဖော့ ပညာ၌ သူမတူ အောင်ထက်မြက်သူ ဖြစ်သည်။ သိုင်းပညာ အဆင့်အတန်းမှာ လည်း ထိပ်တန်းအဆင့်ရှိသူ ဖြစ်သည်။

ထို့ကြောင့် ယန်းချွဲ့စန်းသည် သူ့သမီးအား အရိပ်သဖွယ် လိုက်ပါ စောင့်ရှောက်ရန် အတွက် ခါးကုန်းကြီး ပုတိုးအား တာဝန်ပေးထားခဲ့ခြင်း ဖြစ်လေသည်။ တာဝန်ပေးထားသည့် အတိုင်း ခါးကုန်းကြီး ပုတိုးက ယန်းရှောက်ရှမ်းအား မျက်ခြည် ပြတ်မခံ။ ယန်းရှောက်ရှမ်းကလည်း တယောက်တည်း လွတ်လွတ် လပ်လပ် နေလိုသည်။ ဤသို့ဖြင့် ယန်းရှောက်ရှမ်းက မျက်ခြည် ပြတ်လိုက်၊ခါးကုန်းကြီး ပုတိုးက မရရအောင် ခြေရာခံလိုက်နှင့် လုံးချာလည်နေရာ- ကြာတော့ ယန်းရှောက်ရှမ်း စိတ်မရှည်နိုင် အောင် ဖြစ်လာရသည်။ သို့ဖြစ်၍ ဘခင်ဖြစ်သူ ယန်းချွဲ့စန်းအား အစောင့်အရှောက် ထည့်မပေးရန် တောင်းဆိုလေတော့သည်။

‘ဖေဖေ သမီးအသက် မငယ်တော့ပါဘူး၊ သိုင်းပညာနဲ့ ကိုယ်ဖော့ပညာမှာလဲ တော်ရုံတန်ရုံ လူလောက်ကို မှုစရာမလို

အောင် တတ်နေပါပြီ၊ ဒါကြောင့် ဘဘပုတိုးကို အဖော်အဖြစ် ထည့်မပေးပါနဲ့တော့'

သမီးဖြစ်၏ စကားကြောင့် ယန်းခွဲ့စန်း ပြုံးလိုက်သည်။ ထို့နောက် သမီးဖြစ်သူအား အစိပ္ပာယ်ပြည့်ဝသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

'ကောင်းပြီလေ၊ သမီးသာ ဘဘပုတိုးကို မျက်ခြည်ပြတ်အောင် ကြိုးစားပါ၊ ဘဘပုတိုး မလိုက်နိုင်အောင် မျက်ခြည်ပြတ်နိုင်ခဲ့ယင် သမီးသွားချင်ရာသွား၊ ဖေဖေ သူ့ကို အစောင့်အရှောက်အဖြစ် ထည့်မပေးတော့ဘူး'

ထို့ကြောင့် ယန်းရှောက်ရှမ်းသည် သုံးနှစ် သုံးမိုး လုံးလုံး ကြိုးစားခဲ့သည်။ ဖြစ်နိုင်မည့် နည်းအားလုံးကို ကြိုးစားသည်။ သို့ရာတွင် မည်သို့မျှ အရာမထင်ချေ။ မျက်ခြည် ပြတ်ပြီ ထင်၍ လှည့်ကြည့်လိုက်တိုင်း၊ ခါးကုန်းကြီး ပုတိုးကို မလှမ်းမကမ်း၌ တွေ့မြင်နေရသည်သာ ဖြစ်သည်။

သို့ဖြစ်ရာ- မည်သည့် အချိန်အခါတွင် ဖြစ်စေ ယန်းရှောက်ရှမ်းအား တွေ့မြင်လိုက်သည်နှင့် ယန်းရှောက်ရှမ်း၏ နောက်တွင် ခါးကုန်းကြီး ပုတိုး အရိပ်ပမာ ကပ်ပါလာကြောင်း တွေ့ရမြဲဖြစ်လေသည်။

ထို့ကြောင့် သစ်ရိပ်ဝါးရိပ်ကောင်းသော တောအုပ်ကလေး၌ ယန်းရှောက်ရှမ်း ခုန်ပျံဆော့ကစားနေချိန်တွင် သူနှင့်မလှမ်းမကမ်းတနေရာ၌ ခါးကုန်းကြီးပုတိုးရှိနေမည်မှာ ယုံမှားသံသယရှိဖွယ် မလိုတော့ပါချေ။

ချမ်းမြေ့ကြည်နူးဖွယ် ကောင်းသော ဤတောအုပ်ကလေး



တွင် ယန်းရှောက်ရှမ်းသည် ခါတိုင်းကဲ့သို့ ကိုယ်ဖော့ပညာရပ်များကို လေ့ကျင့်နေလေသည်။ သူမသည် မြေပေါ်၌ ခုန်ပျံပြေးလွှားနေရာမှ သစ်ကိုင်းတကိုင်းပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် အခြားသစ်ကိုင်းသို့ ကူးကာ မြေပြင်သို့ ပြန်လည်ခုန်ဆင်းလိုက်သည်။ မြေကြီးပေါ်သို့ ခြေချမိသည်နှင့် တပြိုင်နက် ဆော့ကနဲ ခုန်တက်ကာ အခြား သစ်ပင်၏ သစ်ကိုင်းပေါ်သို့ ရောက်ရှိသွားပြန်လေသည်။ ဤသို့ဖြင့် သူမသည် ခုန်ပျံပြေးလွှားနေရာ သာမန်ပြေးလွှားခြင်းထက် ၁၀ ဆခန့် ပို၍ ခရီးရောက်သွားသည်။

'ဘဘပုတိုး ခုတလော ကျွန်မရဲ့ ကိုယ်ဖော့ပညာဟာ တနေ့တခြား တိုးတက်နေတယ် မဟုတ်လား'

ယန်းရှောက်ရှမ်းက နောက်လှည့် မကြည့်ပဲ လှမ်းမေးလိုက်သည်။သူမအနေဖြင့် နောက်လှည့်ကြည့်ရန်မလိုအပ်ဟုထင်သည်။ မည်သည့် အချိန်အခါတွင် မဆို ခါးကုန်းကြီး ပုတိုးသည် သူမနောက်သို့ အစဉ်အမြဲ ရောက်ရှိနေခဲ့သည် မဟုတ်ပါလား။ ယခုလည်း ခါးကုန်းကြီး ပုတိုး မုချ ရှိနေလိမ့်မည်ဟု အလိုလိုသိနေခဲ့သည်။ ထို့ကြောင့် လုံးဝ လှည့်မကြည့်ပဲ မေးလိုက်ခြင်းဖြစ်သည်။

အချိန်အတန်ကြာသည်အထိ ခါးကုန်းကြီး ပုတိုးထံမှ ဘာသံမျှ ထွက်မလာ၊ ယန်းရှောက်ရှမ်း အနည်းငယ် စိတ်တိုသွားသည်။ ထို့ကြောင့် ခြေတချက် ဆောင့်လိုက်ပြီး-

'ဘဘပုတိုး၊ ဘာဖြစ်လို့ စကားပြန်မပြောတာလဲ၊ ကျွန်မရဲ့ ကိုယ်ဖော့ပညာ တိုးတက်မှု မရှိလို့လား'

သူမက နှုတ်ခမ်းစူယင်း ကလေးတယောက် ကဲ့သို့ ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သည်။

'စိတ်ချနေတော့ သူငယ်မ၊ ခါးကုန်းကြီး ပုတိုး မင်းနောက်ကို ဘယ်တော့မှ လိုက်နိုင်မှာ မဟုတ်တော့ဘူး'

လူစိမ်း တယောက်၏ အသံကြောင့် ယန်းရှောက်ရှမ်းမှာ လွတ်ကနဲ အာမေဋိတ်သံ ပြုလိုက်မိ၏။

'ရှင်'

ယန်းရှောက်ရှမ်း မျက်လုံးမျက်ဆန်ပြူးသွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။ တယောက်မျှ မရှိ၊ သူမ၏ မျက်ဝန်းအိမ်မှာ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

'ဘယ်သူလဲ'

ထိုအခိုက်တွင်ပင် လူတယောက်သည် သစ်ပင် တပင်၏ နောက်ကွယ်မှ ထွက်လာ လေသည်။ ထိုသူ၏ အမူအရာမှာ အလွန့်အလွန် အေးတိအေးစက် နိုင်လှသည်။ ထိုသူသည် အဖြူရောင် အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။ ထိုသူ၏ အသက်အရွယ်မှာ(၅၀)ကျော်ခန့် ရှိမည်ဟု ယန်းရှောက်ရှမ်း ခန့်မှန်းလိုက်သည်။ ထိုသူ၏ ခန္ဓာကိုယ်မှာ ပိန်ပိန် ပါးပါး သေးသေးသွယ်သွယ်ဖြစ်သည်။ ပါးရိုးကြီးများ ငေါထွက်ကာ မျက်ပေါက်ကျဉ်းမြောင်းသည်။ သို့သော် သူ၏ မျက်လုံး အစုံမှာ စူးရှတောက်ပနေသည်။ အတွင်းအား ပြည့်ဝသော သိုင်းသမားကြီးတဦးဖြစ်ကြောင်း သိသာလှသည်။

မည်သို့ဆိုစေ ထိုသူ၏ မျက်နှာ အသွင်အပြင်မှာ များစွာ အကျည်းတန်လှသည်။ သာမန် အသည်းငယ်တတ်သူ တဦးသာ



ထိုသူ့အား ရုတ်တရက် တွေ့မြင်လိုက်ရလျှင် လန့်ဖျပ်ကောင်း၊ လန့်ဖျပ်သွားနိုင်လေသည်။ ထိုသူသည် ဤမျှ အရုပ်ဆိုးအကျည်းတန်သူ ဖြစ်လေသည်။

ပို၍ ထူးခြားသည်မှာ ထိုသူသည် ရင်ခွင်ထဲ၌ ဝံပုလွေငယ်တကောင်ကို ပွေ့ပိုက်ထားခြင်းပင် ဖြစ်လေသည်။ ဝံပုလွေ၏ အမွေးအမျှင်များသည် ထိုသူ၏ ဝတ်ဆင်ထားသည့် အဝတ်အစားများထက် ပို၍ ဖြူဖွေးနေလေသည်။ ထိုသူသည် ဝံပုလွေငယ်အားရင်ခွင်ထဲ၌ ပိုက်ထားယင်း၊ ယန်း ရှောက် ရှမ်း ကို ကြောက်မက်ဖွယ်ရာ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

'ပုတိုးဘယ်မှာလဲ၊ ရှင် သူ့ကို ဘာလုပ်လိုက်လဲ'

ယန်းရှောက်ရှမ်းသည် ကြောက်ရွံ့ထိတ်လန့်ဟန် မပြပဲ မျက်နှာတည်တည်နှင့် လှမ်းမေးလိုက်သည်။ သူမ၏ စိတ်ထဲတွင်မူ ပုတိုးတယောက် တစုံတခုသော အန္တရာယ်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း အလိုလို သိနားလည်လိုက်သည်။ အကယ်၍ ပုတိုးသာ အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရခြင်း မရှိပါက ယခုအချိန်ဆိုလျှင် သူမအား ကာကွယ်စောင့်ရှောက်ရန် ရှေ့မှ မားမား မတ်မတ် ရပ်တည်နေမည် မဟုတ်ပါလား။

ပုတိုး၏ သိုင်းပညာအဆင့် မည်မျှ မြင့်မားသည်ကို ယန်းရှောက်ရှမ်း သိထားပြီဖြစ်သည်။ အကယ်၍ ပုတိုးသာအမှန်တကယ် အန္တရာယ်နှင့် ကြုံတွေ့နေခဲ့သည် ဆိုလျှင် သူမ၏ လက်ရှိအခြေအနေမှာ မတွေးဝံ့လောက်အောင်ပင် ဖြစ်လေသည်။ သူမ သက်ပြင်းချလိုက်မိသည်။မတတ်နိုင်တော့ ဖြစ်လာမည့်ကိစ္စအဝဝ

ကို အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ရန်သာ ဆုံးဖြတ်လိုက်လေသည်။

လုစိမ်း အဖိုးကြီးသည် ယန်းရှောက်ရှမ်းအား ကျေနပ်လောက်အောင် စိုက်ကြည့်ပြီးမှ မှတ်ချက် ချလိုက်သည်။

'အင်း... ဒီလောက် ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုးကြီးတယောက်မှာ ဒီလောက် ချောမောလှပတဲ့ သမီးတယောက်ရှိနေတာ မယုံနိုင်လောက်အောင် အံ့သြစရာပဲဟေ့'

'ဘာရှင့်...ဒီမယ်၊ ကျွန်မအဖေကို မစော်ကားပါနဲ့'

ယန်းရှောက်ရှမ်းသည် သူမ၏ ဖခင်အား စော်ကားမော်ကား ပြောလာသည့်အတွက် ရှူးရှူး ရှဲရှဲ ဖြစ်သွားသည်။ အဖြူရောင် အင်္ကျီဝတ်စုံနှင့်လူမှာမူ လုံးဝ အရေးမစိုက်သည့်ဟန်ဖြင့် ရယ်ကျဲကျဲလုပ်နေလေသည်။

'နေပါဦး၊ စော်ကားတော့ကော ဘာဖြစ်လဲ၊ မင်း ဘာလုပ်ချင်လဲ'

ထိုသူက သရော်ပြုံးပြုံးယင်း လှမ်းပြောလိုက်သည်။ သူ့အသံမှာ အေးတိအေးစက်နှင့် ရက်စက်မည့် လူတယောက်ဖြစ်ကြောင်း ပေါ်လွင်နေသည်။ ယန်းရှောက်ရှမ်းက မခံချင်စိတ်ဖြင့် အံကို တင်းတင်းလေး ကြိတ်လိုက်သည်။ အသားများ တဆတ်ဆတ် တုန်နေသည်။

'ရှင်....ရှင်... လူကြီးစကားပြောပါ'

'ဟား . ဟား....ဟား ...'

အဖြူရောင် အင်္ကျီဝတ်ဆင်ထားသူက အားရပါးရရယ်မောလိုက်သည်။



နင့်အဖေက ငါ့ကိုအမျိုးမျိုး သေကြောင်းကြံခဲ့တာ မင်းသိရဲ့လား၊ ခုတော့ အတော်ပဲ၊ နတ်တို့ဖန်၊ ရေကန်အသင့် ကြာအသင့် ဆိုတာလို ဖြစ်နေပြီ၊ သူ့ကိုကလဲ့စားချေနိုင်ပေမယ်၊ သူ့သမီးကို ကလဲ့စား ချေရတော့မယ်၊ ရာဇဝင်ကြွေးကို ကောင်းကောင်းကြီး ဆပ်ရမှာပေါ့ကွာ'

ယန်းရှောက်ရှမ်း၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်ယင်လာသည်။ အကူအညီ ရလိုရငြား နံဘေးဝန်းကျင်သို့ ဝေ့ကြည့်လိုက်သည်။ တစုံတယောက်မျှမရှိ၊ ရှိလျှင်လည်း ထိုသူ၏အဖော်များသာ ဖြစ်လိမ့်မည်။ ယန်းရှောက်ရှမ်းသည် အဖော်ဖြစ်သူ ခါးကုန်းကြီး ပုတိုးကိုသာ တမ်းတနေမိတော့၏။

'ဘဘပုတိုး ရေ....'

ယန်းရှောက်ရှမ်းက အားကုန်ကြုံး၍ အော်လိုက်သည်။ သူမ၏အသံမှာ တတောလုံး ပဲ့တင် ရိုက်ခတ်သွားလည်။ သို့ရာတွင် ခါးကုန်းကြီး ပုတိုး၏ ပြန်ထူးသံကိုကား လုံးဝ မကြားရပါချေ။ ယန်းရှောက်ရှမ်း အကြီးအကျယ် စိတ်ဓာတ် ကျသွားသည်။ အဖြူရောင်ဝတ်စုံနှင့်လူက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

'ဟား ...ဟား....ဟား ...'

ထိုအဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသူ အဘိုးကြီးက ချုံစပ်တနေရာသို့လှမ်းကြည့်လိုက်ပြီး အမိန့်ပေးသည့်လေသံနှင့် လှမ်းအော်လိုက်သည်၊

'ဟေ့ ...သူ့ကို ဆွဲထုတ်ပြလိုက်စမ်း'

သူ့စကားအဆုံးတွင် ချုံစပ်အနီးရှိ သစ်ကိုင်း ငယ်များ

လှုပ်ရှားသွားလေသည်။ ယန်းရှောက်ရှမ်းက စူးစမ်းသော အကြည့်ဖြင့် မျက်တောင်မခပ်ပဲ စိုက်ကြည့်လိုက်မိသည်။ မကြာမီမှာပင် သူမသည် ခါးကုန်းကြီး ပုတိုးအား တွေ့မြင် လိုက်ရသည်။ သူမ၏ မျက်လုံးအစုံမှာ ဝိုင်းစက် ပြူးကျယ် သွားလေသည်။

'အို....'

ခါးကုန်းကြီး ပုတိုးအား တွေ့မြင်လိုက်ရသောအခါ ယန်းရှောက်ရှမ်းသည် မူးလဲကျမသွားစေရန် အနိုင်နိုင် အားတင်းထားလိုက်ရလေသည်။ ရန်သူ့ ရှေ့၌ မိမိ၏ ပျော့ညံ့မှုကို ပြသခြင်းသည် ရန်သူ၏ ဓားဦးကို ရင်ညွန့်ဖြင့် ထိုးခံသလို ဖြစ်နေမည်မဟုတ်ပါလား၊ထို့ကြောင့် ယန်းရှောက်ရှမ်းသည် ထိတ်လန့်တုန်လှုပ်မှုကို အံကြိတ်၍ တင်းခံလိုက်သည်။

သူမ တွေ့မြင်လိုက်ရသော ခါးကုန်းကြီး ပုတိုးမှာ အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သည်။ ပုတိုး၏ အလောင်းအား လွန်စွာအကျည်းတန် အရုပ်ဆိုးသော အဘွားအိုတဦးက တရွတ်တိုက်ဆွဲထုတ်လာခြင်းဖြစ်သည်။ အကျည်းတန် အဘွားအိုသည် ပုတိုး၏ အလောင်းအား ယန်းရှောက်ရှမ်းအနီး၌ ပစ်ချလိုက်သည်။

စင်စစ်မူ ခါးကုန်းကြီး ပုတိုး၏ သိုင်းပညာမှာ နုယ်နုယ်ရရမဟုတ်ချေ။ သူ၏သိုင်းပညာ အဆင့်အတန်းနှင့် ဆိုလျှင် ဤမျှရုပ်ပျက်ဆင်းပျက် ရှုံးနိမ့်ရန် အကြောင်းမရှိချေ။ သို့ရာတွင်သိုင်းပညာ ထိပ်တန်းအဆင့်ရှိသော ပုတိုးသည် ၎င်းတို့၏ လက်ချက်ဖြင့် မရှုမလှ သေဆုံးခဲ့ပြီဖြစ်သည်။ ဤသို့ဆိုလျှင် ၎င်းတို့၏ သိုင်းပညာအဆင့် အတန်းမှာ....။



ယန်းရှောက်ရှမ်း ဆက်၍ မတွေးဝံ့တော့ပေ။ ထို့အတူ သူမ၏ လက်ရှိ ကံကြမ္မာကိုလည်း အကောင်းဘက် လှည့်တွေးရန်မဖြစ်နိုင်တော့ချေ။ ယန်းရှောက်ရှမ်း အကြီးအကျယ်စိတ်ဓာတ်ကျသွားလေတော့သည်။

အကျည်းတန်အဘွားအိုသည် ပုတိုး၏ အလောင်းကို ပစ်ချလိုက်ပြီးနောက် ယန်းရှောက်ရှမ်းအား စိုက်ကြည့်လိုက်သည်။ အကျည်းတန် အဘွားအို၏ လက်တဘက်တွင်မူ ၄ ပေခန့်ရှည်သော ဓားတလက်ကို ကိုင်ဆောင်ထားလေသည်။ ဓားသွားပေါ်၌ ရဲရဲတောက် နီစွေးသော သွေးများက မြင်မကောင်းလောက်အောင် စွန်းထင်းနေလေသည်။ အကျည်းတန် အဘွားအို၏ စူးရဲသော အကြည့်ကြောင့် ယန်းရှောက်ရှမ်းမှာ အနည်းငယ် ကျောချမ်းသွားပြီး နောက်သို့ ခြေတလှမ်းမျှ ဆုတ်လိုက်မိသည်။

သူမ၏စိတ်ထဲတွင်မူ ဘေးကျပ် နံကျပ် ဖြစ် နေဆိုးမှ လွတ်မြောက်နိုင်ရန် အမျိုးမျိုး လှည့်ပတ် စဉ်းစားနေမိသည်။ ဘာတခုမျှ တွေးမရ။ သို့သော်....နည်းလမ်းတခုတော့ ရှိသည်။ ဤနေရာမှ အမြန်ဆုံး ထွက်ပြေးရန်ဖြစ်သည်။ လွတ်မည် မလွတ်မည်တော့ အတတ်မပြောနိုင်။ ကြိုးတော့ ကြိုးစား ကြည့်ရမည်။ ဤနေရာတွင် သူမ လေ့ကျင့် တတ်မြောက်ထားသည့် ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးချရမည်။ သို့ဖြင့် သူမသည် ပြေးလမ်းကို တချက်မျှအကဲခတ်လိုက်ပြီး တဟုန်ထိုး ပြေးလွှားထွက်ခွာရန် နောက်ဘက် လှည့်လိုက်သည်။

သို့ရာတွင် သူမ၏ကြိုးပမ်းမှုမှာ ရေထဲ အရုပ်ရေးသလို အရာမထင်ပဲ ဖြစ်သွားရသည်။ အကြောင်းကား အဖြူရောင် ဝတ်စုံနှင့် လူက သူမ ထွက်ခွာမည့် ပြေးလမ်းမှ ပိတ်ဆို့ ရပ်ထား လိုက်သည်ကို တွေ့လိုက်ရသောကြောင့်တည်း။

အကျည်းတန် အဘွားအိုက သဘောကျစွာ ပြုံးလိုက်သည်။

'ဟား ဟား ဟား ညည်း ထွက်ပြေးဖို့ မကြိုးစားစမ်းပါနဲ့၊ ပြေးလဲ တို့လက်က မလွတ်နိုင်ပါဘူးအေ၊ ဒါကြောင့် တို့နောက်ကို အေးအေးဆေးဆေးသာ လိုက်ခဲ့စမ်းပါ'

အခြေအနေ မဟန်တော့ကြောင်း ယန်းရှောက်ရှမ်း ကောင်းစွာ နားလည်လိုက်ပေပြီ၊ မည်သို့ဆိုစေ ရန်သူ့ထံ ဘယ်တော့မှ လည်စင်း မပေးနိုင်၊ အသက်နှင့် ခန္ဓာ မြဲနေသမျှ သင်းတို့တတွေအားရင်ဆိုင် တိုက်ခိုက်မည်။ ယန်းရှောက်ရှမ်းသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ဓားကို ဆွဲထုတ်လိုက်လေသည်။

'ရှမ်း'

ဓားရောင်က လက် ကနဲ ဖြစ်သွားသည်။ ဓား၏ အေးစိမ့်သော အငွေ့ အသက်က လေထုထဲ၌ လွင့်ပျံ့ သွားသည်။ ဓားကောင်း တလက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရန်ပင် မလိုအပ်တော့ချေ၊ အကျည်းတန် အဘွားအိုသည် ယန်းရှောက်ရှမ်း၏ ဓားကို စိုက်ကြည့်လိုက်ပြီး-

'ဟာ ဒါ... ဒါ .. ဟန်မိန်းရဲ့ ခုနစ်စင်ကြယ် ဓားပါလား'

အကျည်းတန် အဘွားအိုက အံ့သြတကြီး ပြောလိုက်မိသည်။ အဘွားအို၏ စကားကြောင့် ယန်းရှောက်ရှမ်း မှာလည်း တအံ့တသြ ဖြစ်သွားရသည်။



ထိုအချိန်၌ ကျေးငှက် သာရကာများ၏ မြူးတူး ပျော်ရွှင်စွာ တေးဆိုသံကို မကြားရတော့ပေ၊ ထို့အတူ လေတိုး၍ လှုပ်ခတ်သွားသော သစ်ကိုင်း သစ်ခက်တို့၏အသံကိုလည်း မကြားရတော့ချေ၊ စင်စစ်မူ ယန်းရှောက်ရှမ်းသည် အဖြူရောင် ဝတ်စုံ ဝတ်ထင်ထားသူနှင့် အကျည်းတန် အဘွားအိုတို့အား အလွန်အကျွံဂရုစိုက်နေသောကြောင့် သဘာဝ၏ ဖြစ်ပျက် သံစဉ်ကို မကြားနိုင်ခြင်းသာ ဖြစ်လေသည်။

'ဒီ သူခိုး သားအဖ ကို လူ့လောကမှာ မထားပဲ အပြတ်ရှင်းလိုက်တာ ကောင်းမယ်'

အဖြူရောင်ဝတ်စုံနှင့်လူက တိတ်ဆိတ်ခြင်းကို စတင် ဖြိုခွင်းလိုက်သည်။ သူ၏ စကားကြောင့် ယန်းရှောက်ရှမ်းမှာ အကြီးအကျယ် ဒေါသထွက်သွားရလေသည်။

'ရှင်-လူကြီးပီပီ စကားကို ကြည့်ပြောပါ၊ မဟုတ် မတရား မပြောပါနဲ့'

'မင်း အဖေကသာ ဟန်မိန်းကို မသတ်ခဲ့ယင် ဒီဓားက ဘယ်လိုလုပ်ပြီး မင်းတို့လက်ထဲ ရောက်နိုင်မှာလဲ'

ယန်းရှောက်ရှမ်းက ခေါင်းကိုသာ တွင်တွင် ခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒီဓားဟာ ကျွန်မအဖေရဲ့ပစ္စည်းပါ၊ ကျွန်မကို လက်ဆောင်ပေးထားတာ'

'ဟား ဟား ဟား ဟား'

အကျည်းတန် အဘွားအိုက အသံနက်ကြီးနှင့် အားရပါးရ

ရယ်မောလိုက်သည်။ ပြီးမှ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ယန်းရှောက်ရှမ်းကို စိုက်ကြည့်လိုက်သည်။

'ကဲကွာ သူနဲ့ ဖက်ပြီး စကားရှည်မနေစမ်းပါနဲ့၊ သူ့ကို ဖမ်းပြီး ကောင်းကောင်းကြီး ပညာပြလိုက်ကြရအောင်'

အပြုရောင်ဝတ်စုံနှင့် လူက ပြောပြောဆိုဆိုဖြင့် ယန်းရှောက်ရှမ်းထံ ချဉ်းကပ် သွားလေသည်။ ယန်းရှောက်ရှမ်း ထိတ်ကနဲ ရင်ခုန်သွားသည်။ ဓားကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ယင်း ပြန်လည် ခုခံရန် ဟန်ပြင်လိုက်သည်။ အပြုရောင်ဝတ်စုံနှင့် လူမှာ သစ်ကိုင်းခြောက်တခုကိုသာ ကိုင်ဆောင်ထားသည်။ သူသည် သစ်ကိုင်းကို အလျားလိုက် ဆန့်ထုတ်လိုက်ပြီး၊ ယန်းရှောက်ရှမ်းထံ ခြေတလှမ်း တိုးလိုက်သည်။ ယန်းရှောက်ရှမ်းက နောက်သို့ ခြေတလှမ်း ဆုတ်ကာ ခပ်စောင်းစောင်း ကိုင်ထားသော ဓားကို ထိုသူ၏ ရင်ဝသို့ လှမ်းထိုးလိုက်သည်။

သို့သော် ဘယ်လို ဘယ်လို ဖြစ်သွားသည် မသိ ယန်းရှောက်ရှမ်း၏ တကိုယ်လုံးရှိ အကြောအခြင်များ တုန့်ဆိုင်းသွားပြီး ကျောက်ရုပ်ကြီးကဲ့သို့ မလှုပ်မယှက် ဖြစ်သွားသည်။ အမှန်မှာ အပြုရောင်ဝတ်စုံနှင့် လူက သစ်ကိုင်းဖြင့် ယန်းရှောက်ရှမ်း၏ သွေးကြော ခုနစ်နေရာကို လှမ်းပိတ် လိုက်ခြင်းကြောင့် ဖြစ်သည်။

ယန်းရှောက်ရှမ်း ထိတ်လန့်သွားသည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးဖြင့် အဖြူရောင် ဝတ်စုံနှင့် လူကို စိုက်ကြည့်မိသည်။ အဖြူရောင်ဝတ်စုံနှင့် လူက အေးတိ အေးစက် နိုင်လှသော လေသံဖြင့်-



'မင်း ဘာမှ စိတ်မပူပါနဲ့၊ မင်းအဖေသာ ငါ့စကားကို နားခံမယ်ဆိုယင် မင်းကို ချက်ချင်း ပြန်လွှတ်ပေးမှာပါ'

အကျည်းတန် အဘွားအိုက ယန်းရှောက်ရှမ်း၏ လက်ထဲမှ ဓားကို အသာအယာ ဖြုက်ယူလိုက်သည်။ သူတို့၏ မျက်နှာ၌ ကျေနပ်သော အပြုံးများ ယှက်သန်းသွားလေသည်။ သူတို့၏ မဟာရန်သူတော်ကြီးဖြစ်သော ယန်းချွဲ့စန်း၏ သမီးသည် သူတို့ လက်ထဲ ရောက်ရှိနေခဲ့ပြီ မဟုတ်ပါလား၊ နိုင်ဖဲတချပ် ရထားသော ဖဲသမားကဲ့သို့ သူတို့နှစ်ယောက်စလုံး ဝမ်းသာပီတိ ဖြစ်သွားကြလေသည်။

ထိုစဉ်မှာပင် .. ဝံပုလွေတကောင်သည် သူတို့ရှေ့မှောက် ဗြုန်းကနဲ ကျရောက်လာလေတော့သတည်း။

ဝံပုလွေဟူသော သတ္တဝါမှာ လွန်စွာ ဖျတ်လတ်ပြီး ရန်သူ၏ လည်မြိုကိုသာ ဦးတည် တိုက်ခိုက်လေ့ ရှိပါသည်။ ရန်သူကို တိုက်ခိုက်ရာ၌ သူ၏ စူးရှချွန်မြသော လက်သည်းကို ထုတ်သုံးကာ အဟုန်ပြင်းပြင်းဖြင့် ကြောက်မက်ဖွယ် တိုက်ခိုက်လေ့ရှိသော သတ္တဝါပင် ဖြစ်သည်။

သို့သော် သူတို့ရှေ့သို့ ကျရောက်လာသော ဝံပုလွေမှ ဝန်ထုပ်ကြီး တထုပ် ပစ်ချလိုက်သလိုသာ ဖြစ်နေသည်။ သို့စင်လျက် လူအိုသလောက် လျင်မြန်လှသော အကျည်းတန် အဘွားအိုက ဓားဖြင့် ခုတ်ပိုင်းလိုက်ပြီး ဖြစ်နေလေသည်။ ဝံပုလွေအား ဓားဖြင့် မိမိရခုတ်ပိုင်းလိုက်နိုင်သော်လည်း ဝံပုလွေ၏ ညည်းသံကို လုံးဝမကြားကြရပေ။ ထို့အတူ သွေးတရဟော ပန်းရမည့်အစား သွေးစို့သည် ဆိုရုံသာ ထွက်လာသည်။

သူတို့သည် ဝံပုလွေအား တအံ့တဩ ကြည့်လိုက်မိကြသည်။ ဝံပုလွေ အသေကောင်ကြီး ဖြစ်နေချေသည် တကား။

သူတို့၏ မျက်နှာသည် ရုတ်ခြည်း တင်းမာ ခက်ထန်သွားသည်။ တစုံတယောက်၏ လက်ချက်ကြောင့် သူတို့ရှေ့သို့ ဝံပုလွေ အသေကောင် ရောက်လာခြင်းဖြစ်ကြောင်း သူတို့ ကောင်းစွာ နားလည်လိုက်သည်။ သို့ဆိုလျှင်....

ထိုတစုံတယောက်သည် မည်သူနည်း။

အကျည်းတန် အဘွားအိုနှင့် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသူသည် မျက်စိမျက်နှာ ပျက်ပျက်နှင့် နံဘေးဝန်းကျင်သို့ လှည့်ပတ် ကြည့်လိုက်သည်။ သို့ရာတွင် တစုံတယောက်ကိုမျှ မမြင် မတွေ့ရပါချေ။ မည်သို့ဆိုစေ သူတို့အား လာရောက်နှောင့်ယှက်သူမှာ တော်ရုံတန်ရုံ ပုဂ္ဂိုလ် မဟုတ်ကြောင်း နှစ်ယောက်စလုံး နားလည် လက်ခံထားကြသည်။

'ဘယ့်သူလဲဟေ့၊ တို့ကို လာနှောင့်ယှက်တာ'

အကျည်းတန် အဘွားအိုက အော်မေး လိုက်သည်။ သူမ၏ စကားသံ အဆုံးတွင် သစ်ပင်ပေါ်မှ အသံတသံ ရုတ်တရက် ထွက်ပေါ်လာလေသည်။

'ကျုပ်ပါဗျာ'

ထိုစကားသံနှင့်အတူ သစ်ပင်ပေါ်မှ လူတယောက် ခုန်ဆင်းလာသည်၊ ထိုသူမှာ အသက်(၂၈)နှစ်ခန့်သာ ရှိသေးသော လူငယ်တဦး ဖြစ်သည်။

'ဘာလိုလို့နဲ့၊ ခင်ဗျားတို့ကို မတွေ့တာတောင် အတော်ကြာပြီပဲ'



တို့သူအား တွေ့မြင်လိုက်ရသောအခါ အကျည်းတန်အဘွားအိုမှာ ကွက်ကနဲ မျက်နှာပျက်သွားလေသည်။

'မင်း မင်း=ချန်စွန်းယို့လင်း မဟုတ်လား'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ဒီလိုတော့လဲ ခင်ဗျားက မှတ်မိသားပဲ၊ ကျုပ်တို့ မတွေ့တာ အတော်ကြာသွားပြီနော်'

'နေပါအုံး၊ မင်းက ဘာကိစ္စနဲ့ ဒီကို ရောက်လာရတာလဲ'

အဖြူရောင်ဝတ်စုံနှင့်လူက မှုန်ကုပ်ကုပ်မျက်နှာထားနှင့် ဝင်ပြောလိုက်ခြင်းဖြစ်သည်။ အကျည်းတန် အဘွားအိုကလည်း မနှစ်မြို့သော မျက်နှာထားနှင့် ချန်စွန်းယို့လင်းကို စိုက်ကြည့်လိုက်သည်။ ချန်စွန်းယို့လင်းမှာမူ သူမတို့၏ မလိုလားသော အကြည့်ကို လုံးဝ ဂရုမစိုက်ပဲ ပြုံးပြလိုက်လေသည်။

'ယန်းရှောက်ရှမ်းကို ပြန်ပေးဆွဲမလို့လေ'

'ဘာ....'

အဖြူရောင်ဝတ်စုံနှင့်လူသည် ယမ်းပေါ် မီးကျသလိုထောင်းကနဲဒေါသထွက်သွားသည်။ အကျည်းတန် အဘွားအိုကမူ မျက်မှောင်ကုပ်ယင်း ချန်စွန်းယို့လင်းကို စိုက်ကြည့်နေမိသည်။

'ဒီမှာ တို့ အခုလက်ဦးနေပြီ၊ မင်း ဘာမှလုပ်ဖို့ စိတ်မကူးနဲ့တော့'

'ဟား....ဟား ...ဟား... ဟား'

ချန်းစွန်းယို့လင်း ဟက်ဟက်ပက် ရယ်မောလိုက်သည်။ အဖြူရောင်ဝတ်စုံနှင့်လူမှာ စိတ်တိုသထက်တိုလာသည်။ ချန်စွန်းယို့လင်းသည် အရယ်ရပ်လိုက်ပြီး သူတို့နှစ်ယောက်အား သနားစရာသတ္တဝါနှစ်ကောင်အလား စိုက်ကြည့်လိုက်သည်။

'ခင်ဗျားတို့က ကောင်မလေးကို ဖမ်းသွားရုံနဲ့ သူ့အဖေဆီက ပစ္စည်းကို ရနိုင်မယ်များ ထင်နေသလား'

အဖြူရောင်ဝတ်စုံနှင့်လူသည် ပို၍ ဒေါသထွက်လာပြီး..

'ဟေ့…ဒါမင်းနဲ့ဆိုင်တဲ့ ကိစ္စမဟုတ်ပါဘူး၊ မင်းတို့ နန်းတွင်းသိုင်းသမား ၄ ယောက်စလုံးလာတာတောင် ငါက ဂရုစိုက်မယ်များ ထင်နေသလား'

ချန်စွန်းယို့လင်းက လက်ကာပြလိုက်သည်…

'အို…အို စကားကို အရမ်းမပြောပါနဲ့လေ၊ နန်းတွင်းသိုင်းသမား ၄ ယောက် မဟုတ်တော့ပါဘူး၊ ရွှေကြက်တူရွေး သေသွားပြီလေ၊ မဟူရာပုံ့လွှားလဲ ပျောက်နေတာ ကြာပါပြီ၊ ဒါကြောင့် နန်းတွင်းသိုင်းသမား ၂ ယောက်လို့ ပြောစမ်းပါ။ ပြီးတော့ နန်းတွင်း သိုင်းသမားတွေထဲမှာ ကျုပ်က အသက်အငယ်ဆုံး ဖြစ်သလိုသိုင်းပညာမှာလည်း အညံ့ဆုံးပါ'

ချန်စွန်းယို့လင်း၏ စကားကြောင့် အကျည်းတန် အဖွားအိုက မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

'ဟင်း…ဟင်း…ဟင်း'

'ဟုတ်ပါတယ် သည့်ပြင်ကိစ္စဆိုယင် တို့ကမင်းကို ဦးစားပေးမှာပါ၊ ခုကိစ္စမှာတော့ တဆိတ် သည်းခံပါကွာ'

အဖြူရောင်ဝတ်စုံနှင့်လူက ဝင်၍ လေပြေ ထိုးလိုက်သည်။ ဖြစ်နိုင်လျှင် ချန်စွန်းယို့လင်းနှင့် သူတို့ ပြဿနာမဖြစ်ချင်၊ ပြေပြေလည်လည် ကိုယ့်လမ်း ကိုယ်လျှောက်ချင်သည်။ ထို့ကြောင့် အဖြူရောင်ဝတ်စုံနှင့်လူက ဒေါသကို ချုပ်တည်းပြီး ပြေလည်အောင်



ပြေလည်ကြောင်း ဝင်ပြောလိုက်ခြင်း ဖြစ်လေသည်။ ချန်စွန်းယို့လင်းက ခေါင်းခါလိုက်သည်။

'မဖြစ်ဖူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အဲ ယန်းရှောက်ရှမ်းကိုခေါ်သွားယင်တော့ ကျုပ်ကို အယင်သတ်ရလိမ့်မယ်'

သူတို့၏ သည်းခံနိုင်မှု အတိုင်းအတာမှာ လုံးဝ ကုန်ဆုံးသွားပြီဖြစ်သည်။ အခြေအနေက အေးအေးဆေးဆေးနှင့် ကိစ္စပြတ်မည့်ပုံမပေါ်၊ ထို့ကြောင့် အကျည်းတန်အဘွားအိုမှာ ထောင်းကနဲ ဒေါသထွက်လာပြီး…

'ကဲ ဒီလောက်တောင် အလိုက်ကန်းဆိုး မသိတဲ့ကောင် သေဖို့သာ ပြင်ပေတော့'

ပြောပြောဆိုဆိုဖြင့် အကျည်းတန် အဘွားအိုက ခေါးကိုဝေ့ယမ်းယင်း တရစပ်ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။ ခေါးရောင်များ ဝင်းကနဲ၊ လက်ကနဲ ဖြစ်သွားသည်။ သာမန် လူဆိုလျှင် အဟုန်ပြင်းပြင်းဖြင့် တရကြမ်း ဝင်ရောက်လာသော အကျည်းတန် အဘွားအို၏ ခေါးချက်ကို ရှောင်တိမ်းနိုင်မည် မဟုတ်ချေ။ ချန်စွန်းယို့လင်းပင်လျှင် လွတ်ရုံမျှသာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

အကယ်၍သာ ချန်စွန်းယို့လင်းသာ အတွေ့အကြုံ ရင့်ကျက်သူ မဟုတ်လျှင် အကျည်းတန်အဘွားအို၏ ခေါးဖျား၌အသက်ပါသွားနိုင်လောက်သည်။ အကျည်းတန်အဘွားအို၏ အဟုန်ပြင်းသော ခေါးချက်များမှာ ကြောက်ဖွယ် လိလိပါတည်း။

ထိုစဉ်မှာပင် ချန်စွန်းယို့လင်းသည် ရှောင်တိမ်းယင်းဖြင့် သူ၏ခေါးကို ဆွဲထုတ်လိုက်သည်။ အကျည်းတန် အဘွားအိုမှာမူ

ခေါးကို တရစပ်ဝှေ့ယမ်းယင်း ချန်စွန်းယို့လင်းအား အဆက်မပြတ်တိုက်ခိုက်နေလေသည်။ ရန်သူအား ခေါးကွက် ဖော်ခွင့်မရအောင် ဖိတိုက်၍နေခြင်းဖြစ်သည်။

အဖြူရောင်ဝတ်စုံနှင့်လူမှာလည်း သားကောင်ချောင်းသော မုဆိုးကဲ့သို့ အခွင့်အရေးကို စောင့်ကြည့်နေလေသည်။ အခွင့်အရေးရသည်နှင့် လျှပ်တပြက်ဝင်တိုက်နိုင်ရန် အသင့်ပြင်ဆင်ထားသည်။

ချန်စွန်းယို့လင်းသည် အလျဉ်မပြတ် ကျရောက်လာသော အကျည်းတန်အဘွားအို၏ ခေါးချက်များကို သတိကြီးစွာထား၍ ရှောင်တိမ်းနေရသည်။ အကျည်းတန် အဘွားအို၏ ခေါးကွက်များမှာ သူမျှော်လင့်ထားသည်ထက် ပိုမို ရှုတ်ထွေးနေလေသည်၊ တဘက်မှလည်း အဖြူရောင်ဝတ်စုံနှင့်လူက ရုတ်တရက် ဝင်တိုက်ခိုက်မည်ကို သတိထားနေရသေးသည်။

တချီတွင် ချန်စွန်းယို့လင်းသည် မိမိ၏ဝမ်းဗိုက်သို့ တန်းဝင်လာသည့်ခေါးကို ကိုယ်တပတ်လှည့်၍ ရှောင်လိုက်ရာ ခြေချော်ပြီး ဟန်ချက်ပျက်သွားသည်။ ထိုအခါ အကျည်းတန် အဘွားအိုက အပိုင်ဟု တွက်လိုက်သည်။

'သေပေတော့ဟေ့....'

အကျည်းတန် အဘွားအိုက မာန်သွင်း အော်ဟစ်ပြီး ချန်စွန်းယို့လင်း၏ ဦးခေါင်းအားခေါးဖြင့် ခုတ်ပိုင်းလိုက်သည်။

'အား'

နာကျင်စူးရှသော အော်ဟစ်သံက တတောလုံး ပဲ့တင်ရိုက်ခတ်သွားလေတော့သတည်း။



အကျည်းတန်အဘွားအိုသည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် ချန်စွန်းယို့လင်းအား စိုက်ကြည့်လိုက်သည်။ ထို့နောက် အရုပ်ကြိုးပြတ်လဲကျသွားလေတော့၏။ အထင်နှင့်အမြင်ပါ စင်အောင် လွဲမှားသွားသောကြောင့် အဖြူရောင် ဝတ်စုံနှင့်လူမှာလည်း မယုံကြည်နိုင်လောက်အောင် အံ့သြ တုန်လှုပ်သွားလေတော့သည်။

ဖြစ်ပျက်ပုံမှာ ဤသို့တည်း။

အကျည်းတန် အဘွားအို သည် လစ်ဟာသွားသော ချန်စွန်းယို့လင်း၏ဝမ်းဗိုက်ကို ခေါးဖြင့် ဝါးလုံးထိုး ရိုက်သွင်းလိုက်သည်။ သို့သော်- ချန်စွန်းယို့လင်းက ကိုယ့်ကိုရို့၍တပတ်လှည့်ရှောင်လိုက်သည်။

စင်စစ်မှာမူ ချန်စွန်းယို့လင်းသည်တမင်တကာပင်လဲပြို သယောင်ဆောင်လိုက်ခြင်းဖြစ်သည်။ အကျည်းတန်အဘွားအိုမှာ အမှန်တကယ်ပင် ထင်မှတ်ပြီး အပေါ်စီးမှ ခုတ်ပိုင်းလိုက်ခြင်းဖြစ်သည်။

ထိုအခြေအနေမျိုးရောက်အောင် ဖန်တီးလိုက်သော ချန်စွန်းယို့လင်းသည် ကိုယ်ကိုတပတ်လှိမ့်ထွက်၍ ခေါးကို လက်ပြန်ထိုးသွင်းလိုက်ခြင်း ဖြစ်သည်။

အရှိန်နှင့်ဝင်လာသောအဘွားအိုမှာ ဆင်ကွက်ထဲဝင်ရောက်မိကြောင်း သိလိုက်သည်နှင့် ကိုယ်ရှိန်သတ်ရန် ကြိုးစားလိုက်သည်။ သို့သော် လွန်စွာ နောက်ကျသွားလေသည်။

ချန်စွန်းယို့လင်း၏ခေါးက သူမ၏ရင်ဝသို့ စိုက်ဝင်သွားပြီ ဖြစ်လေသည်။

နံဘေးမှစောင့်ကြည့်နေသော အဖြူရောင်ဝတ်စုံနှင့် လူမှာ တဒင်္ဂမျှ ကြောင်အမ်းအမ်းဖြစ်သွားခဲ့ရသည်။ နောက်မှ သတိပြန်ဝင်လာပြီး တုန်လှုပ်ချောက်ချားသွားသည်။

သူသည် လက်ထဲမှ သစ်ကိုင်းစကိုလွှတ်ချလိုက်ပြီး အကျည်းတန်အဘွားအိုထံ တဟုန်ထိုး ပြေးသွားကာ ပွေ့ချီလိုက်သည်။ နီရဲသောသွေးများက သူ၏အဖြူရောင်ဝတ်စုံ၌ မြင်မကောင်းအောင် စွန်းပေသွားလေသည်။

သူ၏နှုတ်ကမူ…

'ပုလဲ…ပုလဲ…ပုလဲ'

အဖြူရောင်ဝတ်စုံနှင့်လူ၏နှုတ်မှ သူရူးပမာ တတွတ်တွတ် အော်ခေါ်နေမိရှာလေတော့သတည်း။

× × ×

လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က သိုင်းလောကတွင် လွန်စွာ ကျော်ကြားသော ဒမြနှစ်ယောက် ရှိခဲ့သည်။ ထိုနှစ်ယောက်မှာ ဇနီးမောင်နှံများ ဖြစ်ပြီး၊ ဒမြတိုက်ရာ၌ အတွဲညီလှသော စုံတွဲတတွဲဖြစ်သည်။ ထို့ကြောင့် သိုင်းလောက၌ ဖိုမဒမြဟု ဆိုလျှင် မသိသူ မရှိသလောက် ထင်ရှားခဲ့ခြင်း ဖြစ်သည်။



အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသူနှင့် အကျည်းတန်အဘွားအိုမှာ သိုင်းလောက၌ကျော်ကြားခဲ့သော ဖိုမဒမြ စုံတွဲပင် ဖြစ်ပေတော့၏။ အဖြူရောင် ဝတ်စုံဝတ်ထားသူ၏ အမည်မှာ ဟန်ကြွက်ဖြစ်ပြီး၊ အကျည်းတန် အဘွားအို၏ အမည်မှာ ပုလဲဖြစ်လေသည်။

အမှန်တော့မူ ပုလဲသည် အရုပ်ဆိုးအကျည်းတန်သည် မဟုတ်ချေ၊ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ခန့်က ဆိုလျှင် သူမ၏ ရုပ်ရည်မှာ မြင်သူတကာ ငေးရလောက်အောင် ချောမောလှပသူဖြစ်သည်။ သို့ရာတွင် မကောင်းမှု ဒုစရိုက်ပြုသူများ၌ ဖြစ်လေ့ဖြစ်ထရှိသည့် ဓမ္မတာအတိုင်း မကောင်းမှု အကျိုးဆက်ကို ဘဝမကူးမီ သေလုမြောပါး ကြုံတွေ့ခံစားခဲ့ရရှာလေသည်။

သူမသည် တကြိမ်၌ ဒမြတိုက်ခဲ့ရာ မမျှော်လင့်ပဲ အဆိပ်မိခဲ့ရသည်။ ထိုအဆိပ်ကြောင့် အသက်မသေခဲ့သည့်တိုင် သေရာပါဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရလေသည်။ ပုလဲ၏ ခင်ပွန်းဖြစ်သူ ဟန်ကြွက်မှာ ကံအားလျော်စွာပင် အဆိပ်သင့်ခြင်းမှ ကင်းလွတ်ခဲ့သည်။

ထို့နောက် သူတို့ဇနီးမောင်နှံသည် ဟန်မိန်းထံ၌ နှစ်ပေါင်းအတော်ကြာအောင် ခိုအောင်း နေထိုင်ခဲ့ကြသည်။ ဟန်မိန်းမှာ ဟန်ကြွက်၏ အစ်ကိုပင် ဖြစ်ပေတော့၏။

× ×

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ဥက္ကလာ
ရန်း ၂၁၄၄၅

ဟန်ကြွက်သည် ဇနီးသည်၏ အလောင်းကို ပွေ့ဖက်ထားပြီး ဝမ်းနည်းကြေကွဲစွာ ငိုင်တွေနေမိသည်။ သူ၏ မျက်လုံးအိမ်၌မူ မျက်ရည်စများက ရစ်သိုင်းယှက်နွယ်နေလေသည်။ သူ့ဇနီးသည် သေဆုံးခဲ့ရသည့် အတွက် ပူဆွေး ဝမ်းနည်းမိသည့် နည်းတူ ချန်စွန်းယို့လင်းအပေါ်၌လည်း ကြိတ်မနိုင် ခဲမရ ဒေါသထွက်မိသည်။

သို့သော် သူသည် ချန်စွန်းယို့လင်းအား ပြန်လည် တိုက်ခိုက်ခြင်း မပြုချေ။ ဇနီးသည်၏ အလောင်းကိုသာ ကြေကွဲစွာ ပွေ့ဖက်ထားသည်။ ထို့အတူ ချန်စွန်းယို့လင်းမှားလည်း သူ့အား တိုက်ခိုက်ခြင်း မပြုချေ။ ချန်စွန်းယို့လင်းသည် သူ့အား စိတ်မကောင်းခြင်း ကြီးစွာဖြင့် စိုက်ကြည့်နေမိလေသည်။

အချိန်အတော်ကြာသည့် အခါတွင်မှ ဇနီးသည်၏အလောင်းကို ပခုံးပေါ် ထမ်းတင်လိုက်သည်။ ထို့နောက် ဓားကို ကောက်ယူပြီး၊ ထိုနေရာမှ တလှမ်းချင်း ထွက်ခွာသွားလေသည်။ သူ့ရင်ထဲ၌မူ နေဆယ်စင်း ထွက်လာသကဲ့သို့ ပူလောင်နေချေမည်။ ချန်စွန်းယို့လင်းက စိတ်မကောင်းစွာဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

ဟန်ကြွက်သည် ဇနီးသည်၏ အလောင်းကို ထမ်းပိုးထွက်ခွာနေရာမှ ချန်စွန်းယို့လင်းအား သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

'မင်းကို ငါ မယှဉ်နိုင်မှန်း သိလို့ အရှုံးပေးလိုက်ပါပြီ'

ဟန်ကြွက်သည်အခြေအနေအမှန်ကိုနားလည်သဘောပေါက်သူ ဖြစ်၏။ သူသည် နန်းတွင်း ဓားသမားဟု အမည်ရနေသည့်



ချန်စွန်းယို့လင်းအား မည်သို့မျှ မယှဉ်နိုင်ကြောင်း သိသည်။ ယခု ကြည့်၊ စိတ်မထိန်းနိုင်သော ဇနီးသည် ပုလဲက ချန်စွန်းယို့လင်းအား ယှဉ်နိုင်စွမ်းမရှိပဲ တိုက်ခိုက်မိသောကြောင့် အသက် သေဆုံးသွားခဲ့ရလေပြီ။

သူသည် ရန်ကြွေးဟောင်းကို ပြန်မဆပ်နိုင်သည့်အပြင် ရန်ကြွေးသစ်တခုကိုပါ ထပ်မံ ရရှိသွားခဲ့ရသည်။ သို့သော် သူ မသိသည့် အချက်မှာ ဤလောကအတွင်း၌ မတော် မတရား လုပ်သူတိုင်းအတွက် ဤသို့သော် ပူဆွေးဝမ်းနည်းဖွယ်ရာ ဖြစ်ဒဏ်သည် လူ၏နောက်မှ အမြဲတမ်း ပါသော အရိပ်ကဲ့သို့ မခွာတမ်း လိုက်နေသည် ဆိုသည့်အချက်ကိုပင်တည်း။

**မကောင်းမှု ပြုသူတို့၏ ဘဝသည် မဖုတ်ရသေးသော ရွှံ့အိုးကို ရေထဲ၌ စိမ်ထားသည့်ပမာ တစတစ ပြိုအိပျက်စီးသွားရမည်မှာ သေချာလှတော့သည်။**

ယန်းရှောက်ရှမ်းသည် အကြော ပိတ်ခံထားရသောကြောင့် တကိုယ်လုံး မလှုပ်ရှားနိုင်သော်လည်း အဖြစ်အပျက်အားလုံးကို မူ မြင်တွေ့နေရလေ၏။ တောအုပ်တွင်းမှ ဟန်ကြွက် ထွက်ခွာ ပျောက်ကွယ် သွားသည့်အခါမှ ချန်စွန်းယို့လင်းသည် ယန်းရှောက်ရှမ်းကို သတိပြုမိလေသည်။ ထို့ကြောင့် ယန်းရှောက်ရှမ်း၏ ပိတ်နေသော သွေးကြောများကို ပြန်ဖြေပေးလိုက်သည်။ သို့ရာတွင် ယန်းရှောက်ရှမ်း၏ အမူအရာမှာ ကျေးဇူး မတင်သည့်ပြင် မုန်းတီး ရွံရှာနေဟန် ပေါ်လွင်နေလေသည်။

'ဘာလဲ့ ရှင်က ကျွန်မကို ပြန်ပေး ဆွဲအုံးမလို့လား'

'ဟုတ်တယ်'

'ကျွန်မအဖေသာ သိယင် ရှင့်နောက်ကို မရမက လိုက်မှာ၊ ရှင် မကြောက်ဘူးလား'

ချန်စွန်းယို့လင်းက ပြုံးလိုက်သည်။

'မင်းမှားနေပြီ မိန်းကလေး'

'ကျွန်မ ဘာမျှား မှားနေလို့လဲ'

'ခုအချိန်မျိုးမှာ မင်းရဲ့အဖေက ငါ့ကို လိုက်ရှာမှာ မဟုတ်ပါဘူး၊ ငါကသာ မင်းရဲ့အဖေကို လိုက်ရှာနေတာ'

ယန်းရှောက်ရှမ်း၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ ဒေါသစိတ်ကြောင့် မျက်နှာကလေးပင် နီမြန်းသွားလေသည်။ သူမသည် အံကြိတ်လိုက်ပြီး…

'ရှင် ကျွန်မအဖေနဲ့ ရန်ငြိုးရှိနေလို့လား'

ချန်စွန်းယို့လင်းက ဖြေးညင်းစွာ ခေါင်းခါလိုက်သည်။ ပြီးနောက် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ ယန်းရှောက်ရှမ်းက မျက်တောင်မခတ်စူးစမ်းကြည့်လျက်ရှိသည်။

'တချို့ကိစ္စလေးတွေကို မင်း ဘာမှ မသိပါဘူး။ ငါ့အနေနဲ့ကလဲ ဘာမှ မပြောချင်ဘူး၊ ပြောဖို့လဲ မသင့်ဘူးလို့ ငါယူဆတယ်'

ယန်းရှောက်ရှမ်းက နှုတ်ခမ်းမဲ့လိုက်သည်။

'မပြောချင်လဲ နေပေါ့၊ ကျွန်မကလဲ မသိချင်ပါဘူး'

ချန်စွန်းယို့လင်းက သဘောကျစွာဖြင့် ပြုံးလိုက်သည်။ ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ယန်းရှောက်ရှမ်းအား ပြန်ပြောလိုက်လေသည်။



'ဟုတ်ပါတယ် ဒီကိစ္စမျိုးမှာ မင်းဘာမှမသိတာ အကောင်းဆုံးပဲ'

စင်စစ် ယန်းရှောက်ရှမ်းသည် မသိချင်ဟု အခွဲ့တိုက်ပြောလိုက်သော်လည်း စိတ်ထဲ၌ အလွန်တရာ သိချင်နေသည်။

သို့သော် ကိုယ့်စကားနှင့်ကိုယ် ဖြစ်နေသောကြောင့် ဘာမျှမတတ်နိုင်။ ဘာကိစ္စများပါလိမ့် ဟူ၍သာ ကိုယ့်ကိုယ်ကို မေးနေမိလေတော့သည်။

'ငါ့မှာ အရေးကြီးတဲ့ကိစ္စတခုရှိနေတယ် အဲဒါမင်းဆီကအကူအညီရမှ ဖြစ်မှာ'

ယန်းရှောက်ရှမ်းသည် ချန်စွန်းယို့လင်းအား ပြုံးကျယ်သော မျက်လုံးအစုံဖြင့် ပြန်ကြည့်လိုက်မိသည်။ ဤလူသည် သူမအားလက်ခုပ်ထဲမှ ရေကဲ့သို့ပြုလိုရာပြုနိုင်ပါလျက်ဤကဲ့သို့တောင်းပန် ပြောဆိုခြင်းကို သူမ အလွန်အံ့သြသွားသည်။

'ဘာ- ရှင့်ကိစ္စအတွက် ကျွန်မဆီက အကူအညီလိုတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဖြစ်ရလေရှင်၊ ကျွန်မကိုယ်တိုင်တောင် ရှင့်လက်ခုပ်ထဲကရေဖြစ်နေတာ၊ ရှင့်ကို ကျွန်မက ဘာများကူညီနိုင်မှာလဲ'

'ကူညီနိုင်တာတွေရှိပါတယ်၊ ဒါကြောင့်လဲ အကူအညီတောင်းနေတာပေါ့'

'ရှင့်ကြည့်ရတာ လူကောင်းနဲ့မတူဘူး'

'အလိုငါကလဲလူကောင်းတယောက်ပါလို့မပြောခဲ့ရပါလား'

ထို့နောက် ပြောစရာစကားမရှိတော့သကဲ့သို့ နှစ်ယောက်

စလုံး နှုတ်ဆိတ်သွားကြသည်။ ချန်စွန်းယို့လင်းသည် သူမအား မည်သို့ဆက်လက်ပြောဆိုရမည်ကို စဉ်းစားတွေးတောနေဟန်ဖြင့် ငေးနေသည်။ ယန်းရှောက်ရှမ်းမှာမူ ချန်စွန်းယို့လင်းထံမှ စကား နှိုက်ထုတ်ရမည်ကို တွေးတောစဉ်းစားနေလေသည်။

'ဒါနဲ့ - ရှင် ဘယ်တုန်းထဲက ဒီကိုရောက်နေတာလဲ'

သူမ၏ ကောက်ကာငင်ကာ မေးလိုက်သော မေးခွန်းကြောင့် ချန်စွန်းယို့လင်းမှာ အတွေးလွန်နေရာမှ ဖြတ်ကနဲ သက်ဝင်လာသည်။

'အစောကြီးထဲကရောက်နေတာပါ၊ဒါပေမယ့် ငါတယောက် တည်းမဟုတ်ဘူး၊ ငါ့ထက် အယင်ရောက်နေတဲ့လူတွေ ရှိတယ်'

ယန်းရှောက်ရှမ်းသည် ဟန်ကြွက်နှင့်ပုလဲကို သတိရလိုက် သည်။

'ဒါဖြင့် ဘဘပုတိုးကို သူတို့သတ်လိုက်တုန်းက ရှင်လဲ ရှိနေ မှာပေါ့'

ချန်စွန်းယို့လင်းမှာ ကပျာကယာ လက်ကာပြလိုက်ပြီး-

'အို- အို- အဲဒီတုန်းက ငါမရှိပါဘူး၊ ငါရောက်လာတဲ့ အချိန်မှာ မင်းရဲ့ ဘဘပုတိုးဟာ သူတို့လက်ချက်နဲ့ သေနေ ပါပြီ။

ယန်းရှောက်ရှမ်းသည် စိတ်မကောင်းစွာဖြင့် ခပ်ညည်းညည်း လေး ပြောလိုက်သည်။

'ဒါနဲ့ - စောစောက ကျွန်မကိုဖမ်းဖို့ကြိုးစားခဲ့တဲ့လူတွေဟာ ဘယ်သူတွေလဲရှင့်'



'ဟိုတုန်းကတော့ ဖိုမ ဒမြလို့ နာမည်ကြီးခဲ့တဲ့ လင်မယား ပေါ့၊ အဘိုးကြီးနာမည်က ဟန်ကြွက်တဲ့၊ အဘွားကြီးနာမည် က ပုလဲလို့ ခေါ်တယ်'

ယန်းရှောက်ရှမ်း မသိမသာ သက်ပြင်းချလိုက်မိသည်။

'သူတို့နှစ်ယောက်က အတော်ကို ရက်စက်ကြတာပဲနော်၊ ကြည့်စမ်းပါအုံး၊ ဘဘပုတိုးကို မညှာမတာ သတ်သွားကြတာ၊ အင်း- တကယ်တော့လဲ ဘဘပုတိုးဟာ အင်မတန်တော်တဲ့ သိုင်း သမားတယောက်ပါ၊ ဘာဖြစ်လို့များ ခုလိုဖြစ်သွားရတယ် မသိ ဘူး'

ချန်စွန်းယို့လင်းက ခါးကုန်းကြီးပုတိုး၏ အလောင်းကို တချက်လှမ်းကြည့်လိုက်သည်။

'မင်းရဲ့ ဘဘပုတိုးဟာ သိုင်းပညာတော်တာ မှန်ပေမယ့်၊ ဟိုလင်မယားကိုတော့ ဘယ်လိုမှ မလွန်နိုင်ပါဘူး'

'ဒါပေမယ့် အဘွားကြီးကို ရှင်သတ်လိုက်တာလဲ ရက်စက် လွန်းရာ ရောက်နေတာပဲ'

'ထင်မယ်ဆိုလဲ ထင်စရာပေါ့၊ ဒါပေမယ့် စစ်တိုက်တဲ့အခါ မှာ သနားနေလို့ မရဘူး၊ ကိုယ်က သူ့ကိုမသတ်ယင်၊ သူက ကိုယ့်ကိုသတ်သွားလိမ့်မယ်၊ ပြီးတော့လဲ ဒီအဘွားကြီး ကျူး လွန်ခဲ့တဲ့ ပြစ်မှုတွေနဲ့ ယှဉ်ကြည့်လိုက်ယင် ခုလိုအသတ်ခံရတာ နည်းတောင် နည်းပါလိမ့်အုံးမယ်၊ ရာဇဝတ်ဘေး ပြေးမလွတ် ဆိုတဲ့စကားမျိုး မကြားမိဘူးလား၊ သူတို့ဟာ ရာဇဝတ်သား တွေပဲ'

ယန်းရှောက်ရှမ်းက စိတ်ရှုပ်သွားဟန်ဖြင့်-

'ကဲပါလေ- ဒါတွေထားလိုက်ပါတော့၊ ရှင် ကျွန်မဆီက တောင်းမယ့်အကူအညီက ဘာလဲ'

ချန်စွန်းယို့လင်းက လေးလေးနက်နက်ဖြင့် တလုံးချင်း ပြောပြလိုက်လေသည်။

'အိမ်ကနေ ဘယ်သူမှ မသိစေပဲ (၁၀) ရက်လောက်ပျောက် သွားစေချင်တယ်၊ ဒါဆို ငါမင်းကို ပြန်ပေးဆွဲစရာမလိုတော့ ဘူး၊ ငါဟာ လူကောင်း သူကောင်းတွေကို ဘာမှအဓမ္မမလုပ် လိုပါဘူး၊ ဒါကြောင့် ခုလို ပြောရတာပါ'

ယန်းရှောက်ရှမ်းမှာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွား ပြီး---

'၁၀-ရက်ဟုတ်လား'

စင်စစ် ၁၀-ရက်ဆိုသောအချိန်မှာ ကြာမြင့်လှသည့်အချိန် မဟုတ်ပါချေ။ သို့ရာတွင် မြင်နေကြ၊ တွေ့နေကြလူတယောက် အား တရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက် စသည်ဖြင့် မမြင် မတွေ့ရသောအခါ သို့လော သို့လော တွေးတောမိကြပေ တော့မည်။

အထူးသဖြင့်၊ ယန်းရှောက်ရှမ်း၏ ဖခင်မှာ သမီးဖြစ်သူအား တနေ့မတွေ့ရလျှင် ပျာပျာသလဲဖြင့် ဒေါင်းတောက်အောင် ရှာဖွေတတ်သူဖြစ်သည်။ သို့ဆိုလျှင် (၁၀) ရက်လုံးလုံး သမီး ဖြစ်သူအား မမြင်တွေ့ရပါက မည်သို့ရှိရှာမည်နည်း။



ရူးမတတ် ခံစားရမည်မှာ အထူးဆိုဖွယ်ရာ မရှိပါချေ။

ယန်းရှောက်ရှမ်းသည် စိတ်မသက်သာစွာဖြင့် သက်ပြင်းချ လိုက်မိလေတော့၏။

× × ×

## ဝမ်းဖုံး အာမခံဌာန

ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက် ရွာချလိုက်သော မိုးကြောင့် လမ်းကြီး၊လမ်းငယ်အသွယ်သွယ်၌ရေများဖြင့် ဖုံးလွှမ်းသွားလေတော့သည်။

'လွေ့ယင်း'မြို့ကလေးသည် မိုးရွာပြီဆိုလျှင် ဤသို့ပင် ပြင်းပြင်းထန်ထန်ရွာချတတ်သည်။ လွေ့ယင်း၏ အဓိပ္ပာယ်မှာ မိုးရွာသော မြို့ဟူ၍ ဖြစ်သည်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသကဲ့သို့ မြို့၏အမည်နှင့် လိုက်ဖက်အောင် သည်းထန်စွာ မိုးရွာနေခြင်း ဖြစ်ဟန်တူပါသည်။

ထိုသို့ မိုးကြီး၍ လမ်းပေါ်၌ ရေလျှံပြီဆိုလျှင် လွေ့ယင်းမြို့ရှိ တည်းခိုခန်း ပိုင်ရှင်မှာ အကြီးအကျယ် စိတ်ပျက်ရလေသည်။ အကြောင်းမှာ မိုးရွာသော ရက်များဆိုလျှင် မြို့တွင်းသို့ ဧည့်သည် အဝင်အထွက် မရှိသောကြောင့် တည်းခိုခန်းမှာ ဟာလာဟင်းလင်း ဖြစ်နေရသည်။ ထို့အတူ တည်းခိုခန်းနှင့် တွဲထားသော



စားသောက်ဆိုင်မှာလည်း စားသူတယောက်မျှ မရှိပဲ ဖြစ်နေရလေသည်။

သို့သော် ယနေ့တွင်မူ ခါတိုင်းထက် ပိုထူးခြားနေလေ၏။ အဆက်မပြတ် သည်းထန်စွာ ရွာနေသည့်တိုင် တည်းခိုခန်းနှင့် [illegible]ပါ။ စားသောက်ဆိုင်မှာ ခါတိုင်းကဲ့သို့ ရှင်းလင်းမနေချေ။ အလွန်[illegible]ဖြင့် အလွန် ထူးခြားစွာ စည်ကားနေလေတော့သည်။ [illegible]ခြင်းကို

ယင်းသို့ စည်ကားနေခြင်းမှာ ဝမ်းဖုံးအာမခံဌာနမှ လူများ တည်းခိုရန် ရောက်ရှိနေရကြသောကြောင့်ပင် ဖြစ်သည်။ ဝမ်းဖုံး အာမခံဌာနသည် နေပြည်တော်ရှိ အကြီးကျယ်ဆုံး အာမခံဌာန (၈)ခုအနက်၊ တခုအပါအဝင် ဖြစ်လေသည်။

ဝမ်းဖုံး အာမခံဌာနမှ လူများသည် ရွှေ၊ ငွေနှင့် အခြား အဖိုးတန် ပစ္စည်းများကို လှည်းအစီး(၃၀)ဖြင့် သယ်ဆောင်လျက်၊ ကူးစူးမြို့မှ လွေ့ယင်းမြို့သို့ ရောက်ရှိ လာခဲ့ကြခြင်း ဖြစ်သည်။

အာမခံဌာနအားလုံး၏ သက်တမ်းတလျှောက်၌ ယခုကဲ့သို့ တန်ဖိုးကြီးလှသော ပစ္စည်းများကို သယ်ယူပို့ဆောင်ရသည်မှာ ဝမ်းဖုံးအာမခံဌာနသည် ပထမဆုံးအကြိမ်ပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ဝမ်းဖုံး အာမခံဌာနမှ အုပ်ချုပ်ရေးမှူး ကိုယ်တိုင် လိုက်ပါစောင့်ရှောက်ခဲ့ရသည်။ ထို့ပြင် ဒုတိယ အုပ်ချုပ်ရေးမှူးလည်း ပါရှိလာသည်။ အတွေ့အကြုံလွန်စွာရင့်ကျက်သော ထိပ်တန်းသိုင်းသမား (၆)ယောက်လည်း ပါရှိလာကြသည်။ သို့ရာတွင် သယ်ယူပို့ဆောင်ရသည့် ပစ္စည်းမှာ များပြားပြီး၊ တန်ဖိုးကြီးလှသောကြောင့် ထိုမျှသော လူအင်အားနှင့်

မလုံလောက်ချေ၊ ထို့ကြောင့်အုပ်ချုပ်ရေးမှူး၏ အထူးယုံကြည် အားထားရသော တပည့်ကြီး (၈)ယောက် တို့ကိုလည်း ခေါ် ဆောင်ခဲ့ရသည်။

ထို့ မျှသာမက အုပ်ချုပ်ရေးမှူး စုဝမ်းဖုံး၏ အရင်းနှီး ဆုံး မိတ်ဆွေများ ဖြစ်သည့် မေအီခုံးနှင့် ဝါးသုကြွေတို့လည်း လိုရမယ်ရ လိုက်ပါစောင့်ရှောက်ခဲ့ကြသည်။

ဤသို့ဆိုလျှင် သူတို့ တာဝန်ယူ စောင့်ရှောက်လာသည့် ပစ္စည်းများမှာ မည်မျှ တန်ဖိုးကြီးလှကြောင်းကို အထူးတလယ် ဖော်ပြရန် လိုမည် မဟုတ်တော့ပေ။

အုပ်ချုပ်ရေးမှူး စုဝမ်းဖုံးသည် ယခုကဲ့သို့ များပြားလှသော အဖိုးတန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခွင့် ရသည်မှာ ထိပ် တန်း သိုင်းသမားများ အလုံအလောက် ရှိသောကြောင့်သာ မဟုတ်၊ စည်းကမ်းစနစ် ကြီးမားခြင်းလည်း ပါဝင်ပေသည်။ သူသည် စည်းကမ်းနှင့် ပတ်သက်လာလျှင် တင်းကျပ်စွာ ကိုင် တွယ်သူ ဖြစ်သည်။

အကွပ် မရှိသော ကြမ်းသည် ပရမ်းပတာ ဖြစ်သကဲ့သို့ စည်းကမ်းမရှိသော အလုပ်သည်လည်း ဖရိုဖရဲသာ ဖြစ်နေပေလိမ့် မည်။ ထို့ကြောင့် နေပြည်တော်ရှိ ကြီးကျယ်သော အာမခံ (၈)ခုအနက်၊ စည်းကမ်းကြီးသော စုဝမ်းဖုံး၏ အာမခံဌာန ကိုသာ ဤမျှ များပြားသော အဖိုးတန်ပစ္စည်းများကို သယ် ဆောင်ရန် တာဝန်ပေးခဲ့ခြင်းပင် ဖြစ်ပေသည်။

စုဝမ်းဖုံး၏ အဓိကနှင့် အတင်းကျပ်ဆုံး စည်းကမ်းချက်မှာ အလုပ်တာဝန်ဖြင့် ခရီးထွက်နေစဉ် မည်သူမျှ အရက်မသောက်ရ



ဟူ၍ ဖြစ်၏။ တာဝန်ထမ်းဆောင်ချိန်၌ အရက်သေစာ သောက် စားခြင်းကို လုံးဝ ပိတ်ပင်ထားခြင်း ဖြစ်၏။ ထိုတားမြစ်ချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ထိုသူအား အလုပ်မှ ချက်ချင်း ရပ်စဲလိုက်သည့်အထိ ပြင်းပြင်းထန်ထန်ပင် အရေး ယူခဲ့သည်။ ထို့ကြောင့် ဝမ်းဖုံး အာမခံဌာနမှ လူများသည် တာဝန်ဖြင့် ခရီးထွက်ရသည့်အခါတိုင်း အရက်သေစာ သောက်စားခြင်းကို လုံးဝ ရှောင်ရှားကြလေသည်။

လွှင်စာပေ

တာဝန်နှင့် ခရီးထွက်ရသည့်အခါလုံးဝ အရက် မသောက်ရ။ မည်သူမဆို အထက်ပါ စည်းကမ်းကို ဖောက်ဖျက်ပါက ကြီးလေးသော အပြစ်ဒဏ်ကို ခံရမည်။

ဤကား ဝမ်းဖုံး အာမခံဌာန၏ အဓိက စည်းကမ်းများ ဖြစ်၏။ တိတိကျကျ လိုက်နာမှု ရှိအောင်လည်း တင်းကျပ်စွာ ကွပ်ကဲသည်။အာမခံဌာနရှိလူအားလုံးအစဉ်မပြတ်သိရှိနေရန်စာ တမ်းများရေး၍ ချိတ်ဆွဲထားသည်။ထို့ပြင်ခရီးထွက်သည့်အခါ တိုင်း ရောက်ရာအရပ်၌ ဤစည်းကမ်းကို ထုတ်ပြန် ကြေငြာ၍ အစဉ့်သတိ ရှိစေသည်။ ယခုလည်း လွယ်ယင်းမြို့သို့ ရောက်လျှင်

ရောက်ချင်း ဤစည်းကမ်းချက်ကို အများသိရှိစေရန် သတိပေးသည့်အနေဖြင့် ထပ်မံထုတ်ပြန်ခဲ့သည်။

အုပ်ချုပ်ရေးမှူး စုဝမ်းဖုံးကိုယ်စား၊ လက်ထောက်အုပ်ချုပ်ရေးမှူးဖြစ်သူ လွန်တာလီသည်၊ ဤစည်းကမ်းချက်ကို လိုက်ပါလာသူအားလုံး သတိရသိရှိစေရန်၊ လွယ်ယင်းမြို့သို့ ဝင်ရောက်ခဲ့စဉ်ကပင် ဖတ်ပြကြေငြာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ယနေ့ညနေပိုင်းအချိန်၌အရက်ကိုလုံးဝမသောက်တတ်သည့် လက်ထောက် အုပ်ချုပ်ရေးမှူး လွန်တာ့လီသည်၊ အရက် အလွန်အကျွံမူးကာ ဒယီမ်းဒယိုင်ဖြင့် တည်းခိုခန်းတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ အရက်မသောက်ရဟူသော အမိန့်ကို သူကိုယ်တိုင်လစ်လျူရှုခဲ့ပေပြီကော။

မိုးသည် အငြိုးတကြီးဖြင့် သည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သည်။ လေကလည်း တချက်တချက် ခပ်ပြင်းပြင်း တိုက်ခတ်နေရာ၊ တဝေါဝေါနှင့် ကမ္ဘာပျက်နေသည့်အလား ထင်မှတ်ရလေသည်။

အုပ်ချုပ်ရေးမှူးစုဝမ်းဖုံးသည် သီးသန့်ခန်းထဲ၌ တယောက်တည်းထိုင်နေလေသည်။ သူ့ရှေ့တွင် ရေနွေးကရားနှင့် ရေနွေးကြမ်းပန်းကန်လုံးများ ရှိနေသည်။ သူသည် မိုးအေးအေး၌ အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်းကို ငုံ့သောက်ယင်း ပစ္စည်းလွှဲပေးရမည့်ကိစ္စကို တွေးတောနေလေသည်။ အာမခံဌာနတခုအဖို့ ပို့ဆောင်ရမည့် ပစ္စည်းတန်ဖိုးကြီးလေ တာဝန်က ပိုများလေဖြစ်သည်။ အန္တရာယ်လည်း ပိုမို များပြားလေသည်။



ထို့ကြောင့် အန္တရာယ် ကင်းကင်းနှင့် လိုရာခရီးသို့ ချောချောမောမော ရောက်ရှိအောင် ဂရုတစိုက် ပြင်ဆင်လုပ်ကိုင်ရလေသည်။

ယခုဆိုလျှင် သူတို့၏တာဝန်မှာ ပြီးဆုံးတော့မည် ဖြစ်သည်။ မကြာမီအချိန်အတွင်း၌ သူတို့သည် သယ်ဆောင်လာသည့်ပစ္စည်းကို လွှဲပြောင်းရယူရန် ပိုင်ရှင်၏ ကိုယ်စားလှယ်များ ရောက်ရှိလာကြတော့မည်ဖြစ်သည်။

ထိုအခါ... ပေးအပ်ထားသည့် အကြီးမားဆုံးတာဝန်တခုမှာ မကြာမီအချိန်အတွင်း၌ ပြီးဆုံးတော့မည် မဟုတ်ပါလော။

ထိုစဉ်မှာပင် သူ၏ တပည့်တဦးက လက်ထောက် အုပ်ချုပ်ရေးမှူး လွန်တာလီ အရက်မူးနေကြောင်း သတင်းလာပို့သည်။ ထိုသတင်းကို ကြားလိုက်ရသောအခါ၊ စုဝမ်းဖုံးသည် ထောင်းကနဲဒေါသ ထွက်သွားသည်။ မေးရိုးကြီးများ ကားထွက်လာသလား ထင်မှတ်လောက်အောင် အံကိုတင်းတင်းကြိတ်လိုက်သည်။ သူ့လက်ထဲရှိ ရေနွေးပန်းကန်မှာ ဒေါသ ဖြစ်ဖြစ်နှင့် ဆုပ်ကိုင်ခံလိုက်မိရသောကြောင့် ကွဲအက် ကြေမွသွားလေတော့၏။

စုဝမ်းဖုံးသည် သူ၏ သီးသန့်ခန်းမှ ဆောင့်အောင့်ထွက်လာခဲ့သည်။ တည်းခိုခန်း၏ ခန်းမကျယ်ကြီးသို့ ရောက်ရှိလာသောအခါ သူ၏ တပည့်တပန်းများ စုရုံး ဝိုင်းအုံလျက်ရှိသည်ကိုတွေ့လိုက်ရသည်။ လွန်တာလီမှာ အမူးလွန်ပြီး ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီး ဖြစ်နေလေသည်။ သတိပင်မရတော့ စုဝမ်းဖုံး၏ မျက်နှာမှာ လွန်စွာ တင်းမာခက်ထန်သွား၏။ သူ၏ ကြောက်စရာ

ကောင်းသော မျက်နှာထားကို တွေ့မြင်လိုက်ရသောအခါ ဝိုင်းအုံနေသူများ နောက်သို့ အနည်းငယ်ရွဲသွားကြသည်။

'ဟော့…ဒါက ဘယ်လိုဖြစ်သွားတာလဲ'

'မ…မသိပါဘူး အပြင်ခဏ သွားမယ်ဆိုပြီး ထွက်သွားတာ ပြန်လာတော့ ယိုင်ထိုးယိုင်တိုင်နဲ့ ခုလို ပစ်လဲကျသွားတာပါပဲ'

စုံဝမ်းဖုံး၏ ကိုယ်ရံတော်တဦးက မဝံ့မရဲနှင့် ဝင်ဖြေလိုက်သည်၊ စုံဝမ်းဖုံး နှာခေါင်းရှုံ့လျက်သည်။

'တောက်…အရက်စော်က နံဟောင်နေတာပဲ'

စုံဝမ်းဖုံး၏ စကားကြောင့်အရက်နံ့များတထောင်းထောင်းထနေသည်ကို အခန်းတွင်းရှိ လူများ သတိပြုမိကြသည်။ အရက်ကြိုက်သူများမှာသွားရည်တမြားမြားကျလာသလိုအရက်မကြိုက်သူများက နှာခေါင်းရှုံ့မိကြသည်။

'ဒါဖြင့်…ဒီကောင် အပြင်ထွက်ပြီး အရက်ဆိုင် တဆိုင်က သောက်လာတာနဲ့ တူတယ်'

'မဟုတ်ပါဘူး'

အပြင်မှ ထွက်ပေါ်လာသော အသံကြောင့် စုဝမ်းဖုံးသာမက သူ၏ အဖွဲ့သားများ အားလုံးကပါ အံ့အားတကြီးဖြစ်သွားကြသည်။ သို့ရာတွင် ခန်းမဆောင်ကြီး အတွင်းသို့ တစုံတယောက်မျှ ဝင်ရောက်လာခြင်းမရှိချေ၊ အသံရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း သူတို့ ခန့်မှန်းမရချေ။

'ဟော့…အပြင်ဘက်က လှမ်းပြောလိုက်တာ ဘယ်သူလဲကွ'

'ကျုပ်ပါဗျ'

စကားသံ ဆုံးသွားသည်နှင့် အခန်းတွင်းသို့ လူတယောက်



ဝင်ရောက်လာသည်။ သူ၏ ကိုယ်ခန္ဓာမှာ ဝဖိုင့်ဖိုင့်ဖြစ်နေသောကြောင့် စည်ပိုင်းကြီးလှိမ့်လာသလားထင်မှတ်ရသည်။ သူ့အားမြင်တွေ့လိုက်ရသောအခါ စုံဝမ်းဖုံးမှာ ကွက်ကနဲ မျက်နှာပျက်သွားသည်။ ထိုသူ၏ ကိုယ်ခန္ဓာတခုလုံးမှာ မိုးရေဖြင့်စိုရွှဲလျက်ရှိပြီး၊ အရက် အနံ့က တထောင်းထောင်းထလျက်ရှိသည်။ အမှတ်တမဲ့သာဆိုလျှင်၊ တကိုယ်လုံးအား အရက်ဖြင့် လောင်းထားသည်ဟု ထင်မှတ်ရပေလိမ့်မည်။ ထိုသူသည် အ လွန် ကြီး မားသော အရက်အိုးကို ရင်ခွင်၌ ပွေ့ပိုက်ထားပြီး တည်းခိုခန်းတွင်းသို့ ဝင်ရောက်လာလေတော့သည်။

စုဝမ်းဖုံးသည် မျက်လုံးတွင်း၌ မီးတောက်တော့မတတ် ဒေါသဖြစ်သွားသည်။ သူ့အသွင်မှာလည်း ဒေါသကြောင့် တစုံတခု ထလုပ်တော့မည့်ပုံမျိုးဖြစ်သည်။သို့သော် ဒေါသကို အနိုင်နိုင်ထိန်းချုပ်ထားသည့်ဟန်ဖြင့်-

'ငါ…အရက်ကို မကြိုက်မှန်းသိရက်နဲ့ ဘာဖြစ်လို့ အရက်အိုး ယူလာရတာလဲ'

အရက်အိုး ပိုက်ထားသော လူဝကြီးက သဘောကျစွာဖြင့် တဟား…ဟား…ရယ်မောလိုက်သည်။

'မင်း မကြိုက်ပေမယ့် ငါကြိုက်တယ်ကွ ဒါကြောင့် အရက်အိုးယူလာတာဘာဖြစ်လဲ'

လူဝကြီးအမူအရာနှင့် အပြောအဆိုမှာ တမင်သက်သက် ရန်စနေမှန်း သိသာလှသည်။ သို့သော် စုဝမ်းဖုံးသည် ဒေါသကို အတတ်နိုင်ဆုံး ချုပ်တည်းထားလိုက်သည်။

'နေစမ်းပါအုံး မင်း ဘယ်သူလဲ ဘယ်ကလဲ'

လူဝကြီးက အရက်အိုးကို ကိုင်မြှောက်လိုက်ပြီး၊ နှုတ်ခမ်းနှင့်တေ့၍ တကျိုက်မျှမော့သောက်လိုက်သည်။ ထို့နောက် ပဲကြော်တစေ့တချက် ထွေးလိုက်သည်။

'အရက်သောက်တဲ့နေရာမှာ မူလ လက်ဟောင်း ပထမတန်းဘွဲ့ရထားတဲ့ အရက်သမားဆိုတာ မင်း မကြားဖူးဘူးလား'

သူ့စကားကြောင့် စုဝမ်းဖုံး၏မျက်လုံးအစုံမှာ အနည်းငယ်ပြူးကျယ်သွားလေသည်။

'ဒါ=ဒါဖြင့် ထန်ကျို့ချင်းဆိုတာ မင်းပေါ့'

'ဟုတ်ပါဗျာ…ဟုတ်ပ…ဟုတ်ပ'

စုဝမ်းဖုံးသည်၊ နားမလည်နိုင်ဟန်ဖြင့် ထန်ကျို့ချင်းအားလှမ်းကြည့်လိုက်သည်။

'နေပါအုံး မင်းတို့ ထန်ကျေးရွာနဲ့ ငါတို့ အာမခံဌာန ဘာများရန်ငြိုးရှိနေလို့လဲ'

ထန်ကျို့ချင်းက အရက်အိုးကို တခြား လက်တဘက်ဖြင့်ပြောင်းကိုင်ယင်း....

'ဟာ....ရန်ငြိုးရှိတယ်လို့လဲ မပြောရပါလား'

'ဒါဖြင့် တို့ကို ဘာဖြစ်လို့ လာ နှောင့်ယှက်ရတာလဲ'

'နှောင့်ယှက်တာမှ မဟုတ်ပဲ'

'ကိုင်း ဘာဖြစ်လို့ ဒီကိုလာတာလဲ'

ထန်ကျို့ချင်းက မခိုးမခန့် ပြုံးပြလိုက်သည်။

'မင်း မသိချင်ယောင်ဆောင် မေးနေတာလား'

ထန်ကျို့ချင်း စကားကြောင့် စုဝမ်းဖုံးမှာ အောင့်သက်သက်ဖြစ်သွားသည်။



'မသိလို့ မေးနေတာပေါ့ကွ သိမှတော့ လေကုန်ခံပြီး မေးနေမှာမဟုတ်ဘူး'

စုဝမ်းဖုံးက စိတ်တိုတိုနှင့် ပြန်အော်လိုက်သည်။ ထန်ကျို့ချင်းသည် ပြက်လုံးတခု ကြားလိုက်ရသကဲ့သို့ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

'မင်း တော်တော်တုံးတဲ့ကောင်ပဲ စဉ်းစားကြည့်လေကွာ၊ မင်းတို့ရဲ့ လက်ထောက် အုပ်ချုပ်ရေးမှူးကိုလဲ အရက် မူးအောင်တိုက်လွှတ်တယ်၊ မင်းကိုလဲ သက်သက်မဲ့ ရန်စတယ်၊ ဒါဆိုဘာလုပ်ဖို့လဲဆိုတာ မင်း နားလည်ဖို့ကောင်းပြီ၊ အေးလေ ဒါဖြင့်လဲ တဲ့တိုးပဲ ပြောတော့မယ်- မင်းတို့ လယ်လာတဲ့ ပစ္စည်းတွေကို လုမလို့ကွ'

'ဘာ....၊

စုဝမ်းဖုံး၏ လူများက ခါးကိုယ်စီ ဆွဲထုတ် လိုက်ကြသည်။ သို့သော် ထန်ကျို့ချင်းမှာ လုံးဝဂရုမစိုက်ချေ။ စုဝမ်းဖုံးက သူ့ လူများအား လက်ကာ၍ ဟန့်တား ထားလိုက်ရသည်။ ထန်ကျို့ချင်းက လှမ်းပြောလေ၏။

'ဘာလဲ မင်းတို့ပစ္စည်းတွေကို မလုရဲဘူး ထင်နေလို့လား'

စင်စစ် စုဝမ်းဖုံးသည် ဤအတိုင်းပင် ထင်နေမိသည်။ အကြောင်းမှာ ထန်ကျို့ချင်းသည် သိုင်းပညာ ထက်မြက်သည်ထားဦး၊ သူ တယောက်တည်းနှင့် ပစ္စည်းလုရန် ဆိုသည်မှာလားလားမျှ မဖြစ်နိုင် သောကြောင့် ဖြစ်သည်။ ထို့ကြောင့် စုဝမ်းဖုံးက ပြုံးလိုက်သည်။

'မင်းမှာလုံရဲတဲ့သတ္တိရှိတာကိုတော့ ယုံပါတယ်၊ ဒါပေမယ့်-'

စုဝမ်းဖုံးသည် စကားကို တပိုင်းတစနှင့် ရပ်ထားလိုက်၏။ ထန်ကျို့ချင်းက စိတ်မရှည်ဟန်ဖြင့်....။

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဘာဖြစ်လဲဆိုတော့ မင်းရဲ့အဖေက အတော် စည်းကမ်းကြီးတဲ့ အဘိုးကြီး ဖြစ်နေလို့ပဲ၊ မတရားတဲ့ အလုပ်ကိုလဲ အင်မတန်မုန်းတဲ့လူ၊ အဲဒီလို လူမျိုးရဲ့သားက သူများရဲ့ ပစ္စည်းကို မတရားလုမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

'ဟ....သိပ်ဖြစ်တာပေါ့'

ဤစကားမှာ ထန်ကျို့ချင်း ပြန်ပြောလိုက်သော စကားမဟုတ်ချေ။ အပြင်ဘက်မှ လှမ်းပြောလိုက်သော စကားသံပင် ဖြစ်ပေတော့သည်။

စုဝမ်းဖုံးသာမက သူ၏လူများအားလုံးတအံ့တသြဖြစ်သွားကာ အသံလာရာသို့ တပြိုင်နက်တည်း လှည့်ကြည့် မိကြလေတော့သည်။

× × ×

## အနက်ရောင်ဝတ်စုံနှင့် လူတယောက်

မိုးသည် ရှာသွန်းမြဲ ရှာသွန်းလျက်ရှိနေသည်။ လေပြင်းများကလည်း တိုက်မြဲ တိုက်ခတ်လျက် ရှိနေသည်။ မိုးသံ လေသံကြောင့် အပြင်ဘက်၌ ဆူညံမြဲ ဆူညံနေဆဲတည်း။

မည်သို့ပင် ဖြစ်စေကာမူ အပြင်ဘက်မှ ဆူညံသံများသည် တည်းခိုခန်း အတွင်းရှိ စကားပြောသံများကို ဖုံးလွှမ်းနိုင်ခြင်း မရှိပါချေ။ အခန်းပြင်မှလှမ်းပြောလိုက်သော စကားသံ ကြောင့် စုဝမ်းဖုံး၏ လူများသည် မျက်နှာ၌ သွေးမရှိသကဲ့သို့ ဖြူရော်သွားကုန်ကြသည်။

ထိုစဉ်မှာပင် အခန်းတွင်းသို့ လူနှစ်ယောက် ထပ်မံဝင်ရောက်လာလေသည်။ အခန်းတွင်းရှိ လူအားလုံးက စူးစမ်းသော အကြည့်ဖြင့် ဝိုင်းကြည့်လိုက်ကြသည်။ တခန်းလုံး တိတ်ဆိတ်သွား၏။ အပ်ကျသံပင် ကြားရတော့မတတ် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ယင်းအခိုက်တွင်ပင် လူအုပ်ကြားမှ တစုံတယောက်

၏အသံက မိုးခြိမ်းသလို ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'ဟိုက်- ကြေးစားလူသတ်သမား စုမားရှဲ့ပါလား'

ထိုစကားသံကို ကြားလိုက်ရသောအခါ အခန်းတွင်းရှိ စုဝမ်းဖုံး၏ လူအားလုံးသည် မကောင်းဆိုးဝါးအား တွေ့မြင်လိုက်ရသကဲ့သို့ ထိတ်လန့်ကုန်ကြလေတော့သည်။

မှန်ပါသည်။ အခန်းတွင်းသို့ ဝင်ရောက်လာသူမှာ စုမားရှဲ့ ဖြစ်သည်။ နောက်တဦးမှာ လုံဆင်ပီ ဖြစ်သည်။ သို့ရာတွင် အခြားသူများသည် လုံဆင်ပီအား သိကျွမ်းခြင်း မရှိကြချေ၊ နာမည်သာ ကြားဖူးပြီး၊ လူကို မသိခြင်းသာ ဖြစ်သည်။

စုမားရှဲ့သည် အခန်းတွင်းသို့ ရောက်လာချိန်မှာပင် လက်သည်းများကို လှီးနေခဲ့သည်။ သူ၏ လက်သည်းများမှာ မိုးရေကြောင့် ဖြူစင် သန့်ရှင်းနေလေသည်။ သူ၏ ထူးခြားသောအကျင့်မှာ လောင်းကစား ပွဲသည့်အခါ၌ ရေလည်း မချိုး လက်သည်းလည်း မလှီးခြင်းပင် ဖြစ်သည်။ သို့သော် လူသတ်ရန် ဆုံးဖြတ်လိုက်သောအခါတွင်မူကား လက်သည်းများကို သန့်ရှင်းစင်ကြယ်စွာ လှီးဖြတ်တတ်လေသည်။

ခန်းမကြီး တခုလုံး ထိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။ ဝမ်းဖုံးအာမခံဌာနမှ လူများသည် အုပ်ချုပ်ရေးမှူး စုဝမ်းဖုံး၏ အမိန့်ကို နားခံစောင့်စားယင်း တိုက်ပွဲဝင်ရန် အသင့် အနေအထားဖြင့် အခြေအနေကို အကဲခတ်နေကြသည်။ စုဝမ်းဖုံးက စိတ်မသက်မသာနှင့် သက်ပြင်း ချလိုက်လေသည်။

'လုံဆင်ပီကို ဒမြတယောက်အနေနဲ့ တွေ့လိုက်ရတော့ ကိုယ့်



မျက်စိကိုတောင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားရပြီဗျာ၊ တကယ်လို့ ကျုပ်ကိုယ်တိုင်သာ မကြုံခဲ့ရယင် ဘယ်လိုမှ ယုံနိုင်မှာတောင် မဟုတ်ဘူး'

လုံဆင်ပီဟူသော အမည်ကြောင့် ဝမ်းဖုံးအာမခံဌာနမှ လူများ ဆတ်ကနဲ တုန်လှုပ်သွားကြသည်။ သူတို့၏ မျက်နှာထားချက်ချင်းဆိုသပင် ဖြူဖပ်ဖြူရော် ဖြစ်သွားကြသည်။ လုံဆင်ပီက သူတို့အား ကြည့်ကာ သဘောကျစွာနှင့် ပြုံးလိုက်သည်။

'အင်း- ခင်ဗျာက ကျုပ်ကို ဒမြတယောက်အဖြစ် တွေ့လိုက်ရလို့ အံ့သြသွားသလို၊ ကျုပ်ကလဲ ခင်ဗျားကို လူကြီးလူကောင်းတယောက်အဖြစ် တွေ့လိုက်ရလို့ အတော်ကို အံ့သြသွားမိတာပါပဲ'

လုံဆင်ပီ၏ စကားကြောင့် စုဝမ်းဖုံးမှာ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ လုံဆင်ပီက သူ့စကားကို ပြန်ဆက်လိုက်သည်။

'တကယ်တော့ ခင်ဗျားဟာ မင်းသားယောင် ဆောင်ထားတဲ့ ဘီလူးပဲဗျ'

'ဗျာ'

စုဝမ်းဖုံးသည် ဘာဆက်ပြောရမှန်း မသိအောင် အံ့သြသွားသည်။ လုံဆင်ပီ ဘာဆိုလိုချင်သည်ကို ယခုအချိန် သူနားမလည်နိုင်အောင် ဖြစ်နေရသေးသည်။ သူသည် လုံဆင်ပီအား လှမ်းကြည့်လိုက်သည်။ ထို့နောက် လက်သည်းလှီးနေသော စုမားရှဲ့။ ထို့နောက် အရက်အိုး ပိုက်ထားသည့် ထန်ကျို့ချင်း။

သူတို့အားလုံး၏ မျက်နှာသည် တစုံတခုသော ကိစ္စအတွက်

လျှော်ကြေး တောင်းနေသည့် ပုံစံမျိုး၊ စုဝမ်းဖုံး စိတ်ရှုပ်သွားသည်။ စိတ်လည်း တိုချင်လာသည်။

'ဒီမှာ လုံဆင်ပိ၊ ပြောစရာရှိတာကို ကွေ့ကာကောက်ကာနဲ့ သွယ်ဝိုက်ပြီး ပြောမနေစမ်းပါနဲ့၊ ယောကျ်ားပီပီ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ'

လုံဆင်ပိလည်း စုဝမ်းဖုံး၏ စကားကို သဘောကျသွားဟန်ဖြင့် ပြုံးလိုက်သည်။ စုမားရှဲ့ လက်သည်း လှီးနေရာမှ စုဝမ်းဖုံးအား ကြည့်လိုက်သည်။ ထို့နောက် လက်သည်းလှီးနေသော ဓားကို အပေါ်သို့ မြှောက်တင်လိုက်လေသည်။

'ဝှီး....ဒေါက်'

ဓားကလေးသည် မျက်နှာကျက်ရှိ ထုတ်တန်းတခုပေါ်သို့ စိုက်ဝင် သွားလေသည်။ စုဝမ်းဖုံး၏ အာရုံက စုံမားရှဲ့ထံ ရောက်သွားတော့၏။သည်တော့မှ စုမားရှဲ့က ပထမဆုံးအကြိမ် ဝင်ရောက် ပြောဆိုလိုက်သည်။

'လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရွှေခြသေ့်အာမခံဌာနကို ဒမြတွေ ဝင်တိုက်သွားတာ မင်း သိတယ် မဟုတ်လား'

'နေပါအုံး- ချုပ်ဩနာက အဲဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာ မဆိုင်တာ မင်း အလုပ် မပါဘူး၊ ဟိုလေးတကျော် ဖြစ်ခဲ့တဲ့ ဒမြမှု တခုကို မင်းသိခဲ့ သလားလို့ မေးတာပါ'

'ဟ- ဒါတော့ ငါတင်မကဘူး၊ သိုင်းလောက တခုလုံးက သိတဲ့ဥစ္စာပဲ'



စုမားရှဲ့က စုဝမ်းဖုံးအား တချက်မျှ စိုက်ကြည့်ပြီးနောက် ဆက်လက် ပြောဆိုလိုက်သည်။

'အဲဒီတုန်းက ရွှေခြသေ့်အာမခံဌာနက လူတွေ တယောက်မကျန် အသတ်ခံခဲ့ရတာကိုကော မင်းသိခဲ့တယ် မဟုတ်လား'

'သိတာပေါ့၊ ရွှေခြသေ့်အာမခံဌာနပိုင်ရှင် ယုဖုံးထင်ဟာ ငါ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပဲ၊ ဒါကြောင့် ဒမြတိုက် လူသတ်သွားတဲ့ တရားခံတွေကို ဖမ်းမိဖို့ ငါကြိုးစားပြီး စုံစမ်းတာပေါ့'

'စုံစမ်းလို့ကော ရပြီလား'

'မရသေးဘူး၊ ဒါပေမယ့် ဝံပုလွေ(၉)ယောက်လက်ချက်လို့တော့ သတင်းသန့်သန့် ကြားခဲ့တယ်'

စုမားရှဲ့က စုံဝမ်းဖုံးအား လှမ်းကြည့် လိုက်သည်။ ပြီးမှ အေးတိအေးစက် လေသံဖြင့်-

'ဝံပုလွေ(၉)ယောက်က သေသွားကြပြီပဲ'

စုံဝမ်းဖုံး အနည်းငယ် အံ့ဩသလို ဖြစ်သွားသည်။

'သူတို့ သေသွားပြီ၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'အဆိပ်မိလို့'

'ဖြစ်မှ ဖြစ်ရလေကွာ၊ အင်းလေ သူတို့လို လူဆိုး သူခိုးတွေ သေသွားကြတာ လူကောင်းတွေအတွက်က ရန်အေးတာပေါ့၊ ဒါနဲ့ သူတို့ကို ဘယ်သူက အဆိပ်ခတ်လိုက်တာလဲ'

စုမားရှဲ့က တုံးတိတိပင် ပြန်ဖြေလိုက်သည်။

'ယန်းချွဲ့စန်း'

စုဝမ်းဖုံး အနည်းငယ် မျက်နှာ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

'ယန်းချဲ့စန်းက ဘာဖြစ်လို့ အဆိပ်ခပ် သတ်လိုက်ရတာလဲ'

'သူ့အမိန့်ကို မနာခံလို့ နေမှာပေါ့'

စုဝမ်းဖုံး သက်ပြင်း ချလိုက်သည်။

'အင်း…ဒီလူဆိုး (၉)ယောက်ဟာ သေသင့် သေထိုက်လို့ သေသွားကြရတာပဲ'

'သိပ်ဟုတ်တာပေါ့၊ နောက်ပြီး၊ သေသင့် သေထိုက်တဲ့ လူတယောက်လဲ ကျန်နေသေးတယ်'

စုဝမ်းဖုံး မျက်လုံး အဝိုင်းသားနှင့် စုမားရှဲ့အား လှမ်းကြည့်လိုက်သည်။

'ဘယ်သူလဲ'

စုမားရှဲ့က ပြုံးပြလိုက်ပြီး၊ စုဝမ်းဖုံးအား လက်ညှိုးထိုးလိုက်သည်။

'မင်းပဲ…'

စုဝမ်းဖုံးသည် ဘာပြန်ပြောရမှန်း မသိအောင် အူကြောင်ကြောင်ဖြစ်သွားသည်။ မည်သို့ဆိုစေ စုမားရှဲ့တို့ လူစုသည် တဆင့်ပြီးတဆင့် တိုး၍ စော်ကားနေပြီ ဖြစ်သည်။ သူ့ ရင်ထဲ၌ မကျေနပ်မှု အစိုင်အခဲများ ကြီးထွားသထက် ကြီးထွားလာသည်။ သူ၏ မျက်နှာမှာလည်း မာလာသည်။ စုမားရှဲ့တို့လူစုအား ယှဉ်ပြိုင်တိုက်ခိုက်ရန် သူတွေးတောလိုက်မိသည်။ မိမိဘက်က လူအင်အား သာနေသည် မဟုတ်ပါလား၊ သို့သော် အရေးအတွက်သည် အရည်အချင်းကို လွှမ်းမိုးနိုင်ပါမည်လော..။

စုဝမ်းဖုံးသည် လတ်တလော ထ၍ထိုက်ခိုက်ရန် အကြံကိုစွန့်လွှတ်လိုက်သည်။ တတ်နိုင်သမျှ အချိန်ဆွဲထားမည်။ ပစ္စည်း



လက်ခံရန် ပိုင်ရှင်၏ လူများ ရောက်လာသည့်အခါမှ ထိုလူများနှင့် မိမိအဖွဲ့ ပူးပေါင်းကာ စုမားရှဲ့တို့အား တိုက်ခိုက်မည်။ စုဝမ်းဖုံးက ယင်းသို့ တွေးမိလိုက်သောကြောင့်အကြောက်လျော့ပါးသွားသည်။ ထို့ကြောင့် စုဝမ်းဖုံးသည် စုမားရှဲ့အား မထိတရီ ပြုံးပြလိုက်ပြီး…

'နေစမ်းပါအုံး ငါ့ကို သေသင့် သေထိုက်တဲ့ လူတယောက်လို့ ဘာဖြစ်လို့ စွပ်စွဲရတာလဲ'

စုမားရှဲ့သည် ချက်ချင်း ပြန်မဖြေပဲ လုံဆင်ပီအား လှမ်းကြည့်လိုက်သည်။ လုံဆင်ပီက ဘာတခွန်းမျှ ဝင်မပြော၊ ထို့ကြောင့် စုမားရှဲ့သည် လည်တချက်ရှင်းလိုက်ပြီး…

'ဒမြတိုက်သွားတဲ့ လူဆိုးတွေထဲက တယောက်ယောက်ဟာ မင်းကိုယ်တိုင် ဖြစ်နေလို့ပဲ'

'ဘာ…ဘာ ပြောတယ်။'

စုဝမ်းဖုံး၏ မျက်နှာမှာ ဒေါသအရှိန်ကြောင့် ရဲရဲတွတ်သွားသည်။ မေးရိုးကြီးများ တင်းလာပြီး သူ၏မျက်လုံးအစုံကလည်း သားကောင်ကို ထိုးသုတ်တော့မည့် စွန်ရဲမျက်လုံးကဲ့သို့ တောက်ပြောင် နီရဲလာလေသည်။

'ဒီမှာ စုမားရှဲ့ မင်းရဲ့ စကားတွေ လွန်လာပြီ ထင်တယ်၊ မင်းအနေနဲ့ ဘယ်လောက်ပဲ နာမည်ကြီးနေနေ ငါကတော့ ကြောက်လိမ့်မယ် မဟုတ်ဘူး'

စုမားရှဲ့က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'မင်းနောက်မှာ ယန်းချဲ့စန်း တယောက်လုံး ရှိနေမှတော့ ဘယ်ကြောက်ပါ့မလဲ'

'ဘာကူ…'

စုဝမ်းဖုံး၏ အသံက ကျယ်လောင်၍ ဟိန်းထွက် လာသည်။ သူ၏ မျက်နှာအမူအရာကလည်း ပျက်သထက်ပျက်လာ၏။

'ဘယ်က ယန်းခွဲ့စန်းလဲ ငါမသိဘူး'

စုဝမ်းဖုံး ပြန်အော်လိုက်ခြင်းဖြစ်သည်။ သူ့အဖွဲ့သားများကလည်း၊ အရေးကြုံက ပြန်လည် တိုက်ခိုက်နိုင်ရန် အသင့်အနေအထားမျိုးဖြင့် ရပ်နေကြသည်။ သို့သော် သူတို့ရင်ဆိုင်နေရသူများမှာ တကယ့် ဒိတ်ဒိတ်ကြဲ ကြီးများသာ ဖြစ်ရာ၊ စိတ်ထဲ၌ အနည်းငယ်တော့ ရွံ့နေမိကြလေသည်။

'အိပ်ချင်ယောင် ဆောင်နေတဲ့လူကို အနှိုးရခက်တယ် ဆိုတာ တယ်မှန်ပါလား၊ ဒီမှာ စုဝမ်းဖုံ၊ မင်းနဲ့ ယန်းခွဲ့စန်း ပေါင်းပြီး ရွှေခြေသုံ့ အာမခံ ဌာနကို ဒမြတိုက်ခဲ့တာ ငါတို့ သိခဲ့ပြီးပြီ'

'မင်း ဘာတွေ လာပြောနေတာလဲ ငါလိုကောင်ကို ဒီလိုလုပ်မဲ့လူစားမျိုးမှတ်နေသလား'

စုမားရှဲ့က လုံဆင်ပိအား လှမ်းကြည့်လိုက်သည်။လုံဆင်ပိက သက်ပြင်းချလိုက်ပြီး၊ ရှေ့သို့ တလှမ်းခန့် တိုးလာသည်။

'ဟုတ်သားပဲဗျ စုံဝမ်းဖုံးလို လူက ဒမြတိုက်တယ်ဆိုယင် ဘယ်သူ ယုံမှာလဲ'

စုံဝမ်းဖုံးမှာ သူ့ဘက်မှ လုံဆင်ပိ ဝင်ရောက် ထောက်ခံလာသဖြင့် အားတက်သွားသည်။

'မှန်တာပေါ့ ခုဟာက သက်သက်မဲ့ ကျုပ်ကို စွပ်စွဲပြီးသိက္ခာချနေတာ'

လုံဆင်ပိက အေးအေး ဆေးဆေးပင် ဆက်ပြောနေသည်။



'ဒါပေမယ့် သူပြောတာတွေ အားလုံးဟာ အမှန်ချည်းပဲဗျ'

'ဗျာ'

စုဝမ်းဖုံးသည်၊ ပါးစပ် အဟောင်းသားဖြင့် လုံဆင်ပိအား တအံ့တဩပြန်ကြည့်လိုက်မိသည်။

'နေပါအုံး ခင်ဗျားတို့က ဘာ အထောက်အထားတွေရှိလို့ ခုလိုစွပ်စွဲနေကြတာလဲ'

လုံဆင်ပိက ပြုံးလိုက်သည်။

'ကျုပ်တို့မှာအထောက်အထားရှိလို့ ခင်ဗျားနောက်ကိုလိုက်လာတာပေါ့'

လုံဆင်ပိသည် ပြောပြော ဆိုဆိုဖြင့် တံခါးဝဘက် လှည့်ကာ-

'ဆရာကြီးခင်ဗျား အတွင်းကို ခဏကြွပါ'

လုံဆင်ပိ၏ စကားသံ ဆုံးသွားသည်နှင့် ခန်းမကြီး၏ အဝင်ဝတံခါးမှာ တဖြည်းဖြည်းပွင့်လာလေတော့သည်။ စုဝမ်းဖုံး၏ လူများသည် စူးစမ်းသော အကြည့်ဖြင့် တံခါးဝသို့ စိတ်ဝင်တစားလှမ်းကြည့်လိုက်ကြသည်။

မကြာမီမှာပင် လက်ကိုင်ဘီးတပ်ဆင်ထားသော တွန်းလှည်းထိုင်ခုံတလုံးသည် အခန်းတွင်းသို့ တအိအိ ဝင်ရောက်လာလေတော့သည်။ တွန်းလှည်းထိုင်ခုံပေါ်တွင် အသက်အရွယ်အတော်အတန်ကြီးရင့်သော သူတော်စင်ကြီးတယောက် ထိုင်လျက်လိုက်ပါလာသည်ကို တွေ့မြင်ကြရသည်။ သူတော်စင်ကြီးကို တွေ့မြင်လိုက်ရသည်နှင့် တပြိုင်နက်၊ အခန်းတွင်းရှိ လူအားလုံးမှာ-

'ဟင်-'

'ဟာ…'

'ဟိုက်…'

အာမေဋိတ်သံများသည်၊ ဟိုမှ သည်မှ ဆူညံစွာ ထွက်ပေါ်လာလေတော့၏။ သူတို့ တွေ့မြင်လိုက်ရသော သူတော်စင်ကြီးမှာ ဗယ်ဘက် လက်တဘက် ပြတ်နေသည့် ပြင် ခြေနှစ်ဘက်မှာလည်း ဒူးဆစ်အထိ တိတိ ရိရိ ပြတ်နေသည်ကို တွေ့လိုက်ကြရသောကြောင့်တည်း။

သူတော်စင်ကြီးသည် ရှေးရေစက် မကောင်းခဲ့၍ ဒုက္ခိတ ဖြစ်နေရသော်လည်း၊ မျက်နှာတော်မှာမူတည်ငြိမ်ရင့်ကျက်လျက်ရှိနေသည်။ ဒေါသမရှိ မောဟမရှိ၊ ဝမ်းနည်း ဝမ်းသာခြင်းစသည့် ခံစားမှုများလည်း မရှိ၊ မည်သည့် အရာမျှကလည်း၊ သူတော်စင်ကြီးအား စိတ်ဝင်စားစေနိုင်စွမ်းမရှိ။ အရာခပ်သိမ်းအား ဥပေက္ခာပြုနေနိုင်ချေသည်တကား။

သို့ရာတွင် စုဝမ်းဖုံးမှာ သူတော်စင်ကြီးအား အနီးကပ်တွေ့လိုက်ရသည့်အခါတွင်မူ အကြီးအကျယ် မျက်နှာ ပျက်သွားရလေတော့၏၊ စိုးရိမ်ကြောက်ရွံ့စိတ်သည် သူ့အား တုန်လှုပ်ချောက်ချားစေခဲ့ပြီတည်း။

'အ…အစ်ကိုကြီး ယူဖုံးထင်'

စုဝမ်းဖုံး၏ နှုတ်မှ ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်မိသည်။ မှန်ပါသည် ထို သူတော်စင်ကြီးမှာ ယခင်က ရွှေခြသေ့အာမခံဌာနပိုင်ရှင် ယူဖုံးထင်ပင် ဖြစ်သည်။

ယူဖုံးထင်က=



'ကျုပ်ဟာ အယင်က ယုဖုံးထင် မဟုတ်တော့ဘူး တရားဘာဝနာ ပွားများနေတဲ့ ပုဂ္ဂိုလ် တဦးဖြစ်နေပါပြီ'

ဘယ်တော့မှ ပြန်မတွေ့ရဟု ထင်မှတ်ထားသူကို မမျှော်လင့်ပဲ ပြန်တွေ့လိုက်ရသောကြောင့် စုဝမ်းဖုံးမှာ မျက်စိ မျက်နှာပျက်နေသည်။ သူ့နံဘေး ပတ်ဝန်းကျင်၌ လုံဆင်ပီတို့ လူစုရှိနေသည်ကိုပင်၊ သူသတိမထားမိနိုင်တော့ချေ။ လွန်ခဲ့သောနှစ်နှစ်ခန့်က အဖြစ်အပျက်ကို တရိပ်ရိပ် ပြန်လည်မြင်ယောင်ယင်း ဒုက္ခိတ သူတော်စင်ကြီးကိုသာ မကျေနိုင် မချမ်းနိုင်ဖြစ်နေမိတော့သည်။

'ဘာလဲ ခင်ဗျားက ကျုပ်ကို ကလဲ့စားချေဖို့ လိုက်လာတာလား'

ဆင်ခြင်တုံ တရားအားလုံးသည် စုဝမ်းဖုံးထံ၌ လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်၏။ တချိန်လုံး တလျှောက်လုံး ဘူးကွယ်ခဲ့သော စုဝမ်းဖုံးသည်၊ အထက်ပါ စကားတခွန်းကြောင့် ဒမြမှု၌ ပါဝင်ပတ်သက်ခဲ့ကြောင်း ထင်ရှားစေခဲ့ပြီဖြစ်လေသည်။

လူဆိုး လူမိုက်တို့မည်သည် အတုံ့အလှည့်ကြုံရသည့်အခါမျိုး၌ သွေးရူးသွေးတန်းဖြစ်တတ်ကြသည်မှာ ဓမ္မာပါတည်း။

သူတော်စင်ကြီးမှာမူ စိတ်လှုပ်ရှားမှုအလျဉ်းမရှိပဲ ပကတိတည်ငြိမ်စွာ ထိုင်နေသည်၊ ကရုဏာသက်သော မျက်လုံးအစုံဖြင့် စုဝမ်းဖုံးအား စိုက်ကြည့်ပြီး ဖြေးညှင်းစွာ ပြောသည်။

'ဖြစ်ခဲ့တာတွေ အားလုံးကို ကျုပ်ကတော့ ပြည်ဖုံးကား ချလိုက်ပြီးပါပြီ၊ ပြုသူအသစ်-ဖြစ်သူအဟောင်းဆိုတာလို၊ကလဲ့စားချေနေရယင်း ဘယ်မှာ လာ သံသရာဆုံးတော့မှာလဲ၊ ဒါကြောင့်

ကျုပ်လို ဒုက္ခိတ ဘဝမျိုးရောက်အောင် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါနဲ့တော့၊ လူတိုင်းပေါ်မှာ မေတ္တာထားပြီး အေးအေး ချမ်းချမ်း နေပါလို့ မောင်ရင့်ကို မေတ္တာရပ်ခံပါတယ်'

စုဝမ်းဖုံး၏မျက်နှာတခုလုံးမှာ နီရဲသွားလေတော့သည်။ သူသည် ကျားနာကြီးတကောင်ကဲ့သို့ ဆတ်ဆတ်ခါ ဒေါသထွက်လာ၏၊ ထို့ကြောင့် သူ၏မျက်လုံးအစုံမှာ ရက်စက် ကြမ်းကြုတ်တော့မည့် အရိပ်အရောင်များ ယှက်သန်းလာသည်။ သူသည် ဒုက္ခိတ သူတော်စင်ကြီးအား မထီလေးစား လှမ်းကြည့်လိုက်ပြီး-

'ခင်ဗျား အတော်အသက်ပြင်းတဲ့ လူပဲ၊ ဒီလောက် ဒဏ်ရာ ရခဲ့တာတောင် မသေဘူး၊ ဒါကြောင့် ခင်ဗျား သေတွင်းရှိရာကို လိုက်လာခဲ့တာနဲ့ တူတယ်'

စုဝမ်းဖုံးသည် ပြောပြောဆိုဆိုဖြင့် ဓားကိုဆွဲထုတ်လိုက်ပြီး-

'ဟေ့ ကောင်တွေ ဘာလုပ်နေကြတာလဲ၊ တိုက်ပါတော့လား ကွ'

စုဝမ်းဖုံးက တိုက်ခိုက်ရန် ဟန်ပြင်ပြီး သူ့လူများကို လှမ်းအော်လိုက်သည်။ သို့သော် သူ၏ အဖွဲ့သား အားလုံးမှာ တယောက်မျှ မလှုပ် စုဝမ်းဖုံးသည် ပိုမို ဒေါသထွက်လာသည်။

'ဟေ့ - ပြောနေတာ မကြားဘူး လား၊ ဘာ လုပ် နေကြတာလဲ'

စုဝမ်ဖုံး၏လူများမှာ ရှေ့တိုး တိုက်ခိုက်ရန် နေနေသာသာ နောက်သို့ပင် တဖြည်းဖြည်း ဆုတ်ခွာသွားကြသည်။ စုဝမ်ဖုံး၏ မျက်လုံးအစုံသည် ဒေါသကြောင့် မီးကျီးခဲများပမာ နီရဲလာ



လေတော့၏။ စုမားရှဲ့နှင့် လုံဆင်ပိက သူ့အား စိုက်ကြည့်နေမိကြသည်။ လုံဆင်ပိသည် သက်ပြင်းတချက် ချလိုက်သည်။

'တကယ်တော့ သူဟာ ယုဖုံးထင်အပေါ် မနာလိုဝန်တိုစိတ်ရှိနေတာ ကြာပါပြီ၊ ရွှေခြသေ့ အာမခံဌာနဟာ သူတို့ အာမခံဌာနထက် အများကြီး သာနေခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ယုဖုံးထင်တို့ အာမခံဌာန ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်လုပ်ကိုင်ခဲ့တာပါပဲ'

လုံဆင့်ပိသည် အားလုံး သိအောင် ရှင်းလင်းပြောကြားလိုက်သည်။

'ကဲ.... ခင်ဗျား ဘာပြောချင်သေးလဲ'

စုမားရှဲ့က လှမ်းမေးလိုက်သည်။ ထိုစဉ်မှာပင် ထန်ကျို့ချင်းသည် အရက်အိုးကို ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်ပြီး-

'ဟေ့ကောင် - စုဝမ်းဖုံး မင်းကိုအချင်းချင်းအပေါ် သစ္စာမရှိတဲ့ကောင်ကို လူ့ပြည်မှာ မထားဘူး၊ ဘုရားသာ တ, ပေတော့'

'ပြောပြောဆိုဆိုဖြင့် ထန်ကျို့ချင်းသည် စုဝမ်းဖုံးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

'ဟေ့ - ဟေ့ - ထန်ကျို့ချင်း မလုပ်နဲ့'

တစုံတယောက်က လှမ်း၍ဟန့်တားလိုက်သည့်တိုင် ထန်ကျို့ချင်း မကြားနိုင်တော့ချေ၊ သူသည် စုဝမ်ဖုံးကိုသာ သဲသဲမဲမဲ အာရုံစိုက်၍ တိုက်ခိုက်နေလေသည်။

ယခုအချိန်၌ စုဝမ်ဖုံးသည် အထီးကျန် ဖြစ်နေ တော့၏။ သူ့လူများပင် သူ့ဘက်မှ ရပ်တည်ခြင်း မပြုတော့၊ သူ့ အား

ထန်ကျို့ချင်းက ဝင်ရောက် တိုက်ခိုက်လိုက်သည့်တိုင် သူ၏ အဖွဲ့သားများမှာ တုတ်တုတ်မျှ မလှုပ်ချေ။

စုဝမ်းဖုံးသည် ဇောချွေးများ ပြန်လာအောင် စိတ်လှုပ်ရှား နေသည်။ ထန်ကျို့ချင်း၏ အဟုန်ပြင်းသောတိုက်ခိုက်မှုကို ရှောင်တိမ်း ခုခံယင်း တွက်ပြေးရန် စိတ်ကူးလိုက်သည်။ သို့သော် ထန်ကျို့ချင်းက ပြေးလမ်းကို ပိတ်ဆို့တိုက်ခိုက်နေရာ စုဝမ်းဖုံးမှာ မပြေးသာအောင် ဖြစ်နေရလေတော့၏။

စင်စစ် စုဝမ်းဖုံး၏ သိုင်းပညာအဆင့်အတန်းမှာ ထန်ကျို့ချင်းထက် များစွာ သာလေသည်။ အကယ်၍ စိတ်ရှင်းရှင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်မည်ဆိုလျှင် ထန်ကျို့ချင်းသည် စုဝမ်းဖုံးအား မည်သို့မျှ ယှဉ်ပြိုင်နိုင်မည် မဟုတ်ချေ။ ယခုမူ စုဝမ်းဖုံးမှာ များစွာ စိတ်လှုပ်ရှားနေသည်။ မတရားမှု ပြုခဲ့သည့် အတိတ်ဆိုးများကလည်း သူ၏စိတ်အား ထွေပြားစေသည်။

**မီးကျီမီးခဲဟူသည် အလျှံရဲရဲဖြစ်နေချိန်တွင်လည်း ကိုင်သူ၏ လက်ကို ပူလောင်စေတတ်၏။ အေးနေချိန်တွင်လည်းလူ၏ လက်ကို မဲညစ် စွန်းထင်းစေတတ်၏။ မကောင်းမှု ဟူသည်လည်း စတင်ပြုလုပ်ချိန်၌ လောဘ ဒေါသများဖြင့် ပူလောင်နေစေပြီး အချိန်ကြာမြင့်သော အခါ၌လည်း အပြစ်ဏ်က မိမိ၏စိတ်နှင့် ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာတတ်ပေသည်။**

ထို့ကြောင့် သူ့အတွက် ဘာမျှ မပြောပ လောက်သည် မဟုတ်သော ထန်ကျို့ချင်း၏ လက် ၅ ချောင်း သိုင်းကွက်ကိုပင် အနိုင်နိုင် ခုခံနေရရှာလေသည်။ မကောင်းမှု ပြုကျင့်သူနှင့်



အမှန်တရားဘက်မှ ရပ်တည်သူတို့၏တိုက်ပွဲမှာတစထက်တစ ပြင်းထန်လာလေတော့၏။ စုဝမ်းဖုံးသည် အာရုံထွေပြားမှုကို အတတ်နိုင်ဆုံး ထိန်းချုပ်၍ ထန်ကျို့ချင်းအား ပြန်လည် တိုက်ခိုက်နေသည်။

သို့ရာတွင် သူ၏ နာမည်ကျော် ခေါ်သိုင်းကွက်များ မှာယခုပွဲ၌ လွန်စွာ ညံ့ဖျင်းလျက် ရှိနေသည်။ ထန်ကျို့ချင်း၏ လက် ၅ ချောင်း သိုင်းကွက်မှာမူ အံ့သြဖွယ် ထူးခြားလျက် ရှိနေတော့၏။ တကွက်ပြီးတကွက် ယှဉ်ပြိုင်လာလေ စုဝမ်းဖုံး၏ ခေါ်ကွက်၌ ဟာကွက်များက ပိုလာလေ ဖြစ်သည်။ ဤသို့ဖြင့် ၂၄ ကွက်မြောက်သို့ ရောက်ရှိလာသည့်အခါတွင် သံမဏိကဲ့သို့ သန်မာ ချွန်မြသည့် ထန်ကျို့ချင်း၏ လက်ချောင်းကလေးများ ကစုဝမ်းဖုံး၏ လည်မြိုသို့ ထိုးစိုက် မိတော့သည်။

စုဝမ်းဖုံးမှာ မျက်လုံးကြီးများ ပြူးကျယ်သွားကာ မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ထန်ကျို့ချင်းအား စိုက်ကြည့်လိုက်လေသည်။

'ဝုန်း....'

စုဝမ်းဖုံးလဲပြို ကျသွားသည်။ တချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော စုဝမ်းဖုံးသည် သူ့ထက် ပညာ အဆင့် နိမ့်သူ၏ လက်ချက်ဖြင့် ရှုံးနိမ့်ခဲ့ရပြီ ဖြစ်သည်။ မကောင်းမှု ကျူးလွန်သူကား ဤသို့ပင် ဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။

မိုးသည် စဲသွားသည် မရှိပဲ သည်းထန်စွာပင် ရွာသွန်းလျက် ရှိနေသေးသည်။ ထိုအခြေအနေမျိုးတွင် တည်းခိုခန်းသို့ မည်သူမျှ လာရောက်လေ့ မရှိချေ။ သို့ရာတွင် ယင်းကဲ့သို့ သဲသဲမဲမဲ ရွာ မိုးရွာသွန်းနေသည့် ကြားမှာပင် တည်းခိုခန်းသို့ လူ၅ ယောက် ရောက်ရှိလာလေသည်။ သူတို့အားလုံး မိုးကာ ဝတ်စုံကို ဝတ်ဆင်ထားကြသည်။

အခန်းတွင်းသို့ ရှေ့ဆုံးမှ ဦးဆောင် ဝင်ရောက်လာသူမှာ အံပင် ကျိုးတို့ကျဲတဲနှင့် ထိပ်ပြောင်ကြီး တယောက် ဖြစ်သည်။ ထိုသူသည် ငါးလူစုထဲ၌ အသက်အရွယ် အကြီးဆုံးသူလည်းဖြစ်လေသည်။ အသက်အားဖြင့် ၇၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

'ဟေ့ကောင်ထန်ကျို့ချင်း၊ မင်းကမလောက်လေးမလောက် စားပညာနဲ့ မာန်တက်ပြီး ငါ့ကိုတောင် လူ မထင်တော့ဘူး ဟုတ်လား'

ထန်ကျို့ချင်းသည် ထိပ်ပြောင် နေသော အဘိုးအိုအားခြေဆုံး ခေါင်းဆုံး ကြည့်၍ အကဲခတ်လိုက်သည်။

'ခင်ဗျားကြည့်ရတာ ဝီညာဥ်အရိပ်ကျေးရွာကနဲ့တူတယ်'

'အေး..ဟုတ်တယ် ငါ့နာမည်က ကုကျင်းတို့'

ထန်ကျို့ချင်းက သရော်ပြီး ပြုံးလိုက်သည်။

'အဲဒီ ကုကျင်းတို့ ဆိုတဲ့ နာမည်ကို ကျုပ်က ဘာလုပ်ရမှာလဲ'

ကုကျင်းတို့က ထန်ကျို့ချင်း၏ စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား ...ဟား မင်းတို့ ထန်ကျား ကျေး



ရွာက လက်ငါးချောင်းသိုင်းကွက်ဟာ အတော် နာမည်ကြီးတာပဲ၊ အခု ကိုယ်တွေ့ တဝက်တပျက် မြင်ရတော့မှ တော်တော် ရှော်မှန်း သိရတော့တယ်'

ကုကျင်းတို့သည်စုဝမ်းဖုံး အလောင်းအား စိုက်ကြည့်လိုက်သည်။ ပြီးမှ ထန်ကျို့ချင်းအား ပြန်ကြည့်ကာ....

'တကယ်တော့လဲ ဒီကောင်အသုံးမကျလို့ မင်းနိုင်သွားတာပါ၊ နို့မို့ယင် မင်းလိုကောင်မျိုး လေးငါးကောင်ကို စုဝမ်းဖုံးက စကားထဲတောင် ထည့်မပြောဘူး'

ကုကျင်းတို့၏ စကားကြောင့် ထန်ကျို့ချင်းမှာ ရှူးရှူးရှဲရှဲဖြစ်သွားသည်။

'အံမယ်...ခင်ဗျားက ကျုပ်ကို အထင်သေးတယ်ပေါ့၊ လာပါကျုပ်နဲ့ တပွဲလောက်စမ်းကြည့်ရအောင်'

ထန်ကျို့ချင်းက မခံချိမခံသာဖြင့် ကုကျင်းတို့အား စိန်ခေါ်လိုက်သည်။ ကုကျင်းတို့က ထန်ကျို့ချင်းအား လုံးဝ ဂရုမစိုက်ပဲ လုံဆင်ပိနှင့် စုမားရှဲ့ဘက် မျက်နှာ လှည့်လိုက်သည်။ ထန်ကျို့ချင်းမှာအောင့်သက်သက်ဖြစ်သွားပြီးကုကျင်းတို့အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ လုံဆင်ပိက လက်ပြ၍ ဟန့်တားလိုက်ရသည်။ ကုကျင်းတို့သည် ထန်ကျို့ချင်းအား လုံးဝဂရုမပြုပဲ လုံဆင်ပိအား လှမ်းပြောလိုက်သည်။

'မင်းတို့က ဒီ အာမခံဌာနက ပစ္စည်း တွေကိုဒမြတိုက်ကြမလို့လား'

လုံဆင်ပိက ဘာမျှ ပြန်မပြောချေ။ သို့သော် စုမားရှဲ့က ဝင်ပြောလိုက်သည်။

'ဒါ ခင်ဗျားတို့ဝိညာဉ် အရိပ်ကျေးရွာနဲ့ ဘာမှ မဆိုင်ပါဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်ယင် ပိုကောင်းလိမ့်မယ်'

'ဟား…ဟား…ဟား…ဟား…'

ကုကျင်းတို့က၊ သဘောကျစွာဖြင့် အားပါးတရ ရယ်မောလိုက်သည်။

'မင်းတို့ မှားနေပြီ၊ အခု စုဝမ်းဖုံး အာမခံဌာနက သယ်လာတဲ့ ပစ္စည်းတွေဟာ၊ ငါတို့ဝိညာဉ် အရိပ်ကျေးရွာရဲ့ပစ္စည်းတွေကွ'

'ဩော်… ဒါကြောင့်၊ ခင်ဗျားတို့က လာကြိုကြတာကိုး'

ကုကျင်းတို့သည် ဘာမျှ ပြန်မပြောပဲ၊ နှုတ်ဆိတ်သွားသည်။ ထိုစဉ်မှာပင် သူနှင့်အတူ ပါလာသော လူ ၄ ယောက်က ရှေ့သို့ ပြိုင်တူ လှမ်းထွက်လိုက်သည်။ သူတို့၏ အသွင်က တိုက်ပွဲဝင်ရန် အဆင့် အနေအထားမျိုး ဖြစ်သည်။ လုံဆင်ပိသည် သူတို့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

'ခင်ဗျားတို့ဟာ ဝိညာဉ်အ ရိပ် ကျေး ရွာ က ဓားသမား ၄ ယောက်ထင်တယ်'

လက်ဝဲဘက် အစွန်ဆုံးလူက မျက်နှာထား ရှုတည်တည်နှင့် ခပ်မာမာပင် ပြန်ပြောလိုက်သည်။

'အေး…ဟုတ်တယ်'

'ဒါဖြင့် ပလွေသိုင်းသမား ဖန်းဟန်ဆိုတာခင်ဗျားပေါ့'

'ဟ…မင်းသိထားတာတွေ မနည်းပါလား'

ကုကျင်းတို့က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ထို့နောက်



ကုကျင်းတို့ကပင် ကျန် ၃ ယောက်၏ အမည်ကို ဆက်၍ ပြောပြလိုက်သည်။

'သူတို့ကတော့၊ ပလွေသိုင်းသမား စုယုံ၊ ကျားသိုင်းသမား ကျင့်ရှင်းနဲ့ ဟိုဘက်အစွန်က စောင်းသိုင်းသမား စီချူးပဲ'

'ဟုတ်ကဲ့ ကျုပ်သိပါတယ်'

ဖန်းဟန်သည် စားမတတ် ဝါးမတတ် မျက်လုံးအစုံဖြင့် လုံဆင်ပိအားစိုက်ကြည့်လိုက်သည်။

'ကျုပ်တို့ကို သိနေမှတော့ ဘာ အထူးပြောစရာ ရှိသလဲ၊ ခင်ဗျားတို့ သတ္တိရှိယင် တိုက်ကြပေတော့'

ဖန်းဟန်က စိတ်တိုတိုနှင့် အော်ပြောသည်။ သူ့အပြောကို သဘောကျသွားသောကြောင့် ထန်ကျို့ချင်းက ရယ်မောလိုက်သည်။ သူသည် သူ၏ ဝဖိုင့်ဖိုင့် ကိုယ်ခန္ဓာနှင့် ရှေ့သို့ နှစ်လှမ်း သုံးလှမ်းမျှ တိုးလိုက်သည်။

'ဩော်…မင်းတို့က စိန်ခေါ်တယ်လား၊ ဒါမျိုးမှ ငါကြိုက်တာ'

ထန်ကျို့ချင်းသည် ယင်းသို့ ပြောဆိုပြီးသည်နှင့် တပြိုင်နက်၊ ဖန်းဟန်အား စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူက ဟန်ပြင်ရုံသာ ရှိသေးသည်။ ကျားသိုင်းသမား ကျင့်ရှင်းနှင့် စောင်းသိုင်းသမား စီချူးတို့က သူ့အား ရုတ်တရက် စတင်တိုက်ခိုက်လိုက်သည်။ တပြိုင်တည်းမှာပင် ဖန်းဟန်နှင့် စုယုံတို့ကလည်း လုံဆင်ပိနှင့် စုမားရှဲ့တို့အား လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

လုံဆင်ပိတို့ လူစုံသည် ထိုဓားသမား ၄ ယောက်အား မှုစရာ

မလိုလှသော်လည်း ကုကျင်းတို့ ရန်ကိုမူ ကြောက်ရွံ့နေရသည်။ ကုကျင်းတို့မှာ ယခုအချိန်ထိ ဝင်ရောက်တိုက်ခိုက်ခြင်းမပြုသေးပေ။ သို့သော် အလစ်ဝင်ရောက်တိုက်ခိုက်မည်ကို စိုးရိမ်နေရလေ၏။

ခန်းမဆောင်၏ အပြင်၌ မိုးသံလေသံကြောင့် တဝေါဝေါ တဒိုင်းဒိုင်းဖြစ်နေသည်။ ခန်းမ ဆောင်တွင်း၌ကား သံသံချင်း ထိခိုက်သံတို့သည် တချွင်ချွင် ထွက်ပေါ်လျက် ရှိသည်။ တခါတရံ မိုးခြိမ်းသံနှင့်အတူ လျှပ်စီးကြောင်းများ ဝင်းကနဲ လက်ကနဲ ဖြစ်သွားသလို သံသံချင်း ထိခိုက်မိ၍ ထွက်ပေါ်လာသော မီးပွင့်များမှာလည်း ဝင်းကနဲ လက်ကနဲ ဖြစ်သွားရလေသည်။

ကုကျင်းတို့သည်၊ ပွဲကြည့်သူပမာ မလှုပ် မယှက် ရပ်ကြည့်နေသည်။ သို့ရာတွင် သူ၏အမူအရာမှာ အခွင့်အရေးရလျှင် ရသလို ဝင်ရောက်တိုက်ခိုက်မည့်ပုံမျိုးဖြစ်သည်။ ထိုအချက်ကိုလုံဆင်ပိတို့လူစုကလည်း ကောင်းစွာ သိရှိကြသည်။ ထို့ကြောင့် မျက်နှာချင်းဆိုင်မှ ရန်သူအား ယှဉ်ပြိုင်တိုက်ခိုက်နေယင်း တချိန်တည်းမှာပင် နောက်ကျောမှ ဝင်ရောက်လာမည့် ရန်သူ၏ ဓားချက်ကိုလည်း ဂရုစိုက်နေရသည်။ သို့ဖြစ်ရာ သူတို့သည် ထင်တိုင်းခရီးမရောက်ပဲ တိုက်ပွဲမှာ အချိန်ကြန့်ကြာလာတော့သည်။

ထန်ကျို့ချင်းသည် လုံဆင်ပိနှင့် လည်းကောင်း၊ စုမားရှဲ့နှင့် လည်းကောင်း ယှဉ်လိုက်လျှင် သိုင်းကွက်အဆင့် များစွာ နိမ့်၏။ သို့ရာတွင် ထန်ကျို့ချင်းသည် ရန်သူနှစ်ယောက်နှင့် ရင်ဆိုင်နေရရှာသည်။ ထို့ကြောင့် လုံဆင်ပိက တိုက်ယင်း၊ ခိုက်ယင်းဖြင့်



ထန်ကျို့ချင်းထံ ချဉ်းကပ်သွားကာ အခွင့်ရလျှင် ရသလို ထန်ကျို့ချင်းအား ကူညီတိုက်ခိုက်ပေးနေရသည်။

ထိုအချိန်၌ မိုးခြိမ်းသံတချက် ကျယ်လောင်စွာ ဟိန်းထွက်လာပြီး လျှပ်စီးတန်းတခု ဝင်းကနဲ လက်သွားသည်။ လျှပ်စီးပျောက်သွားသောအခါ တိုက်ပွဲငယ်လေး ဖြစ်နေသော ခန်းမဆောင်ကြီးမှာ အနည်းငယ် မှောင်သွားသယောင် ထင်ရသည်။ ယင်းအခိုက်မှာပင် ခန်းမဆောင်ကြီး အတွင်းသို့ လူတယောက် လစ်ကနဲ ဝင်ရောက်လာသည်။ လုံဆင်ပိတို့ လူစုမှာ တိုက်ပွဲတွင်း၌ အာရုံရောက်နေသောကြောင့် လုံးဝ သတိပြုမိလိုက်ခြင်း မရှိချေ။ ခန်းမဆောင်တွင်းသို့ ရုတ်တရက် ဝင်ရောက်လာသူမှာ အနက်ရောင်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။

ထိုသူသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေခြင်းကို အခွင့်ကောင်းယူ၍ သူတော်စင်ကြီး ယုဖုံးထင်ထိုင်နေသည့် ဘီးတပ် ကုလားထိုင်အနီးသို့ တရွေ့ရွေ့ ချဉ်းကပ် သွားလေသည်။ ထိုသူ၏ လှုပ်ရှားမှုမှာ ပီရိသည်၊ တိကျသည်၊ လျင်မြန်သည်။ သူ၏ လှုပ်ရှားမှုကို တစုံတရာ ရိပ်စားမိခြင်း မရှိအောင်လည်း သိပ်သည်းကျစ်လစ်စွာ လုပ်ဆောင်နိုင်သည်။ ထိုသူ၏ လှုပ်ရှားမှုကား သာမန် သိုင်းသမား မဟုတ်ကြောင်း ဖော်ပြလျက် ရှိသည်။ သို့ဆိုလျှင် ထိုသူသည် မည်သူ ဖြစ်ပါသနည်း။

မသိပါ- မည်သူမျှ မသိ လိုက်ကြပါ။ မည်သူ ကမျှလည်း သူတော်စင်ကြီးအား ဂရုမစိုက်မိကြပါ။ ဂရုမစိုက်နိုင်ခဲ့သောကြောင့်လည်း သူတော်စင်ကြီး အနီးသို့ လူတယောက် ချဉ်းကပ်သွားသည်ကို သတိမပြုမိလိုက်ကြခြင်း ဖြစ်သည်။

အနက်ရောင်ဝတ်စုံနှင့် လူသည် သူတော်စင်ကြီး အနီးသို့ ရောက်ရှိသွားသည်နှင့်တပြိုင်နက် ဘီးတပ်ကုလားထိုင်ကို လျင်မြန်စွာ ဆွဲယူသွားလေတော့သည်။ အနက်ရောင် ဝတ်စုံနှင့် လူ၏ ပိရိသေသပ်မှုကြောင့် သူတော်စင်ကြီး ပျောက်ဆုံးသွားသည်ကို လုံဆင်ပိတို့လူစု လုံးဝ မသိလိုက်ကြချေ။ သူတို့သည် ရန်သူကို တိုက်ခိုက်ချေမှုန်းရန်သာ စိတ်စောနေကြလေသည်။

× × ×

မိုးသည် ရွာသွန်းမြဲ ရွာသွန်းလျက် ရှိနေသေးသည်။

ခန်းမဆောင်ကြီးတွင်းမှ တိုက်ပွဲသည်လည်း သဲသဲမဲမဲ တိုက်ခိုက်နေကြဆဲ ဖြစ်သည်။တိုက်ခိုက်နေကြသူ အားလုံးမှာ အဆင့်မြင့် သိုင်းသမားချည်းသာ ဖြစ်ရာ တော်ရုံ တန်ရုံနှင့် အပြတ်အသတ် အနိုင်ရရှိရန် လုံးဝ မဖြစ်နိုင်ချေ။

လုံဆင်ပိတို့လူစုမှာ သိုင်းပညာ အဆင့်အတန်း ပို၍ မြင့်မားသည် မှန်သော်လည်း သုံးယောက်နှင့် ငါးယောက် တိုက်ခိုက်နေရသောကြောင့် ထင်သလောက် ခရီးမပေါက်ပဲ ဖြစ်နေသည်။ အထူးသဖြင့် လုံဆင်ပိမှာ ထန်ကျို့ချင်းအား ဝင်ရောက် ကူညီ



တိုက်ခိုက်ပေးနေရသည့်အတွက် သူ၏ ခြေးကွက်များသည်လည်း လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းမရှိပဲ ဖြစ်နေရတော့သည်။

ထို့ပြင် 'ကချင်းတို့' အဖွဲ့သည် လုံဆင်ပိ ခန့်မှန်းထားသည်ထက် ပို၍ သိုင်းပညာအရည်အသွေး မြင့်မားနေကြသည်။ ပို၍ဆိုးသည်မှာခန်းမဆောင်၏အနေအထားဖြစ်သည်။ တိုက်ခိုက်နေကြသူများနှင့်စုဝမ်းဖုံး၏လူများ၏လူများရောထွေးနေကာခန်းမဆောင်အားပို၍ကျဉ်းမြောင်းသွားပေသည်။ထို့ကြောင့်တိုက်ခိုက်ရာ၌ လွတ်လပ်မှု မရှိပဲ ထိန်းထိန်း သိမ်းသိမ်း တိုက်ခိုက်နေရသည်။ သို့ဖြစ်ရာ တိုက်ပွဲကြီးမှာ ပြီးသင့်ပါလျက် မပြီးနိုင်ပဲ အချိန်ကြန့်ကြာလာသည်။

အချိန်ကြာလာသည်နှင့် အမျှ တိုက်ပွဲ အခြေအနေကလည်း ဆိုးရွား လာနိုင်သည်ကို လုံဆင်ပိ တွေးတော လိုက်မိသည်။ ထို့ကြောင့် လုံဆင့်ပိသည် ခြေးကို တရစပ် ဖွေ့ယမ်းယင်း ပြင်းထန်စွာ ထိုးနှက် တိုက်ခိုက်လေတော့သည်။ ထိုအချိန်တွင်ပင် အပြင်ဘက်ဆီမှ ကျယ်လောင်သော ရယ်မောသံတခုက ခန်းမဆောင်ကြီးအား ဖုံးလွှမ်းသွားလေတော့၏။

ကျယ်လောင်သော ရယ်မောသံကြီးကြောင့် တိုက်ခိုက်နေကြသူများသည် တဒင်္ဂမျှ ကြောင်အမ်းအမ်း ဖြစ်သွားကာ တိုက်ခိုက်နေခြင်းမှ ရပ်တန့်လိုက်၏။

'ဟား....ဟား....ဟား....ဟား....'

ရယ်မောသံကြီးက ဆက်လက် ထွက်ပေါ်လာသည်။

'ဝမ်းဖုံး အာမခံဌာနက ပစ္စည်းတွေကို ဘယ်သူမှ မထိနဲ့၊

နို့မဟုတ်ယင် သူတော်စင်ကြီးရဲ့ အသက်ကို ကျုပ်အာမ မခံနိုင်ဘူး’

တည်းခိုခန်းအပြင်ဘက်မှ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။ လုံဆင်ပီတို့ လူစုသည် အခန်းထောင့်တနေရာသို့ ဖြတ်ကနဲ လှမ်းကြည့်လိုက်ကြသည်။ မရှိတော့။ သူတော်စင်ကြီး မရှိတော့ပါတကား။ သူတို့အားလုံး မျက်ကလဲဆန်ပြာ ဖြစ်သွားကြသည်။

အပြင်မှ လှမ်းအော်လိုက်သူမှာ ယန်းချွဲ့စန်း ဖြစ်ကြောင်း သူတို့အားလုံး သိလိုက်ကြသည်။ လုံဆင်ပီသည် ခံပြင်းစွာဖြင့် ‘တောက်’တချက် ခေါက်လိုက်သည်။ တိုက်ပွဲမှာ အလိုလို ရပ်ဆိုင်းသွားပြီ ဖြစ်သည်။ ကုကျင်းတို့၏ လူစုဘက်က နိုင်ကွက်ကို ချုပ်ကိုင်နိုင်ခဲ့ချေပြီ မဟုတ်ပါလား။ လုံဆင်ပီသည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်တလုံးပေါ်သို့ ဆောင့်ကြီး အောင့်ကြီး ထိုင်ချလိုက်သည်။

ကုကျင်းတို့က သရော်ပြုံး ပြုံးပြလိုက်သည်။ ထို့နောက် သူ့လူဘက်သို့ လှည့်၍ မျက်ရိပ်ပြလိုက်သည်။ သူ့လူ(၄)ယောက်က ဝမ်းဖုံး အာမခံဌာနမှ ပစ္စည်းများကို စတင် သယ်ထုတ်သွားကြတော့သည်။ ထန်ကျို့ချင်းနှင့် စုမားရှဲ့တို့က မခံချိမခံသာဖြင့် အောင့်သက်သက် ဖြစ်နေမိကြသည်။ ကုကျင်းတို့က မထီတရီ ပြုံးပြလိုက်သည်။

‘ကဲ- ပစ္စည်းတွေလဲ သယ်လို့ပြီးပြီ၊ ကျုပ်တို့ သွားမယ်၊ ယုဖုံးထင်ကို ကယ်ချင်တယ်ဆိုယင်တော့ ခင်ဗျားတို့(၃)ယောက် ကျုပ်တို့ဆီ လိုက်လာနိုင်တယ်၊ ကဲ- သွားပြီဗျို့’

ကုကျင်းတို့သည် ယင်းသို့ မထိတရီ ပြောကြားပြီး ခန်းမ



ဆောင်ကြီး အတွင်းမှ ရင်ကော့၍ ခပ်မော့မော့ကလေး ထွက်ခွါသွားလေတော့သည်။

စောစောပိုင်းက သည်းထန်စွာ ရွာသွန်းခဲ့သော မိုးသည် ယခုအခါ၌ လုံးဝ တိတ်သွားပြီ ဖြစ်သည်။ ကောင်းကင်ပြင်သည်လည်း စောစောပိုင်းကကဲ့သို့ ညိုမှောင်နေခြင်း မရှိတော့ချေ။ ရာသီဥတုမှာ ပြန်လည်၍ သာယာကြည်လင်လာသည်။

တည်းခိုးခန်းရှေ့မှ လှည်းတန်းကြီးသည် ဝိညာဉ်အရိပ်ကျေးရွာသို့ တအိအိဖြင့် ဦးတည် ထွက်ခွာသွားနေချေပြီတည်း။

× × ×

## တိုက်ပွဲခေါ်သံ

ပန်းဥယျာဉ်ကြီးတခု…

ပန်းဥယျာဉ်၏ အလယ်ဗဟိုတွင်မူ သေးငယ်သော ရေကန်ကလေး တခု ရှိလေသည်။ ကန်ရေသည် ကြည်လင်သောကြောင့် ကြေးမုံပြင်သဖွယ် ဖြစ်နေ၏။

မကြာမီ ကန်ရေပြင်ပေါ်၌ လူတယောက်၏ မျက် နှာ သည် ဘွား ကနဲ ပေါ်ထွက်လာလေသည်။ ထိုမျက်နှာသည် ဖြူဖွေးနေပြီး၊ ပါးရေများ တွန့်နေသည်ကိုပင် တွေ့မြင်ရသည်။

ရေပြင်၌ ထင်ဟပ်နေသော မျက်နှာ ပိုင်ရှင်သည် အသက်အရွယ်အားဖြင့် (၆၀) ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ အသက်မငယ်တော့သော်လည်း ထိုသူ၏ မျက်နှာထားမှာ တင်းမာ ခက်ထန် နေဆဲ ဖြစ်သည်။ တစုံတရာကို အ လို မ ကျ သော ကြောင့် ဒေါသ ထွက်နေသည့် ပုံမျိုး ဖြစ်သည်။ သူ၏ မျက်လုံးများသည် အသက်အရွယ်နှင့်မလိုက်အောင် စူးရှ တောက်ပနေသည်။



စင်စစ် ဤပန်းဥယျာဉ်သည်ကား ဝိညာဉ်အရိပ်ကျေးရွာ၏ ပန်းဥယျာဉ်တခုပင် ဖြစ်ချေသည်။ ရေထဲ၌ အရိပ်ထင်ဟပ်လာသော မျက်နှာပိုင်ရှင်မှာ ဝိညာဉ်အရိပ် ကျေးရွာ၏ အရှင်သခင် 'ယန်းချဲ့စန်း' ပင် ဖြစ်ပေတော့သည်။

ယန်းချဲ့စန်း ပန်းဥယျာဉ်အတွင်းရှိ ရေကန်နံဘေး၌ လူးလာခေါက်တုန့် လမ်းလျှောက်လျက်ရှိသည်။ တခါတရံ ကန်နံဘေး၌ အချိန် အတန်ကြာအောင် ရပ်ယင်း တစုံတခုကို အလေးအနက် စဉ်းစားနေဟန်ရှိသည်။ ယင်းသို့ဖြင့် ယန်းချဲ့စန်းသည် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်လိုက်၊ ကန်နံဘေး၌ ခေတ္တမျှ ရပ်၍ စဉ်းစားလိုက် စသည်ဖြင့် ဂနာမငြိမ်နိုင်အောင် ဖြစ်နေလေသည်။

ယန်းချဲ့စန်းသည် ခက်ခဲနက်နဲသည့် ပြဿနာများနှင့် ရင်ဆိုင်ရသည့်အခါတိုင်း ဤနေရာသို့ လာရောက်၍ ယင်း သို့ပင် စဉ်းစား တွေးတောနေတတ်ပေသည်။

သို့ရာတွင် ဝိညာဉ်အရိပ်ကျေးရွာမှ လူများ သိထား သည့် အချက်တချက်တော့ ရှိနေသည်။ ယင်းအချက်မှာကား ယခုကဲ့သို့ စဉ်းစားတွေးတောနေသည့်အချိန်တွင် မည်သူ တဦး တယောက်ကမျှ ယန်းချဲ့စန်းအား နှောင့်ယှက်ခြင်း မပြုရ ဟူသောအချက်ပင် ဖြစ်သည်။ ယုတ်စွအဆုံး ယန်းချဲ့စန်း၏ အယုံကြည်ရဆုံး၊ အားအထားရဆုံး ဖြစ်သည့် 'ကုကျင်းတို' သည်ပင် သူ့ထံ လာရောက်ခြင်းကို လုံးဝ ခွင့်မပြုခဲ့ချေ၊ ဤသည်မှာ….ယန်းချဲ့စန်းကိုယ်တိုင် တင်းကျပ်စွာ ချမှတ်ထားသည့် စည်းကမ်း ဖြစ်သည်။

မည်သို့ဆိုစေ၊ ယခုအချိန်၌ 'ကုကျင်းတို' သည် ယန်းချဲ့စန်း

ရှိရာ ပန်းဥယျာဉ်တွင်းသို့ သုတ်သီး သုတ်ပျာ ဝင်ရောက်လာနေပြီ တည်း။

ယန်းချွဲ့စန်း သည် စိတ်အနှောင့်အယှက် ဖြစ်သွား ဟန် နှင့် 'ကုကျင်းတို့' အား မျက်မှောင် ကုပ်၍ ကြည့်လိုက်သည်။ ယန်းချွဲ့စန်း ၏ မနှစ်မြို့သော အကြည့်ကို မြင်လိုက်ရသောအခါ ကုကျင်းတို့ မှာ ထိတ်ကနဲ ခံစားလိုက်ရသည်။ ထို့ကြောင့် ကုကျင်းတို့သည် ယန်းချွဲ့စန်းနှင့် နှစ်လုံခန့်အကွာ၌ တုန့်ကနဲ ရပ် လိုက် မိသည်။ သူ့အနေဖြင့် အလွန်တရာ အရေးတကြီးကိစ္စ ရှိ၍သာ ဝင်ရောက်လာရခြင်းဖြစ်သည်။စိတ်ထဲ၌မူ အနည်းငယ်ရှိုကြောက်နေမိ၏။ ယန်းချွဲ့စန်းသည် မျက်ထောင့်နီကြီးဖြင့် 'ကုကျင်းတို့' အား လှမ်းကြည့်လိုက်သည်။ ပြီးမှ စိတ်မရှည်သောလေသံဖြင့်-

'ဟော့ ... ဘာကိစ္စလဲ'

'ဟို...ဟို...'

ကုကျင်းတို့မှာ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

'လုံဆင်ပီတို့ ရောက်နေကြပါပြီ ခင်ဗျာ...'

-ကုကျင်းတို့' သည် အနိုင်နိုင်အားတင်း၍စကားကို ဆုံးအောင် ပြောလိုက်ရာတွင် လုံဆင်ပီဟူသောနာမည်ကြောင့် ယန်းချွဲ့စန်း၏ မျက်လုံးသည် အနည်းငယ် မှေးနေရာမှ ပြူး ကျယ် သွား၏။ ကုကျင်းတို့က သူ၏တာဝန် ပြီးဆုံးသွားပြီဖြစ်၍ ကိုယ်ကို ရို့ပြီး ဦးညွှတ်လိုက်သည်။ ထို့နောက် ဦးညွှတ်လျက်အနေအထားဖြင့် နောက်သို့ တဖြည်းဖြည်း ဆုတ်ခွါသွားသည်။ ယန်းချွဲ့စန်းသည် အဝေးသို့ လှည့်ကြည့်နေရာမှ သူ့ဘက် လှည့်လိုက်သည်။

'ဟော့ ခဏနေအုံး'



'ကုကျင်းတို့' သည် နောက်သို့ ဆုတ်ခွာသွားနေရာမှ တုန့်ကနဲ ရပ်လိုက်သည်။

'သူတို့ကို ဧည့်ခန်းထဲ ခေါ်ခဲ့၊ ငါ အဲဒီကနေပြီး သူ တို့ ကို စောင့်နေမယ်'

ယန်းချွဲ့စန်းက ယင်းသို့ လှမ်းပြောလိုက်ပြီးနောက် ထိုင်နေရာမှ ဆတ်ကနဲ ထ လိုက်လေသည်။ သူ့မျက်နှာသည် သုန်မှုန်အုံ့မှိုင်းနေရာမှ ကြည်လင် ရွှင်ပျလာသည်။

'ဘာပဲဖြစ်ဖြစ် ပြဿနာရဲ့အဖြေကတော့ သူတို့ဆီမှာပဲ'

ယန်းချွဲ့စန်းသည် နှုတ်မှ တီးတိုး ရေရွတ် ယင်း၊ ဧည့်ခန်းဆောင်သို့ ထွက်ခွါသွားလေတော့သည်။

\+ \+ \+

ဧည့်ခန်းဆောင်သည် လွန်စွာ ကျယ်ဝန်းပြီး ခမ်း နား လှသည်။ မြို့စားတဦး၏ စံအိမ်တော် ကဲ့သို့ပင် တပြောင်ပြောင် တရောင်ရောင်နှင့် ကြီးကျယ်ခန့်ညားနေလေသည်။ ယန်းချွဲ့စန်းသည် ဧည့်ခန်းမ၏ အလယ်ဗဟိုရှိ သားမွေးခင်း ထိုင်ခုံပေါ်၌ အခန့်သား ထိုင်လျက် ရှိနေသည်။ သူ၏လက်ထဲ၌မူ သံမဏိ တောင်ဝှေးတချောင်းကို ကိုင်ဆောင်ထားလေသည်။သူ၏လက်ဝဲ

ဘက်၌ 'ကုကျင်းတို့' က မားမားမတ်မတ် ရပ်လျက် ရှိသည်။ သူ၏ညာဘက်တွင်မူ ဓားသမား (၄) ယောက်က အစီအရီ ရပ်နေကြသည်။ သူတို့မျက်နှာမှာ ကျောက်ရုပ်ကြီးကဲ့သို့ ရှုတည်တည်ကြီးနှင့် ဖြစ်သည်။

မကြာမီမှာပင် လုံဆင်ပီ၊စုမားရှဲ့ နှင့် ထန်ကျို့ချင်းတို့သည် ညှိခန်းဆောင်ကြီးအတွင်းသို့ဝင်ရောက်လာကြလေတော့သည်။ ထန်ကျို့ချင်းသည် အရက်အိုးပိုက်၍ ဝင်လာခြင်းဖြစ်သည်။ သူသည် တလမ်းလုံး အရက် သောက်လာခဲ့ဟန်တူသည်။ ညှိခန်းဆောင်တွင်းသို့ ထန်ကျို့ချင်း ဝင်ရောက်မိသည်နှင့် တပြိုင်နက် အရက်နံ့က စူးစူးရှရှ လွှမ်းခြုံသွားလေသည်။

အရက်နံ့ကြောင့် ယန်းချဲ့စန်း နှာခေါင်း ရှုံ့လိုက်မိသည်။ လုံဆင်ပီတို့လူစုသည် ခန်းမဆောင်အတွင်း ဝင်ရောက်လာပြီး ယန်းချဲ့စန်းနှင့် မလှမ်းမကမ်း၌ မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။ ယန်းချဲ့စန်းက သူတို့အား စိုက်ကြည့်လိုက်ပြီး…

'ထိုင်'

ယန်းချဲ့စန်းက တိုတိုပြတ်ပြတ်လှမ်းပြောလိုက်သည်။ အရက်အိုးပိုက်ထားသော ထန်ကျို့ချင်းသည် ခေါင်းကို ခါယမ်းပြလိုက်ပြီး….

'ကျုပ်တို့ ထိုင်ဖို့လာတာမဟုတ်ဘူး'

လုံဆင်ပီသည် သက်ပြင်းချယင်းမေးလိုက်သည်။

'သူတော်စင်ကြီး ယူဖုံးထင်နဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ သဘောကို ပြောပါအုံး'

လုံဆင်ပီကသူတို့ ဖမ်းဆီးခေါ်ဆောင်ထားသောသူတော်စင်



ကြီးအား ပြန်လွှတ်ပေးရန် မည်သို့ အပေးအယူလုပ်မည်ကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ သို့သော် ယန်းချဲ့စန်းပြန်မေးသည့်မေးခွန်းက ယူဖုံးထင်နှင့် ဘာမျှမပတ်သက်ပဲဖြစ်နေ၏။

'ပုတိုနဲ့ မင်းတို့ ဘာများရန်ငြိုးရှိလို့လဲ'

မဆီမဆိုင် မေးခွန်းကြောင့် လုံဆင်ပီတို့လူစုမှာ အူကြောင်ကြောင်ဖြစ်သွားရသည်။ ယန်းချဲ့စန်း ပြောလိုက်သော ပုတိုဆိုသူမှာ သူ့သမီးယန်းရှောက်ရှမ်းအား လိုက်ပါစောင့်ရှောက်နေသည့် ခါးကုန်းကြီးပုတိုကို ဆိုလိုခြင်းဖြစ်သည်။ သိုင်းလောကသားများကမူ ခါးကုန်းကြီး ပုတိုအား မိုးကြိုးလက်ဝါး ပုတိုဟု သိထားကြသည်။ လုံဆင်ပီသည် တအံ့တဩဖြင့်…

'မိုးကြိုးလက်ဝါးပုတိုကို ပြောတာလား'

'အေး…ဟုတ်တယ်'

လုံဆင်ပီသည် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်သည်။

'မိုးကြိုးလက်ဝါးပုတိုကို နာမည်ပဲကြားဖူးတယ်၊ လူတောင် မြင်ဖူးတာမဟုတ်ဘူး၊ ဘယ်နှယ်ကြောင့် ကျုပ်တို့က ပုတိုနဲ့ ရန်ငြိုးရှိနေရမှာလဲ'

ယန်းချဲ့စန်းသည် သံမဏိတောင်ဝှေးကို ဒေါသတကြီးဖြင့် ကြမ်းပြင်ပေါ် ဆောင့်ချလိုက်သည်။ သူ့မျက်နှာမှာ မကျေနပ်မှုများ ယှက်သန်းနေသည်ကို အထင်းသား မြင်တွေ့နေရသည်။

'ရန်ငြိုးမရှိပဲနဲ့ တောင် မင်းတို့ ဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ'

'ဗျာ….နေစမ်းပါအုံး၊ ခင်ဗျား ဘာတွေပြောနေတာလဲ'

လုံဆင်ပီ အံ့ဩစွာဖြင့် ပြန်မေးလိုက်မိသည်။ စုမားရှဲ့နှင့်

တန်ကျို့ချင်းတို့မှာလည်း အံ့သြသော မျက်လုံးများဖြင့် ယန်းချဲ့စန်းအား ကြည့်မိလိုက်ကြသည်။ ယန်းချဲ့စန်းမှာ သူတို့အား ပြန်ကြည့်ယင်း စိတ်ဆိုးသထက် စိတ်ဆိုးလာပြီး....

'ဟေ့....ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ ယောကျ်ားပီပီ သတ်ယင်သတ်တယ်ပေါ့ကွ၊ လုပ်တုန်းက လုပ်လာပြီး ဝန်ခံရမှာတော့ ကြောက်နေကြသလား'

လုံဆင်ပီသည် ခေါင်းကိုသာ တွင်တွင်ခါယမ်းလိုက်မိသည်။

'ကျုပ်တို့အနေနဲ့ တကယ်လုပ်ခဲ့တာဆိုယင် ဘာမှ ဝန်မခံရဲစရာအကြောင်း မရှိပါဘူး၊ တကယ်မလုပ်ခဲ့လို့ မဟုတ်ဘူးပြောတာပဲ၊ ကျုပ်တို့မှာ ကြောက်စရာအကြောင်း ဘာမှမရှိဘူး၊ ကျုပ်တို့ ဘယ်လိုလူတွေဆိုတာ ခင်ဗျားသိပါတယ်'

ယန်းချဲ့စန်းသည် သံမဏိတောင်ဝှေးကို တချက်ဆောင့်ပြီး ထိုင်ရာမှ ထလိုက်သည်။

'ကဲ....ဒါထားလိုက်တော့၊ ငါ့သမီးကို မင်းတို့ ဘယ်တော့ လွှတ်မလဲ၊ ဒီ့ပြင်ကိစ္စကို ခွင့်လွှတ်နိုင်ပေမယ့် ငါ့သမီးနဲ့ပတ်သက်လာယင် ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဒါကိုတော့ မင်းတို့နားလည်ထားဖို့လိုတယ်'

'ဟောဗျာ...ဖြစ်ရပြန်ပြီ၊ စောစောက လူသတ်မှုနဲ့ အစွပ်စွဲခံရတယ်၊ အခု ပြန်ပေးမှုတခုတိုးလာပြန်ပြီ'

'ဘာသဲ .. မင်းလုပ်တာမဟုတ်ဘူးလို့ ငြင်းအုံးမလို့လား'

ယန်းချဲ့စန်းက လုံဆင်ပီအား အခိုင်အမာ စွပ်စွဲနေလေတော့သည်။ လုံဆင်ပီမှာ များစွာစိတ်ခေါက်ကျသွားရလေသည်။ သူတို့လာသည့်ကိစ္စက သူတော်စင်ကြီးကိစ္စ။ ယခုကြုံနေသည်က



တရားခံအဖြစ် အစွပ်စွဲခံရန် ရောက်လာသလို ဖြစ်နေသည်။ လုံဆင်ပီ ခေါင်းကိုခါယမ်းလိုက်ရပြန်သည်။ စုမားရှဲ့ကမနေသာတော့သဖြင့် ဝင်ရောက်ရှင်းပြလိုက်ရသည်။

'ဒီမှာ ယန်းချဲ့စန်း၊ ခင်ဗျား အထင်မှားနေပြီ၊ လုံဆင်ပီသာ တကယ်လုပ်ခဲ့ရိုးမှန်ယင် ဘယ်တော့မှ ငြင်းကွယ်မယ့်လူစားမဟုတ်ဘူး'

'ဟုတ်တယ်၊ လုံဆင်ပီဟာ သူလုပ်ခဲ့တဲ့ အလုပ်တခုကို ဘယ်တော့မှ ဘူးမကွယ်တတ်ဘူး'

ထန်ကျို့ချင်းကလည်း ဝင်ရောက်ပြောဆိုလိုက်သည်။ ယန်းချဲ့စန်းတွေဝေသွားသည်။ သည်အခါမှ လုံဆင်ပီက ဝင်ရောက်ရှင်းပြလိုက်သည်။

'တကယ်လို့ ကျုပ်သာ ခင်ဗျားသမီးကို ပြန်ပေးဆွဲထားရိုးမှန်ယင် ကျုပ်တို့ ခင်ဗျားဆီကို ဒီလိုခဲယဉ်းလာစရာအကြောင်းမရှိပါဘူးဗျ၊ ခင်ဗျား စဉ်းစားစမ်းပါအုံး'

ယန်းချဲ့စန်း၏ တင်းမာနေသော မျက်နှာထားမှာ အနည်းငယ်ပြေလျော့သွားသည်။

'ကဲ....ဒါဆို မင်းတို့ ဘာကိစ္စနဲ့ ငါ့ဆီလာကြတာလဲ'

လုံဆင်ပီက ပြုံးပြလိုက်ပြီး....

'ကျုပ်တို့လာတာက ကိစ္စ(၂)ခုကြောင့်ပဲ'

'ဟော - ကိစ္စ(၂)ခု ဟုတ်လား၊ ဘာကိစ္စတွေလဲ ဆိုစမ်းပါအုံး'

လုံဆင်ပီသည် ချောင်းတချက်ဟန့်လိုက်ပြီး လည်ချောင်းရှင်းလိုက်သည်။

'ပထမကိစ္စက သူတော်စင်ကြီးကို ပြန်လွှတ်ပေးဖို့'

ယန်းချွဲ့စန်းက ခေါင်းညိတ်လိုက်သည်။

'ငါတို့လဲ ပြန်လွှတ်ပေးမလို့ပါပဲ။ သူတော်စင်ကြီးကိုခေါ်လာရတာက အာမခံပစ္စည်းတွေကို၊ မင်းတို့မလုနိုင်အောင်လို့ပါ။ ခုတော့ တိုက်ကိစ္စလဲပြီးပါပြီ၊ ပြန်လွှတ်ပေးပါ့မယ်....'

'ဒီလိုတော့လဲ ခင်ဗျားက၊ နားလည်မှုအရှိသားပဲ'

ထန်ကျို့ချင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ယန်းချွဲ့စန်းကမျက်နှာထားကို တင်းလိုက်သည်။

'ကဲ....ဒုတိယကိစ္စကို ဆက်ပြောပါ...'

လုံဆင်ပိသည် အနည်းငယ်ချင့်ချိန်နေဟန်ဖြင့် နှုတ်ဆိတ်နေသည်။ ယန်းချွဲ့စန်းမှာ စိတ်မရှည်နိုင်သောအမူအရာဖြင့် လှမ်းကြည့်လိုက်သည်။ သည်တော့မှ လုံဆင်ပိက တလုံးချင်း လေးလေးပင်ပင် ပြောလိုက်လေသည်။

'တခြားမဟုတ်ပါဘူးဗျာ ခင်ဗျားဆီရောက်နေတဲ့ မြို့စားသခင်ရဲ့ ဘဏ္ဍာပစ္စည်းကိုပြန်တောင်းဖို့ပါ'

'ဘာ...မြို့စားရဲ့ ဘဏ္ဍာဟုတ်လား'

ဖြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ယန်းချွဲ့စန်းပြန်မေးလိုက်မိသည်။ လုံဆင်ပိက ခေါင်းညိတ်ပြလိုက်ပြီး-

'ဟုတ်ပါတယ် မြေရှင်သဌေးကြီးတဦးက မြို့စားသခင်ဆီဆက်သလိုက်တဲ့၊ ကျောက်သလင်းဟင်္သာရုပ်ပါ...'

'အော်...ကျောက်သလင်းဟင်္သာရုပ်ကိုး၊ အဲဒါ မင်းတို့နဲ့ ဘာဆိုင်လို့လဲ'

'ဒီလိုပါ....ကျောက်သလင်းဟင်္သာရုပ် ပြန်ရဖို့အတွက် နန်း



တွင်း သိုင်းသမားတွေ ကြိုးစားနေကြပါတယ်၊ အဲဒါ ကျုပ်တို့ကိုလည်း တဘက်တလမ်းက ကူညီရှာဖွေပေးဖို့ တာဝန်ပေးထားလို့ပါ'

လုံဆင်ပိက ရှင်းလင်းပြောကြားလိုက်သည်။ ယန်းချွဲ့စန်းသည် စိတ်မကောင်းဟန်ဖြင့် ခေါင်းခါပြလိုက်ပြီး...

'ကျောက်သလင်းဟင်္သာရုပ် ငါ့ဆီမှာမရှိပါဘူးကွာ..'

'ဒါပေမယ့် ခင်ဗျားဝယ်သွားတယ်ဆိုတာ၊ ကျုပ်တို့သတင်းအတိအကျရပြီးပါပြီ...'

ယန်းချွဲ့စန်းက သက်ပြင်းချလိုက်သည်။

'ဒီလောက် တန်ဖိုးကြီးမားတဲ့ပစ္စည်းကို ငါဘယ်ဝယ်နိုင်ပါ့မလဲ....'

'ဖုံးကွယ်မနေပါနဲ့ဗျာ ငွေနှစ်သိန်းနဲ့ခင်ဗျား ဝယ်သွားတာကို ကျုပ်တို့သိပြီးပါပြီ'

လုံဆင်ပိ၏ စကားကြောင့် ယန်းချွဲ့စန်း အံ့သြသွားသည်။ နောက်မှ လုံဆင်ပိအားကြည့်ကာ မသက်မသာပြောလိုက်၏။

'အာပါး မင်းသိထားတာ မနည်းပါလားကွ'

'ဒီအကြောင်းကိုမြို့စားရဲ့နန်းတွင်းကလူတွေသာသိသွားယင် ခင်ဗျားတို့ကျေးရွာဘာဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်ပေါ့'

ယန်းချွဲ့စန်း မျက်မှောင်ကုပ်လိုက်မိသည်။ လုံဆင်ပိ၏ စကားက မှန်လှပေသည်။ အကယ်၍ မြို့စားလေး နန်းတွင်းမှ လူများသိရှိသွားပါက၊ မိမိကျေးရွာ၏ ကံကြမ္မာမှာ မတွေးဝံ့စရာဖြစ်နေ၏။ ထို့ကြောင့် ကျောက်သလင်း ဟင်္သာရုပ်နှင့် ပတ်သက်၍ ယန်းချွဲ့စန်းသည် ပထမဆုံးအကြိမ် စိုးရိမ်စိတ်

ဝင်လာလေသည်။ ထိုအရှုပ်ထဲမှ ရုန်းထွက်နိုင်ပါမှ သက်သာရာ ရပေတော့မည်။ သို့သော် ပြဿနာက လွယ်မယောင်နှင့် ခက်နေချေသည်တကား-

ယန်းချွဲ့စန်း သက်ပြင်းချလိုက်မိ၏။

'အင်း .. ကျောက်သလင်း ဟသ်ာရုပ်ကို ငါဝယ်လိုက်တာ တော့မှန်ပါတယ်၊ ဒါပေမယ့် သူများကိုဝယ်ပေးရတာပါ'

လုံဆင်ပိသည် သူ့စကားကြောင့် အနည်းငယ်စိတ်အား တက်သွားသည်။ ကျောက်သလင်းဟသ်ာရုပ်နှင့် ပတ်သက်၍ ခြေရာခံနိုင်ခဲ့ပြီ မဟုတ်ပါလော=

'ဟုတ်ပြီ ခင်ဗျားဘယ်သူ့ကို ဝယ်ပေးလိုက်တာလဲ'

ယန်းချွဲ့စန်းက ခေါင်းခါပြလိုက်သည်။

'ဒါကိုတော့ ငါ ပြောပြလို့မဖြစ်ဘူး'

လုံဆင်ပိ အံ့သြသွားသည်။

'ဒါဖြင့်- မြို့စားနန်းတွင်းက စစ်သည်တွေ လိုက်လာယင် ခင်ဗျား ဘယ်လိုလုပ်မလဲ'

ယန်းချွဲ့စန်း သက်ပြင်းချမိပြန်သည်။ သူ့အနေဖြင့် ဘာမျှ မတတ်နိုင်တော့။

'ရှေ့တိုးတံပိုး၊ နောက်ဆုတ်လှည်းတုတ်' ဆိုသကဲ့သို့ အခက် ကြုံနေတော့သည်။ နောင်ခါလာ နောင်ခါချေးဟုသာ သဘောထားရပေတော့မည်။'

'ဘာပဲဖြစ်ဖြစ် ဒါကိုတော့ ငါပြောလို့မဖြစ်ဘူး၊ ပြောလဲ မပြောနိုင်ဘူး'

လုံဆင်ပိ စိတ်ခေတ်ကျသွားသည်။ အခြေအနေက ကောင်း



မလိုလိုနှင့် ဆိုးဝါးမည့်အရိပ်အရောင်များယှက်သန်းလာသည်။ သို့သော် အတတ်နိုင်ဆုံး ပြေလည်ရာ ပြေလည်ကြောင်း ချဉ်းကပ်ရန် လုံဆင်ပိ ဆုံးဖြတ်လိုက်သည်။

'ဒီမှာယန်းချွဲ့စန်း၊ ဒုက္ခသည်တွေကို ကူညီတဲ့အနေနဲ့ ပြောပြပါလားဗျား'

ယန်းချွဲ့စန်း အံ့သြသွားသည်။ နားမလည်နိုင်သောမျက်လုံးများဖြင့် လုံဆင်ပိအား လှမ်းကြည့်လိုက်မိသည်။

ဒုက္ခသည်တွေဟုတ်လား၊ ဘယ်က ဒုက္ခသည်တွေလဲ'

'ဒါတော့ ခင်ဗျားသိဖို့မလိုပါဘူး'

စုမားရှဲ့က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ယန်းချွဲ့စန်းက အနည်းငယ်စိတ်တိုသွားသည်။ တိုစဉ်မှာပင် ထန်ကျို့ချင်းကလည်း ဝင်ပြောလိုက်ပြန်၏။

'ကိုင်း- ပြောစမ်းဗျာ' ကျောက်သလင်းဟသ်ာရုပ် ဘယ်သူ့လက်ထဲမှာလဲ'

ယန်းချွဲ့စန်းမှာ ဒေါသကို ချုပ်တည်းမရအောင် ဖြစ်လာသည်။ သံမဏိတောင်ဝှေးကို အသင့်အနေအထား ကိုင်ဆောင်ယင်း...

'ဘာလဲ- မင်းက ငါ့ကိုခြိမ်းခြောက်တဲ့လေသံနဲ့ မေးတာလား'

အခြေအနေမှာ ပိုမို တင်းမာလာလေတော့သည်။ လုံဆင်ပိသည် ဘာဝင်ပြောရမှန်းမသိပဲ ကြောင်၍ရပ်ကြည့်နေမိသည်။ ထန်ကျို့ချင်းက ရှေ့သို့တိုးထွက်လိုက်ပြီး-

'ခင်ဗျားကြည့်ရတာ တိုက်ချင်၊ခိုက်ချင်ပုံပဲ၊ ရပါတယ် ကျုပ်ကလဲ အသင့်ပါပဲ'

ယန်းခွဲ့စန်းက ပြုံးလိုက်သည်။ အမူးသမား ထန်ကျို့ချင်း၏ ပြောဟန်ဆိုဟန်က သူ့အဖို့ ရယ်စရာကောင်းနေသောကြောင့် လှောင်ပြုံး ပြုံးလိုက်ခြင်းသာ ဖြစ်လေသည်။ ထိုစဉ်မှာပင် ယန်းခွဲ့စန်း၏ ကိုယ်ရံတော် ဓားသမား ၄- ယောက်သည် လုံဆင်ပီနှင့် ထန်ကျို့ချင်းအား ဝန်းရံလိုက်ကြသည်။ ထန်ကျို့ချင်းက တ ဟား ဟား ရယ်မောလိုက်သည်။

'လာစမ်းပါဗျာ-ကျုပ်ကလဲ လက်ကို ယားနေတာပါပဲ'

ထန်ကျို့ချင်းက ပြောပြောဆိုဆိုဖြင့် စတင်တိုက်ခိုက်လိုက်တော့သည်။ သူ၏လက်ငါးချောင်းသိုင်း ပထမအကွက်သည်၊ စုယုံထံရောက်သွားသည်။ယင်းပထမသိုင်းကွက်မှာ ရိုးရိုးစင်းစင်းပင် ဖြစ်သော်လည်း တကွက်တည်းနှင့် ၁၃ မျိုးခန့် ပြောင်းလဲသွားသည်ကို အံ့ဩစဖွယ် တွေ့မြင်လိုက်ရလေသည်။ သို့သော် သူ၏ လက်ချောင်းကလေးများ စုယုံထံမရောက်မီမှာပင် စီချူး၏ လက်ဝါးက သူ၏ကျောပြင်ကို ပြင်းထန်စွာ ရိုက်ချလိုက်လေတော့သည်။

မျက်စိတမှိတ်အတွင်း လျင်မြန်စွာဖြစ်ပျက်သွားသောကြောင့် လုံဆင်ပီနှင့် စုမားရှဲ့တို့မှာ မည်သို့ ဝင်ရောက်ဟန့်တားနိုင်စွမ်း မရှိခဲ့ချေ။

စီချူး၏လက်ဝါးမှာ အရှိန်အဟုန်ပြင်းထန်ပြီး တိကျသည်။ ထို့ကြောင့် ထန်ကျို့ချင်းမှာ အတွေ့အကြုံ ရင့်ကျက်ပါလျက်



ရှောင်တိမ်းနိုင်ခြင်းမရှိပဲ၊ စီချူး၏ လက်ဝါးဒဏ်ကို မရှုမလှ ခံလိုက်ရလေသည်။

'ဝုန်း'

ကျောပြင်နှင့် လက်ဝါးပြင်းထန်စွာ ထိတွေ့သွားပြီးနောက် ထန်ကျို့ချင်း၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စင်သွားလေတော့သည်။ ယင်းအချိန်၌ ပလွေသိုင်းသမား ဖန်းဟန်သည် လဲပြိုသွားသော ထန်ကျို့ချင်းအား သူ၏ငွေပလွေဖြင့် ရိုက်ချလိုက်သည်။ ငွေပလွေချောင်းသည် ထန်ကျို့ချင်း၏ လည်မြိုသို့ တည့်မတ်စွာ ကျရောက်လာသည်။ စုမားရှဲ့ မျက်လုံးပြူးသွားပြီး ဓားဖြင့် ကမန်းကတန်း ထိုးခံပေးလိုက်ရသည်။

'ခြွမ်း...'

ဓားနှင့်ပလွေ ထိသံသည် ကျယ်လောင်စွာ ဟိန်း၍လွှက်လာသည်။ ဖန်းဟန်၏ပလွေချောင်းမှာ ထန်ကျို့ချင်းအား ထိမှန်ခြင်းမရှိတော့ပဲ ဘေးသို့ ယိုင်လဲသွားလေသည်။ ယင်းသို့ အခြေအနေရှုတ်ထွေးနေစဉ် စုယုံက လုံဆင်ပီအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။ သည်တော့မှ လုံဆင်ပီသည် ကြောင်အမ်းအမ်းဖြစ်နေရာမှ သတိဝင်လာပြီး ဓားကိုဆွဲထုတ်လိုက်ရသည်။ စုယုံသည် အဆင့်မြင့်ဓားသမားတဦး ဖြစ်သည်နှင့်အညီ စတင်တိုက်ခိုက်လိုက်သည့်အချိန်မှာပင် ဓားကွက်စိပ်စိပ်နှင့် ရန်သူအားပြန်လည်တိုက်ခွင့်မရှိအောင် ပိတ်ဆို့တိုက်ခိုက်ခဲ့သည်။ လုံဆင်ပီမှာ အဆက်မပြတ် ကျရောက်လာသောဓားကွက်များများကို ရှောင်

ယင်း တိမ်းယင်းဖြင့် နောက်သို့တဖြည်းဖြည်း ဆုတ်ခွာနေရလေသည်။

စုယုံသည် ယင်းကို အခွင့်ကောင်းယူလျက် တကွက်တည်းနှင့် အနိုင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် မာန်သွင်းသံကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး၊ စုယုံသည် လေထဲသို့ကျွမ်းပစ် ခုန်တက်လိုက်သည်။

စုယုံ၏ ခန္ဓာကိုယ်သည် ငှက်တကောင်အလား လေထဲ၌ပျံဝဲသွားပြီး လုံဆင်ပီ ဦးခေါင်းထက် အရောက်တွင် ဓားဖြင့် ဖိ၍ ခုတ်ချလိုက်သည်။ လုံဆင်ပီက ခေါင်းကိုငုံ့၍ ဘေးသို့ ယိမ်းပေးလိုက်သည်။ ထိုစဉ်မှာပင် စုယုံ၏ ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ အရှိန်နှင့် ပြန်ကျလာသည်။ ယင်းသို့ ပြန်ကျလာသည့် အခိုက် လုံဆင်ပီက ဓားကို ရှေ့ထုတ်၍ ပင့်တင်လိုက်သည်။ စုယုံသည် ဓား ဝင်လာသည်ကို သိလိုက်သော်လည်း လေထဲမှ အရှိန်နှင့် ပြန်အကျဖြစ်နေသောကြောင့် မည်သို့မျှ ရှောင်တိမ်းမရနိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် လက်ထဲမှ ဓားဖြင့် ရိုက်ထုတ်ရန် ကြံလိုက်သည်။

သို့သော်…သူ၏ဓားမှာ စောစောက လုံဆင်ပီအား အထက်မှ ဖိခုတ်ထားသည့်အရှိန်ကြောင့် အောက်ဘက် ရောက်နေသည်။ အောက်မှ ထိုးချိန်ထားသော လုံဆင်ပီ၏ဓားကို ပင့်တင် ကော်ထုတ်ရန်မှာလည်း သူ၏ခန္ဓာကိုယ်မှာ အောက်သို့ အရှိန်ဖြင့် ကျနေသောကြောင့် အရာမရောက်နိုင်တော့ချေ။ ထို့ကြောင့် လုံဆင်ပီ၏ဓားသည် စုယုံ၏ ရင်ဝသို့ စိုက်ဝင်သွားလေတော့၏။



'အား…'

စူးရှ ကျယ်လောင်လောင်သော အသံနက်ကြီးသည်ညွှန်းဆောင်ကြီး တခုလုံးအား ပဲ့တင် ရိုက်ခတ် သွားလေတော့သတည်း။

× × ×

## ပျံလွှားနှင့် ကြက်တူရွေး

ညှိခန်းမဆောင်ကြီး၌ တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားလျက် ရှိနေသည်။ ယန်းချွံ့စန်း၏ ကိုယ်ရံတော် ခေါသမား (၄)ယောက်အနက်၊ စုယုံမှာ ကျဆုံးသွားပြီဖြစ်သည်။ ကျန်(၃)ယောက်မှာလည်း အခြေအနေ မဟန်တော့ပဲ ရှုံးနိမ့်တော့မည့်ကဲ့သို့ဖြစ်လာသည်။ ခေါခေါချင်းထိတွေ့မှုကြောင့် မီးပွင့်ကလေးများပင် တခါတခါ ထွက်ပေါ်လာ၏။ တိုက်ခိုက်မှု အရှိန်ကားလွန်စွာ ပြင်းထန်လှချေတော့သည်။

ဆိုအချိန်၌ 'အား'ကနဲဟူသော အသံတသံသည် ရုတ်တရက်စူးရှစွာ ထွက်ပေါ်လာပြန်သည်။ စုမားရှဲ့၏ခေါးက ဖန်းဟန်၏ရင်ဝသို့ ထိမှန် စူးနစ် ဝင်ရောက်သွားခြင်းပင် ဖြစ်သည်။ ယန်းချွံ့စန်းသည် အခြေအနေ မမှန်တော့မှန်းသိရှိသွားသည်။သံမဏိတောင်ဝှေးကို ဝှေ့ယမ်းယင်း စုမားရှဲ့ထံ ခုန်ဝင်လိုက်သည်။



သံမဏိတောင်ဝှေး၏ အရှိန်က ပြင်းထန် လွန်းသောကြောင့် စုမားရှဲ့၏ အင်္ကျီစများပင် လေထဲ၌ တလူလူ လွင့်လျက်ရှိသည်။ စုမားရှဲ့ နောက်သို့ အနည်းငယ် ဆုတ်လိုက်ရသည်။

သို့သော် ယန်းချွံ့စန်းသည် ဆက်လက် တိုက်ခိုက်မှု မပြုပဲ အတွင်းခန်းထဲသို့ လျှပ်တပြက်ခုန်ဝင် ထွက်ပြေးသွားလေတော့သည်။

'ဟေ့…မပြေးနဲ့'

စုမားရှဲ့က လှမ်းအော်လိုက်ယင်း နောက်မှ ပြေးလိုက်သွားသည်။ သို့ရာတွင် သူ့ ရှေ့၌ ခေါးရောင် လက်ကနဲ ဖြစ်သွားသောကြောင့်ကပျာကယာကိုယ်ရှိန်သတ်လိုက်ပြီး လက်ထဲမှ ခေါးဖြင့် ပြန်လည် ပက်ထုတ်လိုက်ရသည်။ သူ့ရှေ့မှ ဝင်ရောက်လာသူကို စုမားရှဲ့ လှမ်းကြည့်လိုက်သည်။ ယန်းချွံ့စန်း၏ လူယုံတော်ကြီး 'ကုကျင်းတို့' ဖြစ်နေသည်။

'ဖယ်စမ်းပါ ခင်ဗျားကို ကျုပ် မသတ်ချင်ဘူး'

'ကုကျင်းတို့'က မထိတရီ ပြုံးလိုက်သည်။

'ကျုပ်အသက်အရွယ်ဟာ သေရမှာကို ကြောက်ရမယ့်အရွယ် မဟုတ်တော့ပါဘူး၊

ဆက်လက် ပြောဆိုနေလျှင်အချိန်ကြန့်ကြာနေပေတော့မည်။

ထို့ကြောင့် စုမားရှဲ့သည်။ ဆက်လက် ပြောဆိုခြင်း မပြုတော့ပဲ တရစပ် ထိုးနှက် တိုက်ခိုက်လိုက်တော့သည်။ သို့ရာတွင် 'ကုကျင်းတို့'မှာ အရွယ်နှင့် မလိုက်အောင် သွက်လက်စွာ ခုခံကာကွယ်လျက်ရှိသည်။ မည်သို့ဆိုစေ ကုကျင်းတို့သည် အသက်အရွယ် ကြီးရင့်နေပြီဖြစ်၍ အချိန်ကြာလာသည်နှင့်အမျှလက်ရည်

ကျလာသည်။ စုမားရှဲ့မှာ ကြေးစား ဓားသမားတယောက်ဖြစ်၍ သိုင်းပညာအဆင့်ခြင်း ယှဉ်ကြည့်လျက် ကုကျင်းတို့ထက် ပို၍ မြင့်မားသည်။ ထို့ကြောင့် နောက်ထပ် ဓားကွက် နှစ်ကွက် သုံးကွက်မျှ ဆက်လက် တိုက်ခိုက်မည်ဆိုပါက ကုကျင်းတို့ အမှန်ပင် ရှုံးနိမ့်သွားမည်ဖြစ်သည်။

သို့သော် စုမားရှဲ့သည် ဆက်လက် တိုက်ခိုက်ခြင်းမပြုတော့ပဲ ရပ်တန့်လိုက်သည်။

'ကဲ- ခင်ဗျား လိုရာသွားနိုင်ပြီ၊ ကျုပ် ခင်ဗျားကို မသတ်ဘူး'

ကုကျင်းတို့က အေးတိအေးစက်ပင် ရပ်လျက်ရှိသည်။

'ကျုပ် မသွားနိုင်ဘူး၊ ယန်းချွဲ့စန်းနောက် ခင်ဗျားမလိုက်နိုင်အောင် ကျုပ် အသက်စွန့်ပြီး ဟန့်တားရလိမ့်မယ်'

စုမားရှဲ့က သဘောကျစွာ ပြုံးလိုက်သည်။

'ကျုပ်ဟာ ကြေးစားလူသတ်သမား တယောက် ဖြစ်ပေမယ့် သစ္စာရှိတဲ့လူကိုတော့ မသတ်ပါဘူး'

စုမားရှဲ့၏ စကားကြောင့် 'ကုကျင်းတို့' အံ့အား သင့်သွားသည်။ မယုံနိုင်အောင်လည်း ဖြစ်မိသည်။ သို့သော် စုမားရှဲ့၏ ရှေ့မှ ဟန့်တားမြဲ ဟန့်တားလျက် ရှိနေသည်။ ယန်းချွဲ့စန်းကား ပျောက်ကွယ်သွားပြီ ဖြစ်သည်။ သူ့နောက်သို့ လိုက်မည်ဆိုလျှင်ပင် တွေ့နိုင်တော့မည် မဟုတ်ပါ။ ယင်းအခိုက်မှာပင် စုမားရှဲ့သာမက 'ကုကျင်းတို့'ပင် အံ့အားတကြီး ဖြစ်ရသည့် မြင်ကွင်းတခုက ရုတ်တရက် ပေါ်ပေါက် ဖြစ်ပွားခဲ့လေသည်။ ယင်းမြင်ကွင်းသည်ကား အခြား မဟုတ်ပါချေ။



ထွက်ပြေး ပျောက်ကွယ်သွားသော ယန်းချွဲ့စန်းသည် သူတို့ထံပြန်လည် ရောက်ရှိလာသည်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။

× × ×

ယန်းချွဲ့စန်း ပြန်လည် ရောက်ရှိလာပြီ ဖြစ်ပါသည်။ သူတယောက် တည်းတော့ မဟုတ်ပါချေ။ သူ့နောက်မှ လူတယောက် ကပ်၍ ပါလာပါသည်။ ထိုသူသည် လူငယ် တဦးဖြစ်ပြီး၊ ယောကျ်ားပီသစွာ ခန့်ညားသူ ဖြစ်သည်။ စုမားရှဲ့သည် ထိုသူအား စိတ်ဝင်စားနိုင်ခြင်း မရှိပေ။ ယန်းချွဲ့စန်းကိုသာ တအံ့တဩ စိုက်ကြည့်နေမိသည်။

ယန်းချွဲ့စန်း၏ မျက်နှာတခုလုံးမှာ ညိုမည်းနေသည်။ သူ၏ ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာ အများ အပြား ရရှိထားသည်။ သူ၏ ရင်ဝနှင့် ခြေထောက်တွင် နီရဲသော သွေးများက မြင်မကောင်းအောင် စွန်းပေလျက် ရှိနေသည်။ သူ၏ လက်ထဲ၌လည်း လက်စွဲတော် သံမဏိတောင်ဝှေးလည်း ရှိမနေတော့ချေ။

ယန်းချွဲ့စန်းနောက်မှ လူသည် ယန်းချွဲ့စန်း နောက်ကျောကို ဓားဖြင့် ထောက်လျက် ဧည့်ခန်းဆောင်တွင်းသို့ ဝင်ရောက်လာ

ကြသည်။ စုမားရှဲ့နှင့် 'ကုကျင်းတို့'သည် နားမလည်နိုင်စွာဖြင့် ကြောင်အမ်းအမ်း ဖြစ်နေမိကြသည်။ ယန်းချဲ့စန်းသည် ထော့နင်းထော့နင်းဖြင့် ဧည့်ခန်းဆောင်တွင်း ဝင်ရောက်လာခဲ့လေသည်။ ဧည့်ခန်းဆောင်တွင်း ဝင်ရောက်လာယင်းမှ-

'မင်း နန်းတွင်းက သိုင်းသမား မဟုတ်လား'

ယန်းချဲ့စန်းက သူ့နောက်မှ လူအား မေးလိုက်ခြင်း ဖြစ်သည်။ လူငယ်က တုံးတိတိပင် ပြန်ဖြေလိုက်၏။

'ဟုတ်တယ်'

'နာမည်ကကော ဘယ်လိုခေါ်လဲ'

'ချန်စွန်းယို့လင်း'

လူငယ်က တလုံးချင်း ပြန်ဖြေလိုက်သည်။ သူ့အဖြေကြောင့် 'ကုကျင်းတို့'နှင့် စုမားရှဲ့မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ထိုအချိန်၌ ယန်းချဲ့စန်း၏ လူများသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပဲ ရပ်တန့်လိုက်ကြပြီ ဖြစ်သည်။ ချန်စွန်းယို့လင်းဟူသော အမည်ကြောင့် လုံဆင်ပိနှင့် ထန်ကျို့ချင်းတို့မှာ စိတ်ဝင်စားသွားပြီး သူတို့ထံ အာရုံ ရောက်လာကြသည်။

'မင်း လက်ထဲက ဓားကို ငါ သိပါတယ်၊ ဘယ်က ရလာတာလဲ'

ယန်းချဲ့စန်းက မေးလိုက်ခြင်းဖြစ်သည်။ ချန်စွန်းယို့လင်းသည် သူ့အား ဓားဖြင့် ထောက်ထားခြင်း မရှိတော့။ ယန်းချဲ့စန်း၏ စကားကြောင့် ချန်စွန်းယို့လင်းသည် ဓားကို ထောင်ပြလိုက်ပြီး-



'အင်း- ဒီဓားကို ခင်ဗျား သိမှာပေါ့၊ ဒီဓားက ဟန်မိန်းရဲ့ ခုနစ်စင်ကြယ်ဓားပဲ'

ချန်စွန်းယို့လင်းက ယင်းသို့ပြောပြီး ယန်းချဲ့စန်းအား စိုက်ကြည့်လိုက်သည်။ ပြီးမှ သူက စကားကို ခပ်လေးလေး ပြန်ဆက်လိုက်သည်။

'ခင်ဗျားက ဟန်မိန်းကို သတ်၊ ဒီဓားကို ယူ၊ ပြီးတော့ ခင်ဗျားသမီးကို လက်ဆောင်ပေးခဲ့တာ မဟုတ်လား'

ချန်စွန်းယို့လင်း၏ စကားကြောင့် ယန်းချဲ့စန်း မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ သူ့တကိုယ်လုံးရှိ အကြောအချင်များ ရုတ်တရက် တောင့်တင်းသွားသလို ခံစားရလိုက်သည်။

'ဒါဆို ငါ့သမီး မင်းဆီမှာပေါ့'

'သိပ် ဟုတ် တာ ပေါ့'

ထန်ကျို့ချင်းက ယန်းချဲ့စန်းအား သရော်လှောင်ပြောင်သလို လှမ်းကြည့်လိုက်သည်။ အကြောင်းမှာ စောစောပိုင်းက ယန်းချဲ့စန်း သည် လုံဆင်ပိအား သူ့သမီး ပြန်ပေးဆွဲသူဟု စွပ်စွဲခဲ့သောကြောင့် ဖြစ်သည်။

'ငါ့သမီးရဲ့ အခြေအနေကော ဘယ်လိုနေလဲ'

'စိတ်ပူမနေပါနဲ့၊ ကျုပ် စိတ်ကောင်း ဝင်နေသမျှ ခင်ဗျားသမီး မှဲ့တပေါက်မစွန်းစေရဘူး'

ယန်းချဲ့စန်းသည် နားမလည်နိုင်သလိုဖြင့် မျက်မှောင် ကုပ်လိုက်သည်။

'မင်း ဘာကို ဆိုလိုတာလဲ'

ချန်စွန်းယို့လင်းက ပြုံးပြလိုက်သည်။

'ဒီလိုပါ၊ ကျုပ် စိတ်ကောင်းအောင်လုပ်နိုင်တာလဲ ခင်ဗျား၊ ကျုပ် စိတ်မကောင်းအောင် လုပ်နိုင်တာလဲ ခင်ဗျား၊ အဲဒါကို ဆိုလိုတာပါ'

ယန်းခွဲ့စန်းက ခေါင်း ညိတ်ပြလိုက်သည်။

'ကျုပ် နားလည်ပါပြီ'

'ခင်ဗျား နားလည်တယ်ဆိုယင် ကျုပ်အဖို့ ဝမ်းသာရမှာပါပဲ'

'ကဲ-ဒီတော့ မင်း အလိုရှိတာကို ပွင့်ပွင့်လင်းလင်း ပြောပေတော့—'

ချန်စွန်းယို့လင်းက ယန်းခွဲ့စန်း အား စိုက် ကြည့် လိုက်ပြီး တလုံးချင်း ပြောချလိုက်လေတော့၏။

'ကျုပ် လိုချင်တာကတော့ ကျောက်သလင်း ဟသ်ာရုပ်ပဲ'

'ဘာ ကျောက်သလင်းဟသ်ာရုပ်၊ ဟုတ်လား....'

ယန်းခွဲ့စန်းသည် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားကာ ချန်စွန်းယို့လင်းအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့် မိလိုက်လေတော့သတည်း။



ခန်းမဆောင်ကြီး တခုလုံးသည် အပ်ကျသံ ကြားရမတတ်ပင် တိတ်ဆိတ် ငြိမ်သက်နေ၏၊ ခန်းမဆောင်တွင်းရှိ လူ အား လုံးသည် ယန်းခွဲ့စန်း နှင့် ချန်စွန်းယို့လင်းထံ အာရုံ ရောက်နေကြသည်။ အထူးသဖြင့် ယန်းခွဲ့စန်းထံမှထွက်ပေါ်လာမည့် စကားသံကို အထူး အာရုံပြုမိနေကြ၏၊ အတန်ကြာမှ ယန်းခွဲ့စန်းသည် သက်ပြင်းကြီး မှုတ်ထုတ်လိုက်လေသည်။

'ငါ့မှာ ကျောက်သလင်း ဟသ်ာရုပ် မရှိပါဘူး'

ချန်စွန်းယို့လင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျားမှာ မရှိမှန်း သိပါတယ်၊ ဒါပေမယ့် ဘယ်သူ့ဆီမှာလဲဆိုတာ ခင်ဗျား သိတယ်၊ ဒါကို ကျုပ် သိချင်တာ'

ယန်းခွဲ့စန်း၏ မျက်နှာပြင်၌ ချွေးစေးများ စို့လာ လေတော့သည်။ ပြောမဖြစ်နိုင်သည့်ကိစ္စကို အတင်းအကြပ် မေးလာပြန်ပြီ ဖြစ်သည်။ ယန်းခွဲ့စန်း ဘာလုပ်ရမှန်း မ သိ တော့၊ အသိစိတ် ကင်းမဲ့နေသူ တယောက်ကဲ့သို့ ငူငူကြီး ရပ်နေမိတော့သည်။ ချန်စွန်းယို့လင်းက စိတ်မရှည်နိုင်ဟန်ဖြင့်-

'ကဲ ဘယ်လိုလဲ၊ ကျုပ်မေးနေတာ မဖြေသေးပါလား၊ ဘာလဲ့ အဲဒီလူက ခင်ဗျားသမီးထက်ပိုပြီး တန်ဖိုးရှိနေလို့လား'

ချန်စွန်းယို့လင်း၏ စကားကြောင့် ယန်းခွဲ့စန်းမှာ ဆတ်ကနဲတုန်သွားသလို ခံစားလိုက်ရသည်။ အကယ်၍ သူသာဖွင့် မပြောလျှင် ချန်စွန်းယို့လင်းသည် သူ့သမီးအား အမှန်ပင် ဒုက္ခပေးလိမ့်မည်ဟု ယန်းခွဲ့စန်း တွေးလိုက်မိသည်။ ဤသို့

တွေးမိသည်နှင့် သူ့ရင်ထဲ၌ မီးစတစအတို့ခံရသလို ပူကနဲ ဖြစ်သွားလေသည်။

ယန်းချွဲ့စန်းသည် တဘက်သို့ရုတ်တရက် လှည့်လိုက်သည်။ ချန်းစွန်းယို့လင်း၏ ဓားက သူ့ရင်ဝအားလာရောက်ထောက်ထားပြီး ဖြစ်နေသည်။ အေးစက်သော ဓား၏ အငွေ့အသက်က သူ့ရင်အစုံအား အေးကနဲဖြစ်သွားစေသည်။

ယန်းချွဲ့စန်းသည် စိတ်ရှုပ်ထွေးစွာဖြင့် သက်ပြင်းချလိုက်မိတော့သည်။

'အဲ့ဒီလူကိုပြောပြယင် မင်း ငါ့သမီးကိုလွှတ်ပေးမှာလား'

ချန်စွန်းယို့လင်း၏ မျက်နှာသည် ပြုံးယောင်သမ်းသွားလေ၏။

'ဒီအတွက်တော့ခင်ဗျားစိတ်ချပါ'

ယန်းချွဲ့စန်းသည် ပြောသင့်မပြောသင့် ချီတုံချတုံဖြစ်ယင်း၊ အချိန်အတော်ကြာအောင် တွေဝေနေမိသည်။ ခန်းမဆောင်တွင်းရှိ လူအားလုံးက သူ၏ စကားကို ငံ့လင့်စောင့်စားနေကြသည်။ သို့သော် ယန်းချွဲ့စန်းထံမှ ဘာစကားသံမျှ ထွက်မလာချေ။

ချန်စွန်းယို့လင်းသည် စိတ်မရှည်ဟန်ဖြင့် ယန်းချွဲ့စန်းအား လှမ်းကြည့်လိုက်သည်။

'ပြောလေဗျာ၊ ခင်ဗျားဘယ်သူ့ကို ဝယ်ပေးလိုက်တာလဲ'

ချန်စွန်းယို့လင်းကထပ်၍ လောဆော်လိုက်သည်။ သည်တော့မှ ယန်းချွဲ့စန်းသည် မပြောချင်ပြောချင်ပုံစံဖြင့် လေးလေးပင်ပင် ဖွင့်ဟပြောဆိုလိုက်လေသည်။



'ရွှေကြက်တူရွေးပါ'

'ဗျာ'

ချန်စွန်းယို့လင်းသာမက လုံဆင်ပိတို့လူစုပါ၊ တအံ့တသြဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။ ချန်စွန်းယို့လင်း၏ လက်ထဲမှ ဓားသည်ပင်၊ တုန်ခါလှုပ်ယမ်းသွားသလိုခံစားလိုက်ရလေ၏။ ချန်စွန်းယို့လင်းသည် မယုံနိုင်သောအကြည့်ဖြင့် ယန်းချွဲ့စန်းအား လှမ်းကြည့်လိုက်မိသည်။

'သေချာရဲ့လား'

'သေချာတာပေါ့၊ ငါကိုယ်တိုင်ဝယ်ပေးခဲ့ရတာပဲ ကဲ ငါ့သမီးကိုသာ အမြန်ဆုံးပြန်လွှတ်လိုက်ပေတော့'

ချန်စွန်းယို့လင်းသည် လေပူတချက် မှုတ်ထုတ်လိုက်သည်။ သူ့ဦးနှောက်ထဲတွင် အတွေးပေါင်းများစွာက၊ ရစ်သီဝေ့ဝဲလျက်ရှိသည်။ လုံဆင်ပိတို့လူစုမှာလည်း နားကြားများလွဲသွားသလားဟူ၍ပင် ထင်မှတ်မိလိုက်ကြ၏။

ချန်စွန်းယို့လင်းသည် ယန်းချွဲ့စန်းအား လှမ်းမေးလိုက်သည်။

'ဒါဖြင့် ရွှေကြက်တူရွေး မသေသေးဘူးပေါ့'

ယန်းချွဲ့စန်း ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ မသေသေးဘူး'

ချန်စွန်းယို့လင်းသည် ခေါင်းကိုခါယမ်းယင်း သက်ပြင်းတချက်မှုတ်ထုတ်လိုက်သည်။ ရွှေကြက်တူရွေးနှင့် ပတ်သက်၍ ဘာဝင်မကျနိုင်အောင်ဖြစ်နေရသည်။

'ယုံရမှာတော့ အတော့်ကိုခက်တာပဲ'

'ဒါတော့ ငါလဲမတတ်နိုင်ဘူး။ ရွှေကြက်တူရွေး မသေသေးတာတော့အမှန်ပဲ'

'ကောင်းပြီ ဒါဖြင့် အသတ်ခံရတာ ဘယ်သူလဲ'

ယန်းချွဲ့စန်းသည် အနည်းငယ်စဉ်းစားနေဟန်ဖြင့် နှုတ်ဆိတ်သွားသည်။ ပြီးမှ=

'ပျံလွှား'

'ဘာ ပျံလွှားဟုတ်လား မဟာရာပျံလွှားကို ပြောတာလား'

ယန်းချွဲ့စန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ် မင်းတို့နန်းတွင်းသိုင်းသမား (၄) ယောက်ထဲက မဟာရာပျံလွှားပဲ'

ချန်စွန်းယို့လင်း မျက်မှောင်ကုပ်လိုက်မိသည်။

'မဟာရာပျံလွှားက လွန်ခဲ့တဲ့ (၄) နှစ်လောက်ထဲက ပျောက်သွားတာပဲ'

ယန်းချွဲ့စန်းပြုံးလိုက်သည်။ လုံဆင်ပီတို့လူစုမှာမူ စိတ်ဝင်စားစွာဖြင့် နားစွင့်နေမိကြသည်။

'တကယ်တော့ ပျံလွှားနဲ့ ရွှေကြက်တူရွေးဟာ လွန်ခဲ့တဲ့ (၅) နှစ်လောက်က ဒမြအတူတိုက်ခဲ့ကြတဲ့လူတွေပါ'

'ဟုတ်မှဟုတ်ရဲ့လားဗျ ဘယ်သူ့ကိုသွားတိုက်တာလဲ'

'ယူမင်းမြို့စားဆီက ရွှေတုံးထည့်ထားတဲ့ သေတ္တာတွေကို ဒမြတိုက်ခဲ့ကြတာပါ'

လုံဆင်ပီတို့လူစုသည် အထူးပင်နှုတ်ဆိတ်သွား၏။ ဟောင်ဖွာဟောင်ဖွာ စကားပြောတတ်သော ထန်ကျို့ချင်းသည်ပင် ဘာတခွန်းမျှ ဝင်ရောက်ပြောဆိုခြင်းမပြုချေ။



ချန်စွန်းယို့လင်းမှာ မယုံနိုင်လောက်အောင် ဖြစ်သွားရ၏။ သူကြားနေရသည့်စကားများကိုက မယုံစရာဖြစ်နေသည်။ မြို့စားသခင်၏ အမိန့်ပေးချက်အရ ရွှေကြက်တူရွေးကို သတ်သူအား ရှာဖွေရန်နှင့် သေဒဏ်အပြစ်ပေးရန် လွန်ခဲ့သည့် ငါးလခန့်က ချွန်ကင်းမြို့တော်မှ သူထွက်လာခဲ့သည်။

လွန်ခဲ့သည့် နှစ်လခန့်ကပင် ကျူးပုအား ကိုယ်တိုင်သုတ်သင်ပစ်ခဲ့ပြီးပြီ။ ကျူးပုသည် ရွှေကြက်တူရွေး၏ခေါင်းကို မြင်ရုံနှင့်သိခဲ့သည့်အချက်ကပင် ရွှေကြက်တူရွေးအား လုပ်ကြံခဲ့သည့်ကိစ္စ၌ ကျူးပုပါဝင်ကြောင်း သက်သေခံနေသည်။

ယခု ယန်းချွဲ့စန်းကမူ ရွှေကြက်တူရွေး မသေသေးပါဟု ဆိုနေသည်။ ထားတော့။ ဒုတိယအကြိမ် ပို၍မယုံကြည်စရာကောင်းသည့်အချက်မှာ မြို့စားသခင်၏ ကိုယ်ရံတော် လေးဦးထဲမှ မဟာရာပျံလွှားသည် လွန်ခဲ့သော ငါးနှစ်က ရွှေကြက်တူရွေးနှင့်အတူ ယူမင်းမြို့စား၏ ရွှေတုံးထည့်ထားသည့် သေတ္တာများကို လုယူခဲ့ကြပြန်သည်တဲ့။

ချန်စွန်းယို့လင်းမှာ ခေါင်းတခါခါဖြစ်သွား၏။

'မဖြစ်နိုင်ဘူးဗျာ၊ ခင်ဗျားတို့ပြောတာ လုံးဝ မဖြစ်နိုင်ဘူး၊ ရွှေကြက်တူရွေးဟာ လွန်ခဲ့တဲ့နှစ်နှစ်က သေတယ်၊ မဟာရာ ပျံလွှားက လွန်ခဲ့တဲ့ လေးနှစ်က ပျောက်သွားတယ်၊ သူတို့နှစ်ယောက်ဟာ လွန်ခဲ့တဲ့ငါးနှစ်က ယူမင်းမြို့စားရဲ့ ရွှေသေတ္တာတွေကို ဒမြတိုက်သတဲ့၊ လွန်ခဲ့တဲ့ငါးနှစ်တုန်းက သူတို့အသက်ထင်ရှားရှိသေးတာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် ဒီလူနှစ်ယောက်စလုံးဟာ ရွှေငွေ လုံးဝမက်တဲ့လူတွေ မဟုတ်ဘူးဗျ'

ချန်စွန်းယို့လင်းသည် စကားကို ခေတ္တရပ်တန့်ပြီးမှ ယန်းချွံ့စန်းအား သေချာစွာ ကြည့်ကာ လေးလေးနက်နက်ကြီး ထပ်မံပြောပြန်၏။

'ခင်ဗျား သိထားဖို့တချက်က သူတို့ နှစ်ယောက်စလုံးဟာ မြို့စားသခင်ရဲ့ ကိုယ်ရံတော် လေးယောက်ထဲက နှစ်ယောက်ဆိုတာပဲ၊ ကိုယ်ရံတော် နှစ်ယောက်အနေနဲ့ ဒီလို မဟုတ်တယုတ် အလုပ်တွေ ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူးဗျာ'

တချိန်လုံး နှုတ်ဆိတ်နေခဲ့သော စုမားရှဲ့က တအံ့တဩ ဝင်မေးသည်။

'နေစမ်းပါအုံးဗျာ၊ ယန်းချွံ့စန်းကို ကျုပ် တခုလောက် မေးစမ်းပါရစေအုံး'

'မေးပါ၊ ဘာသိချင်သလဲ'

'ကျောက်သလင်း ဟသ်ာရုပ်ကို ငွေနှစ်သိန်းကြီးများတောင် ပေးဝယ်တယ်ဆိုတော့ ဒီဟသ်ာရုပ်က ဘာတွေများ တန်ဖိုးရှိနေလို့လဲဗျ၊ ခင်ဗျားက ဒီဟသ်ာရုပ်ကို မြင်ဖူးတဲ့လူဆိုတော့ သူ့တန်ဖိုးကိုသိမှာပဲ'

ယန်းချွံ့စန်းက သွက်သွက်ခါအောင် ခေါင်းကို ခါယမ်းလိုက်သည်။

'ကျောက်သလင်းရုပ်ကို ငါမြင်ဖူးတာတော့ မှန်ပါတယ်ကွာ၊ ငါ့အမြင်မှာတော့ ဘာမှမထူးခြားပါဘူး'

စုမားရှဲ့က-

'အထဲမှာ လျှို့ဝှက်ချက်တခုခုရှိလို့ နေမှာပေါ့ဗျ၊ ဘာလျှို့ဝှက်ချက်ဖြစ်နိုင်သလဲ'



'ဟင့်အင်း....ငါတော့ ဘာမှမသိပါဘူးကွာ'

'ကျောက်သလင်းရုပ် ဘယ်လို အဆင့်ဆင့် လက်ပြောင်းခဲ့တယ်ဆိုတာလောက်တော့ ခင်ဗျားသိမှာပေါ့ဗျာ'

'ဒါတော့ သိပါတယ်'

ချန်စွန်းယို့လင်းက ဝင်ရောက်တောင်းပန်၏။

'ဒါဆိုယင်တော့ တဆိတ်လောက် ပြောပြစမ်းပါဗျာ၊ ကျုပ်တော့ ဘာကိုယုံရမှန်းတောင် မသိတော့ပါဘူး၊ ဒီဟသ်ာရုပ်ကိစ္စဟာ ပထမက ခပ်ရှင်းရှင်းအောက်မေ့နေတာဗျ၊ ခင်ဗျားဆီရောက်မှ ဝက်ဘာလို့ရှုပ်မှန်း သိရတော့တယ်'

'ကောင်းပြီ၊ ငါပြောပြမယ်၊ ဒီဟသ်ာရုပ်ဟာ ပထမတုန်းက ယူချောင်မြို့စား လက်ထဲမှာ ရှိတာကွ၊ မဟူရာပျံလွှားနဲ့ ရွှေကြက်တူရွေးဟာ ယူချောင်မြို့စားရဲ့ ဘဏ္ဍာတိုက်ထဲက ဒီကျောက်သလင်းဟသ်ာရုပ်ကို သွားခိုးကြတယ်'

စုမားရှဲ့က-

'သူတို့ မရခဲ့ဘူးဆိုပါတော့ဗျာ'

ယန်းချွံ့စန်းက ခေါင်းညိတ်၏။

'မရဘူးလေ၊ ဒီမှာတင် သူတို့ပြဿနာတက်သွားတာပေါ့'

'ဘယ်လိုပြဿနာတက်သွားတာလဲ'

'ဘဏ္ဍာတိုက်ထဲမှာ ရတနာတွေ တော်တော်များများရှိနေတယ်၊ ပျံလွှားတို့ ကြက်တူရွေးတို့က ဒီရတနာမခိုးပဲနဲ့ ဘာကြောင့် ကျောက်သလင်း ဟသ်ာရုပ်ကိုမှ ရွေးခိုးရသလဲ ဆိုတဲ့ အချက်ကို ယူချောင်မြို့စားက စဉ်းစားတော့တာပေါ့'

'ဒါကြောင့် သူတို့ နောက်တကြိမ်မခိုးနိုင်ပဲ ဖြစ်သွားရတယ် ဆိုပါတော့'

'မခိုးနိုင်တော့ဘူး၊ မြို့စားဆီက ဒီဟင်္သာရုပ်ကို ဝယ်နိုင်ဖို့ သဲကန္တာရအစပ်မှာရှိတဲ့ ယူမင်းမြို့စားရဲ့ ရွှေသေတ္တာတွေကို ဒမြတိုက်တော့တာပေါ့'

'သူတို့ ရသွားသလား'

'ရသွားကြတယ်၊ တချို့တဝက်ပေါ့'

'ဒါနဲ့ ယူချောင်မြို့စားက ဒီ ကျောက်သလင်းရုပ်ကို ပြန်ရောင်းသလား'

'မရောင်းဘူး၊ သူနဲ့ ကျေးဇူးမကင်းတဲ့ မြေရှင် သဌေးကြီးတဦးကို လက်ဆောင် ပေးလိုက်သတဲ့၊ အဲ့ဒီ မြေရှင်ကြီးရဲ့ လယ်ယာ မြေတွေဟာ ခင်ဗျားတို့ မြို့စားကြီးရဲ့ နယ်ပယ်ထဲမှာ ရှိနေတယ်၊ သဌေးကြီးဟာ ဒီ ကျောက်သလင်းရုပ်ရဲ့ ရာဇဝင်ကို ပြောပြပြီး ဒီ ကျောက် သ လင်း ရုပ် ဟာ တစုံတရာ တန်ဖိုး မရှိတဲ့ အကြောင်း လျှောက်ထားပြီး မြို့စားကြီးကို ဆက် သ လိုက်သတဲ့…'

ချန်စွန်းယို့လင်းက ဝင်ပြော၏။

'ဒါဆိုယင် မြို့စားကြီးက ရွှေကြက်တူရွေးနဲ့ မဟူရာပျံလွှားကို အပြစ်ပေးတော့မှာပေါ့ဗျ၊ ခင်ဗျားပြောတာ အဓိပ္ပာယ် မရှိပါဘူး'

'ဟ… မင်းပဲ စဉ်းစားကြည့်ပါအုံး၊ မဟူရာ ပျံလွှားရော ရွှေကြက်တူရွေး ရော သူတို့ နဂိုမျက်နှာ တွေနဲ့ ဒီ ကျောက်

စာရင်း ၁၅/၁၃၈၊ ၆ ဝေဒီး
တောင် ၄ ...
ရုံး ၂၁၃၄၄



သလင်းရုပ်ကိစ္စကို လိုက် လုယက်ပါ့မလားကွ၊ ရုပ်ဖျက်ပြီး ဒမြတိုက်တာတို့ ဝယ်တာတို့ လုပ်တာပေါ့'

'ကောင်းပါပြီဗျာ…၊ လွန်ခဲ့တဲ့ လေးနှစ်မှာ မဟူရာပျံလွှားဟာ ကျုပ်တို့ဆီက ပျောက်သွားတယ်ဗျ၊ မြို့စားသခင်ကိုယ်တိုင် သူ့လူယုံတွေ လွှတ်ပြီး ရှာခိုင်းပါတယ်၊ ဘာသတင်းကိုမှ မရပါဘူး၊ သူ ဘယ်ရောက်သွားတာလဲ'

'သူ ဘယ်ပျောက်နေသလဲဆိုတာတော့ ငါမသိပါဘူး၊ ငါသိတာကတော့ မင်းတို့ ပျောက်သွားတယ်လို့ ထင်နေတဲ့ ပျံလွှား ဟာ ရွှေကြက်တူရွေးအဖြစ် လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က သေသွားတာပဲ'

'သူတို့က ရုပ်ချင်းမှ မတူပဲဗျာ၊ ခန္ဓာကိုယ်ကတော့ တူကြပါတယ်၊ သူ့လက်ထဲမှာလဲ ရွှေကြက်တူရွေးရဲ့ဓားကိုကိုင်ပြီး သေနေတာဗျ'

ယန်းချဲ့စန်းက သူ ရရှိထားသည့် ဒဏ်ရာများ နာကျင်လာသဖြင့် တချက်မျှ စုပ်သတ်လိုက်သည်။ ချန်စွန်းယို့လင်းကို ပြန်ကြည့်ကာ-

'မင်းတို့ ဒီလောက်လဲ တုံးမနေကြပါနဲ့၊ ငါတို့ပြည်နယ်ထဲမှာ ရုပ်ပြောင်းရုပ်လွှဲပညာတတ်တဲ့လူတွေ အပုံကြီးပါကွာ၊ မဟူရာပျံလွှားဟာ တစုံတခုသော အကြောင်းကြောင့် ရွှေကြက်တူရွေးရဲ့မျက်နှာအဖြစ် သူ့ကိုယ်သူ ရုပ်ပြောင်းထားတယ်၊ ရွှေကြက်တူရွေးရဲ့ဓားကိုလဲ ကိုင်ထားတယ်၊ အဲ့ဒီ တစုံတခုသော အကြောင်းကိုတော့ ရွှေကြက်တူရွေးကလွဲလို့ ဘယ်သူမှ မသိဘူးကွ…'

ချန်စွန်းယို့လင်းက ခေါင်းညိတ်၏။

'ကောင်းပြီ၊ မဟူရာပျံ့လွှားနဲ့ ရွှေကြက်တူရွေးမှာ လူသိမခံလိုတဲ့ အကြောင်းတခု ရှိနေတယ်ဆိုတာတော့ သေချာပြီ၊ ဒီဆရာမှောက်သိုက်ဆိုတဲ့လူလိမ်နဲ့ လက်ပေါင်းတထောင်ဆိုတဲ့ သူခိုးက ကျုပ်တို့မြို့စားရဲ့နန်းတွင်းကိုလာပြီး ကျောက်သလင်းဟင်္သာရုပ်အတုနဲ့ အစစ် လာလဲရတာလဲ'

ယန်းခွဲ့စန်းက--

'မင်းကို ငါပြောတာတွေ အတော်များနေပြီ၊ မင်း ငါ့သမီးကို မှဲ့တပေါက်မစွန်းစေပဲပြန်လွှတ်ပေးရမယ်နော်'

စိတ်ချစမ်းပါဗျာ၊ ကျုပ်ဟာ ဘယ်တုန်းကမှ မတော်မတရား မလုပ်ခဲ့ဖူးဘူး၊ ကျုပ်ဘယ်လိုလူဆိုတာ ခင်ဗျားသမီးနဲ့ ပြန်တွေ့တဲ့အခါ ခင်ဗျားသမီးက ပြန်ပြောပါလိမ့်မယ်'

ချန်စွန်းယို့လင်း၏ စကား၏စကားကြောင့် ယန်းခွဲ့စန်း ကျေနပ်သွားသည်။

'ကောင်းပြီ၊ ငါသိသမျှ အကုန်ပြောပြမယ်၊ မင်းသာ ကတိတည်ပါစေ၊ အမှန်အတိုင်း ပြောရယင် ဆရာမှောက်သိုက်ဟာ ဒီ ကျောက်သလင်း ဟင်္သာရုပ်ရဲ့တန်ဖိုးကို အသေအချာ သိတာ မဟုတ်ပါဘူး၊ ဒီဟင်္သာရုပ်ရဲ့ သတင်းကို သိလာတဲ့လူက လက်ပေါင်းတထောင်စောရပဲ၊ သူက သတင်းမျိုးစုံကြားတဲ့ လူဆိုတော့ ဒီ ဟင်္သာရုပ်ကို လူတချို့က ရွှေတုံးတွေပေးပြီး လိုက်ဝယ်နေတယ်ဆိုတာရယ်၊ နောက်ဆုံး ဟင်္သာရုပ်ရရှိလိုက်တဲ့ မြေရှင် ရှင် သဌေးကြီးဟာ ပီကင်းနေပြည်တော်ကို အခွန်အတုတ် ဆက်သတဲ့နေရာမှာ လျော့ပေါ့ဆက်သနိုင်အောင် မင်းတို့ရဲ့ မြို့စား



သခင်ဆီ တခြားလက်ဆောင်တွေနဲ့အတူ ဒီကျောက်သလင်း ဟင်္သာရုပ်ကိုပါ ဆက်သလိုက်တယ်ဆိုတဲ့ သတင်းတွေကို လက်ပေါင်းတထောင်စောရက ဆရာမှောက်သိုက်ဆိုတဲ့လူကို ပြောပြလိုက်သတဲ့'

ချန်စွန်းယို့လင်းက ဝင်ပြော၏။

'ဒါနဲ့ ဆရာမှောက်သိုက်က ဟင်္သာရုပ်အတုလုပ်ပြီး လက်ပေါင်းတထောင်စောရကိုလဲ ခိုးခိုင်းရောဆိုပါတော့'

'ဟုတ်တယ်၊ လက်ပေါင်းတထောင်စောရဟာ ကျူးပုရဲ့ ရုပ်မျိုးရအောင် ရုပ်ဖျက်ပြီး နန်းတော်ထဲဝင်တယ်၊ ကျောက်သလင်းဟင်္သာရုပ်အစစ်ကို အတုနဲ့လဲသွားတယ်၊ ဒါကို ရွှေကြက်တူရွေးက သိသွားတယ်၊ ရွှေကြက်တူရွေးဟာ ယူချောင်မြို့စားဆီက ဟင်္သာရုပ်ကိုလဲ မရခဲ့ဘူး၊ မြေရှင် သဌေးဆီကလဲ မရခဲ့ဘူး၊ ဒီတော့ ကျူးပုနောက်ကိုလိုက်တော့တာပေါ့၊ တကယ်တော့ သူမလိုက်ပါဘူး၊ သူနဲ့ အလိုတူအလိုပါဖြစ်တဲ့ မင်းတို့ မြို့စားရဲ့နန်းတော်က ပျောက်ဆုံးနေပြီလို့ယူဆထားတဲ့ မဟူရာပျံ့လွှားကို ကျူးပုနောက်လိုက်ခိုင်းပါတယ်၊ မဟူရာပျံ့လွှားလဲ ကျူးပုလက်ချက်နဲ့ သေသွားရတယ်၊ ဒီတော့ ရွှေကြက်တူရွေး အစစ်ဟာ ကိုယ်ရောင်ဖျောက်လိုက်ရတော့တာပေါ့၊ သိုင်းလောကတခုလုံးမှာ ရွှေကြက်တူရွေးသေပြီလို့ သတင်းပြန့်သွားတယ်'

စုံမားရှဲ့၊ လုံဆင်ပိ၊ ထန်ကျိုချင်းနှင့် ချန်စွန်းယို့လင်းတို့သည် ထိုအခါကျမှ သဘောပေါက်လာကြတော့သည်။

စုမားရှဲ့က လှမ်းမေး၏။

'ဆရာမှောက်သိုက်တို့ဆီက ဟာသ်ာချပ်ကို ငွေနှစ်သိန်းနဲ့ ဝယ်ဖို့ ရှေကြက်တူရွေးက ခင်ဗျားကို ခိုင်းတယ်ဆိုပါတော့'

ယန်းခွဲ့စန်းက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်'

ချန်းစွန့်ယို့လင်းက--

'ဒါ အဓိပ္ပာယ်မရှိဘူး၊ ရှေကြက်တူရွေးလို လူမျိုးအနေနဲ့ ဆရာမှောက်သိုက်လိုလူမျိုးကို အကြိမ်တထောင် သတ်နိုင်တယ်၊ ငွေပေးပြီး ဝယ်ခိုင်းတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး'

'ဘာဖြစ်လို့ အဓိပ္ပာယ်မရှိရမှာလဲ၊ မင်းပဲပြောတယ်မဟုတ်လား၊ မဟုတ်ရာပျံလွှားနဲ့ ရှေကြက်တူရွေးဟာ ရွှေငွေကို မမက်ဘူးလို့၊ သူက ငွေနှစ်သိန်းကို ဂရုမစိုက်ဘူး၊ ကျောက်သလင်းဟာသ်ာချပ်ကိုပဲ ဂရုစိုက်တယ်'

ချန်စွန်းယို့လင်းသည် သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

'ကြားထဲက ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ရှေကြက်တူရွေးဟာ ခင်ဗျားကို ဘာတွေပေးသလဲ'

ယန်းခွဲ့စန်းက သက်ပြင်းချပြန်သည်။

'ငါကလဲ ရွှေငွေကို ဂရုစိုက်တဲ့လူတယောက် မဟုတ်ပါဘူး၊ ငါလဲ လူချမ်းသာတဦးပါ၊ ငါလိုချင်တာက ရှေကြက်တူရွေးရဲ့ ဓားသိုင်းပညာပါ၊ ဒါကြောင့် သူခိုင်းတာ အကုန်လုပ်ပေးနေတာပါ'

'သူ့ဆီက ဓားသိုင်းပညာကော ရလိုက်ရဲ့လား၊ ချန်စွန်းယို့လင်း၏ မေးခွန်းက ယန်းခွဲ့စန်းအား ငိုင်ကျသွားစေ၏။



ယန်းခွဲ့စန်းသည်ခြေကုန်လက်ပန်းကျသည့်ပုံစံဖြင့် ဦးခေါင်းကို ဖြေးညှင်းစွာ ခါယမ်းလိုက်သည်။

'ဘာဆိုဘာမှ မရပါဘူးကွာ'

မှန်သည် သူသည် ရှေကြက်တူရွေးထံမှ ဘာဆိုဘာမျှမရရှိခဲ့ပေ။ ထိုအခိုက်မှာပင်-

'ဟား…ဟား…ဟား…ဟား….'

ကျယ်လောင်သော ရယ်မောသံကြီးတခုကြောင့် ခန်းထဲရှိ သိုင်းသမားအားလုံး ခေါင်းထောင်သွားမိလေတော့၏။

× × ×

ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာသော ရယ်မောသံကြီးကြောင့် ခန်းမဆောင်တွင်းရှိ လူအားလုံးမှာ အံ့အားသင့်ကုန်ကြ၏။ ရယ်မောသံကြီးသည် အပေါ်ဘက်မှာ ထွက်ပေါ်လာခြင်း ဖြစ်သည်။ မမြင်ရသော အန္တရာယ်တခု မကြာမီကျရောက်လာတော့မည် ဖြစ်ကြောင်း၊ အတွေ့အကြုံ ရင့်ကျက်သော လုံဆင်ပိက ကောင်းစွာ နားလည်လိုက်သည်။

ထိုစဉ်မှာပင် တစုံတရာသည် လေထုကို ထွင်းဖောက် ထိုး

ထွက်လာသံကို လုံဆင်ပီ ကြားလိုက်ရသည်။ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားပြီး အသံကုန် လှမ်းအော်လိုက်၏။

'သတိထား'

ယင်းသို့ အော်လိုက်စဥ်မှာပင် ဓားပါးကလေး (၅)လက်သည် တဝှစ်ဝှစ် အော်မြည်ယင်း လေထုကို ထွင်းဖောက်လျက် သူတို့လူစုထံ ကျရောက်လာတော့သည်။

ချန်စွန်းယို့လင်းသည် လက်ထဲမှ ဓားကို တရစပ် ဝှေ့ယမ်း ဖယ်ထုတ်လိုက်သည်။ ကျန်လူများကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ကို့ယို့ကားယား တိမ်းရှောင်လိုက်ကြ၏။

သို့သော် ... ယန်းချဲ့စန်းမှာမူ ဒဏ်ရာများ ရထားသဖြင့် အခြားသူများကဲ့သို့ လွတ်လွတ်ကျွတ်ကျွတ် ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။ ဓားပါးလေး နှစ်လက်သည် သူ၏ ရင်ဝနှင့် ဝမ်းဗိုက်သို့ စိုက်ဝင် စူးနစ်သွားလေတော့သည်။

'အား'

ကျယ်လောင်စူးရှသော အသံနက်ကြီးသည်ကြောက်မက်ဖွယ် ထွက်ပေါ်လာပြီးနောက် ယန်းချဲ့စန်း၏ ခန္ဓာကိုယ်မှာ ကြမ်းပြင်ပေါ်'ဘုန်း'ကနဲ လဲကျသွားလေတော့၏။

ချန်စွန်းယို့လင်းသည် ချက်ချင်းပင် ယန်းချဲ့စန်းထံ ခုန်ဝင်သွားပြီး သွားရောက် ပွေ့ထူလိုက်သည်။ လုံဆင်ပီနှင့် စုမားရှဲ့က ရန်သူ၏ ရုတ်တရက် တိုက်ခိုက်လာမည့် အန္တရာယ်ကို ကာကွယ်ထားလိုက်ကြသည်။

ယန်းချဲ့စန်းသည် နာကျင်သော ဝေဒနာကြောင့် မျက်နှာ



တခုလုံး ရှုံ့မဲ့နေသည်။ သူသည် ချန်စွန်းယို့လင်းအား မြူးကျယ်သော မျက်လုံးဖြင့် စိုက်ကြည့်ယင်း-

'မင်း....မင်း သိချင်တာကို ငါပြောပြီးပြီ- ကတိ .. တည်••• တည်ပါစေ'

ယန်းချဲ့စန်းသည် အနိုင်နိုင် အားယူ၍ ပြောလိုက်ရသည်။ ချန်စွန်းယို့လင်းသည် အံကို တင်းကျပ်စွာကြိတ်ယင်း-

'စိတ်ချပါ၊ ခင်ဗျားသမီး မှဲ့တပေါက် မစွန်းစေရပါဘူး၊ ကျုပ် အားလုံး တာဝန်ယူပါတယ်'

ယန်းချဲ့စန်း၏ ရှုံ့မဲ့နေသော မျက်နှာလေးတွင် ကျေနပ်ပြုံးလေးတချက် ယှက်သန်းသွားသည်။ ထို့နောက် ယန်းချဲ့စန်း၏ ကိုယ်ခန္ဓာသည် ဆတ်ကနဲ တချက် တွန့်သွားပြီး ခေါင်းငိုက်စိုက် ကျသွားလေတော့၏။

ချန်စွန်းယို့လင်းသည် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်ပြီး ယန်းချဲ့စန်း၏ အလောင်းကို ကြမ်းပြင်ပေါ် အသာအယာ ချလိုက်သည်။ စင်စစ် ယန်းချဲ့စန်းမှာ ကျောက်သလင်းဟင်္သာရုပ်နှင့် ပတ်သက်၍ ဟန်ပြတရားခံတယောက်သာ ဖြစ်ပါချေသည်။ တကယ့် တရားခံအစစ်ကသူ့အား လုပ်ကြံသတ်ဖြတ်ပြီ ဖြစ်သည်။

မည်သို့ဆိုစေ ချန်စွန်းယို့လင်းအနေဖြင့် စိတ်မကောင်းဖြစ်ရသည်မှာ အမှန်ပင်။ အထူးသဖြင့် ယန်းချဲ့စန်း၏ သမီး ယန်းရှောက်ရှမ်းအား မျက်နှာချင်းဆိုင်ရမည့် အရေးကို တွေးကာ ရင်လေးနေမိချေ၏။

ထိုအချိန်တွင် သူ့ရှေ့သို့ လူတယောက် လာရောက် ရပ်

လိုက်သည်ကို သတိပြုလိုက်မိသည်။ ချန်စွန်းယို့လင်း မော့ကြည့်လိုက်သည်။ သူ့ရှေ့မှ လူသည် တကိုယ်လုံး အစိမ်းရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ထိုသူ၏ ပခုံးပေါ်တွင်မူ ရွှေရောင်တောက်ပနေသော ဝတ်ရုံတခုကို လွှမ်းခြုံထားသည်။ လက်ထဲတွင်မူ ဓားတလက်ကို ကိုင်ဆောင်ထား၏။ ဓား၏ လက်ကိုင်ရိုးမှ ရွှေကြိုးလေးတချောင်းသည် အောက်သို့ တွဲလောင်းကျနေလေသည်။ ရွှေကြိုး၏ ထိပ်ဖျား၌ လှပသော ရွှေကြက်တူရွေးအရုပ်တခုကို ချည်နှောင်ထားသည်။

ထိုသူအား တွေ့မြင်လိုက်ရသောအခါ ချန်စွန်းယို့လင်းသည် သူ့ မျက်စိကိုပင် သူမယုံနိုင်အောင် အကြီးအကျယ် အံ့ဩသွားရလေတော့သည်။

'ဟင်- ရွှေကြက်တူရွေးပါလား'

ချန်စွန်းယို့လင်းသည် နှုတ်မှ လွှတ်ကနဲ ရေရွတ်လိုက်မိသည်။ မှန်ပါသည်။ သူ့ရှေ့၌ လာရောက် ရပ်လိုက်လူမှာ နန်းတွင်းသိုင်းသမား တဦး ဖြစ်သည့် ရွှေကြက်တူရွေးပင် ဖြစ်ပါတော့သည်။

သိုင်းလောက အားလုံးကမူ ရွှေကြက်တူရွေးအား သေဆုံးသွားပြီဟု သိမှတ်ထားခဲ့ကြသည်။ ချန်စွန်းယို့လင်းသည်လည်း ရွှေကြက်တူရွေး သေဆုံးခဲ့ပြီဟု သိရှိထားခဲ့သည်။ ထို့ကြောင့် ရွှေကြက်တူရွေးအား သတ်ဖြတ်သွားသည့် ကျူးပုကိုပင် သွားရောက်ကလဲ့စားချေခဲ့သည် မဟုတ်ပါလား။ ယခုမူ ရွှေကြက်တူရွေးအား သူ့ရှေ့မှောက်၌ မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ



ဖြစ်သည်။ ယန်းချွဲ့စန်းသည် အားလုံးအမှန်များကိုသာ ပြောပြသွားခဲ့ချေတကား။

ချန်စွန်းယို့လင်းသည် ရွှေကြက်တူရွေးအား နားမလည်နိုင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။ ရွှေကြက်တူရွေးကလည်း သူ့အား စိုက်ကြည့်လျက် ရှိသည်။ သို့တိုင်အောင် တယောက်နှင့် တယောက် စကားပြောခြင်း မပြုကြသေးပေ၊ တယောက်ကို တယောက် အကဲခတ်လျက်သာ ရှိနေကြ၏။

ထိုအချိန်၌ ကုကျင်းတို့သည် ရုတ်တရက် လှုပ်ရှားလိုက်ပြီး ရွှေကြက်တူရွေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သူ၏ အရှင်သခင် ယန်းချွဲ့စန်းအား ရွှေကြက်တူရွေးက သတ်ဖြတ်ခဲ့သည် မဟုတ်ပါလား။

သို့သော်…သို့သော် ကုကျင်းတို့၏တိုက်ခိုက်ရန် ပြင်ဆင်မှုမှာ အချည်းနှီး ဖြစ်သွားရ၏။ အကြောင်းမှာ သူ့အား တစုံတယောက်က လှမ်းဆွဲ ပွေ့ချီလိုက်သောကြောင့် ဖြစ်လေသည်။

ကုကျင်းတို့အား ဆွဲယူပွေ့ခေါ်သူမှာ စုမားရှဲ့ပင်ဖြစ်သည်။ စုမားရှဲ့သည် ကုကျင်းတို့အား လှမ်းဆွဲလိုက်သည့် အချိန်မှာပင် ပြန်လည် ရန်းကန်တိုက်ခိုက်ခြင်းမပြုနိုင်အောင် သွေးကြောများပါ ထိုးပိတ်ထားလိုက်သည်။ ကုကျင်းတို့သည် မည်သို့မျှ လှုပ်ရှားနိုင်ခြင်း မပြုတော့ပဲ စုမားရှဲ့ ထမ်းပိုး ခေါ်ဆောင်ရာသို့ သင်းတုံးကြီးပမာ လိုက်ပါသွားရလေတော့သည်။

မိမိ၏ သိုင်းပညာမှာ ရွှေကြက်တူရွေးနှင့် မည်သို့မျှ ယှဉ်မရအောင် နိမ့်ကျနေသည်ကို စုမားရှဲ့ကလည်း ရိပ်စားမိသဖြင့် မိမိအား ပွေ့ယူခေါ်ထုတ်၍ မိမိ အသက်အား ကယ်တင်

လိုက်ခြင်းပင် ဖြစ်ကြောင်း ကုကျင်းတို့ သဘောပေါက်နားလည်လာသည်။

ကုကျင်းတို့သည် ယခုအချိန်အခါ၌ လုံဆင်ပိ စုမားရှဲ့နှင့် ထန်ကျို့ချင်းတို့၏ အကြောင်းကို ကောင်းစွာ နားလည်သွားတော့သည်။ ၎င်းတို့သည် ကြေးစား လူသတ်သမားများဟု အမည်ခံထားသော်လည်း စင်စစ်မှာမူ အမှန်တရားဘက်မှ ရပ်တည်ကြသည့် လူကောင်း သူကောင်းများသာ ဖြစ်ကြောင်း သိရှိသွား၏။

စုမားရှဲ့သည် ကုကျင်းတို့အား ရွာပြင်ရောက်သည်အထိပွေ့ချီသွားပြီးမှ ပိတ်ထားသော သွေးကြောများကို ပြန်လည်ဖြေပေးလိုက်သည်။ ကုကျင်းတို့က ကျေးဇူးတင်သော မျက်လုံးများဖြင့် စုမားရှဲ့အား ပြုံးပြလိုက်လေသည်။ စုမားရှဲ့သည် ကုကျင်းတို့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး-

'ခင်ဗျား ဘာဖြစ်လို့ ရွှေကြက်တူရွေးကို တိုက်ခိုက်ဖို့ ကြိုးစားနေရတာလဲ'

'သူက ငါတို့ သခင်ကို သတ်လိုက်တာကိုးကွ'

'ဒါပေမယ့် ခင်ဗျားရဲ့ သိုင်းပညာအဆင့်နဲ့ ရွှေကြက်တူရွေးကို ယှဉ်လို့ရနိုင်ပါ့မလား'

'ယှဉ်လို့တော့ ဘယ်ရမလဲကွာ၊ ဒါပေမယ့်'

ကုကျင်းတို့က စကားကို ဖြတ်လိုက်ပြီး သက်ပြင်းရှည်ကြီးချလိုက်သည်။ ပြီးမှ ရီဝေသော မျက်လုံးအစုံဖြင့် အဝေးသို့လှမ်းကြည့်ကာ-



'အင်း တကယ်တော့ ရွှေကြက်တူရွေးဟာ ငါတို့ရဲ့ ကျေးရွာကို နောက်ကွယ်ကာကနေ ထင်သလို ကြိုးကိုင်လာခဲ့တာကြာပါပြီကွာ၊ ဒါကြောင့်လဲ ငါတို့ အားလုံး သူ့အပေါ်မှာမကျေနပ်ကြဘူး၊ ဒါပေမယ် သူ့ ဩဇာကိုယန်းချဲ့စန်းက အစဘယ်သူမှ မပယ်လှန်ဝံ့ခဲ့ဘူး၊ ဒီနေ့တော့ ငါလဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ့ကို အသေခံတိုက်ဖို့ ဆုံးဖြတ်လိုက်တာပါပဲ'

ကုကျင်းတို့သည် လိပ်ခဲတင်းလင်းဖြစ်နေမှုကို တရှည်တလျားရှင်းပြပြီးနောက် အနည်းငယ် မောသွားဟန်ဖြင့် နားလိုက်သည်။ စုမားရှဲ့က ငြိမ်သက်စွာ နားထောင်နေရာမှ-

'ဒါဖြင့် ခင်ဗျား ယန်းချဲ့စန်း အတွက် လက်စားချေချင်နေတာပေါ့'

'လက်စားချေချင်လိုက်တာမှ၊ တပိုင်းကို သေနေတာပဲ'

စုမားရှဲ့သည် ကုကျင်းတို့အား စိုက်ကြည့်လိုက်သည်။ ပြီးနောက်....

'ကောင်းပြီ၊ ခင်ဗျားမှာ ငွေ ၂၀ လောက်ပါလား'

မဆီ မဆိုင် စကားကြောင့် ကုကျင်းတို့မှာ အူကြောင်ကြောင် ဖြစ်သွားပြီး၊ မျက်မှောင်ကုပ်လိုက်မိသည်။ စိတ်မှကောင်းရဲ့လားဟူသော အကြည့်ဖြင့် စုမားရှဲ့အား လှမ်းကြည့်လိုက်သည်။

'နေပါအုံး၊ ငွေ ၂၀ က ဘာလုပ်ဖို့လဲ'

'ရွှေကြက်တူရွေးကို သတ်ဖို့၊ လူသတ်သမား ငှားရမယ်လေ၊ ဒီလူဟာ သိုင်းလောကထဲမှာ မရှိသင့်တဲ့ လူဆိုး လူညစ်ပဲ'

'ဟာ… မင်းဟာက မဟုတ်တာ၊ ငွေ ၂၀ နဲ့ ကြေးစားလူသတ်သမား ငှားလို့ ရမလားကွ'

'ရပါတယ်'

'ဒါဖြင့် ဘယ်သူလဲ'

'ကျုပ်'

ကုကျင်းတို့သည် အံ့သြစွာဖြင့် စုံမားရှဲ့အား လှမ်းကြည့်လိုက်မိသည်။

'မင်း ငါ့ကို ရယ်စရာ ပြောနေတာလား'

စုမားရှဲ့က ခေါင်းခါပြလိုက်သည်။

'ကျုပ်က နည်းနည်း ယုတ်မာတဲ့ လူကို သတ်ဖို့ အတွက် တခါတရံ ငွေတသိန်းလောက် တောင်းတတ်သလို များများ ယုတ်မာတဲ့လူကို သတ်ဖို့ အတွက်ကျတော့ တဆယ်လောက်နဲ့ လက်ခံချင် လက်ခံလိုက်တာပဲ များများ ယုတ်မာတဲ့ လူဟာ လူ့လောကကြီးထဲက အမြန်ဆုံး ထွက်သွားသင့်တယ် မဟုတ်လား၊ ဒီတော့ ကျုပ်အနေ သိပ်ပြီး ငွေများများမတောင်းသင့်ဘူး ပေါ့'

'ဒါဖြင့် မင်း ငွေနှစ်ဆယ်နဲ့ ရွှေကြက်တူရွေးကို သတ်ပေးမယ်ပေါ့'

'ဒါပေါ့…'

စုမားရှဲ့သည် ကုကျင်းတို့ လှမ်းပေးသည့်ငွေနှစ်ဆယ်တိတိကို လှမ်းယူလိုက်လေ၏။

× × ×



ခန်းမဆောင်ထဲသို့ စုမားရှဲ့ ပြန်ရောက်လာသည့်အခါတွင်မူ ရွှေကြက်တူရွေး ရှိမနေတော့ချေ။ ခန်းမဆောင်ကြီး အတွင်း၌ လုံဆင်ပိ တယောက်တည်းသာ ရှိနေလေသည်။ စုမားရှဲ့သည် အံ့အားသင့်သွားပြီး….

'ရွှေကြက်တူရွေး ဘယ်ရောက်သွားပြီလဲ'

လုံဆင်ပိက အေးတိအေးစက် အမူအရာဖြင့်၊ ပခုံးတချက် တွန့်လိုက်သည်။

'ထွက်သွားပြီလေ'

လုံဆင်ပိ၏ စကားကြောင့် စုမားရှဲ့မှာ ပို၍ အံ့အားသင့်သွားသည်။ သူသည် လုံဆင်ပိအား နားမလည်နိုင် သလိုဖြင့် မျက်မှောင်ကုပ်ကြည့်လိုက်သည်။

'ခင်ဗျားတို့ သူ့ကို ဝိုင်းမဖမ်းဘူးလား'

လုံဆင်ပိက ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းပြလိုက်သည်။ စုမားရှဲ့ ခေါင်းရှုပ်သွားသည်။ သူမရှိခိုက် ခန်းမဆောင်တွင်း၌ ဘာတွေများ ဖြစ်နေခဲ့ပါသနည်း။

'ကျောက်သလင်းဟင်္သာရုပ်က သူ့ဆီမှာပဲ၊ ဘာဖြစ်လို့ သူ့ကို ဖမ်းမထားကြတာလဲ'

လုံဆင်ပိက သက်ပြင်းရှည်ကြီး ချလိုက်သည်။

'သူ့ကို ဘယ်လို ဖမ်းနိုင်မှာလဲ၊ သူကယန်းချောက်ရှမ်းကိုလဲ ပြန်ပေး ဆွဲထားတယ်'

'ဗျာ…ယန်းချဲ့စန်းရဲ့ သမီးကို ပြောတာလား'

လုံဆင်ပိ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

'ဒါနဲ့ စောစောတုန်းကတော့ ချန်စွန်းယို့လင်းကပဲပြန်ပေးဆွဲထားသလိုလိုနဲ့ ပြောနေကြပါလား'

'ဒါက ဒီလိုပါ ချန်စွန်းယို့လင်းက ယန်းရှောက်ရှမ်းကို တကယ် ပြန်ပေးဆွဲခဲ့တာ မဟုတ်ပါဘူး၊ အကူအညီတောင်းတဲ့ အနေနဲ့ ခဏ ရှောင်ခိုင်းခဲ့တာပါ။ ဒါပေမယ့် အခုတော့ တကယ် ပြန်ပေးဆွဲ ခံနေရပြီ'

'သူ ပြန်ပေး အဆွဲခံရတာနဲ့ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲဗျ'

လုံဆင်ပိက ဘာမှ ပြန်မပြောသေးပဲ၊ ခန်းမဆောင် အပြင်သို့ လှမ်းကြည့်လိုက်သည်။ စုမားရှဲ့ကလည်း လုံဆင်ပိကြည့်ရာသို့ လိုက်ကြည့်မိသည်။

ခန်းမဆောင်အပြင်ရှိ ဥယျာဉ်တွင်း၌ ချန်စွန်းယို့လင်းသည် ခေါင်းစိုက်စိုက်ချယင်း ငေးငိုင်နေသည်ကို တွေ့လိုက်ရသည်။ လုံဆင်ပိက သက်ပြင်း တချက်ချလိုက်၏။

'အင်း…ကျုပ်တို့နဲ့ ဘာမှ မဆိုင်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ချန်စွန်းယို့လင်းက ယန်းရှောက်ရှမ်းအပေါ် မေတ္တာရှိနေတော့၊ ကျုပ်တို့လဲဒီအတိုင်းပဲ ကြည့်နေရတာပေါ့၊ ရွှေကြက်တူရွေးက ယန်းရှောက်ရှမ်း ဘာမှမဖြစ်စေချင်ယင်အားလုံး ငြိမ်ငြိမ်နေရမယ်ဆိုလို့ ငြိမ်နေလိုက်ကြတာ ရွှေကြက်တူရွေး ဘယ်ထွက်သွားမှန်းတောင် မသိလိုက်ကြဘူး'

လုံဆင်ပိ၏ စကားကြောင့် စုမားရှဲ့မှာ များစွာ စိတ်ဓာတ်ကျသွားရလေတော့သည်။ ဘာပြော၍ ဘာလုပ် ရမှန်းတောင် မသိတော့၊ နှစ်ယောက်စလုံး ပြောစရာ စကား မရှိတော့သကဲ့သို့



နှုတ်ဆိတ်သွားကြသည်။ အတန်ကြာမှ တစုံတခုကို သတိရပြီး-

'ဒါနဲ့ ထန်ကျို့ချင်းလဲမမြင်ပါလားဗျ'

စုမားရှဲ့က အလန့်တကြား ကောက်ကာငင်ကာ မေးလိုက်သည်။ လုံဆင်ပိက သဘောကျစွာ ပြုံးရယ်လိုက်ပြီး…

'ခင်ဗျားနှာခေါင်းထဲမှာ ဘာအနံ့မှ မရဘူးလား'

စုမားရှဲ့က တရှူးရှူးတရှဲရှဲ အနံ့ခံကြည့်လိုက်သည်။

'အားပါး အရက်နံ့ထောင်းကနဲ ထနေတာပဲ'

စုမားရှဲ့က ယင်းသို့ အော်ပြောလိုက်ပြီး ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်သည်။ အခန်းထောင့် တနေရာ၌ ခွေခွေလေး လဲကျနေသော ထန်ကျို့ချင်းကို မြင်တွေ့လိုက်ရလေ၏။

× × ×

## မိုးကြိုး ရဲတိုက်

ဆည်းဆာ နေခြည်သည်၊ လေ့ယင်းမြို့၏ အနောက်ဘက် ၃-မိုင်ခန့် အကွာရှိ ရဲတိုက်အိုကြီး တလုံးပေါ်သို့ ထိုးယှက်ဖြာကျနေလေသည်။ နီညိုရောင် ရဲတိုက်အိုကြီးသည် လိမ္မော်ရောင် ယှက်သန်းနေသော ဆည်းဆာနေခြည်ကြောင့် ရဲရဲတောက် နီးထွေးလျက်ရှိသည်။ သွေးစွန်းနေသော ရဲတိုက်အိုကြီးအလား ဟုပင် ထင်မှတ်မှားရလေ၏။

စင်စစ် ရဲတိုက်အိုကြီးသည် လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာက အမှန်ပင် သွေးစွန်းခဲ့သော ရဲတိုက်အိုကြီး တခု ဖြစ်ချေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကမူ ဤရဲတိုက်သည် မိုးကြိုး သိုင်းအဖွဲ့ကြီး၏ ဌာနချုပ် ဖြစ်ခဲ့သည်။ မိုးကြိုး သိုင်းအဖွဲ့ကြီးသည် ထိုစဉ်အခါက သိုင်းလောက၏ ထိပ်တန်း သိုင်း အဖွဲ့ကြီး တဖွဲ့ ဖြစ်ခဲ့ပြီး၊ သိုင်းလောက တခုလုံး အပေါ်၌လည်း ဩဇာ လွှမ်းမိုး နိုင်ခဲ့သည်။



ထိုစဉ်ကဆိုလျှင် ဤရဲတိုက်အိုကြီးသည် သိုင်းသမားပေါင်းစုံ စုဝေးရာ နေရာဖြစ်သည်။ သိုင်းလောက၏ ပြဿနာ အဝဝကိုလည်း ဖြေရှင်းပေးခဲ့ရာ နေရာဖြစ်သည်။ မိုးကြိုးရဲတိုက် အမည်သည် သိုင်းလောကသားများ ပါးစပ်၌ ရေပန်း စားခဲ့သည့် အချိန်အခါလည်း ဖြစ်ပေ၏။ ထိုမျှ ကြီးကျယ်စည်ကားခဲ့သော မိုးကြိုးရဲတိုက်သည် ယခုအခါ၌ လူသူကင်းမဲ့ လျက်ရှိပြီး၊ သုဿန် တစပြင်ကဲ့သို့ သွေ့ခြောက် ငြိမ်သက်လျက် ရှိနေတော့သည်။ ရဲတိုက်ကြီး၏ အချို့နေရာများဆိုလျှင် မီးရှို့ ခံထားရသောကြောင့် အညိုအမည်းများ စွဲကပ်နေပြီး၊ အချို့ နေရာများမှာ ပြိုလဲ ပျက်စီးလျက်ရှိသည်။ ယခင်က ကျက်သရေရှိရှိဖြင့် သာယာလှပနေခဲ့သော ရဲတိုက်ကြီးသည် ယခုအခါ၌များစွာ မနှစ်မြို့ဖွယ် အသွင်ကို ဆောင်နေလေတော့၏။

အဘယ်ကြောင့် ဤသို့ဖြစ်ခဲ့ရပါသနည်း။

စင်စစ်မူကား ဤရဲတိုက်ပျက်ကြီးသည် သဘောထားကွဲလွဲပြီး တဦးအပေါ်တဦး သင်္ကာမကင်းရာမှ ဖြစ်ပေါ်လာသောအကျိုးဆက်၏ ပြယုဂ် တခုဆိုလျှင် ရနိုင်ကောင်းအံ့ ထင်ပေသည်။ အကယ်၍ အချင်းချင်း ပေါင်းစည်း ညီညွတ်ကြလျှင် မိုးကြိုးရဲတိုက်၏အခြေအနေမှာ ယခုကဲ့သို့ပျက်စီးယိုယွင်းပြီးကျက်သရေကင်းမဲ့နေစရာ အကြောင်း မရှိပါချေ။

အုပ်သင်းကွဲသော နွားကို ကျားဝင်ဆွဲတတ်သည် မဟုတ်ပါလော...

မိုးကြိုးရဲတိုက်၌ ရှေး အစဉ်အဆက်က ထိန်းသိမ်းလာခဲ့သည့် မိုးကြိုးအတွင်းအား သိုင်းကျင့်စဉ် ပုရပိုဒ်တခု ရှိခဲ့၏။ မိုးကြိုး

သိုင်းအဖွဲ့ကြီး၏ ခေါင်းဆောင်ချုပ်ကြီးသည် ထိုသိုင်းကျင့်စဉ်ကို အစဉ်အမြဲ ထိန်းသိမ်းခွင့်ရ၏။

မိုးကြိုး သိုင်းအဖွဲ့ကြီး အတွက် ကံကြမ္မာဆိုး ဝင်လာသည့် အချိန်မှာ ခေါင်းဆောင်ချုပ်ကြီး ရုတ်တရက် သေဆုံးသွားရခြင်းပင် ဖြစ်သည်။ ခေါင်းဆောင်ချုပ်ကြီး လက်အောက်၌ အိုယမ်းမှုန်နှင့် စွန်ပိတု ဟူသော တပည့်ကြီး နှစ်ယောက် ရှိရာ နှစ်ယောက်စလုံးပင် သိုင်းပညာ၌ လက်ရည်တူကြ၏။

ခေါင်းဆောင်ချုပ်ကြီး ရုတ်တရက် သေဆုံးသွားသောအခါ အိုယမ်းမှုန်နှင့် စွန်ပိတုတို့သည် ခေါင်းဆောင်ချုပ်ကြီး နေရာ သူရသင့် ငါရသင့် အငြင်းပွားကြရာမှ တန္တယ်ငင် တစင်ပါကာ နောက်လိုက် တပည့်များပါ ငြိုးသူရန်ဘက်များ ဖြစ်ကုန်ကြတော့၏။

မိုးကြိုးအတွင်းအားကျင့်စဉ် ရရှိရေးအတွက် အိုယမ်းမှုန်နှင့် စွန်ပိတုတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြသောအခါ နောက်လိုက်တပည့်များသည်လည်း အစုလိုက် အတွဲလိုက် တိုက်ခိုက်ကြလေတော့၏။ သူတို့တိုက်ပွဲမှာ သာမန်တိုက်ပွဲ မဟုတ်ပါ၊ ဂိုဏ်းဂဏစွဲ ပုဂ္ဂိုလ်စွဲ စိတ်ဖြင့်တိုက်ခိုက်ခြင်းဖြစ်၍မိုးကြိုးရဲတိုက်ကြီးတခုလုံး သွေးချင်းချင်းနီကုန်တော့သည်။

မိုးကြိုးသိုင်းအဖွဲ့ကြီးသည် ကျော်ကြားထင်ရှားလာသည်နှင့် အမျှ မနာလိုမရှုစိမ့်နိုင်သော သိုင်းအဖွဲ့ ငယ်များကလည်း ပေါ်ပေါက်လျက်ရှိနေရာမိုးကြိုးသိုင်းအဖွဲ့ သားအချင်းချင်းတိုက်ခိုက်ကြသည်နှင့် တပြိုင်နက် ယင်းကို ခွင့်အကောင်းယူကာ မိုးကြိုးရဲတိုက်အား မီးရှို့ဖျက်ဆီးလိုက်ကြတော့သည်။



ဤသို့ဖြင့် သွေးစည်းညီညွတ်မှု ပြိုကွဲပျက်စီးခဲ့သော မိုးကြိုးသိုင်းအဖွဲ့ကြီးသည် နောက်ဆုံး၌ လုံးဝ ပျောက်ကွယ်သွားရသည်အထိ ကြမ္မာဆိုး ဝင်ခဲ့ရတော့၏။ သိုင်းအဖွဲ့ကြီး ပြိုကွဲပျက်ကွယ်သွားသည်နှင့်အတူအဖွဲ့ ခေါင်းဆောင် နှစ်ဦးမှာလည်း ပျောက်ခြင်းမလှ ပျောက်ဆုံး သွားကြလေသည်။ သိရှိလိုက်သူများ၏ သတင်းစကား အရဆိုလျှင် ခေါင်းဆောင် နှစ်ဦးစလုံး မီးလောင်နေသည့် ရဲတိုက်အတွင်း၌ သေဆုံးသွားကြသည်ဟု သိရှိရသည်။ ထိုအချိန်မှစ၍ မိုးကြိုးသိုင်းအဖွဲ့ကြီး ပျောက်ကွယ်သွားသည့်နည်းတူ ခေါင်းဆောင် နှစ်ဦးဖြစ်သည့် အိုယမ်းမှုန်နှင့် စွန်ပိတုတို့မှာလည်း သိုင်းလောကမှ ပျောက်ကွယ်သွားကြလေတော့သည်။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
+ အောင် ၄ ဦး +
ရန်၊ ၂၁၄၅၅

ဆည်းဆာနေခြည်သည် တစထက်တစ မှိန်ဝါးသွားပြီ ဖြစ်သည်။ အနောက်တောင်စွယ်မှ လိမ္မော်ရင့်ရောင် နေလုံးကြီးသည်လည်း တောင့်ထိပ်ဖျားမှ အခြားတဘက်သို့ ငုံ့ဆင်းသွားပြီ ဖြစ်သည်။ လောကဓာတ်တခွင်လုံး၌ မှိန်ဝါးဝါး အလင်းရောင်သာ ရှိနေလေတော့သည်။

မှုန်ဝါးသော ဆည်းဆာ အလင်းရောင်အောက်၌ ရဲတိုက်အိုကြီးမှာ မကောင်းဆိုးဝါး တကောင်အလား မားမားကြီး တည်ရှိနေသည်။ အပြင်ဘက်တွင် ရဲတိုက်အိုကြီးအား ဤကဲ့သို့ မပီဝိုးတဝါး တွေ့မြင်နိုင်သေးသော်လည်း ရဲတိုက်ကြီးအတွင်း၌မူ မှောင်မည်းနေပြီ ဖြစ်သည်။ သို့ရာတွင် ခဏအတွင်းမှာပင် ဝါကြန့်ကြန့် ခပ်ဝါးဝါး အလင်းရောင်တန်းလေးတခုတွင် မှောင်မိုက်သော ရဲတိုက်အတွင်းမှ ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေတော့သည်။

မီးရောင်မှာ အလွန်အားနည်းသောကြောင့် ခန်းမတခုလုံးအား ထိန်လင်းစေခြင်း မပြုနိုင်ပါ။ ထို့ကြောင့် မီးအိမ်အလင်းရောင်သည် နေရာ ကွက်ကွက်ကလေး၌သာ လင်းနေစေသည်။ မီးအိမ်နှင့် ဝေးသော နေရာမှာမူ မဆိုစလောက်သော အလင်းရောင်က မည်သို့မျှ မင်းမူနိုင်ခြင်း မရှိပါချေ။

တချိန်တခါက လွန်စွာ ခန့်ညားခဲ့သော ခန်းမကြီးသည် ယခုအခါ၌ ပင့်ကူမျှင်များ ယှက်သန်းနေပြီး လွန်စွာ အကျည်းတန်လှသော ခန်းမတခုအဖြစ်သို့ ပြောင်းလဲ ရောက်ရှိနေလေသည်။ ထိုခန်းမသည် ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့သောကြောင့် ညစ်ပတ်ရှုပ်ပွနေကာ မကောင်းသောအနံ့ အသက်များဖြင့်နံစော်နေလေတော့သည်။ ဤမျှ ယိုယွင်းစုတ်ချာနေသော ခန်းမကြီးအတွင်းမှ မှိန်လဲ့လဲ့မီးရောင် ထွက်ပေါ်နေခြင်းဖြစ်ရာ လွန်စွာ အံ့သြဖွယ်ကောင်းနေတော့သည်။

အမှန်စင်စစ်မူ ထိုအခန်းထဲ၌ လူတယောက် ရှိနေသောကြောင့် ဖြစ်ပါသည်။ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့်



အဘိုးအိုတဦးပင် ဖြစ်ပါသည်။ ထိုအဘိုးအိုသည် အနည်းငယ်မှောင်သော အခန်းထောင့် တနေရာ၌ တင်ပျဉ်ခွေ ထိုင်လျက်ရှိနေသည်။ သူသည် တစုံတယောက်အား စောင့်မျှော်နေဟန်ရှိ၏။

အမှောင်ထုက တစထက် တစ ပို၍ သိပ်သည်းလာသည်။ အမှောင်ထုသိပ်သည်းလာသည်နှင့်အမျှ မီးအိမ်၏ အလင်းရောင်က ပို၍ တောက်ပလာသည်။ အဘိုးအိုသည် အခန်းထောင့်၌ထိုင်ယင်း မျက်လုံးများကို မှေးစင်းထားသည်။ မကြာမီ သူ၏အကြားအာရုံ၌ တစုံတယောက်၏ ခြေသံကို ကြားလိုက်ရသည်။ အဘိုးအို၏ မှေးစင်းထားသော မျက်လုံးအစုံသည် အလိုလို ပွင့်လာတော့၏။ မှိန်လဲ့လဲ့ အလင်းရောင်အောက်၌ သူ၏ မျက်လုံးများမှာ တဖျပ်ဖျပ် တောက်ပနေလေသည်။

ထိုစဉ် ရွှေရောင်တချက် ဝင်းလက်သွားပြီး၊ အခန်းတွင်းသို့ လူတယောက် ဝင်ရောက်လာသည်။ ထိုသူမှာ အသက် (၃၀) ခန့်သာ ရှိသော လူရွယ်တဦး ဖြစ်သည်။ ပခုံးထက်၌ ရွှေရောင်ဝတ်ရုံကို လွှမ်းခြုံထားလေသည်။ အဘိုးအိုက ဝင်ရောက်လာသူအား မျက်လုံးပင့်၍ ကြည့်လိုက်သည်။ ထိုသူကား ရွှေကြက်တူရွေး ပင် ဖြစ်ပေတော့သည်။

ရွှေကြက်တူရွေးသည် အခန်းတွင်း ဝင်ရောက်လိုက်မိသည်နှင့် ထိုင်နေသော အဘိုးအိုအား တရိုတသေ ဦးညွှတ် ဂါရဝပြုလိုက်သည်။

'ဆရာရဲ့ တာဝန်ပေးချက်အတိုင်း မြို့စားသခင်ကို လုပ်ကြံခဲ့ပြီးပါပြီ'

ရွှေကြက်တူရွေး၏ စကားကြောင့် အဘိုးအို၏ မျက်လုံးအစုံမှာ တဖျပ်ဖျပ် တောက်ပသွားလေသည်။ ကြားရသောသတင်းစကားအတွက် အလွန်တရာ အားရဝမ်းသာ ဖြစ်သွား၏။

'သေချာရဲ့လားကွ'

'သေချာတယ် ဆရာ'

အဘိုးအိုသည် ဘဝင် ကျသွားဟန်ဖြင့် ပြုံးလိုက်သည်။ ထို့နောက် ထိုင်ရာမှ ထလိုက်ပြီး ရွှေကြက်တူရွေး၏ ပခုံးနှစ်ဘက်အား ဝမ်းသာ အားရ ဆုပ်ကိုင်လိုက်သည်။

'တော်တယ်၊ ငါ့တပည့် သိပ်တော်တာပဲ'

ရွှေကြက်တူရွေး မျက်မှောင် ကုပ်လိုက်မိသည်။

'ဒါနဲ့ ဆရာ ဆရာဟာ ကျွန်တော့်ထက် သိုင်းပညာမှာ အပြန်တရာမက တော်နေတဲ့ဥစ္စာပဲ ဘာဖြစ်လို့ ဆရာကိုယ်တိုင် မသွားပဲ ကျွန်တော့်ကို လွှတ်ရတာလဲ၊ ဆရာ့အနေနဲ့ဆို ကျွန်တော့်ထက် ပိုမလွယ်ဘူးလား'

'ဟား ဟား ဟား ဟား'

အဘိုးအိုက အားရ ပါးရ ရယ်မောလိုက်သည်။ ရယ်မောယင်းမှ ရွှေကြက်တူရွေး၏ပခုံးကို တဖျပ်ဖျပ် လှမ်းပုတ်လိုက်၏။ အတန်ကြာမှ အရယ် ရပ်လိုက်ပြီး-

'ငါ့တပည့်က ဒီနေရာကျတော့ သိပ် ညံ့သွားပါကလား…၊ အိုယမ်းမှုန်ဟာ မြို့စား ဖြစ်နေပေမယ့် ပေါ့ပေါ့လျော့လျော့ နေနေမဲ့ လူစားမျိုး မဟုတ်ဘူးကွ၊ သူဟာ သိုင်းပညာကို အပတ်တကုတ် ကြိုးစားနေမှာသေချာတယ်၊ ငါနဲ့ သူဟာ လွန်ခဲ့တဲ့အနှစ် သုံးဆယ်လောက်ကတည်း ကလက်ရည်တူခဲ့တဲ့လူတွေကွ၊



အခု… ငါက သိုင်းပညာ တိုးတက်လာသလို သူလဲ တိုးတက်လာမှာပဲ၊ ငါသွားလုပ်ကြံယင် သူနိုင် ကိုယ်နိုင် ယှဉ်ပြိုင်ရမှာ သေချာတယ်၊ တကယ်တမ်း အုတ်အော် သောင်းနင်း ဖြစ်ယင် သူ့နန်းတော်ထဲမှာ ငါဒုက္ခမဖြစ်နိုင်ဘူးလား၊ ဒါက အဓိက အကြောင်း မဟုတ်ပါဘူး၊ ငါကိုယ်တိုင် သွားမသတ်ပဲ မင်းကို နောက်တကြော့ သေရွာပြန်အဖြစ် အိုယမ်းမှုန်ဆီ ပြန် လွှတ် ပြီး သတ်ခိုင်းရတဲ့ အကြောင်းက ဒီလိုကွ….'

ရွှေကြက်တူရွေးသည် အဘိုးအို၏ လေသံဖြင့် ရှင်း ပြ ချက်ကြောင့် ခေါင်းတညိတ်ညိတ် ဖြစ်သွားရသည်။ အဘိုးအိုက ရွှေကြက်တူရွေး အား ကြည့်လျက်-

'ဘယ့်နဲ့လဲ ငါ့အကြံ မကောင်းဘူးလား'

'ကောင်းတယ် ဆရာ သိပ်ကောင်းတဲ့ အကြံပဲ'

ရွှေကြက်တူရွေးသည် ဝမ်းသာ အားရ ပြောလိုက်သည်။ သူ့ဆရာက သူ့အပေါ်၌ အစစ အရာရာ ယုံကြည်ကိုးစားသည်ကို ခံစား တွေ့ထိခဲ့ရသောကြောင့် ရင်ထဲ၌ ကြည်နူး ဝမ်းမြောက်နေမိတော့သည်။ အမြဲတမ်း သုန်မှုန်နေသော အဘိုးအို၏မျက်နှာသည် ယခုအခါ၌ မှုံရသောမျက်နှာကဲ့သို့ ရွှင်မြူး နေလေ၏။ အဘိုးအိုသည် ရွှေကြက်တူရွေး၏ပခုံးကို သိုင်းဖက်ကာ မီးအိမ် တင်ထားရာ စားပွဲသို့ ခေါ်ဆောင်လာခဲ့သည်။ စားပွဲပေါ်၌ အကောင်းဆုံး အိုးများ ရှိနေသည်။ ထို့ပြင် အရက်နှင့်မြည်းရန်အတွက် ကြက်အကောင်လိုက် တင်ထားသော ဟင်းလျာများလည်း ရှိနေသည်။

'တကယ်တော့ ကျောက်သလင်း ဟသ်ာရုပ်နဲ့ ပတ်သက်ပြီး ဒီကောင်ကို ကလဲ့စား ချေချင်တာ ကြာပြီကွ၊ မင်းနဲ့ကျုပ် အဆင်ပြေတော့တယ်၊ တော်တယ်ကွာ မင်း သိပ်တော်တယ်'

အဘိုးအိုသည် ရွှေကြက်တူရွေးအား အထပ်ထပ် ချီးကျူးမဆုံးအောင် ရှိနေတော့သည်။ စားပွဲဝိုင်း၌ ထိုင်မိကြသောအခါ ရွှေကြက်တူရွေးက-

'ဆရာ ကျွန်တော် တခု မေးပါရစေ၊ ကျောက်သလင်း ဟသ်ာရုပ်မှာ ဘယ်လို လျှို့ဝှက်ချက်တွေ ရှိနေလို့ အခုလို အလုအယက် ဖြစ်နေကြရတာလဲ ဟင်…'

ရွှေကြက်တူရွေးက သူ့စိတ်ထဲ၌ မရှင်း မရှင်း ဖြစ်နေသောကိစ္စကို မေးလိုက်ခြင်း ဖြစ်သည်။ အဘိုးအိုက သူ့အားကြည့်၍ ပြုံးပြလိုက်သည်။

'တကယ်တော့ ကျောက်သလင်း ဟသ်ာရုပ်ဟာ အင်မတန် အရေးကြီးတဲ့ သိုင်းကျမ်း တခု ပိုင်ဆိုင်ခွင့် ရနိုင်တဲ့ သော့ချက် ပစ္စည်းပဲကွ…'

ရွှေကြက်တူရွေး မျက်မှောင် ကုပ်သွားသည်။ အဘိုးအို ၏ စကားကို နားမလည်နိုင်အောင် ဖြစ်သွားသောကြောင့် ဖြစ်၏။ ထို့ကြောင့် စိတ်ရှုပ်သွားသည့်အမူအရာဖြင့်-

'ဗျာ… သော့ချက် ဟုတ်လား'



'ဒီလိုကွ ကျောက်သလင်း ဟသ်ာရုပ်ကို ပိုင်ဆိုင်တဲ့ လူဟာ ကျွန်းနန်းနယ်က တောင်ထွတ်တခုမှာ ရှိတဲ့ ရှေးဟောင်း သိုင်းကျမ်းကို ပိုင်ဆိုင်နိုင်ခွင့် ရှိလို့ပဲ'

ရွှေကြက်တူရွေးက မျက်မှောင်ကုပ်လိုက်ပြီး-

'တကယ်လို့ ကျောက်သလင်းဟသ်ာရုပ် မပါပဲ အဲဒီတောင်ထွတ်ကိုသွားပြီး သိုင်းကျမ်းကို လုလို့ မရဘူးလား'

အဘိုးအိုက ခေါင်းညိတ်ပြလိုက်သည်။

'မရဘူးကွ တောင်ခြေ ရောက်တဲ့အခါ၊ ကျောက်သလင်း ဟသ်ာရုပ်ကိုပြနိုင်မှတောင်ထွတ်ပေါ်တက်ခွင့်ရှိတာ၊တောင်ထွတ်ပေါ်မှာက သိုင်းကျမ်းကို ထိန်းသိမ်းတဲ့ အဘိုးကြီးတယောက် ရှိတယ် ကျောက်သလင်းဟသ်ာရုပ်ကို မပြနိုင်ပဲ အတင်းအဓမ္မ တောင်ပေါ် တက်သွားနိုင်မယ်ဆိုယင် အဘိုးကြီးက ကြိုတင်စီမံထားတဲ့ ကျောက်တုံး ထောင်ချောက်တွေကို ဖြုတ်ချလိုက်မယ် တောင်ထွတ်ပေါ် တက်တဲ့လမ်းကလဲ တယောက်စာပဲသွားလို့ရတဲ့လမ်း၊ တဘက်မှာ ချောက်ကမ်းပါးရှိပြီး တဘက်မှာက တောင်နံရံအမြင့်ကြီး ဒီလမ်းကလွဲပြီး တခြား ဘာလမ်းမှ မရှိဘူး၊ ဒါကြောင့် ကျောက်သလင်းဟသ်ာရုပ် မရပဲ အဲဒီကို ဘယ်သူမှ မသွားရဲကြဘူး'

အဘိုးကြီးက တရှည်တလျားကြီး ရှင်းပြလိုက်သည်။ သည်တော့မှ ရွှေကြက်တူရွေး သဘောပေါက်သွားတော့၏။ အဘိုးကြီးသည် ရွှေကြက်တူရွေးအား ပြုံးကြည့်လိုက်ပြီး-

'ကဲ…ငါ့တပည့်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ အကောင်းဆုံးအရက်နဲ့ ဧည့်ခံမယ် ကြိုက် သလောက် သာ သောက်ပေတော့ပေါ့'

× × ×

ထိုအဘိုးအိုသည်ကား အခြားသူ မဟုတ်ပါပေ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က သိပ္ပံ လောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော မိုးကြိုးသိုင်းအဖွဲ့ကြီး၏ခေါင်းဆောင်တဦးပင် ဖြစ်လေသည်။ ထိုအဘိုးအို၏ အမည်မှာ စွန်ပိတုဖြစ်၏။ သိုင်းလောကသားအားလုံးက သူ့အား သေဆုံးခဲ့ပြီဟုသိရှိထားကြသည်။ သို့သော် သူမသေခဲ့ပါ။ ထို့အတူ မိုးကြိုးသိုင်းအဖွဲ့ကြီး၏ အခြားခေါင်းဆောင်တဦး ဖြစ်သူ အိုယမ်းမှုန်လည်း သေဆုံးခြင်း မရှိခဲ့ချေ။

သို့ရာတွင် သူတို့နှစ်ယောက်လုံးပင် ဒဏ်ရာ အကြီးအကျယ်ရခဲ့ကြသည်။ သူတို့သည် ဒဏ်ရာများကို ကုဖို့ ကုသယင်းဇာတ်မြှုပ်နေခဲ့ကြသည်။ မည်သို့ဆိုစေ စွန်ပိတုမှာ အငိုးကြီးသူဖြစ်သည့် အားလျော်စွာ အိုယမ်းမှုန် အကြောင်းအား အစဉ်မ



ပြတ် နားစွင့် စုံစမ်းနေခဲ့သည်။ နှစ်အနည်းငယ် ကြာလာသော် အိုယမ်းမှုန်သည် ချွန်ကင်းမြို့စား ဖြစ်နေကြောင်း အံ့သြဖွယ်ရာကြားသိလိုက်ရ၏။အိုယမ်းမှုန်မည်သို့မြို့စား ဖြစ်သွားသည်ကို သူနားမလည်နိုင်အောင်ဖြစ်ရသည်။

မည်သို့ပင်ဖြစ်စေ အိုယမ်းမှုန်ကို သတ်ပစ်ရမည် ဟူသောဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်သည်။ ထိုဆုံးဖြတ်ချက်အရမြို့စား၏ နန်းတော်အတွင်း ဝင်ရောက် အမှုထမ်းနိုင်မည့် တပည့်နှစ်ဦးအား သိုင်းပညာအပြင်းအထန်သင်ကြားပေးတော့၏။

ထို တပည့်နှစ်ယောက်သည် မြို့စား၏ နန်းတော်သို့ သာမန်အစောင့် တပ်သားများ အဖြစ် စတင် ဝင်ရောက်ခဲ့ကြသော်လည်း သူတို့၏ သိုင်းပညာ ထူးချွန်မှုကြောင့် အဆင့်ဆင့် ရာထူးတက်ခဲ့ကြရ၏။

ထိုတပည့်နှစ်ယောက်သည် စွန်ပိတု၏ မှာကြား သွန်သင်ချက်အရ မြို့စားသခင်၏ ယုံကြည်ကိုးစားမှုရရှိရန် လွန်စွာ ထကြွနိုးကြားမှုရှိကြ၏။ မြို့စားသခင်ကလည်း လွန်စွာ လုံ့လဝီရိယရှိသည့် ထိုတပ်သားနှစ်ယောက်ကို ဂရုပြုမိသည်။ ထို့ကြောင့်မကြာမီမှာပင် သူ၏ ယုံကြည်စိတ်ချရသော ကိုယ်ရံတော် များအဖြစ် ခန့်ထားလိုက်လေတော့သည်။

ထိုတပ်သားနှစ်ယောက်ကား ရွှေကြက်တူရွေးနှင့် မဟူရာပျံလွှားတို့ပင် ဖြစ်တော့၏။ သူတို့သည်မြို့စားသခင်၏ကိုယ်ရံတော်လေးယောက်ထဲ၌ အပါအဝင် ဖြစ်သွားသဖြင့် ဩဇာအာဏာလည်း တက်လာသည်။ မြို့စားသခင်သည် အထူးသဖြင့်

ရွှေကြက်တူရွေးအား ပို၍အယုံအကြည်ရှိသဖြင့် စွန်ပီတု၏လုပ်ကြံရေး အစီအစဉ်မှာ ကောင်းစွာအဆင်ချောလျက် ရှိနေတော့၏။

ထိုစဉ် ကျောက်သလင်းဟင်္သာရုပ်၏ သတင်းသည် စွန်ပီတု၏ နားသို့ ပေါက်ကြားလာ၏။ ယူမင်းမြို့စား၏ ရွှေတုံးများကို ဒမြတိုက်ရန် အကြံ၊ ယူချောင် မြို့စားထံမှ ရွှေဟင်္သာရုပ်ကို ရွှေနှင့်စက်၍ ပေးဝယ်ရန်အကြံများသည် စွန်ပီတု၏ အကြံများပင်ဖြစ်တော့၏။

စွန်ပီတုသည် အခြေအနေအရ မဟူရာပျံလွှားအား ဇာတ်ချုပ်ခိုင်းလိုက်ပြီး သူ၏မိုးကြိုးရဲတိုက်အဟောင်းကြီးထဲ၌ ခေါ်ထားလိုက်၏။ ထို့ကြောင့် လွန်ခဲ့သော လေးနှစ်က မဟူရာပျံလွှား ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် နှစ်နှစ်ခန့် ကြာသောအခါ မြို့စား၏ နန်းတော်အတွင်းမှ ကျောက်သလင်းဟင်္သာရုပ် အစစ်သည် အတုနှင့် လဲလှယ်ခံလိုက်ရ၏။ စွန်ပီတုသည်ဆရာမှော်သိုက်နှင့်လက်ပေါင်း တထောင် စောရတို့၏ လက်ချက်မှန်း မရိပ်မိပေ။ လက်ပေါင်း တထောင်သည် ကျူးပု ရုပ်သွင်အတိုင်း ရုပ်ဖျက်၍ မြို့စား၏ နန်းတွင်းသို့ ဝင်ခဲ့သဖြင့် စွန်ပီတု ရွှေကြက်တူရွေးနှင့် မဟူရာပျံလွှားတို့၏စိတ်ထဲ၌ ကျူးပုသာ ရွှေဟင်္သာရုပ်ကို ခိုးယူသူဟု မှတ်ထင်ခဲ့ကြ၏။

စွန်ပီတုသည် ကျောက်သလင်းရုပ် ရရှိရေးအတွက် ရွှေကြက်တူရွေးထက် သိုင်းပညာ ပိုကောင်းသော မဟူရာပျံလွှားအား ရွှေကြက်တူရွေးပမာ ရုပ်ဖျက်စေလျက် စေလွှတ်လိုက်သည်



သို့သော် မဟူရာပျံလွှားမှာ ကျူးပု၏ အဆိပ်ခတ်ခြင်း ခံရပြီး သေဆုံးသွားခဲ့ရသဖြင့် စွန်ပီတုသည် ရွှေကြက်တူရွေးအစစ်အား မိုးကြိုး ရဲတိုက်ဟောင်းကြီးသို့ခေါ်ယူလျက် ဇာတ်မြှုပ်ခိုင်းလိုက်ရ၏။

ထိုအချိန်အတွင်း ရွှေကြက်တူရွေးသည် ယန်းချဲ့စန်း နှင့် ဆက်သွယ်လျက် ဆရာမှော်သိုက်နှင့် လက်ပေါင်း တထောင် စောရတို့ထံမှ ကျောက်သလင်း ဟင်္သာရုပ်ကို ငွေ နှစ်သိန်းဖြင့် ဝယ်စေခဲ့၏၊ ထို့ကြောင့် ကျောက်သလင်း ဟင်္သာရုပ် အစစ်သည် စွန်ပီတု၏လက်ထဲသို့ ကျရောက်လာခဲ့ရသည်။

ထို ကျောက်သလင်း ဟင်္သာရုပ်သည် လွန်ခဲ့သည့် နှစ်နှစ် နီးပါး ကတည်းက စွန်ပီတု၏လက်ထဲ ရောက်လျက် ရှိနေခဲ့ကြောင်း မြို့စားသခင် အိုယမ်းမှုန်သည် လုံးဝ မရိပ်မိခဲ့ပေ၊ သူ့လက်ထဲ၌ ရှိနေသော ကျောက်သလင်း ဟင်္သာရုပ်သာ အစစ်ထင်မှတ်လျက် ကျန်းနန်းနယ်ရှိ တောင်ထွတ်သို သွားရေးအတွက် တနှစ်ခွဲ မျှကြိုတင်ပြင်ဆင်တော့သည်။

အစစ အရာရာ ပြင်ဆင်ပြီး ထိုတောင်ထွတ်သို့ သွားသောအခါ သိုင်းကျမ်းကိုစောင့်ရှောက်သည့် အဘိုးအိုသည် သူ့အား တောင်ထိပ်သို့ တက်ခွင့် မပြုတော့ပေ၊ ထိုအခါကျမှသာ အိုယမ်းမှုန် သည် သူ့လက်ထဲ၌ရှိသော ဟင်္သာရုပ်ကို အတုမှန်း သိရှိရတော့၏။

ထို့ကြောင့်သူ နန်းတွင်းသို့ပြန်ရောက်သည်နှင့်သူ့ကိုယ်ရံတော်

နှစ်ဦးထဲမှ ချန်းစွန်းယို့လင်းအား ကျောက်သလင်း ဟသ်ာရုပ် အစစ်ကို ရှာဖွေရန် စေလွှတ်လိုက်သည်။ ချန်စွန်းယို့လင်းသည် လွန်ခဲ့သည့် ငါးလ ကတည်းက နန်းတော်မှ ထွက်လျက် ကျောက်သလင်း ဟသ်ာရုပ်အား ခြေရာခံရတော့၏။ ကျူးပုအား ပထမဆုံး ခြေရာခံမိသော်လည်း ကျူးပုသည် ရွှေကြက်တူရွေးကို သတ်ဖြတ်ခြင်း ကိစ္စ၌သာ အပြစ်ရှိကြောင်း တွေ့ရသဖြင့် သေဒဏ် အပြစ်ပေးခဲ့ရတော့သည်။

သူသည် မြို့စားသခင်၏ နန်းတော်နှင့် အဆက်ပြတ်နေခဲ့သည်မှာ ယခုဆိုလျှင် ငါးလ ကျော်ခဲ့လေပြီ၊ ထို ငါး လ အတွင်း မြို့စားသခင်၏ နန်းတော်သို့ တကြိမ်မျှပြန်မရောက်ခဲ့ခြင်းကြောင့် မြို့စားသခင် အိုယမ်းမှုန်လည်း ကံဆိုး မိုးမှောင် ကျခဲ့ရခြင်း ဖြစ်တော့သည်။

အမှန်စင်စစ် ကျောက်သလင်းဟသ်ာရုပ်အကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့် မိုးကြိုး သိုင်းအဖွဲ့ ခေါင်းဆောင်ကြီး ရှိစဥ်ကပင် သိရှိခဲ့ကြသည်။ သိုင်းအဖွဲ့ချုပ် ခေါင်းဆောင်ကြီး သေဆုံးသွားသောအခါ ကျောက်သလင်းဟသ်ာရုပ်၏ လျှို့ဝှက်ချက်ကို သိရှိထားသူဆို၍ သူတို့နှစ်ဦးသာ ကျန်တော့၏။

မည်သို့ဆိုစေ ယခုအခါ၌ ကျောက်သလင်း ဟသ်ာရုပ်သည် စွန်ပိတုထံ ပြန်လည် ရောက်ရှိနေပြီဖြစ်သည်။ ထို့ပြင် စွန်ပိတုသည် သူမ၏ မဟာ ရန်သူတော်ကြီး ဖြစ်သည့် အိုယမ်းမှုန်ကိုလည်း လုပ်ကြံနိုင်ခဲ့ခြင်းဖြစ်သည်။ သူ၏မျှော်မှန်းချက်အားလုံးသည် ပြီးပြည့်စုံသလောက် ဖြစ်နေပေပြီ။ ရှေးဟောင်း သိုင်းကျမ်းကို သွားရောက်လက်ခံယူရန်သာ ကျန်တော့၏။ ဤသိုင်းကျမ်းသာ ရရှိခဲ့ပြီဆိုလျှင်....



စွန်ပိတုသည် သိုင်းလောက၏ အထွတ်တထိပ်ဖြစ်သည့်သိုင်းအဖွဲ့ပေါင်းစုံ၏ ခေါင်းဆောင်ချုပ်ကြီး ရာထူးကို မလွှဲမသွေ ရရှိနိုင်ပေတော့မည်။

စွန်ပိတု၏ ရင်ထဲ၌ ဝမ်းသာ ပျော်ရွှင်မှုများသည် လှိုင်းဘောင်ဘင်နှယ် ရိုက်ခတ်နေလေတော့သတည်း။

## ကျန်းနန်းနယ်မှ အဘိုးအို

မိုးဖွဲကလေးများ ကျဆင်းနေသော တနံနက်ခင်းတွင် ချန်စွန်းယို့လင်း၊ လုံဆင်ပိနှင့် စုမားရှဲ့တို့သည် အရက်မူးနေသော ထန်ကျို့ချင်းအား ဖေးမ တွဲလျောက်ယင်း ‘ကူပင်းမြို့’ သို့ရောက်ရှိလာခဲ့ကြသည်။

မိုးတဖွဲဖွဲနှင့် စွတ်စိုနေသည့်တိုင် ကူမင်းမြို့ကလေးမှာ စည်ကားလှသည်ကို တွေ့မြင်ရလေသည်။ ဘုရားကျောင်းပျက် တခုရှေ့ရှိ လမ်းမကြီးမှာ လမ်းသွား လမ်းလာများဖြင့် ရှုပ်ယှက်ခတ်နေလေသည်။

ထိုကျောင်းပျက်ကြီးထဲ၌ ဘုန်းကြီးတပါးမျှ သီတင်းသုံးနေထိုင်ခြင်းမရှိသည့်တိုင်အဘိုးအိုကြီးတဦးနှင့် မျောက်တကောင်ကမူ အကျအန ခိုကပ်နေထိုင်လျက်ရှိ၏။



အဘိုးအိုသည် ကျောင်းပျက်ထဲမှနေ၍ ကျောင်းရှေ့ရှိလမ်းပေါ်၌ သွားချည်လာချည်ဖြင့် ရှုပ်ထွေးနေသော လူအုပ်စုကြီးကို ကြည့်ရှုငေးမောနေလေသည်။

ထိုစဉ် လူဝကြီးတဦးသည် ကောက်ညှင်းထုပ် ရောင်းသော ဆိုင်တဆိုင်သို့ ဝင်ရောက်သွားသည်ကို မြင်တွေ့ လိုက်ရသည်။ ထို လူဝကြီးသည် ကောက်ညှင်းထုပ်ကြီး တထုပ်ကို ဆွဲယူသွားကာ ဆိုင်ရှင်အား တကျပ်သားခန့်ရှိသည့် ရွှေတုံးလေးတတုံးကို လှမ်းပေးလိုက်သည်။ ဆိုင်ရှင်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ လှမ်းမယူမီ၊ လူဝကြီးက စိတ်မရှည်ဟန်ဖြင့် ရွှေတုံးကလေးကို ချထားခဲ့ကာ ဆိုင်ထဲမှ ပြန်လည် ထွက်ခွာ သွားလေသည်။

ထို့နောက် လူဝကြီးသည် လူအုပ်ကြားသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။ အဘိုးအိုသည် ထိုအဖြစ်ပျက်ကို လှမ်းမြင်နေရသည်။ အတန်ငယ်ဝေးသော်လည်း အဘိုးအို၏ အမြင်အာရုံက စူးရှလွန်း၏။ လူဝကြီး ဆိုင်ထဲမှ ပြန်ထွက်လာသည့် အချိန်တွင်ပင် အဘိုးအိုသည် လမ်းမပေါ်သို့ ရောက်ရှိ နေခဲ့ပြီးဖြစ်သည်။

ထို့နောက်တွင်ကား....

* * *

ထန်ကျို့ချင်းသည် စားသောက်ဆိုင် တဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ ဆိုင်ထဲ၌ လူများဖြင့် စည်ကား ရှုပ်ထွေးနေသည်။ ထိုင်ခုံ အလွတ်မရှိသလောက်ပင် ဖြစ်နေ၏။ ထန်ကျို့ချင်းသည် ဆိုင်တခုလုံးအား တချက်မျှ ဝေ့၍ အကဲခတ်လိုက်သည်။ ချောင်ကျသော အခန်းထောင့်တနေရာ၌ စားပွဲလွတ်တလုံးကို တွေ့လိုက်ရသည်။ ထန်ကျို့ချင်းသည် ထိုစားပွဲရှိရာသို့ လျှောက်လှမ်းသွားလေတော့သည်။

'အရက်တအိုးနဲ့ ဝက်သားခြောက်'

စားပွဲ၌ ထိုင်မိသည်နှင့် ထန်ကျို့ချင်းက စားပွဲထိုး အားလှမ်းမှာလိုက်သည်။ ယင်းသို့ မှာကြားပြီးသောအခါ ထန်ကျို့ချင်း သည် ထိုင်ခုံ၌ အကျအန ထိုင်လိုက်သည်။ သူ မျက်လုံးပြူးသွား၏၊ အကြောင်းမှာ သူ့ရှေ့ မျက်နှာချင်းဆိုင်၌ မျောက်တကောင်ကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဘယ်အချိန်က ဘယ်လိုရောက်လာမှန်း သူမသိလိုက်၊ သူသည် မျောက်၏ထိုင်နေပုံကို ကြည့်၍ သဘောကျစွာ ပြုံးလိုက်၏။

သို့သော် ထန်ကျို့ချင်း၏အပြုံးသည် တပိုင်းတစနှင့် ရပ်သွားလေသည်။ အကြောင်းမှာ မျောက်အို၏နံဘေး၌ အဘိုးအိုတဦး ရောက်ရှိလာသောကြောင့်ဖြစ်သည်။ အဘိုးအိုသည် ထန်ကျို့ချင်း အား အေးတိအေးစက် မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။ မည်သို့ဆိုစေ အဘိုးအို၏အပြုအမူမှာ မျောက်အိုကြီး ကဲ့သို့ ရယ်စရာကောင်းမနေပါချေ။

'မင်း ငါ့ကို မှတ်မိရဲ့လား'



အဘိုးအိုက ထန်ကျို့ချင်းအား စိုက်ကြည့်ယင်း မေးလိုက်သည်။ ထန်ကျို့ချင်းသည် အဘိုးအိုအား အကဲခတ်သလိုကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းရှည်ကြီး ချကာ-

'အင်း မမှတ်မိစရာ မရှိပါဘူးလေ'

အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဒါနဲ့ လုံဆင်ပိနဲ့ စုမားရှဲ့တို့လဲ မင်းနဲ့အတူ ပါလာတယ် မဟုတ်လား'

'ဟုတ်ပါဗျာ…'

'နောက်ပြီး ရုပ်ချောချောနဲ့ လူငယ်တယောက်လဲ ပါသေးတယ် မဟုတ်လား'

ထန်ကျို့ချင်းသည် မျက်လုံးအနည်းငယ်ပြူးကျယ်သွားပြီး-

'မင်း သတင်း အနံ့ခံတဲ့နေရာမှာ တယ်တော်ပါလား'

'ဒါက အသေးအဖွဲ့ပါ၊ ထားလိုက်စမ်းပါ၊ အဲ့ဒီလူငယ်က ဘယ်သူလဲ ဘယ်ကလဲ'

ထန်ကျို့ချင်း သက်ပြင်းရှည်ကြီး ချလိုက်သည်။

'နန်းတွင်းက ဓားသမား ချန်းစွန်းယို့လင်းပါ'

'အင်း နာမည်တော့ ကြားဖူးပါရဲ့၊ ခုမှ လူကို တွေ့ဘူးပေတော့တယ်'

အဘိုးအိုက ထိုသို့ မှတ်ချက်ချယင်း နှုတ်ဆိတ်သွားသည်။ သူသည် စားပွဲပေါ်မှ အရက်အိုးကို လှမ်းယူလိုက်ပြီး တကျိုက်မျှ မော့သောက်လိုက်သည်။ ထန်ကျို့ချင်းမှာ မျှားစွာ မနှစ်မြို့လှသော်လည်း ထိုင်ကြည့်နေလိုက်ရသည်။

'ဒါနဲ့ မင်းတို့ မြို့စားရဲ့နန်းတော်ကို သွားကြမလို့ မဟုတ်လား'

အဘိုးအို၏ စကားကြောင့် ထန်ကျို့ချင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထန်ကျို့ချင်းသည် အံ့အားသင့်သောမျက်လုံးအစုံဖြင့် အဘိုးအိုကို စိုက်ကြည့်လိုက်မိသည်။

'ခင်ဗျား ဘယ်လိုလုပ်သိတာလဲ'

အဘိုးအိုက ပြုံးလိုက်သည်။ ပြုံးရုံသာ ပြုံးသည်။ နှုတ်ကမူ ဘာမျှ မပြောနိုင် အရက်ကိုသာ တကျိုက်ပြီးတကျိုက် ဆင့်၍ သောက်လိုက်သည်။ ထန်ကျို့ချင်းကလည်း အားကျမခံပဲ အရက် ထပ်မှာကာ ကြွက်တွင်း ရေသွန်သလို မော့သောက်လိုက်လေသည်။ အတန်ကြာမှ အဘိုးအိုသည် အရက်အိုးကို စားပွဲပေါ် ပြန်တင်လိုက်ပြီး-

'ငါလဲ မြို့စားနန်းတော်ကို သွားမလို့ပဲကွ'

ထန်ကျို့ချင်း မျက်လုံး ပြူးသွားပြန်သည်။

'နေပါအုံး၊ ခင်ဗျားက မြို့စားနန်းတော်ကို ဘာသွားလုပ်မလို့လဲ'

'ဟ မြို့စားသခင်က ငါ့ရဲ့မိတ်ဆွေပဲကွ၊ သူ့အတွက် အရေးကြီးတဲ့ သတင်းတခု သွားပေးမလို့'

'ဘာ အရေးကြီးတဲ့သတင်း ဟုတ်လား၊ ဘာသတင်းလဲ'

'ဒါက မင်းနဲ့ ဆိုင်တဲ့ ကိစ္စမဟုတ်ဘူးကွာ…ဒါနဲ့ မင်းတို့ ကကော ဘာကိစ္စနဲ့ သွားကြမှာလဲ'



'ကျုပ်တို့လဲ ခင်ဗျားလိုပဲပေါ့ဗျ၊ အရေးကြီးတဲ့ သတင်း သွားပို့မလို့'

တယောက်နှင့်တယောက် အပြန်အလှန် ကြည့်လိုက်မိကြသည်။ အတန်ကြာသည်အထိ စကား မပြောမိကြသေးပဲ နှုတ်ဆိတ် နေကြသည်။ ဆိုင်အတွင်း၌ကား ဝယ်ယူစားသုံးသူများဖြင့် ရှုပ်ထွေးနေ၏။ အချို့စားပွဲဝိုင်းများတွင် လူအမျိုးမျိုး ပြောင်းလဲသွားကြသည်။ သူတို့စားပွဲဝိုင်းမှာမူ လုံးဝ မပြောင်းလဲ၊ သူတို့နှစ်ယောက်သည်- ထိုင်မြဲ ထိုင်လျက်ရှိ၏၊ စားပွဲပေါ်၌မူ အရက်အိုး (၄) လုံးခန့် ပြောင်သလင်း ခါနေပြီဖြစ်သည်။

'ဒီလိုလုပ်ကွာ မင်းရဲ့သတင်းကို ငါ့ပြောပြ၊ ငါ့ရဲ့သတင်းကိုလဲ မင်းကို ပြောပြမယ်'

အဘိုးအိုက စတင်၍ အဆိုပြုလိုက်သည်။ ထန်ကျို့ချင်းက ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီလေ၊ ဒါဆို ခင်ဗျားက စ ပြော'

အဘိုးအိုက လည်ချောင်း တချက် ရှင်းလိုက်သည်။

'ဒီလိုကွ… မြို့စားသခင်ကို သူ့ရဲ့ မဟာရန်သူတော်ကြီးတဦးက လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်နေတယ်၊ ဒါကို ငါ သွားပြောမလို့၊ နည်းနည်း စောနေတာနဲ့ ထိုင်ပြီး အချိန်ဖြုန်းနေတုန်း မင်းကို လှမ်းမြင်လိုက်ရတာပဲ၊ ဒါနဲ့ အရက်သောက်ရအောင် မင်းနောက် လိုက်လာတာပဲ၊ မင်းအလှည့် ရောက်ပြီ၊ မင်းရဲ့ သတင်းကို ဆက်ပြော'

ထန်ကျို့ချင်း သက်ပြင်း ချလိုက်သည်။

'အင်း…ကျုပ်ရဲ့သတင်းကလဲ ခင်ဗျားရဲ့သတင်းနဲ့ သိပ်တော့ မထူးခြားလှပါဘူး၊ သေရွာပြန် နန်းတွင်းသိုင်းသမားတယောက်က သူ့အပေါ်မှာ သစ္စာဖောက်ခဲ့တယ်၊ ဒါကို သူသိအောင် သွားပြီး လျှောက်တင်မလို့ပါ၊ ပြီးတော့ ဒီ နန်းတွင်း သိုင်း သမားက စိတ်ချရတာ မဟုတ်ဘူး၊ မြို့စားသခင်ကို လုပ်ကြံချင် လုပ်ကြံလိမ့်မယ်၊ ဒါကြောင့် ငါတို့လူစု ဒီကို ရောက်လာကြတာပဲ'

အဘိုးအို၏မျက်နှာမှာ ရုတ်တရက် တင်းမာသွားသည်။

'ရန်သူတကာ ရန်သူထဲမှာ အသားထဲက လောက်ထွက်တဲ့ ရန်သူဟာ အဆိုးဆုံးပဲကွ'

အဘိုးအိုက အံကြိတ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုသည် ရွှေနန်းသခင် အတွက် များစွာ ခံပြင်း နေကြောင်း ထန်ကျို့ချင်း နားလည်ခံစားလိုက်မိသည်။

'ဒါနဲ့ ရွှေနန်းသခင်က ဘယ်သူလဲဗျ၊ ကျုပ်တို့လဲ နန်းတွင်းနဲ့ အတော်ကြီးကို ကင်းကွာနေတာမို့ ဘယ်သူ ဘယ်ဝါ မှန်းတောင် မသိတော့ဘူး'

'ဟ မင်း တကယ်မသိတာလား....'

'ဒါပေါ့ကွ၊ မသိလို့ မေးတာပဲ၊ သိနေမှတော့ ငါက လေကုန်ခံနေမလား'

အဘိုးအိုက သဘောကျစွာ ပြုံးလိုက်သည်။

'မြို့စားသခင်ဟာ အိုယမ်းမှူန်လေ'



ထန်ကျို့ချင်း မျက်မှောင်ကုပ်လိုက်မိသည်။

'သာလဲ-မိုးကြိုးသိုင်းအဖွဲ့ အိုယမ်းမှူန်လား'

'အင်းပေါ့'

'မိုးကြိုးသိုင်းအဖွဲ့ ခေါင်းဆောင် အိုယမ်းမှူန်ဟာ သေတာကြာပြီပဲ'

အဘိုးအိုက ခေါင်းခါပြလိုက်သည်။ ထန်ကျို့ချင်းမှာ မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။ အဘိုးအိုသည် ထန်ကျို့ချင်းအားပြုံးပြလိုက်ပြီး-

'သူ တကယ် မသေခဲ့ပါဘူး'

'ဒါပေမယ့် ခုတော့ တကယ်သေသွားပါပြီ'

ရုတ်တရက် ထွက်ပေါ်လာ အသံကြောင့် အဘိုးအိုသာမက ထန်ကျို့ချင်းပါ မျက်လုံးပြူးကျယ်သွားကြသည်။ အဘိုးအို၏ တကိုယ်လုံးမှာ အေးစက် တောင့်တင်းသွားသယောင် ခံစားလိုက်ရလေသည်။

'ဟော့- ဘယ်သူလဲကွ၊ မဟုတ်မဟပ် လာပြောနေတာ'

ထိုစဉ်မှာပင် လူတယောက် ဆိုင်တွင်းသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုသူ့အား မြင်တွေ့လိုက်ရသောအခါ အဘိုးအိုသည် နှုတ်ဆွံ့သူ တယောက်ကဲ့သို့ ဖြစ်သွားရလေတော့၏။

ထန်ကျို့ချင်းက ထိုင်ရာမှ ထပြီး လှမ်းခေါ်လိုက်သည်။

'လုံဆင်ပိ'

ဆိုင်တွင်းသို့ ဝင်ရောက်လာသူမှာ လုံဆင်ပိပင် ဖြစ်ပါချေသည်။

\+ \+ \+

အဘိုးအိုသည် လုံဆင်ပိအား ကောင်းစွာသိသကဲ့လို လုံဆင်ပိကလည်း အဘိုးအိုအား သိရှိလေသည်။ သူတို့နှစ်ဦးသည် မကြာခဏဆိုသလိုပင် အရက်ဆိုင်၌ ဆုံတွေ့ခဲ့ကြသည်။ သို့ရာတွင် သူတို့(၂)ဦးသည် (၃)ကြိမ်တိုင်တိုင် လူမှန်းသူမှန်း မသိ အတူတကွ အရက် သောက်ဖူးခဲ့ကြ သော်လည်း တယောက်ကို တယောက် မေးမြန်းစပ်စုခဲ့ကြခြင်း မရှိချေ။

မည်သို့ဆိုစေ လုံဆင်ပိသည် အဘိုးအိုအား ကျန်းနန်းနယ်မှ လူထူးလူဆန်းဟု သိရှိထားသလို အဘိုးအိုကလည်း လုံဆင်ပိအား သိုင်းလောက၌ ထင်ရှားကျော်စောသော သိုင်းသမားဟု သိရှိထားသည်။ သူတို့နှစ်ဦးသည် တယောက်ကို တယောက် မေးမြန်းစုံစမ်းခြင်း မပြုကြသော်လည်း တဦးအပေါ် တဦး ယုံကြည်မှုရှိကြသည်။



ကြားရသော သတင်းသည် ယုံကြည်နိုင်ဖွယ်ရာ မရှိခြားသော်လည်း လုံဆင်ပိကိုယ်တိုင် ပြောကြားလိုက်သောကြောင့်မ ယုံ၍မဖြစ်တော့။ ထို့ကြောင့် အဘိုးအိုသည် တအံ့တဩ ပြန်မေးလိုက်မိသည်။

'ဘယ်တုန်းက မင်းသိခဲ့တာလဲ'

'ခုနကပဲ ကြားခဲ့ရတာ'

'ဘယ်သူ့ဆီက ကြားခဲ့ရတာလဲ'

'ကျင်းပေ့လျှံ'

'ဘာလဲ၊ သတင်းရောင်းစားတဲ့ မျက်စိတဘက်လပ်'ကျင်းပေ့လျှံ'ကို ပြောတာလား'

ထန်ကျို့ချင်းက ကြားဖြတ်ဝင် မေးလိုက်ခြင်း ဖြစ်သည်။ လုံဆင်ပိက သူတို့စားပွဲဝိုင်းသို့ ဝင်လာပြီး ထိုင်ခုံလွတ် တလုံး၌ ထိုင်ချလိုက်သည်။

'ဟုတ်တယ်၊ သတင်းတိကျတဲ့ နေရာမှ သူ့ကို ဘယ်သူမှ မမီဘူး'

'ဒါပေမယ့် ဒီသတင်း မမှန်ပါစေနဲ့လို့ ကျုပ် ဆုတောင်းမိပါတယ်'

လုံဆင်ပိက ဆက်၍ ပြောလိုက်ခြင်း ဖြစ်သည်။ အဘိုးအိုက ခေါင်းခါလိုက်သည်။

'ဖြစ်နိုင်ပါဘူးကွာ၊ မင်းတွေ့ခဲ့တာ 'ကျင်းပေ့လျံ' အတုဖြစ်နေယင် ဖြစ်နေမှာပေါ့'

ထိုစဉ် သူတို့နောက်ဘက်မှ ခြောင်းဟန့်သံ တချက် ကြားလိုက်ရသည်။

'ကျင်းပေ့လျံ အတု မရှိပါဘူး၊ ကျုပ်ကိုယ်တိုင် ပြောလိုက်တဲ့ သတင်းစကားပါ'

ထိုစကားသံကြောင့် သူတို့အားလုံး ဖြတ်ကနဲ လှည့်ကြည့်မိလိုက်သည်။ ရှည်လျားသော မုတ်ဆိတ်မွေးနှင့် ခေါင်းပေါ်တွင် ဦးထုပ်ဆောင်ထားသော လူတယောက်ကို တွေ့လိုက်ရသည်။

'ကျင်းပေ့လျံ'

အဘိုးအိုက လွှတ်ကနဲ ရေရွတ်လိုက်မိသည်။ ကျင်းပေ့လျံက အေးတိအေးစက် အမူအရာဖြင့် ထိုင်ခုံလွတ် တလုံး၌ ဝင်ထိုင်လိုက်သည်။

'အိုယမ်းမှုန် လုပ်ကြံခံရတာ အမှန်ပါ'

'သူ့ကို ဘယ်သူ သတ်သွားတာလဲ'

အဘိုးအိုက အံကြိတ်၍ မေးလိုက်ခြင်း ဖြစ်သည်။ လုံဆင်ပိနှင့် ထန်ကျို့ချင်းတို့၏ စိတ်ထဲ၌ သိချင်နေသလို ဖြစ်နေကြ၏။ သို့သော် ထုတ်မပြောပေ။ သူတို့အားလုံးသည် ကျင်းပေ့လျံထံ အာရုံစူးစိုက်နေမိကြသည်။ သို့သော် ကျင်းပေ့လျံမှာ နှုတ်ဆိတ်လွန်းလှသည်။ ဘာမျှ ပြန်မပြော။ကျင်းပေ့လျံက နှုတ်ဆိတ်လေ အဘိုးအိုက မရိုးမရွ ဖြစ်လေ။



'ပြောမှာဖြင့် မြန်မြန် ပြောစမ်းပါ'

ထန်ကျို့ချင်းက စိတ်မရှည်သလိုနှင့် ဝင်ပြောလိုက်သည်။ သို့သော် ကျင်းပေ့လျံမှာ မထုံတတ်တေးနှင့် နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေ၏။ အတန်ကြာသည့်အခါမှ.... လုံဆင်ပိက တစုံတခုကို သတိရသွားပြီး —

'ဟား ဟား ဟား သတင်းရောင်းတဲ့ လူကို အလကား သွားမေးလို့ ဘယ်ပြောမလဲ'

လုံဆင်ပိစကားကြောင့် အဘိုးနှင့် ထန်ကျို့ချင်းတို့မှာ နားလည်သဘောပေါက်သွားသည်။

'ဟုတ်သားပဲ၊ ကဲ....ကျုပ်တို့ ဘယ်လောက် ပေးရမလဲ.... ပြော'

'တရာ'

ထန်ကျို့ချင်းက တရာတန် ငွေလွှဲလက်မှတ်တစောင်ကို ထုတ်ယူပြီးကျင်းပေ့လျံအားပေးလိုက်သည်။ကျင်းပေ့လျံကတရာတန် ငွေလွှဲလက်မှတ်ကို အင်္ကျီအိတ်ထဲ ခေါက်၍ ထည့်လိုက်သည်။ ထို့နောက် ထိုင်ရာမှထလိုက်ပြန်သည်။သူတို့အားလုံးက ကျင်းပေ့လျံအား စိတ်ဝင်စားစွာ ကြည့်ယင်း နားစွင့် နေမိကြသည်။ ကျင်းပေ့လျံက —

'စွန်ပိတု'

ကျင်းပေ့လျံသည် ပြောပြောဆိုဆိုဖြင့် သူတို့ စားဝိုင်းမှ ထွက်ခွာသွားလေတော့သည်။ ထန်ကျို့ချင်းမှာ မျက်လုံးအဝိုင်း

သွား ဖြစ်သွားသည်။ လုံဆင်ပိက သက်ပြင်းချလိုက်သည်။ သူတို့ အထင်နှင့်တော့ နည်းနည်း လွဲနေသည်။ အဘိုးအိုမှာမူ အံကို ကြိတ်၍ ကြုံးဝါးလိုက်၏။

'စွန်ပိတု၊ မင်းကို ငါ မသတ်ရယင် တသက် မကျေဘူးကွ'

× × ×

## လောဘနိဂုံး

အိုယမ်းမှုန်သည် ရွှေကြက်တူရွေးအား များစွာ ယုံကြည်ကိုးစားခဲ့သည်။ နန်းတွင်းခစားသမား (၄) ယောက်အနက် ရွှေကြက်တူရွေးကိုသာ များစွာ အလေးပေးခဲ့သည်။ ရွှေကြက်တူရွေးသေဆုံးသွားရခြင်းအတွက်လည်း များစွာ ကြေကွဲ ဝမ်းနည်းခဲ့လေသည်။ သို့သော် ရွှေကြက်တူရွေးမှာ အမှန်တကယ် သေဆုံးခဲ့ခြင်းမဟုတ်ပဲ အိုယမ်းမှုန်ထံ ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုအချိန်သည်ကား အိုယမ်းမှုန် ကြမ္မာငင်သော အချိန်ပင် ဖြစ်တော့သည်။ ရွှေကြက်တူရွေးသည် ယန်းချဲ့စန်းအား သတ်ပြီး ယန်းရှောက်ရှမ်းအား ပြန်ပေးဆွဲပေးပြီးသည့် အချိန်၌ မြို့စား၏ နန်းတော်သို့ ပြန်လည် ရောက်ရှိလာခြင်း ဖြစ်သည်။ အကယ်၍သာ ချုန်းစွန်းယို့လင်းက ရွှေနန်းတော်သို့ အချိန်မီ ပြန်၍ ရွှေကြက်တူရွေးအကြောင်း လျှောက်ထား သတင်းပို့ပါက အိုယမ်းမှုန် သေဆုံးရလိမ့်မည် မဟုတ်ချေ။

ယခုသော် အိုယမ်းမှုန်သည် ဝမ်းသာရွှင်ပျစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့၏။

ထို့ကြောင့်ပင် ရွှေကြက်တူရွေးသည် အိုယမ်းမှုန်အားအလွယ်ကကူပင် လုပ်ကြံနိုင်ခဲ့ပြီး အိုယမ်း မှုန် အနီး၌ ကျန်ရှိနေသည့် တဦးတည်းကျန်သော ကိုယ်ရံတော်ကိုပါလုပ်ကြံ သတ်ဖြတ်ခဲ့လေသည်။

ထို့နောက် အိုယမ်းမှုန်၏ နေရာတွင် စွန်ပိတုကရုပ်ပြောင်းရုပ်လွှဲပညာဖြင့် အစားထိုးဝင်ရောက်လာလေတော့သည်။

ယင်းသို့ဖြင့် ရွှေကြက်တူရွေးသည် ပိပိရိရိဖြင့် ရွှေနန်းတော်အား အပိုင်စီးနိုင်ခဲ့လေသည်။ စွန်ပိတုသည် အလွန်တရာကျေနပ်ဝမ်းမြောက်သွားသည်။ ရွှေကြက်တူရွေးအား တပည့်အဖြစ်သင်ကြားမွေးမြူခဲ့ရကျိုး နပ်သည်ဟုလည်း မကြာမကြာထုတ်ဖော်ပြောကြားလေသည်။

ယခုအခါ စွန်ပိတုသည် သူ၏ မဟာရန်သူတော်ကြီး ဖြစ်သည့် အိုယမ်းမှုန်အား လက်စားချေ သုတ်သင်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ကျောက်သလင်းဟသ်ာရုပ် ကိုလည်း လက်ဝယ် ပိုင်ပိုင်ရရှိထားခဲ့ပြီ ဖြစ်သည်။ သူ အနှစ်နှစ် အလလ မျှော်မှန်းစိတ်ကူးခဲ့သော အရာအားလုံးသည် ပြီးပြည့်စုံပေတော့မည်။

ကျောက်သလင်း ဟသ်ာရုပ်ကိုယူဆောင်သွား၍ရှေးဟောင်းသိုင်းကျမ်းကိုသွားရောက် လဲလှယ်ရန်သာ ရှိတော့သည်။ ထိုသို့ သိုင်းကျမ်းသာ ပိုင်ဆိုင်ခွင့် ရပြီဆိုလျှင် စွန်ပိတုအဖို့ ငါလိုလူ ဇမ္ဗူမှာ မရှိဟု ကြွေးကြော်နိုင်ပေတော့မည်တည်း။



သို့ရာတွင် လူ့ဘဝသည် မျှော်လင့် ထင်မှတ်ထားသကဲ့သို့ ဖြစ်ချင်မှ ဖြစ်လာနိုင်ပါသည်။ မမျှော်လင့် မထင်မှတ်ပါပဲလျက် ဖြစ်ပျက်လာသည်လည်းရှိပါသည်။

လူ၏ စိတ်သည် များစွာ ဆန်းကြယ်လှသည်။ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။ အထူးသဖြင့် လိုချင် မက်မောသည့် လောဘစိတ် ဝင်ရောက်လာသောအခါ လူ၏ စိတ်သည် မယုံကြည်နိုင်ဖွယ်ရာ အံ့သြစဖွယ် ပြောင်းလဲတတ်ပေသည် တကား။

× × ×

နေထန်းတဖျားအချိန်ခန့်တွင် ချန်စွန်းယို့လင်းသည် ရွှေနန်းတော်ရှေ့သို့ ရောက်ရှိလာခဲ့လေသည်။ ချန်စွန်းယို့လင်းနှင့် အတူ လုံဆင်ပီ ထန်ကျို့ချင်းနှင့် ဘုရား ကျောင်းပျက်မှ အဘိုးအိုတို့လည်း လိုက်ပါလာခဲ့ကြသည်။ စုမားရှဲ့မှာ သူတို့အားလုံး နန်းတော်ရှေ့ရောက်ပြီး တခဏအကြာတွင်မှ အပြေးတပိုင်းနှင့် ဘိုသီဘတ်သီ ရောက်ရှိလာခဲ့သည်။

ချန်စွန်းယို့လင်းသည် နန်းတွင်းဓားသမားတဦးဖြစ်သည်နှင့်အညီ ရွှေနန်းတော်အကြောင်းကို ကောင်းစွာ သိကျွမ်းနားလည်လေသည်။ ထို့ကြောင့် နန်းရှေ့ရောက်သောအခါ အစစအရာရာ

ထူးခြားနေသည်ကို ချက်ချင်း ရိပ်စားမိလိုက်သည်။ ခါတိုင်းဆို လျှင် ယခုကဲ့သို့ အချိန်မျိုး၌ နန်းတွင်းသို့ ဝင်ရောက်ရန် ခွင့်ပန်နေသူများ နန်းတွင်းမှ ထွက်လာသူများ စသည်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေလေ့ရှိသည်။ အစောင့်အကြပ် ကင်းသားများကိုလည်း အထပ်ထပ်တွေ့မြင်နေရသည်။ ယခုမှာမူ ထူးခြားစွာ ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေသည်။

ချန်စွန်းယို့လင်းသည် နားမလည်နိုင်လောက်အောင် အံ့အားသင့်နေမိသည်။မည်သည့်နေရာကိုကြည့်ကြည့် ကြည့်လေရာအရပ်၌ လူခြေကင်းမဲ့နေပြီး ကျီးနှင့် ဖုတ်သာ ရှိနေလေသည်တကား။

သူတို့ လူစုသည် သေ့ခြောက်ငြိမ်သက်နေသော နန်းရှေ့၌ ရပ်ကာ အခြေအနေကို အကဲခတ်နေမိကြသည်။ အတန်ငယ်ကြာသည်အထိ တစုံတရာ ထူးခြားမှုမရှိချေ။ တိတ်ဆိတ်မြဲတိတ်ဆိတ်နေ၏။ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ လူရိပ်တယောက်ကား အလျဉ်းပင် မမြင်ရပေ။ ချန်စွန်းယို့လင်းတို့လူစုသည်။ သို့လော သို့လော တွေးတောယင်း လူသူကင်းမဲ့နေသည့် နန်းတွင်းအခြေအနေကို နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။

ထန်ကျို့ချင်းသည် အသင့် ယူဆောင်လာသော အရက်အိုးကိုနှုတ်ခမ်းတွင်တေ့၍ တကျိုက်မျှ မော့သောက်လိုက်၏။ နှုတ်ခမ်းစ၌ စွန်းပေနေသော အရက်ကို လက်ဖမိုးနှင့် သပ်ချလိုက်သည်။



ထို့နောက်…

'ဟော့ လူယုတ်မာတွေ ဘာဖြစ်လို့ပုန်းနေရတာလဲ သတ္တိရှိရှိ ထွက်ခဲ့ကြပါလား မင်းတို့ ယောကျ်ားမဟုတ်ဘူးလား'

ထန်ကျို့ချင်းသည် အရက်ဝင်သွားသည်နှင့် ရှေ့ကြက်တူရွေးနှင့် စွန်ပိတုတို့အား စိန်ခေါ်လေတော့၏။

ထန်ကျို့ချင်း၏ အသံမှာ ဝန်းကျင်တခုလုံးကို ပဲ့တင်ရိုက်ခတ်သွားလေသည်။ သို့ရာတွင် နန်းတွင်း အခြေအနေမှာ ထူးခြားလာခြင်း မရှိချေ။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်သာ။

ချန်စွန်းယို့လင်းသည် အချိန်အတန်ကြာအောင် စောင့်စားကြည့်ရှုနေသည့်တိုင်။ လုံးဝ ထူးခြားလာခြင်း မရှိသောကြောင့် ဓားကို ဆွဲထုတ်လိုက်ပြီး နန်းတော်တွင်းသို့ ရှေ့ဆုံးမှ ဝင်ရောက်သွားလေတော့သည်။

လုံဆင်ပီတို့ လူစုသည်လည်း နောက်မှ လိုက်၍ ဝင်ရောက်လာကြသည်။ နန်းတွင်း၌ တစုံတယောက်မျှ ရှိမနေချေ။ တစုံတခုသော အန္တရာယ်ဆိုးကြောင့် စွန့်ခွာသွားကြသကဲ့သို့ နန်းတွင်း၌ လူသူ ကင်းမဲ့နေလေသည်။ ထို့ကြောင့် ချန်စွန်းယို့လင်းတို့လူစုမှာ ဘာလုပ်ရမှန်းမသိအောင် အခက်ကြုံသွားရလေတော့သည်။

'ကိုင်း ဒီလိုရပ်နေလို့တော့ မဖြစ်ဘူး ကျုပ်တို့တတွေ လူစုခွဲပြီး ရှာကြရအောင် လုံဆင်ပီက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ချက်ချင်းဆိုသလိုပင် သူတို့ လူစုသည်၊ တယောက် တနေရာခွဲထွက်လိုက်ပြီး ရှိရှိသမျှ ခန်းမဆောင်များသို့ ဝင်ရောက်ရှာဖွေကြတော့သည်၊ တခန်းဝင် တခန်းထွက်ဖြင့် ရှုပ်ယှက်ခတ်ကုန်ကြသည်။ သို့သော် တစုံတယောက်ကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိချေ။ ထိုစဉ် ချောင်ကြသော အခန်းတခုမှ ဝမ်းသာအားရအော်ဟစ်လိုက်သောအသံက ခန်းမဆောင်အသီးသီးအားပဲ့တင် ရိုက်ခတ်သွားစေသည်။

'တွေ့ပြီဟေ့....တွေ့ပြီ'

ထန်ကျို့ချင်း၏ အော်သံပင် ဖြစ်ပါက်ည်။ သူတို့လူစု အားလုံး ထန်ကျို့ချင်းရှိရာအခန်းသို့ပြေးလွှားရောက်ရှိလာကြသည်။ ထန်ကျို့ချင်းက အခန်းထောင့် တနေရာသို့ လက်ညှိုးထိုးပြလိုက်သည်။ သူတို့အားလုံး စိတ်ဝင်တစား လှမ်းကြည့်လိုက်ကြသည်။ ခွေခွေကလေး အိပ်ပျော်နေနေသော အစောင့်စစ်သားတဦးကို မြင်တွေ့လိုက်ရ၏။ အရက်နံ့များက တခန်းလုံးထောင်းထောင်းထနေသည်။

စုမားရှဲ့က ထိုသူ့အားသွားရောက်ဆွဲထူလိုက်သည်၊အစောင့်စစ်သားမှာ မူးမူးနှင့် အိပ်ပျော်နေရာမှ ရုတ်တရက် ဆွဲထူလိုက်ခြင်းခံရသောကြောင့် မကြည်မသာနေတော့သည်။စုမားရှဲ့က ဓားကို ဝှေ့ယမ်းလိုက်ယင်း=

'ဟေ့ကောင် နန်းတွင်းက လူတွေ ဘယ်ရောက်ကုန်ကြလဲ' အစောင့်စစ်သားသည် တလောကလုံး ဘာဖြစ်နေမှန်း သိရှိ



ဟန်မတူချေ။ မျက်လုံး တဖျပ်ဖျပ် ခတ်ယင်းငေးတီငေးကြောင်ဖြစ်နေလေသည်။

'ဟေ့ကောင် မေးနေတာ မကြားဘူးလား'

စုမားရှဲ့က ဧေါက်ဆတ်ဆတ်မေးလိုက်သည်။ ဧေါက်ငမ်းသံကြောင့် အစောင့်စစ်သား ဖြတ်ကနဲသတိဝင်လာသည်။သူ့ရှေ့၌ ဓားကိုင်လူတစု ဝိုင်းအုံရပ်နေသည်ကို တွေ့လိုက်ရသော ကြောင့် အမူးဝေဒနာ ရုတ်တရက်ပျောက်ကွယ်သွားပြီးကြောက်စိတ်များဝင်လာတော့သည်။

စုမားရှဲ့က ဓားကို ဝှေ့ယမ်းယင်း ခြိမ်းခြောက်လိုက်သည်။

'ကဲ…ငါမေးတာ မှန်မှန်ဖြေစမ်း၊ မဖြေယင် သေမယ်'

'ဟုတ်ကဲ့…ဟုတ်ကဲ့ ဖြေပါ့မယ်'

'နန်းတွင်းက လူတွေ ဘယ်ကို ရောက်ကုန်ပြီလဲ'

'ဟို....ဟို ..'

'ဟေ့ကောင်…ဖြေမှာဖြင့် မြန်မြန်ဖြေစမ်း'

စုမားရှဲ့က စိတ်မရှည်နိုင်သလို လှမ်းအော်လိုက်သည်။ အစောင့်စစ်သား ပျာပျာသလဲ ဖြစ်သွားလေသည်။

'ဒီ…ဒီလိုပါခင်ဗျာ၊ စွန်ပိတုက နန်တွင်းရှိသမျှ လူတွေကို လမ်းစရိတ် ထုတ်ပေးပြီး နန်းတွင်းက ထွက်သွားခိုင်း လိုက်ပါ'

ချန်စွန်းယို့လင်း မျက်မှောင်ကုပ်လိုက်မိသည်။

'ဘာဖြစ်လို့ ထွက်သွားခိုင်းရတာလဲ'

'နန်းတော်ကို မီးရှို့ ဖျက်ဆီးပစ်ဖို့ပါ'

'တောက်....'

ချန်စွန်းယို့လင်း ဝုန်းကနဲ ဒေါသထွက်လာကာ တောက်ခေါက်လိုက်မိ၏။

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ကျန်ရစ်ခဲ့ရတာလဲ'

စုမားရှဲ့က ဝင်မေးလိုက်ခြင်းဖြစ်သည်။

'ကျွန်တော် အရက်မူးပြီး အိပ်ပျော်သွားလို့ပါ'

'အင်း…ဒီလိုဆို မင်းနဲ့ ငါဟာ ဘဝတူပဲ'

ထန်ကျို့ချင်းက သဘောကျစွာဖြင့် အစောင့်စစ်သားအား လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ ကျောင်းပျက်မှ ပါလာသည့် အဘိုးအိုက ဘဝင်မကျနိုင်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

'ဒါနဲ့ စွန်ပိတုကော ဘယ်ရောက်သွားလဲ'

အစောင့်စစ်သား တွေဝေသွားသည်။ အဘိုးအိုက စိတ်အားထက်သန်စွာဖြင့်နားစွင့်နေမိသည်။ချန်စွန်းယို့လင်းနှင့် လုံဆင်ပိတို့ကလည်း အစောင့်စစ်သား ပြန်ဖြေမည့် အဖြေကို စိတ်ဝင်စားနေမိကြသည်။

'စွန်ပိတု ရွှေကြက်တူရွေးနောက်ကို အရေးတကြီးပြေးလိုက်သွားပါတယ်'



'ဘာရွှေကြက်တူရွေးနောက်ကို လိုက်သွားတယ် ဟုတ်လား'

'ဘာဖြစ်လို့လဲဆိုတာတော့ ကျွန်တော် မသိပါဘူး။ ဒါပေမယ့် စွန်ပိတုက 'သစ္စာဖောက်…မင်း ပြေးလို့လွတ်မလား' ဆိုပြီး ကြိမ်းဝါးနေလိုက်သံကို ကြားလိုက်ရပါတယ်'

'မင်းပြောတာ အမှန်တွေပဲလား'

'ကျွန်တော် ...ကျွန်တော် လိမ်မပြောရဲပါဘူးဗျာ'

စုမားရှဲ့သည် ချန်စွန်းယို့လင်းအား လှမ်းကြည့်လိုက်၏။ အဘိုးအိုနှင့် လုံဆင်ပိတို့ကလည်း တယောက်ကို တယောက်လှမ်းကြည့်မိလိုက်ကြသည်။ ဘယ့်နှယ်လဲ' ဟူသော အမေးဖြင့် တယောက်ကို တယောက် ကြည့်မိလိုက်ကြခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ သူ့စကားကို ကျုပ်ယုံတယ်'

အားလုံး ငြိမ်သက်နေစဉ် ထန်ကျို့ချင်းက အသံသြသြနှင့် ဝင်ပြောလိုက်ရာ သူ့အသံသည် အခန်းတွင်း၌ ဟိန်း၍ထွက်လာသည်။ စုမားရှဲ့က သူ့အား မျက်မှောင်ကုပ်၍လှမ်းကြည့်လိုက်သည်။

'နေပါအုံးမင်းက သူ့အကြောင်းကို သိလို့ ဝင်ပြီးထောက်ခံတာလား'

'ဟာ....သူက ငါလို အရက်သမားပဲကွ၊ ဘယ်လိမ်ပြောပါ့မလဲ'

ထန်ကျို့ချင်း၏ စကားကြောင့် အခန်းတွင်းရှိ လူအားလုံးမှာ စိတ်ညစ်သွားကြရလေတော့သည်။

× × ×

တောအုပ်ကလေးသည်။ ငြိမ်သက် တိတ်ဆိတ်နေ၏။ ကျေးငှက်သာရကာများ၏ အော်မည်သံလည်း မကြားရ။ သစ်ရွက်လေတိုးသံလည်း မကြားရ ပကတိငြိမ်သက်တိတ်ဆိတ် နေ၏။ ဤတောအုပ်ကလေးသည် ရှေးဟောင်းသိုင်းကျမ်းရှိရာ တောင်ထွတ်သို့သွားသည့် ခရီးလမ်းတဝက်တွင်ရှိသည်။

လူသွားလူလာ အလွန်ခေါင်းပါးသော တောအုပ်ကလေးတခုဖြစ်သောကြောင့် လူသွားလမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိချေ။ ချုံနွယ်ပိတ်ပေါင်းများသာ ဖုံးအုပ်လျက်ရှိသည်။

ချန်စွန်းယို့လင်းတို့ လူစုသည် အစောင့်စစ်သား ညွှန်ပြရာလမ်းအတိုင်း လိုက်လာခဲ့ရာ မကြာမီမှာပင် ဤတောအုပ်ကလေးအတွင်းသို့ ရောက်ရှိလာခဲ့ကြလေသည်။ တောအုပ်ကလေးမှာ အလွန်တရာ တိတ်ဆိတ်လျက်ရှိသည်။ အချို့နေရာများ၌သစ်ပင်ဝါးပင်များ ရှုပ်ထွေးစွာ အုံဆိုင်းယှက်သွယ် နေသောကြောင့် နေပြောက်ပင် မထိုးနိုင်ပဲ ရှိနေလေ၏။ တခါတရံ အချို့နေရာ



များ၌ သစ်ပင်အချို့သာရှိနေပြီး ကွင်းခေါင်ခေါင် ဖြစ်နေတတ်သည်။

ချန်စွန်းယို့လင်းတို့သည် တောအုပ်တွင်းသို့ ရောက်ရှိလာသောအခါ အချို့နေရာများ၌ စွပ်ကြောင်းရာများကို မြင်တွေ့ရလေသည်။ လူသွား လူလာ ခေါင်းပါးသော နေရာဖြစ်သည့်အတွက် ထိုစွပ်ကြောင်းရာမှ စွန်ပီတုနှင့် ရွှေကြက်တူရွေးတို့ ပြေးလွှားခဲ့ရာ နေရာဖြစ်ကြောင်း ချက်ချင်း ခန့်မှန်း သိရှိလိုက်ကြသည်။ ထို့ကြောင့် သတိကြီးစွာထားပြီး စွပ်ကြောင်းရာအတိုင်း ခြေရာခံ၍ လိုက်ခဲ့ကြသည်။

တနေရာသို့ ရောက်သောအခါ ချုံနွယ်သစ်ခက်များ ကင်းသည့် ကွင်းစပ်တခုကို မြင်တွေ့လိုက်ရသည်။ ကွင်းစပ်နားရှိ မြက်ပင်ရှည်များ ဖရိုဖရဲ လဲပြိုယိုင်နဲ့လျက် ရှိနေသည်။ အခြေအနေကို ကြည့်ရသည်မှာ ဤနေရာ၌ စွန်ပီတုနှင့် ရွှေကြက်တူရွေးတို့သတ်ပုတ်ခဲ့ကြဟန် တူသည်။ ချန်စွန်းယို့လင်းတို့ လူစုသည် ထိုနေရာအား သေချာစွာ စစ်ဆေး ကြည့်ရှုလိုက်ကြစဉ်မှာပင်-

'ဟာ…ဒီမှာ သွေးစက်တွေပါလား'

အဘိုးအိုက အလန့်တကြား ထအော်လိုက်သည်။ သူ၏အော်သံကြောင့် လိုက်ပါလာသူ အားလုံး သူ့ထံသို့ အာရုံရောက်ရှိသွားသည်။ သူညွှန်ပြရာ နေရာတွင် လတ်ဆတ်သောသွေးကွက်များကို မြင်တွေ့လိုက်ရသည်။

ချန်စွန်းယို့လင်းသည် သွေးကွက်များကို မြင်ရသောအခါအကြီးအကျယ် မျက်နှာ ပျက်သွား ရသည်။ အကြောင်းမှာထိုသွေးကွက်များ ရွှေကြက်တူရွေး၏ သွေးကွက်များသာ ဖြစ်နိုင်

ကြောင်း တွေးမိလိုက်သောကြောင့်တည်း။ သူ့အနေဖြင့် ရွှေကြက်တူရွေးကို အသက်ရှင်လျက် တွေ့ချင်နေသည်။

ရွှေကြက်တူရွေးအား အသက်ရှင်လျက် တွေ့မြင်ရပါမှ ယန်းရှောက်ရှမ်း ဘယ်မှာရှိသည်ကို သိနိုင်မည် ဖြစ်သည်။ ရွှေကြက်တူရွေးသည် ယန်းရှောက်ရှမ်းအား ပြန်ပေးဆွဲ၍ တနေရာ၌ ဝှက်ထားခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ချန်စွန်းယို့လင်းမှာ ရင်တထိတ်ထိတ် ဖြစ်နေရတော့သည်။ အဘိုးအိုနှင့် လုံဆင်ပိတို့သည် သေွးကွက်များကို စစ်ဆေးကြည့်ရှုလိုက်ကြပြီး-

'သွေးတွေကတော့ လပ်လပ်ဆတ်ဆတ်ပဲ၊ ဒါဆိုသူတို့ ဒီနားတဝိုက်မှာပဲ ရှိလိမ့်မယ်၊ သိပ်ပြီး ဝေးဝေးလံလံ မရောက်နိုင်သေးဘူး'

လုံဆင်ပိက မှတ်ချက်ချလိုက်သည်။ အဘိုးအိုက ထောက်ခံသည့်အနေဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

'သူတို့ ဆရာတပည့်ချင်း တိုက်ခိုက်ခဲ့ကြတာ ထင်တယ်'

စုမားရှဲ့သည် တွေးတွေးဆဆဖြင့် ဝင်ပြောလိုက်၏။ လုံဆင်ပိက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါလိမ့်မယ်၊ အစောင့်စစ်သားရဲ့ စကားအရဆိုယင် ရွှေကြက်တူရွေးက သူ့ဆရာ စွန်ပိတုကို သစ္စာ ဖောက်သွားတာပဲ'

'ဘာကိစ္စနဲ့များ သစ္စာဖောက်သွားတာလဲ မသိဘူးနော်'

ထန်ကျို့ချင်းက စပ်စုလိုက်သည်။ လုံဆင်ပိသည် ချင့်ချိန်စဉ်းစားဟန်ဖြင့် ခဏ တွေဝေသွားပြီးမှ—



'ကျုပ် ထင်တာ ပြောရယင် ကျောက်သလင်း ဟသ်ာရုပ်ကြောင့် ဖြစ်လိမ့်မယ်၊ ရွှေကြက်တူရွေးဟာ ကျောက်သလင်း ဟသ်ာရုပ်ရဲ့ လျှို့ဝှက်ချက် သိသွားပြီး လောဘစိတ် ဝင်လာပါလိမ့်မယ်၊ ဒါနဲ့ ရွှေကြက်တူရွေးဟာ ကျောက်သလင်း ဟသ်ာရုပ်ကို သူ့ဆရာဆီက ပြန်ခိုးယူ ထွက်ပြေးသွားတာ နေမှာပေါ့'

'ဒါဆို စွန်ပိတုက ရွှေကြက်တူရွေးကို သက်သက်ညှာညှာ ဆက်ဆံမှာ မဟုတ်ဘူး၊ တွေ့ရာသင်္ချိုင်း ခေါမဆိုင်းပဲ လိုက်တော့မှာပေါ့'

ထန်ကျို့ချင်း၏ မှတ်ချက်စကားကြောင့် ချန်စွန်းယို့လင်းပို၍ စိုးရိမ်ပူပန်မိတော့သည်။ ရွှေကြက်တူရွေးကို အသက်မသေမီ တွေ့ဆုံနိုင်ပါမှ ယန်းရှောက်ရှမ်း ဘယ်မှာ ရှိသည်ဆိုခြင်းကို သိရှိနိုင်မည် မဟုတ်ပါလား။

'ဒီလိုဆို ကျုပ်တို့ မြန်မြန်လိုက်ကြရအောင်'

ချန်စွန်းယို့လင်းသည် ဝင်ရောက် ဆော်ဩလိုက်မိသည်။

'အား…'

စူးရှကျယ်လောင်သော အော်သံတသံက တောအုပ်ကလေးတွင်း၌ပဲ့တင်ရိုက်ခတ်သွားလေတော့၏။

× × ×

ရွှေကြက်တူရွေးသည် ကျောက်သလင်း ဟသ်ာရုပ်၏ လျှို့ဝှက်ချက်ကို သိရှိရသည့်အခါ ရင်ထဲ၌ အမျိုးအမည် မသိသော ဝေဒနာတရပ်ကို ခံစားလိုက်ရသည်။ ဤမျှတန်ဖိုးရှိသော ပစ္စည်းကို မိမိဆရာအား မရ ရအောင် ယူပေးမိခြင်းအတွက် အလွန်တရာ နောင်တရသွားမိသည်။

သူ့ဆရာထံ ရောက်ရှိနေသည့် ကျောက်သလင်း ဟသ်ာရုပ်အား မည်သို့ ပြန်လည် ခိုးယူရမည်ကို အချိန်ရှိတိုင်း တွေးတောနေမိတော့သည်။ အကယ်၍ သူသာ ကျောက်သလင်း ဟသ်ာရုပ်ကို ရရှိပါမည် ဆိုပါက သိုင်းလောက တခုလုံးသည် သူ၏ခြေဖဝါးအောက်သို့ ရောက်ရှိလာပေလိမ့်မည်။ သိုင်းလောကမှ ဂိုဏ်းအသီးသီးမှ ခေါင်းဆောင်များသည် သူ့အား ပျပ်ဝပ်ကျိုးနွံစွာ ဆက်ဆံလာရပေတော့မည်။ သူသည် သူ့ကိုယ်သူ သိုင်းလောက၏ မကိုဋ်ဦးသျှောင်သဖွယ် စိတ်ကူးယဉ်မိပြီး ကျောက်သလင်း ဟသ်ာရုပ်အား အနှမြောကြီး နှမြောနေမိတော့၏။

ထို့ကြောင့် ရွှေကြက်တူရွေးသည် ကျောက်သလင်းဟသ်ာရုပ်အား မရ ရသည့်နည်းဖြင့် ပြန်၍ရယူရန် ဆုံးဖြတ်ချက်ချလိုက်သည်။ သို့ဖြင့် စွန်ပီတု ခရီးထွက်ရန် ပြင်ဆင်သောအခါ ရွှေကြက်တူရွေးသည် ရွှေနန်းတော်သို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပစ်ခဲ့ရန် အကြံပေးလိုက်သည်။ သို့မှသာ သိုင်းလောကတွင်းရှိ သိုင်းသမားများက ရွှေနန်းတော်ကို အာရုံစိုက် နေမိကြလိမ့်မည်။ ယင်းသို့ဖြင့် သူတို့သည် လိုရာခရီးကို စိတ်ချလက်ချ ခရီးထွက်နိုင်မည် ဟု အကြောင်းပြလိုက်သည်။



စွန်ပီတုသည် ရွှေကြက်တူရွေး၏ ကျိုးကြောင်း ဆီလျော်သော စကားကို ကြားရသောအခါ များစွာ သဘောကျသွားပြီး၊ ရွှေနန်းတော်သို့ ဝင်ရောက်ခဲ့သည်။ နန်းတွင်းရောက်သွားပြီး ဖျက်ဆီးရန် အမိန့်ပေးနေသည့်အချိန်မှာပင် ရွှေကြက်တူရွေးသည် ကျောက်သလင်း ဟသ်ာရုပ်ကို ခိုးယူ ထွက်ပြေးသွားလေတော့သည်။

စွန်ပီတု အကြီးအကျယ် ဒေါသထွက်သွားသည်။ သူ့ အပေါ်၌ လုပ်ရက်လေခြင်း ဟူ၍လည်း ကြိတ်မနိုင် ခဲမရ အမျက်ရှမိသည်။ ထို့ကြောင့် အံကြိတ်ယင်း ရွှေကြက်တူရွေး နောက်သို့ သဲကြီး မဲကြီး လိုက်လေတော့သည်။

တောအုပ်ငယ်တခုသို့ ရောက်သောအခါ ရွှေကြက်တူရွေးကို တွေ့တော့သည်။ သို့သော် ရွှေကြက်တူရွေးက ကျောက်သလင်း ဟသ်ာရုပ်ကို ပြန်၍ ပေးအပ်ခြင်းမပြုပဲ စွန်ပီတုအား အကြိတ်အနယ် ပြန်၍ တိုက်ခိုက်လေသည်။ သို့သော် စွန်ပီတုမှာ အသက်အရွယ် ကြီးရင့်၍ ဖျတ်လတ်ခြင်း မရှိတော့သော်လည်း သိုင်းပညာ အဆင့်မှာ ရွှေကြက်တူရွေးထက် ပို၍ များစွာ အဆင့်မြင့်လေသည်။

ဤသို့ဖြင့် တိုက်ခိုက်ခဲ့ရာ၊ ရွှေကြက်တူရွေး၌ ဒဏ်ရာရရှိသွားသည်။ ရွှေကြက်တူရွေးသည် မည်သို့မျှမယှဉ်နိုင်မှန်း သိရှိသွားပြီး တချိုးတည်း လစ်ပြေးလေတော့၏။ သို့သော် ဒဏ်ရာတချက် ရရှိထားပြီး ဖြစ်သောကြောင့် ထင်သလောက် ခရီးမပေါက်နိုင်တော့ချေ။

တောအုပ်အလယ်ရှိ ရေကန်နားရောက်သောအခါ ရွှေကြက်တူရွေးမှာ အမောဖောက်လာတော့၏၊ ဆက်လက်ပြေးလွှားရန် အင်အားကုန်ခန်းနေပြီ ဖြစ်သည်။ ခြေလက်ကိုပင် အနိုင်နိုင် သယ်နေရသည့် အခြေအနေသို့ ရောက်ရှိနေလေသည်။ စွန်ပိတုသည် မကြာမီ ရွှေကြက်တူရွေးအနီးသို့ ရောက်ရှိလာခဲ့သည်။ စွန်ပိတု၏မျက်နှာသည် ဒေါသကြောင့် နီမြန်းနေ၏။ သူ၏ မျက်လုံးမှာလည်း ရက်စက်တော့မည့် အရိပ်အရောင်များ ယှက်သန်းလာသည်။ ရွှေကြက်တူရွေးသည် အခြေအနေ မဟန်တော့မှန်း ရိပ်စားမိလိုက်သည်။

ထို့ကြောင့် သူယူဆောင်လာသည့် ကျောက်သလင်းဟင်္သာရုပ်ကို ကျောက်တုံးတတုံးပေါ်သို့ဆောင့်ချရန် လက်ကိုမြှောက်လိုက်သည်။ စွန်ပိတုသည် ရွှေကြက်တူရွေး၏ အပြုအမူကို တွေ့မြင်လိုက်သည်နှင့်တပြိုင်နက် ဝင်ရောက် တားဆီးရန် လျှပ်ပြက်သကဲ့သို့ တိုက်ခိုက်လိုက်တော့သည်။

ကျောက်သလင်း ဟင်္သာရုပ် ကျောက်တုံးပေါ် ကျရောက်သွားခြင်းနှင့် စွန်ပိတုက ရွှေကြက်တူရွေးအား ဝင်ရောက်တိုက်ခိုက် လိုက်ခြင်းမှာ တထပ်တည်း ဖြစ်သွားခဲ့လေတော့သတည်း။

\+ \+ \+



ချန်စွန်းယို့လင်းတို့လူစုသည် စူးရှသော အော်သံကြောင့် ပြေးလွှားလာခဲ့ကြရာ မကြာမီ ရေကန်အနီးသို့ ရောက်ရှိလာခဲ့ကြသည်။ အကျည်းတန်သော မြင်ကွင်းကြောင့် သူတို့၏ ခြေလှမ်းများမှာ တန့်ကနဲ ရပ်ဆိုင်းသွားကြလေသည်။

သူတို့ မြင်လိုက်ရသည့် မြင်ကွင်းမှာ သွေးအလူးလူးဖြင့် လဲကျနေသည့် ရွှေကြက်တူရွေးပင် ဖြစ်တော့သည်။ ချန်စွန်းယို့လင်းသည် သွေးအလူးလူးဖြင့် လဲကျနေသော ရွှေကြက်တူရွေး ကို မြင်လိုက်ရသောအခါ ကွက်ကနဲ မျက်နှာပျက်သွားသည်။ သူသည် အချိန် ဆိုင်းမနေတော့ပဲ ရွှေကြက်တူရွေးထံ အပြေးတပိုင်းနှင့် သွားရောက် ပွေ့ထူမိလိုက်သည်။

ရွှေကြက်တူရွေးသည် ယခင်ကကဲ့သို့ အားမာန်မာနတက်ကြွနေခြင်း မရှိတော့ချေ။သူ၏ရင်ဝ၌မူ သွေးများ အိုင်ထွန်းလျက်ရှိပြီး ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ခက်ခဲစွာ အသက် ရှူ နေရ လေသည်။

ချန်စွန်းယို့လင်းသည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။ ရန်သူပင်ဖြစ်လင့်ကစား၊သေအံ့မူးမူး လူတယောက်အား မကြည့်ရက်အောင် ဖြစ်နေသည်။ သို့သော် ချန်စွန်းယို့လင်း၌ အလွန်တရာ အရေးကြီးသောမေးခွန်းတခုရှိနေသည်။

'ယန်းရှောက်ရှမ်း ဘယ်မှာလဲ'

ရွှေကြက်တူရွေးသည် နာကျင်သောဝေဒနာကို အသဲအသန်ခံစားနေရာမှ ဖျစ်ညှစ်၍ ပြုံးပြလိုက်သည်။

'သူ…သူ… ဝိညာဉ်အရိပ် ကျေးရွာက လျှို- လျှို့ဝှက် အခန်းထဲ'

ရွှေကြက်တူရွေးသည် စကားမဆုံးမီမှာပင် ခေါင်းစိုက်စိုက် ကျသွားလေတော့သည်။ ချန်စွန်းယို့လင်းသည် စိတ်မကောင်း ခြင်းကြီးစွာဖြင့်ရွှေကြက်တူရွေးအား ဘေးသို့ အသာအယာပင် မြေပေါ် ပြန်ချလိုက်သည်။မြေပေါ်၌မူ ကျောက်သလင်းဟသ်ာ ရုပ်၏ အပိုင်းအစများက ပြန့်ကျဲလျက် ရှိနေချေသည်တကား။

ချန်စွန်းယို့လင်းသည် ဒူးထောက်ထိုင်နေရာမှ မတ်တပ်ရပ် လိုက်သည်။ သည်တော့မှ သူနှင့် ဝါးတရိုက်ခန့်အကွာ၌ အဘိုးအို တဦး စိတ်ပျက်လက်ပျက် ထိုင်နေလျက်ရှိနေသည်ကို မြင်တွေ့ လိုက်ရသည်။ ထိုအဘိုးအို၏အနီး၌လုံဆင်ပိတို့လူစုက ရပ်နေကြ သည်။ အားလုံး ငြိမ်ငြိမ်သက်သက်ပင် ဖြစ်သည်။ မည်သို့မျှ စကားပြောဆိုခြင်း မပြုကြ။ နှုတ်ဆိတ်နေကြသည်။

အတန်ငယ်ကြာသည့်အခါ အဘိုးအိုက သက်ပြင်းရှည်ကြီး ချယင်း-

'မင်းတို့ ငါ့ကို သတ်ချင်သတ်လိုက်ကြတော့'

အဘိုးအိုက ထိုင်ရာမှမထပဲ လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ ထိုအဘိုးအိုမှာ စွန်ပိတုပင် ဖြစ်ပါသည်။ စွန်ပိတု၏မျက်နှာမှာ မှိုင်းနေ၏။ သူ၏မျက်နှာသွင်တွင် လူ့ဘဝကို တွယ်တာမက် မောဟန် အလျဉ်းမရှိတော့ပေ။ လုံဆင်ပိက စွန်ပိတုအား စိုက် ကြည့်လိုက်သည်။



'ဘာလဲ၊ ခင်ဗျား စိတ်ပျက်သွားပြီလား'

'ဟုတ်တယ်၊ ကျုပ်ရဲ့ ရည်မှန်းချက်တွေ အားလုံးဟာ ကျောက်သလင်းဟသ်ာရုပ် ပျက်စီးသွားရသလို ပျက်စီးကုန်ပြီ လေ၊ ဒီတော့ ကျုပ်ဘဝဟာ ဘာများ အဓိပ္ပာယ်ရှိနေတော့ မှာလဲ'

စွန်ပိတုယင်းသို့ ပြန်ပြောလိုက်ပြီး၊ ငိုင်မြိုင်နေလေသည်၊ ဘုရားကျောင်းပျက်မှ လိုက်လာသော အဘိုးအိုမှာ စွန်ပိတုအား လက်စားချေရန် လိုက်လာခြင်းဖြစ်သော်လည်း စွန်ပိတု၏ သနား စဖွယ်အမူအရာကို မြင်တွေ့လိုက်ရသောကြောင့် သက်ပြင်းကို သာချလိုက်မိတော့သည်။

စွန်ပိတုသည် သက်ပြင်းရှည်ကြီးချယင်း-

'ကျုပ်ဟာ… ခုဆိုယင်၊ အသက် (၇၀) ကျော်ပါပြီ။ လူ့ ဘဝမှာ ဘာမှ အသုံးကျတော့မှာလဲမဟုတ်ပါဘူး…'

ဒီလိုသဘောထားယင် မှားသွားမှာပေါ့ဗျာ- **အမြင့်ရောက် လေ အဝေးမြင်လေဆိုသလို အသက်အရွယ်ကြီးလေ၊ အတွေ့ အကြုံရင့်ကျက်လေပါပဲ-** ဒီ အသက်အရွယ်ထိ လေ့လာဆည်း ပူးခဲ့ရတဲ့ ပညာတွေ၊ ဒီအသက်အရွယ်အထိ ကြုံတွေ့ခဲ့ရတဲ့ အတွေ့ အကြုံတွေကို သိုင်းလောကအတွက်ဖြစ်စေ၊ လောကလူသား အတွက်ဖြစ်စေ၊ အသုံးချနိုင်မယ်ဆိုယင် ခင်ဗျားဟာ ယခု အသက်အရွယ်ကြီးရင့်ပေမယ့် လူ့လောကအတွက် အများကြီး အကျိုးပြုနိုင်ပါတယ်ဗျာ….'

လုံဆင်ပိက လေရှည်ရှည်နှင့် ရှင်းလင်းပြောကြားလိုက်သည်။ စွန်ပိတုက သူ့အားမျက်ခုံးပင့်၍ ကြည့်လိုက်သည်။

'အင်း…လုံဆင်ပီ လုံဆင်ပီ မင်းဟာ သိုင်းပညာမှာ တော်သလို စိတ်သဘောထားလဲ မှန်မြတ်ပါပေတယ်'

လုံဆင်ပီက ပြုံးလိုက်မိသည်။

'ခုလို ချီးမွမ်းတာကို ကျေးဇူးတင်ပါတယ် ဥပဒေနှင့် အညီ တော့ ဆောင်ရွက်ပါရစေခင်ဗျာ။ ကျုပ်ဟာ တကယ်တော့ ပီကင်း နေပြည်တော်က စေလွှတ်ထားတဲ့ တပ်မှူးကလေး တယောက်ပါ'

စွန်ပီတုသည် အံ့ဩသောမျက်လုံးများဖြင့် လုံဆင်ပီအား လှမ်းကြည့်လိုက်မိသည်။ ထို့နောက် ထန်ကျို့ချင်း စုမားရှဲ့နှင့် အဘိုးအို-

'သူတို့က သဘောတူနိုင်မှာတဲ့လား'

'မတူဘူး ကျုပ်ကန့်ကွက်တယ် သွေးကြွေးကို သွေးနဲ့ ပေးဆပ်ရမယ်ဆိုတာ မင်းတို့မသိဘူးလား'

အဘိုးအိုက မျက်နှာထားတင်းတင်းဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ လုံဆင်ပီက လက်ကာပြလိုက်သည်။ အဘိုးအို မကျေမနပ်ဖြစ်သွားသည်။ သူသည် ယခုအချိန်၌ စွန်ပီတုအပေါ် ကရုဏာသက်မိသည် မှန်သော်လည်း၊ ရန်သူကို ရန်သူလို့သာ ဆက်ဆံရမည်ဟု ခံယူထားသူ ဖြစ်သည်။ လုံဆင်ပီက လေအေးနှင့် ဝင်၍ ရှင်းပြလိုက်သည်။



'ဒီလို သဘော မထားပါနဲ့ဗျာ၊ သူလဲ နောင်တရနေပါပြီဗျာ၊ အဆိုးဆုံး လူတယောက်ဟာ နောင်တ ရလာတဲ့အခါ အကောင်းဆုံးအလုပ်တွေကို လုပ်ပြပါလိမ့်မယ်'

**ရန်သူပင် ဖြစ်သော်ငြားလည်း လောကလူသားအတွက် အကျိုးပြုနိုင်မည်ဆိုလျှင် ခွင့်လွှတ်သင့်က ခွင့်လွှတ်ရပေမည်။** လုံဆင်ပီ၏ စကားကြောင့် စွန်ပီတုသည် ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်၏။ ပြီးနောက်ခေါင်းကိုခါယမ်း လိုက်သည်။

'လုံဆင်ပီ၊ မင်း ငါ့ကို လူကောင်းတယောက် ဖြစ်လာလိမ့်မယ်လို့ ယုံကြည်နေသလား'

'ဟုတ်ကဲ့ ယုံကြည်ပါတယ်၊ ခင်ဗျားဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အဝိဇ္ဇာတရားကြောင့် အမှန်ကို မမြင်ခဲ့ရတာပါ၊ ခုဆိုယင် ခင်ဗျား လိုချင်လောဘရှိနေတဲ့ ကျောက်သလင်းဟင်္သာရုပ်ကြီး ပျက်စီးသွားပြီလေ၊ ဒီတော့ ခင်ဗျားမှာ လောဘ မရှိတော့ဘူး၊ လောဘမရှိတဲ့အတွက် မောဟဆိုတာလဲ မရှိတော့ဘူး ဒီအဝိဇ္ဇာတရားတွေ မရှိတဲ့အခါ ခင်ဗျားဟာ အမှန်ကို မြင်လာမှာပေါ့'

'ဟား…. ဟား…. ဟား… ဟား…'

စွန်ပီတုက သဘောကျစွာဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

'မင်းကို ငါ လေးစားပါတယ်ကွာ၊ ဒါပေမယ့် ငါဟာ ငါကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် ဒီလောကမှာ မရှိသင့်တော့ပါဘူး'

စွန်ပိတုက ယင်းသို့ ပြောယင်း လုံဆင်ပိ၏ ပခုံးကို လှိုက်လှိုက်လှဲလှဲ လှမ်းပုတ်လိုက်မိသည်။ ဘုရားကျောင်းပျက်မှ အဘိုးအိုမှာ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားပြီး-

'လုံဆင်ပိ သတိထား'

သို့သော် လုံဆင်ပိသည် လုံးဝ ရှောင်တိမ်းခြင်း မရှိ။ ပြုံး၍ပင် ပြလိုက်သေးသည်။ စွန်ပိတုက ထပ်မံ၍ ရယ်မောလိုက်သည်။

'ဟား....ဟား...ဟား...စိတ်ချပါကွာ၊ လုံဆင်ပိလို အမြော်အမြင်ကြီးတဲ့ သိုင်းသမား တယောက်ကို ငါ ဘာအန္တရာယ်မှ မပေးရက်ပါဘူး၊ ငါ့ကိုသာ တရားဥပဒေနဲ့အညီ အရေးယူပါတော့'

× × ×

ကျီးနှင့် ဖုတ်ဖုတ် ဖြစ်နေသော နန်းရှေ့ လမ်းမကြီးတွင်မူ ဖုန်တထောင်းထောင်းထလျက် ရှိသည်။ မြောက်ဘက်မှ ဝှေ့ယမ်းတိုက်ခတ်လာသော လေသည် အနည်းငယ် ပြင်းထန်ဟန်တူသည်။ ရွက်ဝါကလေးများ တဖြုတ်ဖြုတ် ကြွေကျကုန်၏။ မြင်းဟီသံများကလည်း အဆက်မပြတ် ထွက်ပေါ်လာသည်။



လူသူကင်းမဲ့နေသော နန်းရှေ့ လမ်းမကြီးပေါ်မှ မြင်းလှည်းတစီး ဖြတ်သန်း မောင်းနှင်လာခြင်း ဖြစ်သည်။ ထိုမြင်းလှည်းကလေးသည် ရွှေနန်းတော်မှ မောင်းနှင်ထွက်ခွာလာပြီး မြောက်ဘက်စူးစူးသို့ ဦးတည်မောင်းနှင်လျက် ရှိသည်။ လှည်းမောင်းသူမှာ ဘုရားကျောင်းပျက်မှ လိုက်ပါ လာသော အဘိုးအိုဖြစ်ပြီး လှည်းတွင်း၌ ထန်ကျူ့ချင်းနှင့် စုမားရှဲ့တို့ လိုက်ပါလာခဲ့ကြသည်။

ထန်ကျူ့ချင်း ပါလာသည်ဆိုလျှင် အရက်အိုးလည်း တပါတည်း ပါရှိမည်ဆိုသည်ကို အထူးဖော်ပြရန် လိုမည် မဟုတ်ပါ။ မှန်ပါသည်။ ထန်ကျူ့ချင်းသည် လှည်းဆောင့်၍ တကိုယ်လုံးယိမ်းယိုင်နေသည့်တိုင် အရက်သောက် မပျက်ပေ။ သူသည် မည်မျှပင် သောက်စားစေကာမူ အလွန်အကျွံ မူးသွားသည်ဟူ၍ မရှိချေ။ သူ၏ ကိုယ်ခန္ဓာမှာလည်း တဖြည်းဖြည်း ဝနေခဲ့ရာ အရက်အိုးနှင့်ပင် တူလာတော့၏။

သူ့လောက် မဟုတ်သည့်တိုင် သူ့လောက်နီးနီး သောက်နိုင်သူမှာ စုမားရှဲ့ပင် ဖြစ်သည်။ ထန်ကျူ့ချင်းနှင့် ဆုံမိလျှင် စုမားရှဲ့သည်လည်း အပြိုင်အဆိုင်လိုက်၍ သောက်လေ့ရှိသည်။ သို့ရာတွင် ယခုအချိန်၌ စုမားရှဲ့သည် မဆိုစလောက်ကလေးသာ သောက်သည်။ ထို့ကြောင့် ထန်ကျူ့ချင်း တအံ့တဩ ဖြစ်နေခဲ့ရ၏။

'ဟေ့- မင်း ဘယ်လို ဖြစ်နေတာလဲ၊ အရက်သောက်တာ နည်းလှချည့်လား'

‘ဒီတခါတော့ ငါ မူးအောင် သောက်လို့ မဖြစ်တော့ဘူးကွ’

‘ဘာဖြစ်လို့လဲ’

‘ကိစ္စရှိသေးတယ်လေ’

‘နေပါအုံး၊ ဘာကိစ္စများရှိသေးလို့လဲ’

‘ဝိညာဉ်အရိပ်ကျေးရွာသွားပြီး ချန်စွန်းယို့လင်းကို တွေ့ရအုံးမယ်လေ’

ထန်ကျို့ချင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ နားမလည်နိုင်သလိုလည်း ဖြစ်သွားသည်။ စုမားရှဲ့က ပြုံးပြလိုက်ပြီး...

‘ဒီလိုလေကွာ၊ ရွှေကြက်တူရွေး သေခါနီးမှာ ယန်းရှောက်ရှမ်းကို ဘယ်မှာ ချုပ်ထားခဲ့တယ်ဆိုတာ ပြောပြလိုက်တယ်မဟုတ်လား၊ အဲဒီအချိန်က စပြီး ချန်စွန်းယို့လင်း ကသောကမျော ပြေးထွက်သွားတာ မင်း သတိပြုမိမှာပေါ့၊ သူ ယန်းရှောက်ရှမ်းကို သွားကယ်မယ်လေ’

စုမားရှဲ့က စကားကို ခဏနားလိုက်ပြီး ထန်ကျို့ချင်းအား လှမ်းကြည့်လိုက်သည်။ ထန်ကျို့ချင်းက သူ့စကားကို စိတ်ဝင်စားစွာ နားစွင့်လျက်ရှိသည်။ သည်တော့မှ စုမားရှဲ့က စကားကို ပြန်ဆက်လိုက်သည်။

‘ခုဆိုယင် ဝိညာဉ်အရိပ်ကျေးရွာဟာ ယန်းချဲ့စန်း သေဆုံးသွားတဲ့အတွက် အရှင်သခင်မဲ့နေပြီ၊ ဒီတော့ ချန်စွန်းယို့လင်းဟာ ယန်းရှောက်ရှမ်းကို လက်ထပ်ပြီး အဲဒီ ကျေးရွာမှာပဲ တသက်လုံးနေသွားတော့မှာ’



‘အဲဒါ မင်းကို ဘယ်သူပြောလဲ’

‘ဒါက မပြောပဲနဲ့ သိနိုင်တဲ့ကိစ္စပဲကွ’

‘ထားလိုက်ပါတော့လေ၊ သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စက တို့နဲ့ မဆိုင်ပါဘူး၊ ငါသိချင်တာက ချန်စွန်းယို့လင်းဆီ ဘာကိစ္စနဲ့သွားမှာလဲ’

‘ဟ...ဆရာမှော်သိုက်နဲ့ လက်ပေါင်းတထောင် စောရအတွက် အဆိပ်ဖြေဆေးသွားယူရမယ်လေ၊ ခုဆိုယင် ၂၉ ရက်ရှိသွားပြီ၊ ဒီတော့ အဆိပ်ဖြေဆေးကို မနက်ဖြန်အရောက် သွားပို့ရမှာ၊ ဒါကြောင့် ငါ အရက်ကို သိပ်မသောက်တာကွ’

စုံမားရှဲ့က အရက်မသောက်ဖြစ်သည့် အကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။ ထို့ကြောင့် ထန်ကျို့ချင်း သဘောပေါက်သွားပြီး သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

‘ငါကလဲ အဲဒီလိုမျိုး မဖြစ်စေချင်ပါဘူးကွာ’

စုံမားရှဲ့ ကျေနပ်အားရစွာ ပြုံးလိုက်သည်။

‘အဆိပ်ဖြေဆေးပေးပြီး ကျန်တဲ့ငွေကိုလဲ ယူရအုံးမယ်လေ၊ ဒီငွေကို ဒုက္ခရောက်နေတဲ့လူတွေကို ကယ်ဆယ်ရမယ်၊ တကယ်လို့ ငါအရက်သောက်ပြီး စိတ်ထွေနေယင် ရလာတဲ့ ငွေတွေဟာ ဖဲ့ဝိုင်းရောက်သွားလိမ့်မယ်’

စုမားရှဲ့က ပြုံး၍ပြောလိုက်ခြင်း ဖြစ်သည်။ ထန်ကျို့ချင်းသည် နှာခေါင်းတချက်ရှုံ့လိုက်ပြီး-

‘တော်ပြီ...တော်ပြီ မင်းနဲ့ မသောက်တော့ဘူး၊ လုံဆင်ပိန့်ပဲ သောက်တော့မယ်’

သို့သော် မြင်းလှည်းတွင်း၌ လုံဆင်ပီ မရှိတော့။ သူတို့နှစ်ယောက်စလုံး ခုမှ သတိထားမိကြသည်။ နှစ်ယောက်စလုံး အနည်းငယ် မျက်လုံးပြူးသွားကြသည်။

'ဟာ .. လုံဆင်ပီ ဘယ်ကျန်ခဲ့လဲမသိဘူး'

'ဘယ်မှမကျန်ပါဘူး၊ ဒီမှာပါဗျ'

မြင်းလှည်းအမိုးပေါ်မှ ပျင်းရိလေးတွဲ့စွာ ပြောလိုက်သော အသံကို ကြားလိုက်ရသည်။ အသံရှင်မှာ လုံဆင်ပီပင် ဖြစ်ပါချေသတည်း။

မေတ္တာမွန်ဖြင့်-

**တက္ကသိုလ် နေလင်းအောင်**